www.burmeseclassic.com

# သှိုး

စိတ်အရသာ

BURMESE CLASSIC .com

GRAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဗိုမှို့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

12 JAN 2013

# သျှိုး

## စိတ်အရသာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူးစာပေ)
အမှတ် (၅၀)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ယောမင်းကြီးမြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းဇော်ကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း – ၀၁– ၂၉၀၉၉၆

ရ၉၁ • ၈၃
သူ၊
စိတ်အရသာ / သူ၊ ။ – ရန်ကုန်။
ချူးစာပေ ၊ ၂၀၁၃ ။
၂၅၆ – စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) စိတ်အရသာ

# အခန်း (၁)

ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ခေါ်မိသော ဖုန်းသည်လည်း ဆ...ဘွယ်မှုကို လက်မခံဘဲ ပိတ်ထားပြန်သည်တဲ့။ ဆု အံလေး တင်းခနဲကြိတ်ကာ နာရီကို ပြန်ငုံ့ကြည့်မိပြန်၏။

ကိုကိုနှင့် ချိန်းဆိုထားသောအချိန်ထက် မိနစ်လေးဆယ်ကျော်လွန်နေခဲ့ပြီ။ ကော်ဖီဆိုင်လေးထဲကို ဆု ရောက်နေခဲ့တာ တစ်နာရီနီးပါး ရှိသွားပြီ။

စားပွဲဝိုင်းမှာ ဆုတစ်ယောက်တည်း အူကြောင်ကြောင်လေးထိုင်နေခဲ့ရပြီး ကိုကိုရောက်မလာတော့ လက်ကိုင်ဖုန်းလေးဖွင့်ကာ အကြိမ်ကြိမ်အခါခါ ခေါ်နေမိသည့်အဖြစ်ကို ဆိုင်ထဲက ဝိတ်တာလေးတွေကြာတော့ သတိထားမိလာကာ ကွက်ကြည့် ကွက်ကြည့် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုလည်း ရှက်လာမိသည်။ သည်းခံထားသော ဒေါသလေးတွေလည်း မျိုသိပ်မရတော့တာ အမှန်။

တကယ်ဆို ကိုကို ဆုအပေါ် ဒီလို ဥပေက္ခာမပြုသင့်ပါ။

မနေ့ကပဲ ဆုနှင့် ဒီကော်ဖီဆိုင်လေးမှာ အတူဆုံကြဖို့ အသေအချာ ချိန်းထားခဲ့ကြသည်။

အခုတော့ မိနစ်လေးဆယ်ကျော်သာ လွန်သွားသည်၊ ကိုကို ရောက်မလာခဲ့ပါ။ ဆု ဖုန်းခေါ်တော့လည်း ဖုန်းပိတ်ထားသည်။

ဆုအပေါ် ကိုကိုရဲ့ အလေးမထားမှုတွေကို ကြုံဆုံရတိုင်း ဆု ကြေကွဲဝမ်းနည်းရစမြဲ။

ချိန်းဆိုတိုင်း ကိုကိုသည် နောက်ကျတတ်၊ ပျက်ကွက်တတ်တာ မကြာခဏ ဖြစ်သည်။ ထိုစဉ်အခါတိုင်းလည်း ဆုဘက်ကသာ ကိုကို့ အပေါ် နားလည်မှုတွေပေးခဲ့ရတာပဲ ဖြစ်သည်။

ကုမ္ပဏီတစ်ခု၏ မန်နေဂျာဝန်ထမ်းတစ်ဦးဖြစ်သော ကိုကို့ အပေါ်မှာ ဆုကပဲ နားလည်ပေးခဲ့ရတာပဲ ဖြစ်၏။

"ကိုယ်က မန်နေဂျာဆိုပေမယ့် သူတစ်ပါးရဲ့လခစားဝန်ထမ်း တစ်ယောက်ပဲ ဆုရဲ့၊ ဒီတော့ အလုပ်ရှင်သူဌေးအလိုကျ တာဝန်ကျေရမှာလေ၊ ကိုယ့်ကို ဆု နားလည်ပေးပါ"

ကိုကို အမြဲတမ်းပြောတတ်သော အကြောင်းပြချက်ကို ဆု အလိုမကျပေမယ့် လက်ခံရသည်ပဲလေ။ ပြီးတော့ ကိုကို့မှာ ဆုထက် အလေးထားဦးစားပေးရသော ညီမလေးတစ်ယောက် ရှိသေး၏။

"ကမ္ဘာတည်" ဆိုသော ကိုကို့မှာ မိဘဆွေမျိုးရင်းချာတွေ မရှိတော့ပါ။ "ပန်းရိုပ်ခင်" ဆိုသော ညီမလေးသာရှိသည်။





ဆုထက် တစ်နှစ်သာငယ်သော ညီမဖြစ်သူအတွက် ကိုကို့မှာ တာဝန်တွေက အပြည့်အဝ ရှိနေခဲ့၏။

ဆုသည် ကိုကို့ဘဝရဲ့ အလေးပါသောအရာများစွာ၏ နောက်မှာပဲ ရှိခဲ့၏။ ဒါကိုပဲ ကျေနပ်စွာ ဆု လက်ခံနေခဲ့မိခြင်းမှာ ကိုကို့ကို သိပ်ချစ်တာကြောင့်ပဲဖြစ်သည်။

အတွေးတွေက ဆု ဟန်းဖုန်းလေးက မြည်လာသော ဂီတသံစဉ်လေးကြောင့် ပြတ်တောက်သွားခဲ့၏။

ဆု ဖုန်းလေးကို ကသောကမျောလေး ဖွင့်ကြည့်လိုက်တော့ ကိုကို့ဆီကဖြစ်နေသည်။

"ဆု"

"ကိုကို"

"ကိုယ့်ဖုန်းထဲမှာ ဆုဆီက ခေါ်ထားတဲ့မစ်စ်ကောတွေ တွေ့လို့ မြင်ဆက်လိုက်တာ"

"ဟုတ်တယ်လေ ကိုကိုရဲ့၊ ကိုကို့နဲ့ ဆု ချိန်းထားတာ လေးနာရီသေး၊ အခုပဲ ငါးနာရီထိုးတော့မယ်"

"ကိုယ် သတိရတယ်၊ ဒါပေမဲ့ ရုံးဆင်းခါနီးမှ အရေးပေါ်မီတင် ထိုင်နေရလို့ကွ၊ အစည်းအဝေးခန်းမထဲမှာဆိုတော့ ဖုန်းပိတ်ထားရတယ်လေ၊ အခုမှ ပြီးတာ"

"ကိုကို ထွက်လာနေပြီပေါ့"

"ကိုယ် အိမ်ပြန်နေပြီ"

"ဟင်"

ဆုရင်ထဲမှာ တကယ်ဝမ်းနည်းသွားမိသည်။ ဆုကတော့ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



တို အခုချိန်ထိ ဆိုင်မှာ ထိုင်စောင့်နေခဲ့ရသည်။ ကိုကိုက အိမ်ကိုတော
ပြန်နေပြီတဲ့။

"သိပ်နောက်ကျနေပြီလေ ဆုရဲ့၊ ဆုတောင် အိမ်ပြန်သွားပြီလို့
ထိုင်စောင့်နေတာ"

"မပြန်ပါဘူး။ ကိုကို့ကို တစ်ယောက်တည်း ထိုင်စောင့်နေတာ
အားမှုတည်း ဆက်သွယ်လို့မရတာ"

"တာ ဆုကလည်း။ ဒီလောက်နောက်ကျနေတာ ပြန်ရောပေ့
တော်ကြာ ဆုအိမ်က စိုးရိမ်နေဦးမယ်"

ကိုကိုဆိုသလို ဆုကို မာမီမျှော်နေမည်ဆိုတာ သိသည်။ ဒါပေ
ကိုကို့ရောက်လာမည်လား မျှော်လင့်ချက်နှင့် ဆု စောင့်နေခဲ့တာပဲဖြစ်
"တဲ ပြန်လိုက်တော့နော် ဆု၊ ကိုကိုလည်း ဘယ်လိုမှ လာနိ
အားမှာ မဟုတ်ဘူး။ ညီမလေးကို ကျူရှင်လိုက်ပို့ရဦးမှာ၊ နောက်မှ

ကိုကို့အက်ကပဲ ပြောချင်တာတွေပြောကာ ဖုန်းပြန်ချသွား
၏။ ဆက်သွယ်မှုပြတ်တောက်သွားသော ဖုန်းလေးကို ကိုင်ရင်း ဆ
ရင်ထဲမှာ ဝမ်းနည်းလှိုက်ဖိုလာသည်။

မျက်ရည်တွေက အလိုလို ဝဲတက်လာ၏။ ကိုကို တကယ်
ရက်စက်လွန်းသည်။

တစ်နာရီကျော်လောက် စောင့်နေရသူကို ဘာမှ အလေးမထာ
သလို ပြုရက်တာ ဝမ်းနည်းသည်။

ချစ်သူသက်တမ်း တစ်နှစ်ကျော်အထိ ကိုကိုနှင့်ဆု လွတ်လပ်စွာ
ဆုံတွေ့ခွင့်ဆိုသည်က သိပ်မရှိခဲ့ပါ။ ကိုကိုပိုင်ဆိုင်သည့် တစ်ပတ်မှ
တစ်ရက်သောအားလပ်ရက် တနင်္ဂနွေနေ့လေးသည်ပင် ဆုအတွ





ပြည့်ဝစွာမရှိခဲ့သည်က များပါသည်။

သည့်တစ်ပတ်လည်း တနင်္ဂနွေရက်မှာ ကိုကို မအားလပ်ဟု
ဆိုတာကြောင့် ဒီသောကြာနေ့လေးကို ဆု တွေ့ဖို့ချိန်းမိ၏။

နှစ်ဦးဆုံနေကျ ကော်ဖီဆိုင်လေးကို နောက်ဆုံးစာသင်ချိန်
ဖျက်ကာ ဆု ရောက်အောင်လာခဲ့သည်။

ယခုတော့ ကိုကိုက ရောက်မလာနိုင်ခဲ့ပါ။

ကိုကို့ကို နားလည်မှုများစွာနှင့် ချစ်ခဲ့မိသော ဆုမှာသာ
ခံစားချက်တွေ တင်းကျပ်စွာ မျိုသိပ်မွန်းကျပ်ခဲ့ရသည်ချည်း။

✿

ကြိုတင်မျှော်လင့်ထားသည့်အတိုင်းပါပဲ၊ ဆင်ဝင်အောက်အထိ
ထွက်ရပ်စောင့်နေသော မာမီ့ကို ခြံထဲကားမောင်းဝင်လာကတည်းက
မြင်နေရ၏။

ဆု ကားကိုထိုးရပ်ပြီး တံခါးဖွင့်ဆင်းလာသည်နှင့် မာမီ မေး
ပါတော့သည်။

"ဘာလို့ ဒီလောက်အထိ နောက်ကျနေတာလဲ သမီး"

"ဗိုက်ဆာလို့ သူငယ်ချင်းတွေနဲ့ မုန့်ဝင်စားနေကြတာပါ မာမီ"

"ဒါဆိုလည်း အိမ်ကို ဖုန်းလှမ်းဆက်ပါလားကွယ်၊ မာမီက
ဘာများဖြစ်သလဲ စိုးရိမ်နေတာ၊ တော်သေးတာပေါ့၊ သမီးဒယ်ဒီ ပြန်
မရောက်သေးလို့"



www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့တိုင်း ဒယ်ဒီ အိမ်ပြန်နောက်ကျတတ်တာ ဆု သိထားပြီးသားဖြစ်သည်။

ဒယ်ဒီက မာမ့်လို မဟုတ်ပါ။ သားသမီးတွေကို ချစ်ပေမယ့် အလိုလိုက်တာမျိုး မရှိဘဲ ခပ်တည်တည်နေတတ်သည်။

မာမီကတော့ ဆုတို့မောင်နှမသုံးယောက်စလုံးကို ချစ်ခင် အလိုလိုက်သည်။ မုန့်ဖိုးကအစ ဒယ်ဒီမသိအောင် ကျိတ်ပေးတာမျိုး ရှိသည်။ အထူးသဖြင့် ဆုအပေါ်မှာ မာမီက ပိုမိုပါသည်။

ဒါကိုသိသော ဆုကလည်း မာမ့်ပခုံးလေးကို သိုင်းဖက်လိုက်ရင်း

"မာမီကလည်း သူငယ်ချင်းတွေနဲ့ဆိုတော့ ပြင်းလို့မကောင်း ဘူးသား သမီးလည်း ဗိုက်ဆာနေလို့"

ခပ်ချွဲချွဲလေး ဆုပြောလိုက်ရုံနှင့် မာမ့်ဒေါသတွေ ပြေသွားခဲ့၏။

"သမီးနော်၊ သူငယ်ချင်းတွေက ယောကျ်ားလေးပါသလား"

"ဟာ မာမီကလည်း၊ ကြည်ကြည်တို့၊ ရင်ငြိမ်းတို့၊ သီရိတို့နဲ့ သွားတာပါ"

"အေးနော်၊ ပညာသင်တဲ့အချိန်မှာ ဟိုဟိုဒီဒီတွေတော့ မကြား ချင်ဘူးနော်၊ သမီးဒယ်ဒီအကြောင်း သိလျက်နဲ့ အခုလို အိမ်ပြန် နောက် ကျတာမျိုးဆိုရင် သမီးကို ကိုယ်တိုင်ကားမောင်းခွင့်တောင် သမီးဒယ်ဒီက ရုပ်သိမ်းမှာ"

"ဟာ မာမီကလည်း၊ သမီးအကြောင်းသိလျက်နဲ့"

"ကဲ ကဲ၊ ခဏနား ရေမိုးချိုးလိုက် သမီး၊ သမီးဒယ်ဒီ ပြန် လာမှ ထမင်းအတူစားကြတာပေါ့၊ အပြင်မှာ သူငယ်ချင်းတွေနဲ့ စားခဲ့တာ တွေ ဘာတွေ သွားမပြောမိစေနဲ့ဦး"





မာမီသတိပေးတာကို ခေါင်းလေးညိတ်ပြကာ ဆု အခန်းထဲဝင် ခဲ့လိုက်သည်။

မာမ့်ရှေ့မှာ ဟန်ဆောင်မျိုသိပ်ထားခဲ့သမျှ အခန်းထဲရောက် တော့ ဆုစိတ်တွေ ပြန်လည်မွန်းကျပ်ကာ ကိုကို့ဆီ ပြန်ရောက်ရပြန် ပါသည်။

"ဆုအသခ်ျေ" ဆိုတာ ဒယ်ဒီ မာမီတို့၏ ရင်သွေးသုံးယောက် မှာ ဒုတိယမြောက်သမီး။ သမီးမိန်းကလေးဆိုလို့ သားနှစ်ယောက်ကြားမှာ တစ်ဦးတည်းပါတာမို့ မာမီတို့ရဲ့ချစ်ခြင်းကို ပိုမိုပိုင်ဆိုင်ခဲ့သည်။

ယခု နောက်ဆုံးနှစ်တက္ကသိုလ်ကျောင်းသူကြီးဘဝ ရောက်သည် ထိတောင် မာမီတို့က ကလေးလေးလို ထင်နေကြတုန်းဖြစ်၏။

တကယ်လည်း ဆုဘဝမှာ ပြည့်စုံနေသော မာမီတို့ရဲ့ချစ်ခြင်းက လွဲ၍ ဘယ်သူ့ကိုမှ မနှောင်တွယ်ခဲ့ပါ။

ဆုအချစ်ကို ပိုင်ဆိုင်ဖို့ ကြိုးစားနေသော ကျောင်းသားများစွာကို လည်း ဆု ဥပေက္ခာပြုနိုင်ခဲ့သည်။

ကိုကိုနှင့်ကျမှ ဆုနှလုံးသားက နက်ရှိုင်းစွာ ချစ်တတ်သွားခဲ့ သည်။ ဆုဘက်ကသာ ကိုကို့ကိုသိပ်ချစ်ခဲ့တာ။ ကိုကို့ရဲ့ချစ်ခြင်းက ဆု အပေါ် လေးနက်ရဲ့လား။

တစ်ခါ တစ်ခါမှာ ဆု တွေးမိစမြဲ။

ဒါပေမဲ့လည်း ကိုကို့ကို ဘယ်လိုမှ မုန်းလို့မရသော နှလုံးသားက ကိုကို့အပေါ် နားလည်မှုတွေသာ အစဉ်ပြည့်ခဲ့တော့လည်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟင် ဒါဆို အဲဒီညနေက နင်တို့ မတွေ့ခဲ့ကြဘူးပေါ့ ဟုတ်လား ဆု"

သီရိအမေးကို ဆု ခေါင်းလေးညိတ်ကာပြမိသည်။ နံဘေးမှာ ရှိနေသော ရင်ငြိမ်းက အလိုမကျသလို ခေါင်းလေးခါရင်း –

"မဟုတ်သေးပါဘူးဟာ၊ နင့်လူကြီးက ဘာလဲဟ၊ အသေအချာ ချိန်းထားပြီးတော့ ဘာလို့ မလာရတာလဲ"

"အေးလေ၊ နင်တစ်ယောက်တည်း ငုတ်တုတ်ထိုင်စောင့်နေ တာကိုတောင် မစာနာဘူးလား"

"သူ့ အရေးပေါ်အစည်းအဝေး ဝင်နေရလို့ပါ"

"ဒါဆိုလည်း ကြိုဖုန်းဆက်သင့်တာပေါ့"





"ငါ စာသင်ခန်းထဲမှာရှိနေချိန်ဆို သူ ဘယ်တုန်းက ဖုန်းဆက်လို့လဲဟာ၊ ငါ ဆက်ကြည့်တော့လည်း အစည်းအဝေးခန်းမထဲဆိုတော့ သူ ဖုန်းပိတ်ထားတာကိုး"

ဆု စကားတွေက ကိုကို့ဘက်က ဝင်ကာ ဖြေရှင်းချက်တွေ ပေးနေသလို ဖြစ်နေတာမို့ သီရိ ပခုံးတစ်ချက်တွန့်ရင်း –

"ဆုရယ် ဘယ်တော့ဖြစ်ဖြစ် နင်က ကိုကျော်တည်ဘက်ကပဲ နားလည်ပေးနေတယ်၊ ငါတို့တော့ လုံးဝ မကျေနပ်ဘူး"

"ဟုတ်တယ် ဆု၊ နင့်ကိုလည်း အံ့သြတယ်၊ ကိုယ့်ကိုကြိုက်နေတဲ့သူတွေ တစ်ပုံတစ်ခေါင်းကြီးထဲက စိတ်ကြိုက်ခေါင်းခေါက်ရွေး ယူနိုင်ရက်နဲ့ ဒီလူကိုမှ ရွေးရတယ်လို့"

အမြဲတမ်း ဆိုနေကျအပြစ်တင်စကားနှင့် ရင်ငြိမ်းက ပြတ်သားစွာ ဝေဖန်နေပြန်သည်။ ဒီလိုအခါတိုင်း ဆုဘက်ကလည်း သူငယ်ချင်းတွေ ကျေနပ်လောက်အောင် မဖြေမပေးနိုင်ခဲ့တာ အမှန်ပဲဖြစ်သည်။

သူငယ်ချင်းတွေဆိုလောက်အောင်လည်း ဆုနှလုံးသားက ထူးဆန်းခဲ့ပါသည်။

ဆုအသဲခွေ်ဆိုတာ စီးပွားရေးတက္ကသိုလ်မှာ အားလုံးညီညွှတ်စွာ အသိအမှတ်ပြုထားရသော အလှဘုရင်မတစ်ပါးပဲ ဖြစ်သည်။

အပြစ်ဆိုစရာမရှိအောင် ချောမောသော ရုပ်ရည်၊ ပြည့်စုံချမ်းသာသော မိဘတွေရဲ့ဂုဏ် အားလုံးသည် ဆုအဲ့တွက် ထည်ဝါခြင်းမြတ်စွာ တည်ရှိခဲ့သည်။

ဒါပေမဲ့လည်း ဆုနှလုံးသားက ဘယ်ယောကျ်ားလေးကိုမှ မသိမ်းယိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မာဃီတို့ရဲ့မေတ္တာ၊ ပြီးတော့ ခင်မင်စရာကောင်းသောသူငယ်ချင်းတွေနှင့်သာ ဆုဘဝ ပြည့်စုံငြိမ်းချမ်းခဲ့၏။

ဆုအနားမှာရှိနေသော ဂုဏ်တူ၊ အဆင့်အတန်းတူသော မည်သူကိုမှ နှလုံးသားက ခံစားလို့မရခဲ့ပါ။

အချစ်ဆိုတာပဲ အံ့ဩထူးဆန်းဖွယ်ကောင်းနေခဲ့သည်လား။

ဟုနှလုံးသားက စွဲလမ်းချစ်မိသွားသော ကိုကိုသည် ဆုတို့ကျောင်းက မဟုတ်ပါဘဲ အပြင်လောက,က ယောကျ်ားတစ်ဦးဖြစ်နေခဲ့သည်။

ကံကြမ္မာက ဆုထက် လေးနှစ်ကျော်ကြီးသော ကိုကိုနှင့် မမျှော်လင့်ဘဲ ဆုံတွေ့ခွင့်ပေးခဲ့သည်။

ရိုးသားစွာဝန်ခံရလျှင် ထိုဆုံတွေ့ခွင့် တစ်ခဏလေးမှာပဲ ကိုကို့ကို ဆု စွဲစွဲလမ်းလမ်းဖြစ်သွားခဲ့တာ ဖြစ်၏။

ဆုအရိပ်နောက် တကောက်ကောက်လိုက်ကာ ဆုရဲ့ချစ်ခြင်းကို ရဖို့အတွက် ကြိုးစားနေကြသူတွေ အများကြီး။ ဒါပေမဲ့ ဆုမှာတော့ တအံ့ဆုံရသောကိုကိုနှင့် ရင်းနှီးခွင့်လေးအတွက် မိန်းကလေးတန်မဲ့ ကြိုးစားခဲ့ရသည်။

ကိုကို့ရဲ့အချစ်ကို ပိုင်ဆိုင်ဖို့အတွက် ဟိုလူကယ်ပါ၊ ဒီလူကူပါနှင့် ခက်ခဲစွာ ကြိုးစားခဲ့ရ၏။

အနေအထိုင် တည်ကြည်သောကိုကို့အချစ်ကို ပိုင်ဆိုင်ရတော့လည်း ဆု ကျေနပ်ဂုဏ်ယူခဲ့ရသည်။

"ကိုယ့်ဘဝမှာ အရေးကြီးဆုံးက ညီမလေးပဲ၊ ညီမလေးအတွက် ကိုယ် ဘယ်သူ့ကိုမှ သံယောဇဉ်မတွယ်မိအောင်, မချစ်မိအောင်နေမယ်





လို့ ကြိုးစားခဲ့တယ်၊ ဆုနဲ့တွေ့မှ ကိုယ့်သန္နိဋ္ဌာန်ကြီး ပြိုပျက်သွားခဲ့တာ"

ကိုကိုဝန်ခံဆိုခဲ့ဖူးသော စကားတို့ကို ဆု ဘယ်တော့မှမမေ့ခဲ့ပါ။ ပိုလို့ ဝမ်းသာကြည်နူးမိသည်က ဆုဘဝမှာ ကိုကိုသည် အချစ်ဦးဖြစ်ခဲ့သလို ကိုကို့အတွက်လည်း ဆုသည် အချစ်ဦး ဖြစ်ခဲ့၏။

ဘွဲ့တစ်ခုပိုင်ဆိုင်ပြီးသည်နှင့် မောင်နှမနှစ်ယောက်အနာဂတ်အတွက် ကြိုးစားရုန်းကန်ခဲ့ရသော ကိုကို့ဘဝလေးကို ဆု သနားသည်။

ရိုးသားကြိုးစားမှုနှင့် အချိန်တိုလေးမှာ ကုမ္ပဏီမန်နေဂျာတစ်ယောက်ဘဝရောက်ခဲ့သော ကိုကို့အရည်အချင်းကလည်း ချီးကျူးစရာကောင်းသည်။

ဘာပဲဖြစ်ဖြစ် ကိုကို့ရဲ့ချစ်သူတစ်ယောက်ဘဝကို ဆု ကျေနပ်နေခဲ့တာတော့ အမှန်ပဲဖြစ်၏။

ဒါပေမဲ့ ချစ်သူ့သက်တမ်းတစ်နှစ်ကျော်သည်အထိ ကိုကို့ဆီက ပိုင်ဆိုင်မရနိုင်သော အရာများစွာအတွက် ဆု ဝမ်းနည်းမိ၏။ ကိုကို့ရှေ့မှောက်မှာလည်း ဆု ဖွင့်မပြောရက်ပါ။

"ကိုယ်က အချိန်ပြည့်အလုပ်ကိစ္စတွေနဲ့ အချိန်ကုန်နေတာ ဒါကိုတော့ ဆု နားလည်ပေးထားဖို့လိုမယ်"

ကိုကိုပြောခဲ့သော ထိုစကားတစ်ခွန်းနှင့်ပဲ ဆု ပြောချင်တာတွေ၊ တောင်းဆိုချင်တာတွေ ရေငုံနှုတ်ပိတ်ဖြစ်ကုန်၏။

တကယ်လည်း ကိုကို့ဘဝမှာ ဆုအတွက် ပေးနိုင်ခဲ့သောအချိန်တွေ သိပ်မရှိခဲ့ပါ။ ဆုတို့ကျောင်းကိုတောင် ကိုကိုရောက်လာဖူးခဲ့တာ ဆိုလို့ မှတ်မှတ်ရရ သုံးကြိမ်ပဲရှိသည်။

သူငယ်ချင်းတွေက ကိုကို့ကိုတွေ့ချင်လို့ဟု အကြိမ်ကြိမ်ပြော၍



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရောက်လာသည့်အခေါက်က –

“ကိုကို့ အချိန်တော့သိပ်မရဘူးနော် ဆု၊ မိနစ်နှစ်ဆယ်လောက်ပဲ ရမှာ”

ဘယ်လိုပဲဖြစ်ဖြစ် ဆုရှိသောကျောင်းကို ကိုကို ပထမဆုံး ရောက်လာသည့်နေ့က ဆု အပျော်တွေလွှမ်းနေခဲ့သည်။

“နင့်ကိုကိုက ချောပါတယ်၊ ဒါပေမဲ့ ခပ်တည်တည်ကြီးနော်”

“အေးဟ၊ ဒီလောက်လည်း အသက်ကြီးတာမဟုတ်တဲ့ လူကြီး စတိုင်လ်ကြီးနဲ့၊ တစ်ချက် မပြုံးဘူး”

“ဆု နှင့် ကိုကမ္ဘာတည်ကို နင် ဘာလို့ချစ်သွားတာလဲ”

“အင်း ငါမပြောတတ်ဘူး၊ ဒါပေမဲ့ ကိုကို့ကို ငါ သိပ်ချစ်တယ်၊ ကိုကို အဲဒီလိုတည်ကြည်တာ, စကားနည်းတာကိုလည်း ငါ သဘောကျတယ်”

ဆုရင်ထဲက ခံစားချက်အတိုင်း ဝန်ခံပြောပြမိတာပဲဖြစ်၏။ ကိုကို့ကို ဆုချစ်သည်၊ လေးစားသည်။ တကယ်ဆို ကိုကို့ရဲ့ဘဝနှင့် ဆုဘဝက ကွာခြားလှပါသည်။

မောင်နှမနှစ်ယောက်တည်း တိုက်ခန်းလေးတစ်ခန်းမှာ နေရသော ကိုကို့အခြေအနေနှင့် ဆုတို့အခြေအနေက ကွာခြားမှုတစ်ခုဖြစ်နေခဲ့သည်။ ဒါပေမဲ့ ထိုအချက်တစ်ခုက ဆုနှင့်ကိုကိုတို့အချစ်တွေကို ဝေးကွာစေမည်ဟု ဆု မယုံကြည်ပါ။

“ဆု နင့်တို့အခြေအနေတွေက ကွာခြားတယ်နော်၊ နင့်မာမီတို့က သဘောတူပါ့မလား”

သီရိက ဆုကို မေးခွန်းထုတ်ခဲ့ဖူးသည်။ ထိုမေးခွန်းအတွက်





ဆု သေချာစွာ မဖြေနိုင်ပေမယ့် –

“ကိုကို့နဲ့ငါ့ကြားမှာ အဲဒီအခြေအနေက ပြဿနာမဟုတ်ဘူးလို့ ထင်တယ်၊ ကိုကို့ရဲ့ ရိုးသားကြိုးစားမှုကို မာမီတို့ သဘောကျမှာပါ”

ပြောသာပြောရသည်။ ထိုအခြေအနေအတွက် ဆုရင်ထဲမှာ မာမီတို့ကို မယုံကြည်ရဲတာလည်း အမှန်။ ကျောင်းပညာသင်နေချိန်မှာ ဆုကို ချစ်သူရည်းစား မထားရဟု ဒယ်ဒီက စည်းကမ်းထုတ်သည်။

ဆုဘက်ကလည်း ရဲ့ရဲ့စွာ ကတိပေးခဲ့တာမို့ ဒုတိယနှစ်ရောက်တော့ ဆုကို ကိုယ်တိုင်ကားမောင်းခွင့်ပြုခဲ့သည်။

“ဒယ်ဒီ့စကားကိုတော့ သမီးနားထောင်နော်၊ ဆန့်ကျင်တာမျိုး ကြားရင် ဒယ်ဒီခွင့်လွှတ်မှာမဟုတ်ဘူး”

ဆုဘက်ကလည်း ယတိပြတ်ခေါင်းညိတ်ခဲ့ပြီးမှ ကိုကိုနှင့် ဆုံတွေ့ချစ်ကြိုက်ခဲ့မိတာဖြစ်သည်။

ကိုကိုသည် ဆုတို့ ကျောင်းကမဟုတ်ခြင်းကလည်း ဒယ်ဒီတို့ ရိပ်မိနိုင်ဖို့ ခက်ခဲသွားခဲ့၏။ ပြီးတော့ ဆုနှင့်ကိုကိုတို့ ဆုံတွေ့ဖြစ်ကြတာလည်း တစ်လမှာနှစ်ကြိမ်မျှသာမို့ မာမီတို့ မရိပ်မိခဲ့ကြပါ။

နောက်ဆုံး ကိုကိုနှင့်ဆုကြားမှာ ဝေးကွာစေဖို့အတွက် အခြေအနေက ဖန်လာစေဦးတော့ –

ဆု ကိုကို့ဘက်ကပဲရှိမှာ သေချာနေခဲ့တော့လည်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စနေနေ့တစ်နေ့လုံး ကိုကိုဆီကို ဆု ဖုန်းမဆက်ဖြစ်ပါ။ အရေးကြီးကိစ္စမရှိဘဲ ဖုန်းဆက်တာကို ကိုကိုမကြိုက်မှန်းသိတာမို့ ဆု မဆက်ရဲခဲ့ပါ။

သောကြာနေ့ညနေက တွေ့ခွင့်လွဲချော်ခဲ့သောကိစ္စအတွက်တော့ ရင်ထဲမှာမကောင်းပါ။

အရေးကြီးကိစ္စမရှိပေမယ့် ကိုကို့မျက်နှာကို မြင်ချင် တွေ့ချင်သည်။ ကိုကိုနှင့် နှစ်ယောက်အတူ ထိုင်စကားပြောဆိုခွင့်ရချင်သည်။ ဒါ ချစ်သူတိုင်း လိုချင်သောအခွင့်အရေးဆိုတာ ကိုကိုမေ့ထားသည်လား။

တနင်္ဂနွေပိတ်ရက်လေးကိုတောင် မအားဟု ကိုကိုဆိုထားတာမို့ ဆုအတွက် ဒီတစ်ပတ်လုံး ကိုကိုနှင့်တွေ့ခွင့်က ဝေးနေပြီ။ နောက်





တစ်ပတ်မှာလည်း ကိုကိုနှင့် ဆုံနိုင်ဖို့ဆိုတာ ယတိပြတ် ပြောလို့မရပါ။

ကိုကို့ဘက်က အရေးပေါ်ကိစ္စပေါ်လာလျှင် ဆု မျှော်လင့်ချက်တွေ ပျက်ဦးမှာ အသေအချာ။

နောက်ဆုံးတော့ မဝံ့မရဲစိတ်လေးနှင့်ပဲ တနင်္ဂနွေမနက်မှာ ကိုကို့ဆီ ဖုန်းဆက်မိ၏။

ဖုန်းက ဝင်သွားပေမယ့် လာမကိုင်သေးတာမို့ ဆု ရင်လေး တထိတ်ထိတ် စောင့်ရသည်။

"ဆုလား"

နားစည်ထဲ တိုးဝင်လာသောကိုကို့အသံလေးကို ကြားတော့ ဆု ဝမ်းသာစိတ်နှင့် ချက်ချင်း ဘာမှမပြောနိုင်။

"ဆု"

"ရှင် ကိုကို"

"ဘာကိစ္စဖုန်းဆက်တာလဲ၊ ဒီနေ့ ကိုကိုမအားဘူးလို့ ကြိုပြောထားတာ မေ့သွားလို့လား"

"ဟို မမေ့ပါဘူးကိုကို၊ ဟိုလေ ဒီနေ့တစ်နေ့လုံး ကိုကို မအားတာလားဟင်"

ဆုမေးတော့ ကိုကို ချက်ချင်းမဖြေဘဲ တစ်ခဏတော့ ငြိမ်သက်သွားသေးသည်။ ပြီးမှ –

"ဘာလို့မေးတာလဲ ဆု၊ ဆု ဘာပြောချင်လို့လဲ"

"ဟိုလေ၊ ကိုကို ညနေလောက်အားရင် ဆုတွေ့ချင်လို့"

"ညနေမလွယ်ဘူး ဆုရဲ့၊ အခုပဲ ကိုယ် ညီမလေးကို ရွှေတိဂုံဘုရားလိုက်ပို့ရမယ်၊ ဒီနေ့ ညီမလေးမွေးနေ့ဆိုတော့ ညီမလေးသွားမှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာလေးတွေ လိုက်ပို့ပေးရမယ်၊ ညနေကျရင် အလုပ်ကိစ္စနဲ့ မိတ်ဆွေ တစ်ယောက်ကို တွေ့ရမှာ''

ကိုကိုရှင်းပြတာတွေကို နားထောင်ရင်း ဆုသိလိုက်သည်က ဒီနေ့ ကိုကို မအားလပ်တာ ပန်းရိပ်ခင်၏မွေးနေ့ကြောင့်ပဲ။

''ဆု ကိုယ်ပြောတာ သဘောပေါက်သလား''

''ဟုတ်ကဲ့ ကိုကို''

''ဒီလိုလုပ်လေ၊ ဒီရက်ထဲမှာ ဆုဆီ ကိုကို ဖုန်းဆက်လိုက်မယ်၊ ကိုကိုအားတဲ့တစ်ရက် ဆုံကြတာပေါ့''

''ဟုတ်ကဲ့''

''ကဲ ဒါပဲနော်၊ ကိုကို ဖုန်းချလိုက်တော့မယ်''

ဖုန်းဆက်တိုင်း ကိုကို့ဘက်ကပဲ ဖုန်းကို ဦးစွာချသွားခဲ့စမြဲ ဖြစ်သည်။ အခုလည်း ကိုကို ဖုန်းချသွားခဲ့သည်အထိ ဆု တွေတွေလေး ကိုင်ထားမိဆဲဖြစ်သည်။

ဝန်တိုတာမဟုတ်ပေမယ့် ဝမ်းနည်းမိတာတော့ အမှန်ဖြစ်၏။

ချစ်သူအတွက် အချိန်မပေးနိုင်သော ကိုကိုသည် ညီမဖြစ်သူ အတွက် ဒီတစ်မနက်ခင်းလုံး အချိန်ပေးသည်တဲ့လား။

''ကိုယ့်ဘဝမှာ ညီမလေးတစ်ယောက်ပဲ သံယောဇဉ် ရှောင်တွယ် စရာရှိတာ၊ ညီမလေးဟာ ကိုယ့်အတွက် အရေးကြီးဆုံးပဲ''

ကိုကို အမြဲတမ်းပြောခဲ့ဖူးသောစကားကို သတိရမိသည်။ ကိုကို တို့မှာ မောင်နှမနှစ်ယောက်ပဲရှိတာ ဆုသိထားသည်။ ကိုကို့စကားတွေထဲ မှာ မကြာခဏပါနေသော ကိုကို့ညီမလေးကို မမြင်ဖူးပေမယ့် ဆု ခင့်မင်နေခဲ့ပြီးသားဖြစ်သည်။

ဖျူးစာပေ



ဒါပေမဲ့ အတူဆုံတွေ့ခွင့် တစ်ခါမှမရှိခဲ့၊ ကွန်ပျူတာတက္ကသိုလ် ဘတိယနှစ်တက်နေသည်ဟု ကိုကိုပြောဖူး၍ သိသည်။

လူချင်း မဆုံဖူးသေးပါ။ ကိုကိုနှင့်တူသည်ဆိုတော့ ချောမှာပဲဟု စိတ်က တွေးကြည့်ဖူး၏။

ဒါကလည်း ကိုကိုက ဆုကို သူတို့နေထိုင်သောတိုက်ခန်းကို မလာစေချင်တာကြောင့် ဖြစ်သည်။

''ပိတ်ရက်တွေဆို ညီမလေးက ကျူရှင်သွားနေတော့ ကိုယ် တစ်ယောက်ပဲရှိတာ များတယ်၊ ဆု မလာစေချင်ဘူး၊ ပတ်ဝန်းကျင်က အထင်အမြင် လွဲမှာစိုးလို့''

ကိုကို၏ ကိုယ်ကျင့်တရားနှင့် သိက္ခာကိုလည်း ဆု အသိဆုံး ဖြစ်သည်။ ဆုအပေါ်မှာတောင် အခုချိန်အထိ ကိုကို အခွင့်အရေးမယူခဲ့ ဖူးပါ။ လက်ဖဝါးလေးဆုပ်ကိုင်၊ ပခုံးလေးဖွဖွသိုင်းဖက်တာကလွဲလို့ ကိုကို့ ဘက်က ဘယ်တော့မှ မပိုခဲ့ပါ။

မှတ်မှတ်ရရ တစ်ခါပဲ ဆုနဖူးလေးကို ကိုကို နမ်းရှိုက်ဖူးခဲ့သည်၊ ပြီးတော့ ဆုကိုတောင် တောင်းပန်သေး၏။

''ဆောရီးကွာ၊ ကိုယ် သတိလက်လွတ်ဖြစ်သွားတယ်''

ချစ်သူချင်းမှာတောင် ရမွက်ကင်းစင်သော အနမ်းတစ်ပွင့် အတွက် တောင်းပန်ခဲ့သော ကိုကို့ရဲ့ကိုယ်ကျင့်သိက္ခာကို ဆု လေးစား ကြည်ညိုခဲ့မိသေးသည်။

ကိုကို့ကို ဆု သိပ်ချစ်သည်။ ထိုချစ်ခြင်းကြောင့်လည်း အရာရာ နားလည်ပေးနိုင်ခဲ့၏။

ဒါပေမဲ့လည်း ချစ်သူရဲ့ဂရုစိုက်မှုကို ပိုင်ဆိုင်လိုတာကတော့

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



[illegible]ရဲ့ အမှတ်ရုပဲဖြစ်သည်။

အဲဒီ တိုတို နားလည်စေချင်ပါသည်။

အခုတော့ ဆုဘာဝက ကိုကိုဆီက ယုယကြင်နာခြင်းတွေကို ခိုင်ခိုင်ခွင့်တ -

✿ ✿ ✿



## အခန်း (၄)

ညီမလေးကို ဘုရားသို့ သူပို့ပေးဖြစ်သည်။ ဟက်ပီးဝေါလ်ထဲ ဝင်ကြည့်ချင်သည်ဆိုတော့လည်း သူ လိုက်ပို့ပေးရသေးသည်။

တက္ကသိုလ်ကျောင်းသူကြီးသာ ဖြစ်နေပေမယ့် ညီမလေးသည် အကယ့်ကလေးငယ်လေးဟုသာ သူ့စိတ်က ထင်နေမိသည်။ ကလေးတွေ ပျော်ရွှင်စွာဆော့ကစားနေကြတာကိုကြည့်ရင်း ညီမလေး ပျော်နေ၏။

ဟက်ပီးဝေါလ်ထဲမှာ လူတွေ စည်ကားနေသည်။ ချစ်သူစုံတွဲတွေ ကို မြင်တော့ ဆုကို သူသတိရမိပြန်သည်။

တကယ်ဆို ဒီတနင်္ဂနွေနေ့လေးမှာ ဆုနှင့်သူ တွေ့ဖို့ ချိန်းထား ပေမယ့် ညီမလေးပန်းရိပ်ခင်၏မွေးနေ့နှင့် တိုက်ဆိုင်နေတော့ သူ့ အစီအစဉ်တွေ လွဲချော်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သည့်တစ်ပတ်လုံး ဆုနှင့် မဆုံတွေ့ခဲ့ရပါ။ သောကြာနေ့ကလည်း အရေးပေါ်မီတင်ထိုင်နေရတာမို့ ဆု စောင့်နေမှန်းသိလျက်နှင့် သူ မရောက်နိုင်ခဲ့။ ထို့အတွက် ဆု သူ့အပေါ်ငြိုငြင်မှာ သိပေမယ့်လည်း သူ ဘာမှမတတ်နိုင်ခဲ့ပါ။

ဆုအကြောင်း အတွေးထဲရောက်လာတိုင်း သူ ပင့်သက်ရှိုက်မိစမြဲ ဖြစ်သည်။ ဆုကို သူ သိပ်ချစ်သည်။ ဒါပေမဲ့ ထိုချစ်ခြင်းအတွက်လည်း သူ အမြဲတမ်း နောင်တရချင်သည်။

ညီမလေးအတွက် ဘယ်မိန်းကလေးကိုမှ ချစ်ခင်နှောင်တွယ်မှု မထားဟု သူ သန္နိဋ္ဌာန်ချထားသမျှ ဆုနှင့်ဆုံတွေ့ချိန်မှာ သတိလက်လွတ် ပျက်စီးကုန်၏။

“ဆုအသခင်”ဆိုသော ဆုသည် သူ့ထက် လေးနှစ်ကျော်ငယ်ရွယ်ကာ ညီမလေးထက် တစ်နှစ်လောက်ပဲ ကြီးသည်။

မျက်နှာလေး နုညက်ဝင်းမွတ်ကာ အပြစ်ရှာရက်စရာမရှိအောင် ဆု လှပါသည်။ ချစ်စရာကောင်းသော မျက်နှာလေးနှင့် လိုက်ဖက်သော ခန္ဓာကိုယ်လေးကလည်း လှပပြေပြစ်သည်။

အညိုရောင်ဆံနွယ်လေးတွေ ပန်းသာသာ ကျောလယ်ခန့်အထိ ဝဲကျလျက် ခင်မင်နှစ်လိုဖွယ်ကောင်းသော ဆုနှင့်မှ ကံကြမ္မာက သူ့ကို ဆုံစည်းစေခဲ့သည်။

ထို့နောက်ပိုင်းတွေမှာတော့ သူ့ရုံးခန်းထဲက မသိတာဆိုကို မကြာခဏ လာတတ်သောဆုနှင့် သူ တစ်စ တစ်စ ရင်းနှီးခင်မင်ခဲ့သည်။

နှောင်တွယ်လာသော သံယောဇဉ်တို့ဖြင့် ဆုအပေါ် သူ ချစ်ခဲ့မိ၏။ နှလုံးသား၏ဆန္ဒနောက်ကို လိုက်ခဲ့မိပြီးမှ ရခဲ့သော နောင်တတို့က။





“ကိုကို”

သူ့ပခုံးကိုပုတ်ကာ ခေါ်သော ညီမလေးအသံကြောင့်မှ အတွေးတို့ လွင့်ခနဲ ပြတ်တောက်သွားခဲ့၏။

“ဟင် ဘာလဲညီမလေး”

“ကိုကိုကြည့်ရတာ ငူငူငိုင်ငိုင်နဲ့၊ ဘာဖြစ်နေတာလဲ”

“ဘာမှမဖြစ်ပါဘူး ညီမလေးရဲ့”

“ဘာမှမဖြစ်ဘူးသာ ဆိုတယ်၊ ညီမလေးကြည့်နေတာ ကြာလှပြီ၊ ကိုကို ငေးငေးကြီးနဲ့ တစ်ခုခု တွေးနေသလိုပဲ”

အနားမှာ ညီမလေးရှိနေလျက်နှင့် သူ့စိတ်တွေ လွင့်မျောသွားခဲ့မိတာကို ညီမလေး ရိပ်မိနေတော့လည်း သူ ပြုံးရင်း –

“ဘာမှ မတွေးပါဘူးကွာ၊ ဒီမနက်စာ ညီမလေးကို ဘယ်မှာလိုက်ကျွေးရင် ကောင်းမလဲ စဉ်းစားနေတာ”

“ကိုကိုပြောမှ ညီမလေးတောင် ဗိုက်ဆာလာပြီ”

သူ့စကားကိုပဲ ညီမလေး ယုံကြည်သွားခဲ့ကာ ဗိုက်ကလေး ပုတ်ကာ ပြောသည်။

“ညီမလေး ဘာစားချင်သလဲ ပြော”

“ဟော့ပေါ့စားမယ် ကိုကို”

“အိုကေ၊ ဒါဆို ဟော့ပေါ့ကောင်းတဲ့ဆိုင် သွားကြမယ်၊ ပြီးရင် ရန်ကင်းစင်တာ ဝင်မယ်၊ ညီမလေးလိုချင်တာ ကိုကိုဝယ်ပေးမယ်”

“တကယ်နော်ကိုကို”

မျက်နှာလေး ဝင်းပကြည်လင်သွားခဲ့ကာ ညီမလေး ကြည်နူးသွားတော့ သူလည်း စိတ်ချမ်းသာရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေဆုံးသွားကတည်းက မိတဆိုးညီမလေးကို သူ သိပ်ခင်တွယ်ခဲ့ရ၏။ မေမေဆုံးတော့ ညီမလေး အသက်ဆယ်နှစ်ကျော်ပဲ ရှိသေးသည်။

အလုပ်တွေနှင့် အချိန်ကုန်နေသော ဖေဖေက ညီမလေး အနား မှာ အချိန်ပြည့်မနေနိုင်။ သူပဲ ညီမလေးကို ဂရုစိုက်ကြင်နာခဲ့ရတာ ဖြစ်သည်။

ဖေဖေဆုံးပါးချိန်မှာ သူလည်း စီးပွားရေးတက္ကသိုလ်က ဘွဲ့ တစ်ခု ပိုင်ဆိုင်နေခဲ့ပြီဖြစ်သည်။ ညီမလေးကတော့ အထက်တန်းကျောင်း သူလေးပဲ ရှိသေးသည်။

ညီမလေးဘဝအတွက် သူ့ဘက်က အပြည့်အဝ တာဝန်ယူနိုင်ခဲ့ တာလည်း ဖေဖေ့ရဲ့ကျေးဇူးတွေကြောင့်ပဲ ဖြစ်သည်။

ဖေဖေ့ရဲ့ကုမ္ပဏီမှာပဲ သူ အလုပ်ဝင်ခွင့်ရခဲ့သည်။ ဖေဖေ့ရဲ့ ရိုးသားကြိုးစားမှုကြောင့် သူ့ကိုလည်း ယုံကြည်ကြ၏။

သူတို့မောင်နှမအတွက်တော့ ဖေဖေသည် ထိုက်သင့်အောင် အဆင်ပြေမှုတွေ ပေးခဲ့ပါသည်။

သူတို့မောင်နှမအတွက် နေထိုင်ဖို့ တိုက်ခန်းတစ်ခန်းနှင့် စုဆောင်းထားသော ငွေကြေးတချို့ကြောင့်လည်း အခက်အခဲ မရှိခဲ့ပါ။ ပြီးတော့ သူ့အတွက်လည်း အလုပ်က အသင့်ရှိခဲ့သည်။

သူ့ဘက်ကလည်း ရိုးသားကြိုးစားမှုကြောင့် မန်နေဂျာအထိ တိုးမြှင့်ခံခဲ့ရသည်။

အခုဆိုလျှင်လည်း ညီမလေးတောင် ကွန်ပျူတာတက္ကသိုလ် တတိယနှစ်တောင် ရောက်နေခဲ့ပြီ။





ဘူဖေးဟောပေါ့ဆိုင်လေးမှာ ညီမလေးကို လိုက်ကျွေးမွေးတော့ ညီမလေးက သူ့ကိုမေးလာ၏။

"ကိုကို ကိုကို့မှာ ချစ်သူရှိနေပြီဆို"

သူ မျက်နှာတွေ ပင့်တက်သွားခဲ့ကာ ထိတ်ခနဲဖြစ်သွားသည်။ သူနှင့်ဆုကိစ္စကို ညီမလေးမသိအောင် သိုဝှက်ထားခဲ့၏။

"ညီမလေး သတင်းသဲ့သဲ့ကြားလို့"

"မဟုတ်တာကွာ၊ ဘယ်သူတွေပြောတာလဲ"

"ဒီလိုပေါ့၊ ဟုတ်,မဟုတ်သိချင်လို့ မေးတာပါ"

"မဟုတ်ပါဘူးကွာ၊ ကိုကို အလုပ်တွေနဲ့တောင် မအားအောင် ရှိနေတာ ညီမလေးသိရက်နဲ့"

"သိပါတယ်၊ ဒါပေမဲ့ ညီမလေးတော်ရမယ့်ယောက်မက ချော သလားဆိုတာ သိချင်တာပေါ့"

ညီမလေးစကားကြောင့် သူ မျက်နှာပူပူနှင့် စားစရာတွေကိုပဲ ငုံ့စားနေလိုက်သည်။ အခုချိန်မှာ ဆုနဲ့ပတ်သက်သမျှ ညီမလေးကို ဘာမှမသိစေချင်သေးပါ။

ဆုကို သူချစ်တာမှန်ပေမယ့်လည်း ဘဝတစ်ခုလုံးအတွက်တော့ ရည်မှန်းရဲသေးပါ။

ဒါတွေကို ညီမလေးကိုလည်း မသိစေချင်ပါ။

"ကိုင်း စားလေ ညီမလေး။ ပြီးရင် ရန်ကင်းစင်တာ ဝင်ရဦးမှာ"

"ဟုတ်ကဲ့ကိုကို"

စားသောက်ပြီးတော့ ရန်ကင်းစင်တာကို သူ ညီမလေးကို လိုက်ပို့ပေးဖြစ်သည်။ ညီမလေးစိတ်တိုင်းကျ အဝတ်အစားအချို့ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖြစ်သည်။

ညီမလေးအတွက် တစ်လလျှင် အဝတ်အစားအသစ် နှစ်စုံ သုံးစုံလောက်တော့ သူ ဒီလို အမြဲတမ်း ဝယ်ပေးဖြစ်စမြဲ။

"ညီမလေး ဘာဝယ်ချင်သေးလဲ"

"တော်ပါပြီကိုကိုရဲ့၊ ညီမလေးမှာ အဝတ်အစားတွေ ပြည့်စုံနေပါပြီ"

တခြားသူတွေလို မြင်တွေ့သမျှ စိတ်တိုင်းကျ ဝယ်နိုင်သော ဘဝမဟုတ်တာကို ညီမလေးလည်း နားလည်ရှာသည်။

ရန်ကင်းစင်တာက ပြန်ထွက်တော့ ဝယ်လာသော အိတ်လေးနှစ်အိတ်ဆွဲကာ ရပ်ထားသော သူ့ကားလေးဆီ အတူလျှောက်ခဲ့ကြသည်။

ကုမ္ပဏီက သူ့အတွက်ပေးထားသော SE ဆလွန်းကားလေးကြောင့် သွားရလာရ အဆင်ပြေနေတာဖြစ်သည်။

ဒါပေမဲ့ ထိုအဆင့်အတန်း အခြေအနေတွေက ဆုအသော်ရဲ့ ဘဝနှင့် ယှဉ်လိုက်လျှင် သိပ်ကို ကွာခြားလွန်းပါသည်။

အရာရာပြည့်စုံချမ်းသာသော ဆုတာဝက သူတို့မောင်နှမဘဝနှင့် ယှဉ်လျှင် မိုးနဲ့မြေပမာ ကွာခြားလွန်း၏။

Mark II ကိုယ်ပိုင်ကားပြာကြီးနှင့် ကျောင်းတက်ကာ ပြည့်စုံသော မိဘနှစ်ပါးအရိပ်မှာ ရှင်သန်ရသော ဆုအကြောင်းတွေးမိတိုင်း သူ့စိတ်မှာ တစ်စုံတစ်ရာကို စိုးထိတ်သိမ်ငယ်မိစမြဲ။

ခြားနားကွာဝေးလွန်းသော ဘဝတွေကြောင့်ပဲ ဆုအပေါ်မှာ သူချစ်သောချစ်ခြင်းတို့ မဝံ့မရဲဖြစ်စေသည်လား။





ချစ်ခြင်းအတွက် ထိုခြားနားမှုတွေက ဘာမှ မသက်ဆိုင်ဟု ဆိုကြသော်လည်း ဘဝနှစ်ခု ပေါင်းစပ်ဖို့အတွက်တော့ ဥပေက္ခာပြုထားလို့ မရဟု သူထင်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရုပ်တွေကိုမြင်လိုက်ကတည်းက ပြဿနာတစ်ခုကို ရင်ဆိုင်ရတော့မည်မှန်း နိုင်သဏ္ဍာန် ကြိုတွက်မိပြီးဖြစ်သည်။

အခုနေအထားကတော့ သိပ်မလှပတာ အမှန်။ ကိုယ်က တစ်ယောက်တည်း၊ သူတို့က သုံးယောက်။ ဒီလို လူပြတ်သည့်လမ်းက ကြိုစောင့်နေသည်ဆိုကတည်းက ဒီကောင်တွေဦးတည်ချက်က ရှင်းနေသည်။

ရှောင်လို့မရသောအန္တရာယ်ကို ထိပ်တိုက်ကြုံမှတော့ ရင်ဆိုင်ဖို့တွေးရင်း ဟန်မပျက် ခြေလှမ်းတွေနှင့် ဆက်လှမ်းခဲ့တော့ –

"ခဏနေဦး နိုင်သဏ္ဍာန်"

သုံးယောက်သား သူ့ရှေ့က ပိတ်ရပ်တားရင်း မာထန်ထန်လေသံနှင့် မေးလာသူက နော်ကြီးဖြစ်သည်။





သူနှင့်နွယ်ဖူးသော ချစ်စုနိုင်ရဲ့အစ်ကိုဟု သူသိထားသည်။ ဒါပေမဲ့ ဖာတ်လမ်းပြတ်ခဲ့တာလည်း တစ်ပတ်ကျော်နေပြီဆိုတော့ သိပ်တော့ ဂရုမစိုက်ပါ။

"ဘာလဲ၊ ဘာကိစ္စလဲ နော်ကြီး"

ကုပ်သာကာ ကွေးကွေးကောက်ကောက်ဆံပင်တွေကို နောက်မှာ စည်းကြိုးနှင့် စည်းနှောင်တတ်သော နော်ကြီးစတိုင်လ်က ဆရာကြီးလိုလို၊ ဘာလိုလို။

ဒါပေမဲ့ နိုင်သဏ္ဍာန် ဂရုမစိုက်ပါ။ အဖော်အုပ်စုရှိမှ မိုက်ရဲသည့်ကောင်တွေကို အထင်လည်းမကြီး။

"မင်းနဲ့ ငါ့ညီမက ဘာလဲ၊ အဲဒါ ငါသိချင်တယ်"

နံဘေးက ဆံရှည်ရှည်အဖော်နှစ်ကောင်အားကိုးနှင့် နော်ကြီးသူ့ကို လာဖြုပြနေခြင်းဆိုတာ သိနေတာမို့။

"မင်းညီမ၊ နေပါဦး မင်းညီမ ဘယ်သူလဲ"

သူ တမင်မေးလိုက်တာမို့ နော်ကြီးမျက်နှာကြီး နီမြန်းသွားခဲ့ကာ

"ဟေ့ကောင် မင်း မသိသလိုလို အူတူတူမလုပ်နဲ့"

"ဟ ငါ မသိလို့မေးတာ၊ မင်းမှာ ညီမနှစ်ယောက်၊ အဲသမ်းကွဲတွေလည်း ရှိတယ်မဟုတ်လား"

"ဟာကွာ၊ ငါမေးနေတာ ငါ့ညီမအရင်း ချစ်စုနိုင်နဲ့မင်းက ဘာလဲ၊ အဲဒါကို သိချင်တယ်ကွာ"

"ဩော် ချစ်စုနိုင်လား၊ ဘာမှမပတ်သက်ဘူး"

နော်ကြီး လက်မခံသလို ခေါင်းကိုခါယမ်းရင်း –

"မင်း ခံမငြင်းနဲ့၊ မင်းနဲ့အတူ တွဲသွားတာ ငါ တစ်ခါမြင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကွ''

"ဒါတော့ တစ်ရပ်ကွက်ထဲနေတဲ့ သူတွေပဲကွာ၊ လမ်းမှာကြုံလို့ စကားပြောနှုတ်ဆက်တာ ဆန်းသလားကွ''

"မင်းအဖြေက ယုတ္တိမရှိဘူး နိုင်သဏ္ဍာန်၊ ငါ လုံးဝ လက်မခံနိုင်ဘူး''

"ကွိုင်ပဲ၊ ငါကိုယ်တိုင်က ဘာမှမပတ်သက်ဘူးလို့ ပြောတာတောင် မင်းက လက်မခံဘူးလား''

နော်ကြီးမျက်နှာကြီး သုန်မှုန်ကာ မျက်ပေါက်ကျဉ်းကျဉ်း မျက်ဝန်းတွေက သူ့ကို စူးစိုက်ကြည့်နေခဲ့ပြီးမှ –

"နိုင်သဏ္ဍာန် မင်းကို ငါသိပေမယ့် မသိဟန်ဆောင်ပေးခဲ့တာ၊ မင်းက နည်းနည်းလွန်လာပြီ၊ အခု ငါချိတ်နေတဲ့ မြရည်ဦးကိုလည်း မင်းက နှယ်ချင်နေ့တာ မဟုတ်သေးဘူး''

နော်ကြီးဦးတည်သည့် ပြဿနာကို အခုမှပဲ သူသိတော့၏။ မြရည်ဦးကို နော်ကြီး ကြံစည်နေတာတော့ သူမသိပါ။ ပြီးတော့ မြရည်ဦးကိုလည်း သူ စိတ်မဝင်စားပါ။

ဒါပေမဲ့ မြရည်ဦးက သူ့ကို လမ်းတွေခင်း၊ လာပတ်သက်ဖို့ကြံတာ ဖြစ်သည်။

ဒါကို ဒီကောင် အူနုကျွဲခတ်ဖြစ်နေတာထင်ရဲ့။

"ကဲ ဘယ်လိုလဲ နိုင်သဏ္ဍာန်၊ မင်း မငြင်းနိုင်ဘူး မဟုတ်လား၊ မင်းက ငါ့ညီမနဲ့လည်း ဘာလိုလို၊ မင်း ဘယ်လောက်ရှုပ်တယ်ဆိုတာ ငါသိတယ်၊ အခု မြရည်ဦးကိစ္စကတော့ သိပ်လွန်နေပြီ''

"ဟေ့ကောင် မင်း တစ်ဖက်သတ် လာမစွပ်စွဲနဲ့၊ ငါ ရှုပ်ချင်ရှုပ်





ဆယ်၊ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ ဇုက္ခမပေးဘူး။ ပြီးတော့ ငါနဲ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးတွေက သန့်သန့်ချောချောလေးတွေချည်းပဲတွေ၊ ရှုပ်ရှုပ်ယှက်ယှက် ဖက်တီးပုတ်တွေ မပါဘူး''

"ဘာကွ''

နော်ကြီးမျက်နှာက အမှည့်လွန် ခရမ်းချဉ်သီးကြီးလို နီရဲဖာတင်းသွားခဲ့သည်။ အနာပေါ်တုတ်ကျ ခံစားလိုက်ရမည်ပေါ့။

နော်ကြီးဆိုသည့်ကောင်ကလည်း မိန်းမဆိုလျှင် ဖြူဖြူမည်းမည်း သူ့အတွက် အကျိုးရှိမည့်သူဆို နှယ်ချင်သော ပိုင်းလုံးလိုကောင်ဖြစ်သည်။

မြရည်ဦးဆိုတာကတော့ ဝဝဖိုင့်ဖိုင့်ပေမယ့် ငွေကြေးတောင့်သည်မို့ နော်ကြီး သည်းသည်းလှုပ်နေတာဖြစ်မည်။

ဒေါသတွေနှင့် နော်ကြီး ကြောင်တွေနေတုန်း သူဖြတ်ကျော်ဖို့ကြိုးစားပေမယ့် –

"ဟိတ်ကောင်''

နော်ကြီးခေါ်လာသောတစ်ကောင်က သူလှည့်အကြည့်မှာ လက်သီးနှင့်လှမ်းထိုးသည်။

သတိမကင်းသော သူ့လက်သီးချက်ကို ရှောင်တိမ်းပြီး ညာလက်သီးနှင့် တုံ့ပြန်လိုက်၏။

"ခွပ်''

"အား''

နှာနုရိုးကို တိုက်ရိုက်ထိကာ သွေးတွေ ဖြာခနဲကျလာသလို အော်လိုက်တာလည်း ငယ်သံပါသည်။

"ဟာ ဇော်ကြီး တောက်''



www.burmeseclassic.com

www.burmeseclassic.com



သူ့အတ်တာလူ သွေးမြေကျတော့ နော်ကြီးနှင့် ကျန်နှစ်ကော

ရှားရှားရဲရဲ ဖြစ်ကုန်သည်။

"ဖြောင်း"

"ဒုတ်"

သူ မထင်ထားမိသော တုံ့ပြန်မှုတွေကို ရှောင်ဖို့ မလွယ်လိုက်

နှစ်ကောင်စလုံး လျှို့ဝှက်ယူဆောင်လာသော သစ်သားတုတ်လုံးတို့တွေ

ဆိုတော့လည်း –

"ဖြောင်း"

"ခွပ်"

"ဒုတ်"

ရှောင်ပြေးဖို့ စိတ်ကူးမရှိဘဲ သူ နှစ်ယောက်တစ်ယောက် ရင်

ဆိုင်ပစ်တော့ လက်နက်တွေပါသော သူတို့ဘက်က အသာစီး။

ခေါင်းမှာ ပွခနဲ ဒဏ်ရာတစ်ချက်၊ ဘယ်လက်ဖျံမှာ နာကျင်မှု

တစ်ချက်နှင့် လူက မူးဝေလဲကျသွား၏။

"ဟာ နော်ကြီး လစ်စို့၊ လူတွေ လာနေပြီ"

ကြိုးစားကုန်းထဖို့ ကြိုးစားပေမယ့် မူးရိပ်နေသောဝေဒနာနှင့်

သူ ပြန်လဲကျသွားခဲ့သည်။

✿ ✿ ✿



## အခန်း (၆)

"သမီး ခဏနေဦး"

ညှော်ခန်းထဲမှာထိုင်နေသော ဒယ်ဒီခေါ်တာမို့ ဆု ခေါင်းလေး

ညိတ်ကာ ဒယ်ဒီ့ရှေ့က ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်မိ၏။

ဒယ်ဒီ့နှုတ်က ဘာစကားသံမှ ထွက်မလာသေးဘဲ တဒင်္ဂ ငြိမ်

သက်နေသေးသည်။ အတန်ကြာမှ ပင့်သက်တစ်ချက်ရှိုက်ရင်း–

"ဟိုကောင်ကတော့ ဒုက္ခပေးပြန်ပြီ သမီးရေ"

ဒယ်ဒီ ညည်းညူသလိုဆိုသောစကားကြောင့် ဆု မျက်မှောင်

သေးကုတ်သွားမိသည်။ ဒယ်ဒီဆိုလိုတာ ဘယ်သူဆိုတာလည်း ဆု

ချက်ချင်း သဘောပေါက်လိုက်ပါသည်။

မောင်နှမသုံးယောက်ထဲမှာ အဆိုးဆုံးဟု ဒယ်ဒီတို့သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသူက အငယ်ဆုံး နိုင်သဏ္ဌာန်ပဲ ဖြစ်သည်။

အစ်ကိုကြီးနိုင်မဟာကတော့ ဒယ်ဒီနှင့်မာမီတို့ စိတ်ချယုံကြ
လောက်အောင် လိမ္မာသူဖြစ်သည်။ ပညာရေးမှာလည်း ထူးချွန်
ဆရာဝန်တစ်ယောက် ဖြစ်နေပြီ။

မန္တလေးဆေးရုံကြီးမှာ ကိုကြီးနိုင်မဟာ တာဝန်ထမ်းဆောင်
၏။ နိုင်သဏ္ဌာန်ကတော့ ဆိုးသည်ဟုဆိုရလောက်အောင်လည်း ကိုယ်
ရာ ဖွတ်လုပ်တတ်သူဖြစ်သည်။

ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်မတက်ဟုဆို
မန္တလေးက ဒယ်ဒီ့ရဲ့ညီအိမ် ထွက်သွားသည်။ အန်ကယ်ကလည်း သ
သမီးမရှိတာမို့ နိုင်သဏ္ဌာန်ကို သားအရင်းလိုချစ်သည်။

ဒယ်ဒီ ခွင့်မပြုသည့်ကြားက မန္တလေးမှဦးလေးဖြစ်သူအိမ်
ဖွတ်ထွက်သွားသော နိုင်သဏ္ဌာန်ကို ဒယ်ဒီနှင့်မာမီ ဘယ်လိုခေါ်
မရခဲ့။

"သား မန္တလေးမှာပဲအဝေးသင်တက်မယ်၊ ပြီးတော့ အန်ကယ်
ဆီက မကြွင်းနစ်ပညာသင်ချင်တယ်"

ကိုယ်ပိုင်ဝပ်ရှော့ကြီး ထူထောင်ထားသော အန်ကယ့်ဆီမှာ
နိုင်သဏ္ဌာန် နေလိုသည်ဆိုတော့ ဒယ်ဒီတို့ မတတ်သာခဲ့ပါ။ အန်ကယ်
လင်မယားကလည်း နိုင်သဏ္ဌာန်ကို ချစ်ခင်ရင်းစွဲရှိနေကြသူတွေမို့

"အစ်ကိုရာ နိုင်လေး ဆန္ဒပြင်းပြနေရင် ခွင့်ပြုလိုက်ပါဗျာ
ကျွန်တော် အားလုံးတာဝန်ယူပါတယ်"

"ညီလေး၊ မင်း ဒီကောင့်ကို တကယ်နိုင်နင်းလို့လား"

"ကျွန်တော် အပြည့်အဝ တာဝန်ယူပါတယ် အစ်ကို"





နောက်ဆုံးတော့ တစ်ဖွတ်ထိုးဆန်သော နိုင်သဏ္ဌာန့်ဆန္ဒကို
...တို့ လိုက်လျောပေးခဲ့ကြရသည်။

"အမြဲတမ်း မိဘကိုဒုက္ခပေးရမှ ကျေနပ်တဲ့ကောင်။ ဒီကောင့်
...ကြောင့် တော်တော်ခက်တယ်"

ဒယ်ဒီ့ညည်းသံကြားမှ ဆု အတွေးတွေ ပြတ်တောက်သွားရကာ
...တော့၏။

"ဘာဖြစ်လို့လဲ ဒယ်ဒီ၊ မောင်လေး ဘာပြဿနာဖြစ်ပြန်ပြီလဲ"

"ဘာဖြစ်ရမှာလဲ၊ ရန်ဖြစ်လို့တဲ့၊ အခု ဆေးရုံမှာ"

"ဟင်"

ဆု စိုးရိမ်သွားမိသည်။ နိုင်သဏ္ဌာန် ရန်ဖြစ်သည့်သတင်းက
...ဆန်းတော့မဟုတ်။ ဒါပေမဲ့ သူ့ခံရသည်ဆိုတာထက် တစ်ဖက်ကခံရ
...ာ အန်ကယ်တို့ လိုက်ရှင်းပေးရတာသာ ကြားသည်။

အခုတော့ နိုင်သဏ္ဌာန် ဆေးရုံရောက်နေသည်ဆိုတော့ မောင်
...ဖြစ်သူအတွက် ဆု စိုးရိမ်သွားမိသည်။

"မောင်လေး ဘာဖြစ်သွားသေးလဲ ဒယ်ဒီ"

ဆု စိုးရိမ်တကြီးမေးတော့ ဒယ်ဒီက လက်ကာတားရင်း –

"တိုးတိုးပြော သမီး၊ ဒီကိစ္စကို သမီးမာမီ မသိစေချင်ဘူး"

ဒယ်ဒီသတိပေးမှ ဆု ဘေးဘီကို ဝေ့ဝဲကြည့်ရင်း ခေါင်းလေး
ညိတ်ပြမိသည်။

အနေဝေးပေမယ့် အငယ်ဆုံးသားမို့ မာမီက နိုင်သဏ္ဌာန်ကို
လည်း သံယောဇဉ်ကြီးရှာသည်။ နွေကျောင်းပိတ်ရက်မှ ရန်ကုန် ရောက်
လာတတ်သော သားငယ်ကို မာမီ အမြဲဂရုစိုက်တာ ဆု အသိဆုံး။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း နိုင်သဏ္ဌာန့်သတင်းကြားလျှင် မာမီ တုန်လှုပ်ချောက်ချားသွားမှာ စိုးရသည်။

"ဒီညနေပဲ ဒယ်ဒီ မန္တလေးလိုက်သွားမလို့ သမီးမာမီကိုတော့ အလုပ်ကိစ္စကြောင့် သွားတယ်လို့ပဲ သိထားစေချင်တယ်"

"ဟုတ်ကဲ့ သမီးသိပါတယ် ဒယ်ဒီ၊ အန်ကယ်က ဘာပြောလဲ မောင်လေး တော်တော်ဆိုးဆိုးဝါးဝါး ဖြစ်သလားဟင်"

"ညီလေးကတော့ စိုးရိမ်စရာမရှိဘူး ပြောတာပဲ၊ ဒါပေမဲ့ ဒယ်ဒီလိုက်သွားမယ်၊ ဒီကောင် ဒီလောက်ဆိုးနေရင်တော့ အိမ်ပြန်ခေါ်ရမယ်၊ မိဘရင်းတွေတောင် မနိုင်တာ၊ ဦးလေးဆီမှာဆို ပိုဆိုးမှာပေါ့"

"ဘယ်သူတွေနဲ့ဖြစ်တာတဲ့လဲ ဒယ်ဒီ"

"ဟိုရောက်မှ သိမှာပဲသမီး၊ လူငယ်ချင်းဖြစ်ကြတာတဲ့၊ သမီးအန်ကယ်ပြောပုံအရဆိုရင် မိန်းကလေးကိစ္စတဲ့"

ဆု ပင့်သက်လေးရှိုက်လိုက်မိပါသည်။ နိုင်သဏ္ဌာန်အကြောင်းကိုတော့ ကိုယ့်မောင်လေးမို့ ဆုသိပါသည်။

ချောမောသောရုပ်သွင်နှင့် စတိုင်လ်ကျကျ ဝတ်စားနေထိုင်တတ်မှုကြောင့် မိန်းကလေးတွေ နှစ်သက်လောက်သူဖြစ်သည်။

အထက်တန်းကျောင်းသားဘဝကတည်းက သူငယ်ချင်းမကျ ရည်းစားမကျ ကောင်မလေးတွေ ထားတတ်ခဲ့သည်။

မန္တလေးမှာလည်း ဒီလိုကိစ္စတွေရှုပ်မှာ အသေအချာဖြစ်၏။ နွေကျောင်းပိတ်ရက် ရန်ကုန်ပြန်လာချိန်လေးတောင် နိုင်သဏ္ဌာန်က ဇာတ်လမ်းတွေ ရှုပ်သွားတတ်သေးသည်။

ဆုရဲ့သူငယ်ချင်းအချို့ကိုတောင် မလွတ်ကင်းတတ်။ ကြားထဲ





က ဆုမှာ မျက်နှာတွေပူရတတ်၏။

"မောင်လေးသဏ္ဌာန်၊ နင် ဘာရှုပ်သွားတာလဲ၊ မမသူငယ်ချင်း ရွှေရတီက နင့်အကြောင်းတွေ လာမေးနေတယ်"

"ဟုတ်လား၊ ပြောလိုက်လေ မမဆုရဲ့၊ မန္တလေးရောက်သွားပြီလို့၊ နွေကျောင်းပိတ်ရက်မှ ပြန်ဆုံကြမယ်လို့"

"သဏ္ဌာန်နော် မင်း ဒီလိုမလုပ်နဲ့၊ ကိုယ့်အစ်မသူငယ်ချင်းတွေ

ရှိ

"မမကလည်းဗျာ၊ ကျွန်တော် ဘာမှမရှုပ်ပါဘူးဗျ၊ ရန်ကုန်ရောက်တုန်း ခင်မင်တာလောက်ပါ၊ စိတ်ချ၊ မမ မျက်နှာမပျက်စေရဘူး"

ဖုန်းထဲက သဏ္ဌာန် ကတိတွေပေးနေပေမယ့် ဆုစိုးရိမ်တာအမှန်ပဲဖြစ်သည်။ ရည်းစားတွေထား၊ ချစ်သူထားတာ ပြဿနာမဟုတ်ပေမယ့်လည်း စိတ်အလိုလိုက် မှားယွင်းကာ စောစောစီးစီး အိမ်ထောင်ကျသွားလျှင် အခက်။

ပြီးတော့ ဒီခေတ်မိန်းကလေးတွေဆိုတာက ခပ်လည်လည်တွေ သဏ္ဌာန်အတွက် စိုးရိမ်မိ၏။

ဒါပေမဲ့လည်း ဆုစိုးရိမ်သလို ဖြစ်မလာခဲ့တာက သဏ္ဌာန်ရဲ့ ကိုယ်ကျင့်တရားတည်ကြည်မှုကြောင့်ပဲ ဖြစ်သည်။

ကောင်မလေးတွေ အများကြီးတွဲပေမယ့် သဏ္ဌာန်က ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းနိုင်သည်ဟုပဲ ဆိုရမည်။

မိသားစု အရင်းအချာနှင့် ဝေးဝေးနေပေမယ့် သဏ္ဌာန်သည် ကိုယ့်ရည်ရွယ်ချက်ကိုတော့ အပျက်အစီးမခံသူ ဖြစ်၏။

"ကျွန်တော့်ကို ယုံစမ်းပါ မမဆုရာ၊ အိမ်ထောင်ပြုရလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ချစ်တဲ့ မိန်းကလေးမရှိပါဘူး၊ စိတ်ချ၊ အန်ကယ်တို့နဲ့သွားနေပေ မယ့် ဒယ်ဒီတို့ကျေနပ်အောင် ဘွဲ့တစ်ခုရစေရမယ်၊ ပြီးရင် ကျွန်တော် ဝါသနာပါတဲ့ မက္ကင်းနစ်ပညာကိုလည်း တတ်အောင်သင်နေတာပါ"

ဆိုကိုတော့ သဏ္ဍာန် အမြဲကတိပေးခဲ့သည်။ ဒါပေမဲ့လည်း အခုလို ရန်ဖြစ် ဆေးရုံရောက်သည်ဆိုတော့လည်း စိုးရိမ်မိတာအမှန်။

"သမီး ဒယ်ဒီ ဟိုမှာ နှစ်ရက်လောက်ကြာချင်ကြာမယ်၊ သမီးမာမီကို ဂရုစိုက်ပါ"

"ဟုတ်ကဲ့ ဒယ်ဒီ၊ ဟိုရောက်တာနဲ့ မောင်လေးအခြေအနေကို လည်း သမီးဆီ ဖုန်းဆက်ပြောဦးနော်"

"အင်း ဒယ်ဒီဖုန်းဆက်ပါ့မယ်၊ ကဲ သွားတော့သမီး၊ သဏ္ဍာန် ကိစ္စတော့ သမီးမာမီ ဘာမှ မရိပ်မိစေနဲ့ကွယ်"

ဒယ်ဒီ စိုးရိမ်စွာ ထပ်မှာနေတာကို ဆု ခေါင်းလေးညိတ်ပြမိ သည်။ မောင်လေးအတွက် ဒယ်ဒီ ဘယ်လောက် စိတ်ညစ်နေမည်ဆိုတာ နားလည်မိ၏။

"ဟိုရောက်ရင် သားကြီးနဲ့လည်း တွေ့ရမယ်၊ ဒီကောင့်ကိစ္စကို တော့ တစ်ခုခု ဆုံးဖြတ်စီစဉ်ရမယ်"

မန္တလေးဆေးရုံမှာ တာဝန်ကျနေသော ကိုကြီးနိုင်မဟာနှင့် လည်း ဒယ်ဒီတွေ့ဖို့ စီစဉ်ထားပုံရပါသည်။

မိဘဆိုတော့လည်း ဒယ်ဒီ့ခမျာ သားသမီးတွေအတွက် သော ကတွေ ဝေနေရသည့်အဖြစ်မှာ သနားစရာ။

✿ ✿ ✿



## အခန်း (၇)

"မိဘစကားဆို အမြဲတမ်း ဆန့်ကျင်ဘက်လုပ်ရမှ ကျေနပ်တဲ့ ကောင်၊ အခုတော့ ဘယ်လိုလဲ၊ နေသာထိုင်သာမှ ရှိရဲ့လားကွ ဟေ"

ခေါင်းမှာလည်း ပတ်တီးနှင့်၊ ဘယ်လက်မှာလည်း ဆေးစည်း ထားသော ပတ်တီးနှင့် တွေ့လိုက်ရသော နိုင်သဏ္ဍာန်ကို မြင်မြင်ချင်း ဦးမိုးသဏ္ဍာန် ဒေါသနှင့်ဆိုမိသည်။

ခရင်ဆောက်ဒ်မှာထိုင်နေသော နိုင်သဏ္ဍာန်ကတော့ ကိုယ်ရရှိ ထားသော ဒဏ်ရာတွေကို အလေးမထားဟန်နှင့် ခပ်ပြုံးပြုံးရှိနေ၏။

မွေးထားသည့်သားသမီးသုံးယောက်မှာ အငယ်ဆုံးဖြစ်သလို ဘယ်သူနဲ့မှမတူအောင် ဆိုးလွန်းသည့်သူလည်း ဖြစ်သည်။

သားကြီးနှင့်က ငါးနှစ်ကျော်ကွာကာ သမီးနှင့် တစ်နှစ်သာသာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာသော နိုင်သဏ္ဍာန်က ငယ်ငယ်ကတည်းက မိဘကို ခင်တွယ်လွန်းသူ မဟုတ်ပါ။ ညီဖြစ်သူရှိသော မန္တလေးကို နွေကျောင်းပိတ်ရက်တိုင်း သွား နေတတ်၏။

ညီဖြစ်သူတို့လင်မယားကလည်း သားသမီးရတနာ မထွန်း ကားတာမို့ ဒီကောင့်ကို သိပ်ချစ်ကြသည်။

ဒါကြောင့်လည်း ဒီကောင်က ဆိုးသွမ်းနေတာဟု သူထင်သည်။ အခုလည်း ကြည့်။ သူရောက်လာတော့ ညီလေးတို့လင်မယားက ဆေး ရုံမှဆင်းလာသော နိုင်သဏ္ဍာန်ကို ဂရုတစိုက်ရှိပြနေတာ သူကြည့်မရ။

"သားနိုင်လေး၊ မြူစွမ်ပူပူလေး သောက်တော့မလား၊ ပြီးရင် ဆေးတွေသောက်ရဦးမယ်"

ညီရဲ့ဇနီး မန္တယ်က လေသံချိုချိုလေးနှင့် သူ့ရှေ့မှာ ဂရုစိုက်ပြနေ တော့ ဦးမိုးသဏ္ဍာန် ပိုလို့ နှာခေါင်းရှုံ့မိရင်း –

"မင်းတို့ ဒီကောင့်ကို ဒီလောက်အထိ ဂရုစိုက်မနေနဲ့၊ ငါက ဒီထက်တောင် ဒဏ်ရာပရပွတွေ ရပါစေလို့ ဆုတောင်းနေတာ"

"ဟာ အစ်ကိုကလည်း"

"ဟုတ်တယ်လေကွာ၊ ထစ်ခနဲရှိ ရန်ဖြစ်မယ်၊ ပြီးတော့ ဖြစ် တဲ့ကိစ္စကလည်း မိန်းမကိစ္စ"

"အဲဒီကိစ္စက အဓိက မဟုတ်ပါဘူး ဒယ်ဒီရာ၊ ဒီကောင်တွေ အုပ်စုနဲ့မို့ တမင်လာရစ်တာပါ၊ မခံနိုင်လို့ ထိပ်တိုက်ရင်ဆိုင်လိုက်တာ"

"ဘာကွ၊ ထိပ်တိုက်ရင်ဆိုင်တော့ အခု မင်း ခံလိုက်ရတာမို့ လား"

"သုံးယောက်တစ်ယောက်လည်း ပြဿနာမရှိဘူး၊ ဒီကောင်တွေ





က တုတ်တွေ ဓားတွေ ကိုင်ယူလာတာ မသိလိုက်လို့"

ပုံစံက တစ်စက်လေးတောင် နောင်တရသည့်ပုံမရှိတော့ ဦးမိုး သဏ္ဍာန် ပိုလို့ ဒေါသထွက်ရ၏။

"ဟေ့ကောင်သဏ္ဍာန်၊ မင်း ပါးစပ်ပိတ်တော့၊ မင်းကတော့ ဘာမှမဖြစ်သလိုလုပ်နေ၊ ငါကတော့ အလုပ်တွေပစ်ထားပြီး ဒုန်းဒိုင်း လာရတယ်၊ အခုတော့ မင်းပြဿနာတွေက ဘယ်လိုလဲ၊ ဂါ ဘာရှင်းရ ဦးမှာလဲ"

"ဘာမှ ရှင်းစရာမလိုဘူးဒယ်ဒီ၊ အေးဆေးပါ၊ ဒီကောင်တွေ လည်း နှာခေါင်းရိုးကျိုးတဲ့ကောင်နဲ့ သွားကျိုးတဲ့ကောင်နဲ့ ခံလိုက်ရတာပဲ"

"သားကို သုံးယောက်တစ်ယောက် ဝိုင်းရိုက်တာလေ၊ မေနွယ် ကတော့ သူတို့ကို မှတ်လောက်အောင် အချုပ်ထဲ ပို့ထားချင်တယ်"

မန္တယ်က သဏ္ဍာန်ဘက်က မခံနိုင်သလို ဝင်ပြောနေပြန်သည်။ သဏ္ဍာန်က ခေါင်းကိုခါရင်း –

"ဘာမှမလုပ်ပါနဲ့တော့ မေနွယ်ရယ်၊ ဒီကောင်တွေ ဘာမှ သတ္တိမရှိပါဘူး၊ ကျွန်တော့်ကိုလည်း တောင်းပန်ပြီးပြီပဲ"

"ကဲ မင်းတို့ချင်း ပြဿနာအဆင်ပြေတယ်ဆိုရင် ပြီးတာပဲ၊ ဒါပေမဲ့ မင်း ငါနဲ့ ရန်ကုန်ကို ပြန်လိုက်ခဲ့ရမယ်"

"ဗျာ"

ဦးမိုးသဏ္ဍာန်စကားကြောင့် နိုင်သဏ္ဍာန် အထိတ်တလန့်ကြည့် သည်။ ဒီလိုအခြေအနေတွေအထိ ဖြစ်လာမည်ဟု တွေးထားပုံမရှိ။

"ဟုတ်တယ်၊ မင်း မိဘတွေကို တော်တော်စိတ်ဒုက္ခပေးတယ် နိုင်သဏ္ဍာန်၊ ဆေးရုံရောက်နေတယ်ဆိုတော့ ငါမှာ ဝရုန်းသုန်းကား



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာရတယ်၊ မင်းအမေကိုလည်း ငါ့မှာ အသိမပေးရဲဘူး။ ဟိုက မင်းသတင်းကြားတာနဲ့ သွေးတိုးမှာ သေချာတယ်''

''သား ဘာမှမဖြစ်ပါဘူး ဒယ်ဒီရာ၊ အန်ကယ်က စိုးရိမ်ပြီး ဖုန်းဆက်လိုက်တာ သားတောင်မသိဘူး''

''အန်ကယ်လည်း စိုးရိမ်ပြီး ဆက်လိုက်မိတာပါကွာ''

ညီလေးက နိုင်သဏ္ဍာန်စကားကိုကြားတော့ မလုံမလဲနှင့် တောင်းပန်သလို ဝင်ပြောသည်။

''ညီလေး၊ မင်းကိုယ်တိုင်က ဒီကောင့်ကို တောင်းပန်သလို ပစားပေးသလို လုပ်နေတော့ ဒီကောင် ဆိုးနေတာပေါ့၊ ငါပြောသားပဲ မင်း မနိုင်မနင်းနဲ့ ဒီကောင့်ကို ခေါ်မထားပါနဲ့လို့''

''ဟာ ဒယ်ဒီကလည်း ကျွန်တော် အန်ကယ်တို့နဲ့ နေနေတာပဲ အခု နောက်ဆုံးနှစ်ရောက်နေပါပြီ''

''ဟော့ကောင် မင်း ဘာမှ ဝင်မပြောနဲ့၊ မင်း ငါနဲ့ ပြန်လိုက်ခဲ့ရမယ်၊ ရန်ကုန်မှာပဲ ကျောင်းပြန်တက်''

ဦးမိုးသဏ္ဍာန် ယတိပြတ် အမိန့်ထုတ်နေတော့ နိုင်သဏ္ဍာန် မျက်စိမျက်နှာပျက်ဖြစ်နေသည်။ ညီဖြစ်သူ မိုးလွင်နှင့် ဇနီးဒေါ်နွယ်နွယ်ဝေတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာစကားမှ မဆိုနိုင်ကြ။

''မင်း အခုလို ပြဿနာမျိုးစုံ ရှာနေတာကို ငါ စိတ်မရှည်တော့ဘူး''

''ဒီလိုတော့ မလုပ်ပါနဲ့ဒယ်ဒီ၊ အခုပဲ သား နောက်တစ်နှစ်ဆို ကျောင်းပြီးတော့မှာ၊ အန်ကယ်ရဲ့အလုပ်မှာလည်း သား သင်ယူစရာတွေ





ရှိသေးတယ်''

''ဟုတ်တယ် အစ်ကို၊ နိုင်လေးက ကျွန်တော်လုပ်ငန်းတွေကို အတော်တတ်ကျွမ်းနေပြီ၊ ဒီတစ်နှစ်တော့ ဒီမှာပဲ နေပါစေဗျာ''

''ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ သားနိုင်လေးက အစ်ကိုကြီး ထင်သလောက် မဆိုးပါဘူး။ အခုဖြစ်တဲ့ကိစ္စကလည်း ဟိုဘက်က တမင် ပြဿနာရှာကြတဲ့ ပြဿနာပဲ''

ဒီလိုစကားတွေပဲ ကြားရမည်ဆိုတာ ဦးမိုးသဏ္ဍာန် ကြိုတင်မျှော်လင့်ထားပြီးဖြစ်သည်။ ညီဖြစ်သူလင်မယားကတော့ နိုင်သဏ္ဍာန်ဘက်ကပဲ ဝိုင်းဝန်းထောက်ခံနေကြသည်။

သူ တစ်ခုခု ပြန်ပြောဖို့ ပါးစပ်ပြင်တုန်းမှာပဲ ဆင်ဝင်အောက်ကို ထိုးရပ်လာသည်က နိုင်မဟာရဲ့ ကားဖြစ်သည်။

သူ့အာရုံတွေက ကားပေါ်ကဆင်းလာသော နိုင်မဟာဆီ ရောက်သွားသည်။ ဆေးရုံက ထွက်လာရပုံရှိသော နိုင်မဟာက သူ့ကို မြင်တော့ ပြုံးပြနှုတ်ဆက်သည်။

''ဒယ်ဒီ ရောက်တာကြာပြီလား။ သားလည်း ညက နိုက်ဂျူတီ ဝင်နေရလို့၊ အခုမှ ဂျူတီက ထွက်ထွက်ချင်း တန်းလာခဲ့တာ''

''ရတယ်သား၊ ပင်ပန်းလိုက်တာကွာ၊ အေးဆေးမှ လာခဲ့ပေါ့''

''ရပါတယ် ဒယ်ဒီ၊ ဘယ်လိုလဲ ညီ၊ သက်သာရဲ့လား''

နိုင်မဟာက ဒရင်းဘက်ဒ်မှာထိုင်နေသော ညီဖြစ်သူကို ခပ်ပြုံးပြုံးကြည့်ရင်း လှမ်းမေး၏။

''ဘာမှမဖြစ်ပါဘူး ကိုကိုရာ၊ အေးဆေးပါ''

''အေး ခေါင်းကဒဏ်ရာက နှစ်ချက်ချုပ်လိုက်ရတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ မင်း ဆေးရုံရောက်လာတုန်းက ငါ ခွဲခန်းထဲဝင်နေရလို့ပေါ့ကွာ၊ ငါသာရှိရင် မင်းဒဏ်ရာကို လေးချက်လောက် အပ်ကြီးကြီးနဲ့ ချုပ်ပေးလိုက်မှာ"

"ကောင်းတာပေါ့ ကိုကိုရာ၊ ချုပ်ရိုးပိုနိုင်သွားတာပေါ့၊ အဟဲ"

"အေး၊ မင်း စကားပြောရင်း အမြဲတမ်း ဗရွတ်ဗရွတ်တနိုင်လွန်းတယ် သဏ္ဍာန်၊ အဲဒါကြောင့် မင်းကို ငါကြည့်မရတာ"

ဦးမိုးသဏ္ဍာန် မနေနိုင်ဘဲ ဝင်ပြောမိပြန်တော့ နိုင်သဏ္ဍာန်က ပခုံးတစ်ချက် တွန့်ပြီးရင်း –

"ဒယ်ဒီကလည်းဗျာ ကျွန်တော့်ဆိုရင် အမြဲတမ်း အပြစ်မြင်နေတာပဲ၊ ကိုကို့ကို နောက်တာပါ"

"အေး၊ မင်း နောက်တာတွေ ဘာတွေ အသာထား၊ ငါပြောတဲ့ ရန်ကုန်ပြန်လိုက်ဖို့ကိစ္စ ပြင်ဆင်ထားတော့"

"သား တောင်းပန်ပါတယ် ဒယ်ဒီ၊ ရန်ကုန်တော့ ပြန်မလိုက်ပါရစေနဲ့၊ ဒီနှစ်တစ်နှစ်တော့ နေပါရစေ"

"ကိုကို ကြည့်ပြောပါဦး၊ ဒယ်ဒီက ရန်ကုန်ကို ပြန်လိုက်ဖို့ပဲ ဖွတ်ခေါ်နေတယ်၊ ဒီမှာ ကျွန်တော့်ကျောင်းက တစ်ပိုင်းတစ်စကြီးဖြစ်နေတယ်"

"ဟုတ်တယ် မောင်မဟာ၊ အစ်ကို့ကို ကြည့်ပြောပေးပါဦးကွာ"

သားကြီးကို အားလုံးက ဝိုင်းဝန်းတောင်းဆိုနေကြသည်။ သူကလည်း ဆုံးဖြတ်ပြီးသားကို လက်မလျှော့နိုင်တာမို့။

"မရဘူး သားကြီး၊ မင်းညီ ဒီလို ခဏခဏ ပြဿနာတက်နေပုံနဲ့ မင်းတို့အမေသိရင် သွေးတိုးပြီး ရှော့ခ်ဖြစ်နိုင်တယ်၊ အခုတောင်





ဒီကောင့်ကိစ္စ အသိမပေးရဲဘူး၊ သမီးကိုပဲ အကျိုးအကြောင်းပြောပြပြီး ငါ ထွက်လာရတာ"

"အန်ကယ်လွှင်က ဖြစ်ဖြစ်ချင်းဆိုတော့ စိုးရိမ်စိတ်တွေ လွန်ကဲပြီး ဒယ်ဒီ့ဆီ ဖုန်းဆက်တာပါ၊ ညီလေးအခြေအနေက ဘာမှမဖြစ်ပါဘူး"

"အေး၊ ဘာပဲဖြစ်ဖြစ်၊ ဒီကောင့်ကို ငါ့အရိပ်အောက်မှာပဲ ပြန်ထားမှ ဖြစ်မယ်"

"ဒယ်ဒီ့မှာလည်း ကိုယ့်အလုပ်တွေနဲ့ ပိနေတာ၊ ဒီကောင့်ကို မထိန်းနိုင်ပါဘူး၊ ဒီကောင်ရှိနေရင် မာမီ ပိုတောင် စိတ်ဒုက္ခရောက်ဦးမယ်၊ ဒီမှာ အန်ကယ်တို့နဲ့အတူ ကျွန်တော်လည်း ရှိပါတယ်၊ ဒီနှစ် ကျောင်းပြီးတဲ့အထိ ဆက်ထားလိုက်ပါ ဒယ်ဒီရာ"

နိုင်မဟာက အခြေအနေကိုတွက်ချက်ကာ ရှင်းပြတော့ ဦးမိုးသဏ္ဍာန် တွေခနဲဖြစ်ရပြန်သည်။

သားကြီးပြောတာလည်း မှားတော့မမှားပါ။ ရန်ကုန်ကို ပြန်ခေါ်တော့လည်း နိုင်သဏ္ဍာန့်အချိုးက ပြောင်းမှာတဲ့လား။ မိခင်နှင့် အစ်မကြားမှာ ဒီကောင် ဆိုးချင်သလို ဆိုးမှာပဲ ဖြစ်သည်။

ရန်ကုန်ရောက်မှ နေ့စဉ် ပြဿနာရှာနေလျှင် ဇနီးဖြစ်သူပဲ သောကတွေ ပိုရတော့မှာ သေချာ၏။

စိတ်မချဘူးဆိုပေမယ့် ညီဖြစ်သူလင်မယားကတော့ ဒီကောင့်ဒဏ်ကို သည်းခံနိုင်ကြသည်။ အခုပဲ နောက်ဆုံးနှစ်ရောက်နေပြီဆိုတော့လည်း ဒီတစ်နှစ်ပဲ ရှိစေတော့။

"ကဲ ဒါဆိုလည်း မင်း ဒီတစ်နှစ်တော့ ကောင်းကောင်းမွန်မွန်နေပါ၊ အခုလိုပြဿနာမျိုး ဒယ်ဒီ ထပ်မကြားချင်ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ စိတ်ချပါဒယ်ဒီရာ၊ ကျွန်တော့်ကြောင့် ဒယ်ဒီတို့ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်စေရဘူး"

"အေး အနှောင့်အယှက်မဖြစ်လို့တဲ့ပေါ့ကွာ၊ အခုတောင် ငါ့မှာ ဒုန်းစိုင်းလာရတာ"

"အဲဒါ ကျွန်တော့်အမှားပါ အစ်ကို၊ နိုင်လေး အရိုက်ခံရလို့ ဆေးရုံရောက်နေတယ်ဆိုတော့ ထူပူပြီး အစ်ကို့ဆီ ဖုန်းဆက်မိတာပါ"

ညီဖြစ်သူကပါ ထပ်ပြီးတောင်းပန်နေပြန်သည်။ နိုင်သဏ္ဍာန်ကတော့ ရန်ကုန်ပြန်မလိုက်ရတော့ပြီဆိုကတည်းက ကျေနပ်စွာ နှုတ်ဆိတ်နေ၏။

ဦးမိုးသဏ္ဍာန် ပင့်သက်ရှိုက်ရင်း စိတ်ကို လျှော့ချလိုက်ရပါသည်။ အငယ်ဆုံး၊ အဆိုးဆုံးဆိုတာ နိုင်သဏ္ဍာန်ပါပဲ။

မွေးထားသည့်သုံးယောက်ထဲမှာ ဒီကောင့်အတွက်ပဲ ပူပန်ရသည်။ အခုလည်း ဒီနှစ်မကုန်မချင်း အပူက ငြိမ်းမည်မဟုတ်။

ကိုယ်မွေးထားသည့် သားသမီးဆိုတော့လည်း –

✿ ✿ ✿



## အခန်း (၈)

ဒယ်ဒီ့ဆီက ဖုန်းသတင်းဝင်လာမှပဲ မောင်လေးအတွက် ပူပန်စိတ်တို့ လျော့ပါးကုန်ရသည်။

ခေါင်းမှာ နှစ်ချက်ချုပ်ရသည့် ဒဏ်ရာလောက်ပဲ အကြီးမားဆုံးဟု ဒယ်ဒီက ဆိုသည်။

"ဘာမှစိုးရိမ်စရာ မရှိဘူးသမီး၊ ညီလေးက ဖြစ်ဖြစ်ချင်း စိတ်ပူပြီး ဖုန်းဆက်လိုက်တာပါ"

"တော်သေးတာပေါ့ ဒယ်ဒီရယ်၊ သမီးစိတ်ပူနေတာ၊ အခုမှပဲ စိတ်ချမ်းသာရတယ်"

"ဒီကောင်က မိသားစုကို အမြဲတမ်း သောကပေးတဲ့ကောင်ပဲလေ၊ အခုလည်း ဒယ်ဒီ တစ်ခါတည်း ပြန်ခေါ်လာမလို့ သူ့ပညာရေးက



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းတစ်စဖြစ်နေတော့ အားလုံးက ဝိုင်းတားကြတယ်၊ သမီးအစ်ကို
ကလည်း တစ်နှစ်တည်း ဆက်နေခိုင်းလိုက်ပါတဲ့''

မောင်လေးကို ရန်ကုန်ပြန်ခေါ်ခဲ့မည်ဟု မောင်းတင်သွားသော
ဒယ်ဒီ့အစီအစဉ်တွေ ပျက်ခဲ့ပြီဟု ဆု သိလိုက်ရသည်။

''သမီးမာမီရော နေကောင်းရဲ့လားသမီး''

''ကောင်းပါတယ် ဒယ်ဒီ၊ ဒယ်ဒီ ဘယ်တော့ပြန်လာမလဲဟင်''

''နောက်နှစ်ရက်လောက်တော့ ကြာဦးမယ်သမီး။ သဏ္ဌာန်ကိစ္စ
ကြောင့်တော့ မဟုတ်ပါဘူး၊ ဒီမှာ ဒယ်ဒီ့မိတ်ဆွေတွေနဲ့ လုပ်ငန်းကိစ္စ
တစ်ခု ဆွေးနွေးချင်တာလေးရှိလို့''

''ဟုတ်ကဲ့ ဒယ်ဒီ၊ မာမီ့ကို ဘာမှာဦးမလဲ''

''ဘာမှမမှာတော့ဘူး။ သမီးပဲ ပြောပြထားလိုက်ပေါ့''

ဒယ်ဒီ ဖုန်းချသွားသော ဆု ပင့်သက်လေးရှိုက်ကာ ဖုန်းကိုပိတ်
လိုက်သည်။ ဒါပေမဲ့ ဖုန်းက ချက်ချင်းပြန်ဝင်လာတာမို့ နားထောင်
လိုက်ရပြန်၏။

''ဟုတ်ကဲ့ ဒယ်ဒီ၊ ပြောပါ''

''ဟင်၊ ဆု ကိုယ်ပါ''

တစ်ဖက်ကကြားရတာ ကိုကို့အသံမို့ ဆု အံ့သြသွားမိသည်။
ဒယ်ဒီ့ဆီကဟု ထင်မိတာ မှားသွား၏။

''ဆောရီးကိုကို၊ အခုလေးတင် ဒယ်ဒီ့ဆီက ဖုန်းဆက်တော့
ဒယ်ဒီ ပြန်ဆက်တာထင်လိုက်မိလို့''

''ကိုယ်ပါ ဆုရဲ့၊ အခု ဆု အိမ်ပြန်ရောက်ပြီမဟုတ်လား''

''ဟုတ်ကဲ့ ကိုကို၊ ကျောင်းကပြန်ရောက်တာ ကြာပါပြီ၊ ဒေ





တောင်ချိုးပြီးပါပြီ''

''အင်း ဆုကို ပြောစရာရှိလို့''

''ဟုတ်ကဲ့ ကိုကို၊ ဘာပြောမလို့လဲဟင်''

''သြော် လာမယ့်ဆန်းဒေး ဆု အားရင် ကိုယ်တို့တွေ့ကြရ
အောင်''

ဆု ဝမ်းသာသွားမိသည်။ ကိုကို့ဆီက ဖုန်းဆက်တည်းက ဝမ်း
သာနေခဲ့မိတာ။ ကိုကိုက အခုလိုဆိုလာတော့ ဝမ်းသာစိတ်က ထိန်းမရနိုင်။

''ဆု ဆန်းဒေးအားရဲ့လားဟင်''

''အားပါတယ် ကိုကို''

''ဒါဆို အဲဒီနေ့ကျမှ ကိုကိုတို့တွေ့ကြရအောင်၊ ဟုတ်လား။
ဆုံနေကျ ကော်ဖီဆိုင်လေးမှာပဲ စောင့်နော်''

''ဟုတ် ဟုတ်ကဲ့ ကိုကို''

ကိုကို ဖုန်းလေးချသွားသည်အထိ ဆု ဝမ်းသာကြည်နူးစိတ်တွေ
နှင့် ရင်တွေ လှုပ်ခတ်နေခဲ့သည်။

ပြီးခဲ့သည့်တစ်ပတ်လုံး ကိုကိုနှင့် မဆုံခဲ့ရပါ။ ဒီတစ်ပတ်လုံး
လည်း တွေ့ခွင့်ရမည် မထင်ခဲ့မိ။ အခုတော့ ကိုကိုက ဆန်းဒေးမှာ ဆုံ
တွေ့ကြဖို့ ချိန်းတာမို့ ဆု ဝမ်းသာသွားမိ၏။

တကယ်ဆို ဒီတစ်ပတ်လုံး ဆု ကိုကို့ဆီ ဖုန်းဆက်ချင်ပေမယ့်
မဆက်ဝံ့ပါ။ စည်းကမ်းကြီးသောကိုကိုက အလုပ်ချိန်တွေမှာ ဖုန်းဆက်တာ
မကြိုက်။ ဆုကိုလည်း ကျောင်းချိန်တွေမှာ ဘယ်တော့မှ မဆက်တတ်ပါ။

အကျိုးအကြောင်းကိစ္စ မရှိဘဲလည်း မဆက်တတ်သော ကိုကို့
ဆီက ဖုန်းဝင်လာခြင်းက ဆုအတွက် တကယ် ဝမ်းသာစရာသတင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရခြင်းဖြစ်၏။

ဒီတနင်္ဂနွေမှာ ကိုကိုနှင့် ဆုံတွေ့ရမည်တဲ့။

အိမ်မှာ ဒယ်ဒီရှိမနေတာက ဆုအတွက် သိပ်ကံကောင်းသည်။ မာမှီဆီကတော့ အပြင်ထွက်ခွင့်တောင်းရမည်။ ကိုကိုနှင့် ရှားပါးစွာ ဆုံတွေ့ခွင့်လေးအတွက် ကြိုတွေးကာ ဆု သိပ်ပျော်နေ၏။

"သမီး"

"ဟင်၊ မာမီ ဘာလဲဟင်"

"သမီး စောစောက ဖုန်းပြောနေသလားလို့"

ဆု ဖုန်းပြောနေတာကို မာမီ မြင်တွေ့သွားသည်ထင်၏။ ဆု ခေါင်းလေးညိတ်ပြရင်း –

"ဟုတ်တယ် မာမီ၊ ဒယ်ဒီ့ဆီကဖုန်းပါ"

"ဘာတဲ့လဲ သမီး"

"ဪ အလုပ်ကိစ္စလေးရှိသေးလို့ မန္တလေးမှာ ဒယ်ဒီ နှစ်ရက်လောက် ဆက်ကြာမယ်တဲ့"

"သားလေးအကြောင်း ဘာပြောသေးလဲ သမီး၊ သားလေး နေကောင်းရဲ့လား"

မာမီကတော့ နိုင်သဏ္ဍာန်ကို သတိတရမေးနေသည်။ သဏ္ဍာန် ရန်ဖြစ်သည့်ကိစ္စ မာမီ ဘာမှမသိရှာပါ။

"ကောင်းပါတယ် မာမီရဲ့၊ ကိုကိုရော မောင်လေးပါ နေကောင်းကြပါတယ်တဲ့"

မာမီစိတ်ချမ်းသာအောင်ပဲ ဆု ပြောလိုက်ပါသည်။ မာမှီခမျာ အဝေးရောက် သားနှစ်ယောက်အတွက်လည်း ရတက်ပွေနေရရှာသည်။





တစ်ခါ တစ်ခါမှာတော့ မာမှီကို ဆု သနားမိပါသည်။

မိသားစု စုံစုံညီညီဘဝလေးကို မာမီ လိုချင်ရှာမည်ပေါ့။

"အင်း လာမယ့်နှစ်ဆိုရင်တော့ သားငယ်လည်း ကျောင်းပြီးတော့ အိမ်ပြန်လာမှာပါ၊ သားကြီးကလည်း ရန်ကုန်ကို ပြောင်းနိုင်အောင် ကြိုးစားမယ်တဲ့၊ မာမီတော့ မိသားစုစုံစုံညီညီလေး နေသွားချင်တယ် သမီးရယ်"

"မာမှီဆန္ဒတွေ ပြည့်ဝတော့မှာပါ"

မာမှီပခုံးလေးကို သိုင်းဖက်ကာ ဆု အားပေးနှစ်သိမ့်မိပါသည်။ မိဘတွေ၏ သံယောဇဉ်နှင့်ချစ်ခြင်းကို ဆု စာနာနားလည်နိုင်သည်။

တစ်ချိန်မှာ မာမီဖြစ်ချင်သောဆန္ဒတွေ ပြည့်ဝပါစေတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ပန်းရင့်ရောင်ဝတ်စုံလေးနှင့် ရှင်းရှင်းလေးလှနေသော ဆုကို ချိန်းထားသော ကော်ဖီဆိုင်လေးထဲ လှမ်းဝင်ဝင်ချင်းမှာ သူ တွေ့လိုက်ပါသည်။

အမြဲတမ်း ချိန်းဆိုထားသည့်နေရာကို သူ့ထက် စောစီးစွာ ရောက်နေတတ်သော ဆုသည် သူ့ကိုမြင်တော့ မျက်နှာလေး ဝင်းပသွားခဲ့၏။

ဆုရှိသောစားပွဲဝိုင်းလေးမှာ သူဝင်ထိုင်ရင်း –

"ဆု ရောက်နေတာကြာပြီလား"

"မိနစ်နှစ်ဆယ်လောက်ပဲ ရှိသေးတယ် ကိုကို၊ ကိုကို ဘာစားမလဲဟင်"





"ညီမလေး ဈေးကဝယ်လာတဲ့ အုန်းနို့ခေါက်ဆွဲတွေ စားခဲ့ပြီးပြီ အခု ကော်ဖီတစ်ခွက်လောက်ပဲ သောက်တော့မယ်"

သူပြောတော့ ဆု ခေါင်းလေးညိတ်ကာ ကော်ဖီတစ်ခွက် မှာပေးမှာသည်။ နုဖပ်ရှင်းသန့်နေသောမျက်နှာလေးက ပြေပြေလေး ပြင်ဆင်ထားရုံနှင့် ပြည့်စုံပြီးသားဖြစ်နေ၏။

မျက်ခုံးတန်းတန်းပြေပြေလေးအောက်က မျက်နက်ဝန်း ကြည်ကြည်လေးတွေ၊ နှာတံစင်းစင်းလေးက ပေါ်လွင်ကာ နှုတ်ခမ်းဖူးဖူးလေးက ပြည့်တင်းတင်းလေး ဖြစ်၏။

နုညက်ဝင်းပသော ပါးပြင်လေးတွေမှာ သွေးကြောမျှင်လေးတွေကိုတောင် ထွင်းဖောက်မြင်လုမတတ် ချစ်စရာကောင်းသော ဆုကို စမြင်တွေ့ကတည်းက ရင်ခုန်ခဲ့တာပဲဖြစ်၏။

"ကိုကို ဒီနေ့ အားလပ်ရက်ပေါ့"

သူ့ကိုမေးသော ဆုစကားသံလေးကြားမှ သူ ခေါင်းလေးညိတ်ပြမိရင်း –

"အင်း ဒီနေ့တော့ ကိုယ်နားတယ်လေ၊ ဒါကြောင့် ဆု ဘယ်သွားချင်လဲ၊ ကိုယ်လိုက်ပို့ပေးမယ်"

"ကိုကိုနဲ့တွေ့ရတာကို ဆုကျေနပ်တယ်၊ ကိုကိုနဲ့မတွေ့ရတာ နှစ်ပတ်ရှိပြီလေ"

ဆု မှတ်မှတ်ရရလေးပြောတော့ သူ စိတ်မကောင်းဖြစ်ရသေးသည်။ တကယ်ဆို ဆုနှင့်သူ အတူဆုံနိုင်ခွင့်ဆိုတာက သူ့ဘက်ကပဲ ပျက်ကွက်လွန်းနေခဲ့တာ ဖြစ်သည်။

ကော်ဖီဆိုင်လေးမှာချိန်းသည့်ညနေကလည်း သူ မရောက်နိုင်ခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သည့် တနင်္ဂနွေကလည်း ညီမလေးအရေးကိစ္စတွေကြောင့် သူနှင့်
မတွေ့ခဲ့ရပါ။

ဆုအတွက် သူ အမြဲတမ်း ပျက်ကွက်ခဲ့သည်ကပဲ များခဲ့
"အင်း ကိုယ် ပြီးခဲ့တဲ့တစ်ပတ်လုံး တကယ် မအားလပ်ခဲ့ဘူ
ဆု၊ ဆုနဲ့ချိန်းထားတဲ့ညနေက ကိုယ် မရောက်ခဲ့တာ ဆောရီးကွာ"

"ရပါတယ်ကိုကို၊ ဆု နားလည်ပါတယ်"

ဘယ်တုန်းကမှ ဆုသည် သူ့အပေါ် အပြစ်မမြင်ဘဲ ခွင့်လွှတ်
ပေးနိုင်ခဲ့သူ ဖြစ်သည်။

"ကဲ ကော်ဖီသောက်ပြီးရင် ကိုယ်တို့ တစ်နေရာကို သွားကြ
ရအောင်၊ နော် ဆု"

ဆု ခေါင်းလေးညိတ်ရှာသည်။ ဒီတစ်နေ့တော့ ဆုကျေနပ်
အောင် ဆုအတွက်ပဲ အချိန်တွေပေးဖို့ သူ ဆုံးဖြတ်ထားခဲ့သည်။

ချစ်သူနှင့်အတူ လည်ပတ်ခွင့်ကိုတော့ ဆုလည်း လိုချင်မည်
ဆိုတာ သူ နားလည်ပါသည်။

ဆုရဲ့ချစ်ခြင်းတရားတွေ သူ့အပေါ်မှာ ဘယ်လောက်ကြီးမား
သည်ဆိုတာ သူ အသိဆုံးပဲဖြစ်၏။

ဆုနှင့် ဆုံတွေ့ခဲ့သောအဖြစ်လေးကို သူ ဘယ်တော့မှ မမေ့
ပါ။ သူ့ရုံးခန်းက မသီတာတို့အိမ်မှာလုပ်သော အလှူပွဲတစ်ခုမှာ ဆုနှင့်
သူ ဆုံခဲ့ကြတာဖြစ်သည်။

မသီတာက သူ့ကို ဆုရှိသောစားပွဲဝိုင်းမှာ နေရာချ ဧည့်ခံပေး
ခဲ့ခြင်းက သူနှင့်ဆု ဆုံတွေ့မှုအစ ဖြစ်ခဲ့လေ၏။

"ကိုတည်၊ ဒီဝိုင်းမှာပဲ ထိုင်လိုက်နော်"





အခြားသောစားပွဲဝိုင်းတွေမှာ လူအပြည့်ရှိနေတာမို့ မိန်းကလေး
နှစ်ယောက်သာထိုင်နေသော ဝိုင်းမှာ သူ ဝင်ထိုင်ခဲ့ရသည်။

ကိုယ်နှင့်လည်း မရင်းနှီး မကျွမ်းဝင်သော မိန်းကလေးတွေမို့
သူ မော့မကြည့်ဘဲ ဒန်ပေါက်ထမင်းကိုပဲ ငုံ့စားနေလိုက်၏။

စားသောက်ပြီး စားပွဲပေါ်က တစ်သျှူးဘူးကို သူ ရှာဖွေနေစဉ်
မှာ အလိုက်တသိ ကမ်းပေးလာသူက ဆု ဖြစ်သည်။

သူနှင့်မျက်နှာချင်းဆိုင်မှာဖြစ်နေသော တစ်သျှူးဘူးကို ကမ်းပေးနေသော
ဆုကို မြင်ကြည့်မိသည့်ခဏမှာပဲ သူ မှတ်ချက်ပြုမိ၏။

မျက်နှာနုညက်ညက်လေးနှင့် ရွှဲမက်စရာကောင်းသော ကောင်
မလေး။

"ကျေးဇူးပဲဗျာ"

သူမလေးကို ကျေးဇူးတင်စကားဆိုကာ မသီတာကို နှုတ်ဆက်
ပြီး သူ ပြန်ခဲ့လိုက်သည်။

ရပ်ထားသော သူ့ရဲ့ SE ဆလွန်းကားလေးဆီ မရောက်ခင်မှာ
ပင် အနောက်ကပြေးလိုက်လာသောခြေသံနှင့်အတူ ခေါ်သံလေးကို သူ
ကြားလိုက်၏။

"အစ်ကို အစ်ကို"

သူ လှည့်ကြည့်တော့ သူနှင့် တစ်ဝိုင်းတည်းထိုင်ခဲ့သော၊ သူ
လက်သုတ်ဖို့ တစ်သျှူးကမ်းပေးသော ကောင်မလေးဖြစ်လို့နေသည်။

ဝတ်ဆင်ထားသော အဝါရောင်ဝမ်းဆက်ကလေးနှင့် ပြေပြစ်
ကြော့ရှင်းသော သူမခန္ဓာကိုယ်လေးက လိုက်ဖက်ကြည့်ကောင်း၏။

"ဒီ ဒီမှာ၊ အစ်ကို့ဖုန်း ကျန်ခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ထဲက ဖုန်းလေးကိုမြင်မှ သူ့ဖုန်းကို စားပွဲပေါ်တွင် တင်ထားခဲ့မိတာကို သတိရမိတော့သည်။

"ဟာ ကျေးဇူးပဲဗျာ၊ ကျွန်တော် စားပွဲပေါ်တင်ထားပြီး မေ့သွားတယ်"

"ဆုလည်း အစ်ကိုထွက်သွားမှ သတိထားမိပြီး လိုက်ပေးတာပါ"

"ကျေးဇူးပါပဲဗျာ၊ တကယ် ကျေးဇူးတင်ပါတယ်"

သူ အကြိမ်ကြိမ် ကျေးဇူးတင်စကားတွေဆိုခဲ့ရသော ထိုကောင်မလေးနှင့် ထပ်မံဆုံစည်းဦးမည်ဟု ထင်မှတ်မထားခဲ့မိပါ။ ဒါပေမဲ့ သူမမျက်နှာလေးကိုတော့ သူ မှတ်မှတ်ရရ ရှိခဲ့ပါသည်။

ဒုတိယအကြိမ် သူမနှင့် ဆုံတွေ့သည်က သူ့ရဲ့ကုမ္ပဏီရုံးခန်းထဲအထိ သူမ ရောက်လာခြင်းဖြစ်သည်။

သူ့ရုံးခန်းထဲက စာရင်းကိုင်မသီတာထံကို သူမ လာလည်ခြင်းဖြစ်မှန်း သူသိလိုက်၏။

ဆုအသခ်ျေဆိုသော သူမအမည်ကိုလည်း သူ သိခွင့်ရခဲ့သည်။

မသီတာထံကို မကြာခဏလာတတ်သော ဆုသည် သူ့ကိုလည်း တရင်းတနှီး နှုတ်ဆက်တတ်သည်။

မသီတာအတွက် စားစရာမုန့်တွေ ဝယ်လာရင်း သူ့အတွက်လည်း စားစရာတွေ ဝယ်လာတတ်ပြန်၏။

မသီတာကြောင့်ပင် ဆုနှင့်သူ ရင်းနှီးကျွမ်းဝင်မှုတွေ ခိုင်မာခဲ့သည်။ ဆု၏ ပြုမူဆက်ဆံပုံတွေက သူ့အပေါ်မှာ လိုသည်ထက်ပိုမိုနေခဲ့တာကို အားလုံး ရိပ်မိကြသည်။





သူ့နှလုံးသားကလည်း ဆုကို နှောင်တွယ်နေပြီမို့ ချစ်ခွင့်ပန်မိတော့ ဆု ဟန်ဆောင်ခြင်းကင်းစွာပဲ ခေါင်းညိတ်ခဲ့၏။

အချစ်ကို သူ့နှလုံးသားက မခံစားတတ်ခဲ့ပေမယ့် ဆုအသခ်ျေနှင့် ဆုံမိပြီးသည့်နောက်ပိုင်းမှာ အချစ်ကို သူ လေးနက်စွာ ပိုင်ဆိုင်ခံစားတတ်ခဲ့၏။

ဆုနှင့် ချစ်သူဘဝရောက်ပြီးမှ ဆုအသခ်ျေအကြောင်းတွေကို သူ ပိုမိုသိခွင့်ရသည်။ ဆုဘဝက သူနှင့် မိုးနှင့်မြေလို ကွာခြားသည်။

သူမရဲ့ဖခင် ဦးမိုးသဏ္ဍာန်ဆိုသည်က အောင်မြင်သောကုမ္ပဏီကြီးကို ပိုင်ဆိုင်ထားသူတစ်ဦး။ ချမ်းသာပြည့်စုံမှုက ကြီးမားသည်။

ထိုကွာခြားချက်ကြီးက သူ့အတွက် တွေဝေစရာဖြစ်ခဲ့တာတော့ အမှန်ပဲ ဖြစ်သည်။

တကယ်ဆို ဆုကို သူချစ်ခဲ့တာ နှလုံးသားက ခံစားချက်နှင့်ပဲဖြစ်သည်။ ဆု၏ ပိုင်ဆိုင်ချမ်းသာမှုတွေ၊ အသိုင်းအဝိုင်းတွေ ဘာမှမပါ။

ဒါပေမဲ့ ထိုအရာတွေကြောင့် ဆုကို သူပတ်သက်ခဲ့တာဟု ဆင်မြင်မှာကို စိုးရိမ်မိသည်။

သူ့ထက် လေးနှစ်ကျော်ကွာသော ဆုကို ချစ်ခဲ့မိခြင်းအတွက် ဘာလိုလားတပ်မက်မှုမှ မပါသည်ဆိုတာကိုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကိုကို မနေ့က တစ်နေ့လုံးမအားဘဲ ဘယ်သွားတာလဲ"

ညီမလေးမေးခွန်းထုတ်လာတော့ သူ မလုံမလဲ ဖြစ်ရပြန်သည်။ မနေ့က ဆုနှင့်သူ တစ်နေကုန်ရှိနေခဲ့သည်။

ဆုကို ဘုရားပို့ဖြစ်သည်။ ဆု ရုပ်ရှင်ကြည့်ချင်သည်ဆိုတော့လည်း သူ မငြင်းခဲ့။ ဆုသွားချင်တဲ့ နေရာမှန်သမျှ သူ လိုက်ပို့လိုက်လျော့ခဲ့ခြင်းက ဆုကို သနားမိ၍ဖြစ်သည်။

ချစ်သူဘဝသက်တမ်းတစ်လျှောက်လုံး ဆုအပေါ်မှာ သူ့ဘက်က ပေးဆပ်လိုက်လျော့ခဲ့တာမျိုး မရှိခဲ့။

ဒါကြောင့်လည်း ဆုကို သူ တစ်နေ့ကုန်ပေးဆပ်ခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ဆုနှင့်အတူရှိနေသော ထိုအချိန်တွေမှာလည်း သူ့စိတ်တွေ





ကြည်နူးလန်းဆန်းနေခဲ့တါ။

"ကိုကို"

"ဟင် ညီမလေး"

"ညီမလေးမေးတာ မကြားဘူးလား"

"ကြားပါတယ်ကွ၊ မနေ့က ကိုကို မိတ်ဆွေတွေနဲ့တွေ့နေလို့ပါ"

ပြောရင်း ညီမလေးမျက်နှာကို သူ အကဲခတ်ကြည့်မိသည်။ ညီမလေးမျက်ဝန်းတွေက သူ့ကို အကဲခတ်ရှုစိုက်ကြည့်နေတာ အထင်အရှား။

"ကိုကို့မိတ်ဆွေက ယောကျ်ားလား မိန်းမလား"

သူ မျက်ခုံးတွေတွန့်ကာ ညီမလေးကို ကြည့်မိတါ။ ညီမလေးမျက်ဝန်းတွေက သူ့မျက်နှာဆီက ရွေ့လျားမသွားခဲ့ဘဲ ရှုနစ်စိုက်ကြည့်နေသဲ။

"ဘာလို့မေးတာလဲ ညီမလေးရဲ့၊ အလုပ်ကိစ္စပါကွာ"

"ကိုကိုမညာနဲ့ အလုပ်ကိစ္စကို ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်အတူကြည့်ပြီး မဆွေးနွေးလောက်ပါဘူး"

"ဟင်"

သူ ထိတ်ခနဲဖြစ်သွားသည်။ ညီမလေး ဘယ်လိုသိနေသည်လဲ။ ဆုနှင့်သူ့ကို ညီမလေး မြင်တွေ့သွားခဲ့သည်လား။

"ကိုကို့ရဲ့မိတ်ဆွေက ကိုကို့ထက် အသက်ငယ်မယ်ထင်တယ်၊ ညီမလေးနဲ့ ရွယ်တူလောက်ရှိပုံပဲ၊ အင်း ချောတာတော့ တော်တော်ချောတာပဲ"

ပြုံးစစနှင့်ညီမလေးက အပိုင်ပြောနေသည်။ သူ မျက်နှာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထူပုနီမြန်းလာကာ ညီမလေးကို ရင်ဆိုင်မကြည့်ရဲတော့တဲ့အထိ။

"ကိုကို ဝန်ခံပြီလား"

"ဟာ ဘာကိုလဲ"

"ဘာကိုလဲ မလုပ်နဲ့ အဲဒီနေ့က ညီမလေးလည်း ရုပ်ရှင်ရုံထဲမှာ ရှိနေတယ်"

"ဘာရယ်"

"ဟုတ်တယ် ကိုကို့လို ချစ်သူရည်းစားနဲ့တော့မဟုတ်ဘူး နီလာနဲ့ အတူကြည့်တာ"

သွားပြီ။ သူ ငြင်းလို့မရအောင် ညီမလေးဘက်က နိုင်မာသေချာစွာ သိနေကြိုမို့ မျက်နှာပူလိုက်သည့်ဖြစ်ခြင်း။

"ဝန်ခံပြီလား ကိုကို"

ညီမလေး ထပ်မေးသည်။ သူ မျက်နှာကြီးလွှဲကာ ခွန်းတုံ့မပြန်နိုင်။

"ကိုကို ညီမလေးကိုညာတယ်၊ ကိုကို့မှာ ချစ်သူရည်းစားရှိနေတာတောင် အသိမပေးဘူး"

ပြောရင်း ညီမလေးအသံလေးက ရှိုက်သံစွက်လာတော့ သူ နှုတ်ဆိတ်မနေနိုင်တော့ပါ။

"ဟာ မဟုတ်ပါဘူး ညီမလေးရယ်၊ ဟို ဟိုကွာ၊ ကိုကို ညီမလေးကို သိုဝှက်ထားတာ မဟုတ်ပါဘူး"

"ကိုကို သိုဝှက်ထားတာပေါ့၊ တကယ်ပဲ ညီမလေး ကိုယ့်မျက်စိတောင် ကိုယ်မယုံချင်ဘူး။ ကိုကို့မှာ ညီမလေးထက် ချစ်ရတဲ့သူ ရှိနေပြီပေါ့"





"ဟာ ဒီလိုမပြောပါနဲ့ကွာ၊ ကိုကို ညီမလေးကို ဘယ်လောက်ချစ်သလဲ ညီမလေးသိပါတယ်"

"ဒါဆို အဲဒီကောင်မလေးကို ကိုကိုမချစ်ဘူးပေါ့"

သူ ဘယ်လိုဖြေရမှန်းမသိတော့ပါ။

ဆု အရေးကိစ္စက သူနဲ့ ညီမလေးကြားမှာ ပြဿနာကြီး မဖြစ်စေချင်။

"ပြောလေ ကိုကိုရဲ့"

"ဟို ကိုကို ဆုကိုချစ်တာနဲ့ ညီမလေးကိုချစ်တာ မတူဘူးလေကွာ၊ ကိုကို ဘယ်လိုပြောရမလဲ"

သူ ဖြေရှင်းရခက်စွာ အူတူတူဖြစ်နေတော့ ညီမလေး သဘောကျစွာ တခစ်ခစ်ရယ်နေပြန်ပါသည်။

"ခစ် ခစ် ခစ်၊ ကိုကိုက တကယ်ရယ်ရတယ်၊ ရည်းစားမထားဘူး ဘာညာနဲ့၊ ထားတော့လည်း ခိုးကြောင်ခိုးဝှက်နဲ့၊ အဟင်း ဟင်း ဟင်း"

"မဟုတ်ပါဘူးကွာ၊ ညီမလေး အထင်လွဲမှာစိုးလို့ အသိမပေးတာပါ၊ ကိုကို့ကို နားလည်ပါ ညီမလေးရယ်"

"ကိုကို့ကို ညီမလေးအပြစ်မတင်ပါဘူး။ ညီမလေးကို ဖွင့်မပြောဘဲ ညာထားတာကို မကျေနပ်တာ"

"ကိုကို ညာထားတာမဟုတ်ပါဘူးကွာ၊ ညီမလေးကို ဖွင့်ပြောမလို့ပါပဲ၊ ဒါပေမဲ့ ပြောရခက်နေလို့"

"ဒီမောင်နှမ နှစ်ယောက်ပဲရှိတာကို ညီမလေး ယောက်မတော်ရမယ့်သူအကြောင်းတော့ ညီမလေးသိသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီကွာ၊ ကိုကိုပြောပြပါ့မယ်"

နောက်ဆုံးတော့ ဆုအကြောင်းကို ညီမလေးကို သူ ပြောပြရတော့သည်။

ညီမလေးက သူ ပြောပြသမျှကို ခေါင်းလေးတညိတ်ညိတ် နားထောင်နေရင်း –

"အင်း ဆုအသချေက ကိုကို့ထက် လေးနှစ်ငယ်တယ်ဆိုတော့ ညီမလေးထက် တစ်နှစ်ပဲကြီးတာပေါ့"

"ဟုတ်တယ်၊ သူက ညီမလေးထက် တစ်နှစ်ကြီးတယ်"

"အင်းလေ၊ ဒါလည်း ကောင်းတာပေါ့၊ ကိုယ့်အစ်ကိုရဲ့ချစ်သူဆိုတော့ ညီမလေးရဲ့အစ်မပဲပေါ့၊ ကြည့်ရတာ အဲဒီမမဆုက ကိုကို့ကို သိပ်ချစ်ပုံရတယ်နော်"

တဒင်္ဂလေး တွေ့လိုက်ရုံနှင့် ညီမလေးက မှတ်ချက်တွေ ပေးနေသည်။ ဆုကို မြင်မြင်ချင်း ချစ်ခင်သွားပုံရသော ညီမလေးက–

"မမဆုကို ညီမလေးနဲ့ မိတ်ဆက်ပေးပါလား ကိုကို"

"အင်း ကြုံတဲ့တစ်ရက်တော့ ကိုကို မိတ်ဆက်ပေးမှာပေါ့"

"တို့ကိုကိုက ချစ်သူရ အရမ်းကံကောင်းတာပဲ၊ တကယ့်ရွှေမင်းသမီးလေးကိုမှ ရွေးလိုက်တာကိုး"

ညီမလေးစကားကြောင့် သူ မလုံမလဲတော့ ဖြစ်ရသေးသည်။ ဆုကိုချစ်မိသော သူ့အချစ်တို့သည် ဆုရဲ့ ပြည့်စုံချမ်းသာမှုလောင်းရိပ်အောက်မှာ အမြဲတမ်း သိမ်ငယ်သွားတတ်စမြဲ။

ညီမလေးကတော့ သူ့ကို ကံကောင်းသည်တဲ့၊ ဆုရဲ့ ချောမောလှပမှုကြောင့်လား၊ ဆုရဲ့ ချမ်းသာပြည့်စုံမှုကြောင့်လား။





သူကတော့ ထိုအခြေအနေတွေအတွက် ပင့်သက်မောတွေသာ အခါခါ ချမိတတ်စမြဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒယ်ဒီပြန်ရောက်လာတော့ မာမိခမျာ သားငယ်အကြောင်း မေးမဆုံး ဖြစ်နေသည်။

ကိုကြီးနိုင်မဟာအကြောင်းလည်း မာမိမေးသမျှ ဒယ်ဒီ တုံ့ပြန်ဖြေနေခဲ့ရ၏။

"သားကကော ကျွန်မကို သတိတရ မေးသေးရဲ့လား ကိုမိုး"

"မင်းသားလား။ ဝတ္တုရားသဘောလောက်ပဲ မေးတာပေါ့ ဖအေရောက်လို့တောင် ပျူပျူငှာငှာမရှိတဲ့ကောင်"

ဒယ်ဒီကတော့ မောင်လေးအကြောင်း အမှန်တွေကို မာမိမသိအောင် ဖုံးကွယ်ထားပေမယ့်လည်း သားငယ်အကြောင်း တစ်ချက်လေး အကောင်းမပြော။





"အင်း ကျောင်းပြီးရင်တော့ သားကို ရန်ကုန်ပြန်ခေါ်မှဖြစ်မယ်"

မာမိ့စကားကို ဒယ်ဒီက မဲ့ခနဲ တုံ့ပြန်ရင်း –

"ဝေးဝေးရောက်နေတာကမှ မင်းအတွက် ပိုကောင်းဦးမယ်၊ အနားရောက်နေတော့ မင်း ပိုတောင်စိတ်ဆင်းရဲရဦးမယ် ထင်တယ်"

"ဩော် ကိုမိုးရယ်၊ ကိုယ်မွေးထားတဲ့ သားပဲရှင်၊ တခြား အစ်နေရာရောက်နေတာကို ဘယ်မိဘက စိတ်ချ ပျော်နေနိုင်မှာလဲ၊ အမြဲတမ်း တွေးပူနေရတာပါပဲ၊ မျက်စိရှေ့မှောက်မှာဆိုတော့ တော်သေး တာပေါ့"

မာမိ့စကားကို ဒယ်ဒီ ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ ငြိမ်သက်နေသည်။ တကယ်ဆို ဒယ်ဒီသည်လည်း မောင်လေးအပေါ်မှာ ဥပေက္ခာ ပြုနိုင်တာမဟုတ်မှန်း ဆု အသိဆုံးပါပဲ။

"သားကြီးကော အဆင်ပြေရဲ့လား ကိုမိုး"

"သားကြီးအတွက်က ဘာမှကို ပူစရာမရှိဘူး။ အဆင်ပြေတယ်၊ သာမယ့်နှစ်လောက်ကျရင် ရန်ကုန်ကို ပြောင်းရွှေ့နိုင်မယ်လို့ မင်းကို မှာလိုက်တယ်"

"ဟင် ဟုတ်လား။ ဒါဆိုရင် ဝမ်းသာစရာပေါ့၊ ကျွန်မတို့ မိသားစု စုံစုံညီညီ နေနိုင်ပြီပေါ့"

မာမိက ဝမ်းသာအားရ ဆိုလေသည်။ မောင်လေးလည်း ပြန်ရောက်တော့မည်၊ ကိုကြီးကလည်း ရန်ကုန်ကို ပြန်ပြောင်းရွှေ့မည်ဆိုတော့ ကျေနပ်စရာဖြစ်သွားခဲ့သည်။

"ကဲ မြတ်ရေ၊ ကိုယ်တို့ ထမင်းစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီပြောတော့ မာမီ ခေါင်းလေးညိတ်ကာ မီးဖိုခန်းဘက် ထွက်သွားခဲ့သည်။ ဒယ်ဒီက မာမီမရှိတော့မှ ဆုကိုကြည့်ကာ –

"သမီးမောင်လေးကတော့ မိသားစုကို တော်တော် သံယောဇဉ် ကင်းတဲ့ကောင်ပဲ၊ ဒယ်ဒီပြန်ခေါ်တာကို ခါးခါးသီးသီးပဲ၊ ဟိုမှာ သမီး အန်ကယ်က အလိုလိုက်ထားတော့ ဒီကောင် လွတ်ချင်တိုင်းလွတ်နေတာ ပေါ့"

"မောင်လေး အရမ်းဆိုးနေတာလားဟင်"

"အင်း ဆိုးတယ်လို့တော့ ဒယ်ဒီမဆိုလိုပါဘူး၊ ဒီကောင့် အကြောင်းသိချင်လို့ ဒယ်ဒီဆက်နေနေတာ၊ ကျောင်းတက်မှန်တယ်၊ သူ့ဦးလေးရဲ့လုပ်ငန်းတွေ လေ့လာသင်ယူနေတာလည်း အမှန်ပဲ၊ တစ်ခုပဲ အပေါင်းအသင်းစုံပြီး ထစ်ခနဲဆို ရန်ဖြစ်တတ်တာ ဆိုးတာ"

"ဒီနှစ်ကျောင်းပြီးရင် ရန်ကုန်ပြန်လာမှာမဟုတ်လား ဒယ်ဒီ၊ မောင်လေး တည်ငြိမ်သွားအောင် ဒယ်ဒီ့အလုပ်ထဲမှာ ခေါ်ထားလိုက်ပေါ့"

ဆု စကားကို ဒယ်ဒီခေါင်းခါယမ်းကာ ပင့်သက်ရှိုက်သည်၊ ဒယ်ဒီ့မျက်ဝန်းတွေက တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားသလို ငြိမ်သက်သွားခဲ့ပြီးမှ –

"သားငယ်က ဒယ်ဒီလုပ်ငန်းတွေကို ဝါသနာမပါတာ သေချာ တယ် သမီး၊ သူက သူ့အန်ကယ်ရဲ့လုပ်ငန်းကိုပဲ ဝါသနာပါတာ၊ အင်း ဒယ်ဒီ့မှာ သားနှစ်ယောက်ရှိပေမယ့် သားကြီးကလည်း သူ့ဝါသနာနဲ့သူ ဆရာဝန်ဘဝကို ရွေးချယ်သွားခဲ့တယ်၊ အငယ်ကောင်ကလည်း လုံးဝ ဝါသနာမပါဘူးဆိုတာ ဒယ်ဒီသိတယ်"

သားနှစ်ယောက်အတွက် ဒယ်ဒီမျှော်လင့်သလို ဖြစ်မလာခြင်း





ကို စိတ်မကောင်းဖြစ်နေသည်လား။ ဒယ်ဒီ့ကိုကြည့်ကာ ဆု စိတ်မကောင်း ဖြစ်မိ၏။

"သမီးကျောင်းပြီးရင်တော့ ဒယ်ဒီ့အလုပ်တွေကို ဝင်ကူပေးမှာ ပါ ဒယ်ဒီ"

ဒယ်ဒီ့အကြည့်တွေ ဆုဆီကို ဝေ့လာကာ ပြုံးသည်။ ဆုကို သမီးမိန်းကလေးတစ်ယောက်မို့ ဒယ်ဒီ ယုံကြည်မှုမရှိတာလား။

"သမီး တကယ်ပြောတာပါ ဒယ်ဒီ၊ ဒယ်ဒီက သမီးကို မယုံလို့ လား"

"မဟုတ်ပါဘူး သမီးရဲ့၊ သမီးကို ဒယ်ဒီ ယုံကြည်ပါတယ်၊ ဒါပေမဲ့ သမီးဝါသနာမပါဘဲ ဒယ်ဒီက ဒယ်ဒီ့အလုပ်တွေကို လုပ်ပါလို့ ခွတ်မနိုင်းပါဘူး။ သမီးမှ မဟုတ်ဘူး၊ သားနှစ်ယောက်ကိုလည်း ဒယ်ဒီ စုံမသွင်းပါဘူး။ သားသမီးတွေရဲ့ဝါသနာကို ဒယ်ဒီက ပံ့ပိုးပေးမှာပါ"

"သမီးက ဒယ်ဒီ့အလုပ်ကို ဝါသနာပါပါတယ်၊ ကျောင်းပြီးတာ နဲ့ နားလည်အောင် သင်ယူမှာပါ"

"အင်း ဒယ်ဒီရဲ့သမီး ဝါသနာပါတယ်ဆိုရင် ဒယ်ဒီ ဝမ်းသာ လက်ခံမှာပါကွယ်၊ ကဲ ထမင်းပိုင်းသွားရအောင်၊ သမီးမာမီ စောင့်နေရော ပေါ့"

ဒယ်ဒီထရပ်ရင်းဆိုတော့ ဆု ခေါင်းလေးညိတ်ကာ ဒယ်ဒီနှင့် မီးဖိုခန်းဘက် ထွက်ခဲ့လိုက်သည်။

တစ်ခါတစ်ခါမှာတော့ ဒယ်ဒီ့ကို ဆု သနားမိပါသည်။

ဘိုးဘိုးရဲ့ တစ်ဦးတည်းသောသား ဒယ်ဒီသည် ဘိုးဘိုးရဲ့ပိုင်ဆိုင်မှု တွေကို အမွေဆက်ခံယူကာ ကုမ္ပဏီလုပ်ငန်းတွေအဖြစ် ပြောင်းလဲထူ



www.burmeseclassic.com

www.burmeseclassic.com



ထောင် ကြိုးစားခဲ့သည်။

ဒါပေမဲ့ ဒယ်ဒီ့ရဲ့ခြေရာနင်းဖို့အတွက်ကျတော့ သားနှစ်ယောက်စလုံးက ဖြစ်မလာခဲ့ပါ။

ဒါကြောင့်လည်း ဆု ဒယ်ဒီ့ကို တတ်စွမ်းသလောက် ကူညီပေးချင်တာပဲဖြစ်သည်။ ဒါ ဆုရင်ထဲက ဆန္ဒ။

✿ ✿ ✿



## အခန်း (၁၂)

ကိုကို့ထံက ဒီလိုစကားမျိုး ကြားရလိမ့်မည်ဟု ဆု မျှော်လင့်ထားခဲ့တာ အမှန်ဖြစ်သည်။

ဒါကြောင့်လည်း ကိုကို ဖုန်းထဲက ပြောလိုက်တော့ ဆု အံ့သြသင်တက်စွာ ကိုကို့ကို ဘာမှ ပြန်မပြောနိုင်ခဲ့ပါ။

"ဆု ကိုယ်ပြောတာ ကြားရဲ့လား"

"ဟုတ် ဟုတ်ကဲ့၊ ကြားပါတယ် ကိုကို"

"ဒါဆို ဆု လာမှာလား။ ဆုကို ကိုယ့်ညီမလေးနဲ့ တွေ့ပေးမလို့ ညီမလေးကလည်း ဆုကို တွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့ ကိုကို၊ ဆုလည်း ကိုကို့ညီမလေးကို တွေ့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့ကျ ကိုယ် လမ်းထိပ်က ထွက်စောင့်နေမယ်၊ ..
လာခဲ့လိုက်နော်"

စနေနေ့က ကိုကို ဖုန်းဆက်ပြောခဲ့တာဖြစ်သည်။ ဆု ဝမ်းသာ
လွန်းလို့ အိပ်လို့တောင် မပျော်နိုင်ခဲ့ပါ။ ကိုကိုတို့မောင်နှမနေထိုင်သော
ကျောက်မြောင်းဘက်က တိုက်ခန်းလေးကို ဆု တစ်ခါမှ မရောက်ဖူးပါ
ကိုကိုကလည်း တစ်ခါမှ ဆုကို မခေါ်ခဲ့။ ဆု တောင်းဆိုရ
စိုး၍တောင် ကြိုတင်တားမြစ်ထားခဲ့ဖူးသည်။

အခုတော့ ကိုကိုကိုယ်တိုင်က သူညီမလေးနှင့်မိတ်ဆက်ပေးချ
သည်တဲ့။

ပန်းရိုပ်ခင်ဆိုသော ကိုကို့ရဲ့ညီမလေးကို ဆုံရမည်မို့ ဆု သိပ်
ဝမ်းသာမိသည်။

ပန်းရိုပ်ခင်ကလည်း ဆုကို တွေ့ချင်သည်ဆိုတော့ ဆုနှင့်ကို
တို့အခြေအနေကို သိနေပြီဟုထင်သည်။

ဆုကို ပန်းရိုပ်ခင်တွေ့ချင်တာ အကဲခတ်လေ့လာချင်၍ ထင်
ဆုကလည်း ကိုကို့ရဲ့ညီမလေးကို တွေ့ချင် ခင်ချင်သည်။

တနင်္ဂနွေပိတ်ရက်မှာ ကိုကို့ဆီသွားဖို့အတွက် ဆု မာမို့ထံမှ
ခွင့်တောင်းလိမ်ညာရသေးသည်။

"သီရိတို့နဲ့ ဆေရာမအိမ် သွားကြမလို့ မာမီ"

"ဟိုတစ်ပတ်ကလည်း သမီး အပြင်ထွက်သေးတယ်နော်"

"ဟင် မာမီကလည်း အခုကိစ္စက စာမေးစရာလေးရှိလို့ပါ"

မာမီခွင့်ပြုအောင် ဆု လိမ်ညာခဲ့ရတော့လည်း မာမီ ခွင့်ပြုရ
သည်။





ကိုကိုနှင့် ချိန်းထားသည့်အချိန်အမီ ဆု ကားလေးကို မောင်း
ထွက်ခဲ့လိုက်သည်။

ဒီတစ်ခါတော့ ကိုကိုသည် လမ်းထိပ်မှာ ဆုကို စောင့်နေခဲ့ပါ
သည်။ ရှပ်ပြာကွက် လက်တိုနှင့် ချည်ပုဆိုးအနီကွက်လေး ဝတ်ဆင်ထား
သော ကိုကို့အနားမှာ ဆု ကားကိုထိုးရပ်ရင်း -

"ကိုကို စောင့်နေရတာကြာပြီလားဟင်"

"မကြာသေးပါဘူး။ ကိုယ်က ဆု တက္ကစီနဲ့ပဲ လာမယ်ထင်တာ"

"အိမ်ကကားပဲ ယူလာခဲ့လိုက်တာကိုကို၊ တက်လေ"

ကိုကို ဘာမှထပ်မပြောတော့ဘဲ ကားတံခါးဖွင့်ကာ ဆုနံဘေး
မှာ ဝင်ထိုင်သည်။ ဆု ကားလေးကို ကိုကိုတို့၏ ရစ်လ္လာတိုက်ခန်းရှေ့ကို
ဆက်မောင်းခဲ့သည်။

ကိုကို အရင်ဆုံးဆင်းပြီးမှ ဆုလည်း တံခါးဖွင့်ဆင်းလိုက်ပါ
သည်။

"ကားမှန်တွေ အသေအချာပိတ်ခဲ့လိုက်နော် ဆု"

ကိုကို့သတိပေးစကားကို ခေါင်းလေးညိတ်ကာ ဆု ကားမှန်
တံခါးတွေ ပိတ်လိုက်သည်။ ပြီးတော့ ကိုကို ဦးဆောင်ခေါ်သော လှေ
ကားထစ်တွေအတိုင်း တက်ခဲ့လိုက်သည်။

စတုတ္ထအထပ်မှာရှိသော ကိုကို၏အခန်းလေးရှေ့ကို
ရောက်တော့ အခန်းတံခါးကို လာဖွင့်ပေးသူက ကိုကို့ညီမလေးဟု ဆု
ချက်ချင်း အကဲခတ်လိုက်မိပါသည်။

ဘလောက်စ်အင်္ကျီအဖြူရောင်လေးနှင့် နီညိုရောင်လုံချည်လေး
ကို ဝတ်ဆင်ထားသော ပန်းရိုပ်ခင်သည် ဆု ကြိုတင်မြင်ယောင်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ချောမောပါသည်။

"လာ ဆု"

ကိုကို့နောက်က ဆုလိုက်ဝင်ခဲ့ချိန်အထိ ပန်းရိပ်ခင်အကြည့်တွေက ဆုကို တစ်ချိန်လုံး အကဲခတ်ကြည့်နေခဲ့သည်။

ညှော်ခန်းက မကျယ်ဝန်းပေမယ့် ရှင်းလင်းသေသပ်ပါသည်။ ဆက်တီစားပွဲလေးနှင့် နှစ်ယောက်ထိုင်ဆိုဖာထိုင်ခုံနှစ်လုံး၊ တီဗီတင်ထားသော ရှိုးကေ့စ်လေးနှင့်ပဲ ညှော်ခန်းလေးက ပြည့်သွားခဲ့၏။

"ဆု ဒါ ကိုကို့ညီမလေး ပန်းရိပ်ခင်လေ၊ ညီမလေး သူက ဆုအသခဲ့"

ကိုကိုမိတ်ဆက်ပေးတော့ ဆုကို ပန်းရိပ်ခင် ကြည်ကြည်နူးနူးလေး ပြုံးပြရင်း –

"တွေ့ရတာ ဝမ်းသာပါတယ် မမဆု"

"မမလည်း ဝမ်းသာပါတယ် ညီမလေး၊ ညီမလေးကို မမမြင်ဖူးချင်နေတာ ကြာပြီ"

"ရိပ်လည်း မမဆုကို တွေ့ချင်နေတာပါ၊ မမဆုက အရမ်းချောတယ်၊ ကိုကိုတော့ ကံကောင်းတာပဲ"

ပန်းရိပ်ခင်စကားကြောင့် ဆု ကြည်နူးကျေနပ် အပြုံးလေးနှင့် ကိုကို့ကိုကြည့်တော့ ကိုကို့မျက်နှာက သွေးရောင်လွှမ်းနေသည်။

ညီမဖြစ်သူက ဆုရှေ့မှောက်မှာ ပြောဆိုနေသည်ဆိုတော့လည်း အမြဲတမ်း အနေတည်တတ်သော ကိုကို ရှက်ရှာမည်ထင်၏။ ဆုကတော့ ဆုအပေါ်မှာ ဖော်ရွေလွန်းနေသော ပန်းရိပ်ခင်ကို ပိုလို့ ခင်မင်သွားခဲ့သည်။





ကိုကို့အိမ်ကို ဆု လာလည်ခွင့်မရှိတာ ကိုကို့ညီမလေးကြောင့်မှာ အရင်တုန်းက စိုးရိမ်ခဲ့ဖူးသည်။ အခုတော့ ပန်းရိပ်ခင်နှင့် ထိပ်တိုက်ဆုံလိုက်ရတော့ စိုးရိမ်မှုတွေ ပြေကုန်၏။

"ကိုကိုက မကောင်းဘူးသိလား မမဆု၊ မမဆုနဲ့ကိစ္စကို ရိပ်မသိအောင် ညာထားတာ"

"ဟာ ညီမလေး ဘာတွေပြောနေတာလဲ"

"အမှန်တွေ ပြောနေတာလေ"

ကိုကို ကြားထဲက မျက်နှာပူပူနှင့် ဝင်ဟန့်သည်ကို ပန်းရိပ်ခင်က မျက်စောင်းလေးထိုးကာ ပြန်တုံ့ပြန်သည်။ ပြီးတော့ ဆုဘက်ပြန်လှည့်ကာ ပြောပြန်သည်။

"အခုတောင် ကိုကိုပြောလို့ ရိပ်သိတယ် ထင်လို့လား မမဆုရဲ့၊ ရိပ်ကိုယ်တိုင် ရုပ်ရှင်ရုံထဲမှာတွေ့လို့ မေးမှ ဝန်ခံတာ"

ဒီတစ်ခါတော့ ရိပ်စကားကြောင့် ဆုပါ ရှက်ရှုံ့ရှုံ့ဖြစ်ကာ မျက်နှာလေး ပန်းနုရောင်သမ်းသွားရပါသည်။

ဆုနှင့်ကိုကိုတို့ လည်ပတ်သည့်နေ့က ပန်းရိပ်ခင် ဘယ်လိုမြင်တွေ့သွားခဲ့သည်လဲ မသိပါ။

"ရိပ်က မမဆုကို စမြင်လိုက်ကတည်းက အရမ်းချောတော့ အစ်မတော်ဖို့ ဆုံးဖြတ်ပြီးသား"

"ကဲ တော်ပါတော့ ညီမလေးရယ်၊ ဆု ရှက်နေပြီ"

"ကိုကိုက ပိုရှက်နေသလားလို့၊ အဟင်း"

"ဟာ ဒီကောင်မလေး"

ကိုကို့မျက်နှာကြီး နီမြန်းသွားတာကို ပန်းရိပ်ခင် သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ကာ တခစ်ခစ်ရယ်နေသေး၏။

ဘာပဲဖြစ်ဖြစ် ထိုနေ့က ပန်းရိုပ်ခင်ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးသော ထမင်းဝိုင်းလေးကလည်း ပျော်စရာကောင်းခဲ့၏။

"ညီမလေးက ထမင်းဟင်းတွေ ချက်တတ်တယ်၊ ဟုတ်လား"

"အိမ်မှာ ညီမလေးပဲ ချက်ပြုတ်တာလေ ဆုရဲ့"

ကိုကိုပြောတော့ ဆု မလုံမလဲလေး ဖြစ်မိသေးသည်။ တကယ်ဆို ဒီအသက်အရွယ်အထိ ဆု မီးဖိုချောင်ထဲဝင်ကာ မချက်ပြုတ်ဖူးသေးပါ။

ထမင်းချက်ဒေါ်ကြွေနှင့် မာမီစီမံသမျှကိုပဲ အဆင်သင့် ထိုင်စားခဲ့ရတာဖြစ်၏။

ဘာကိုမှ မပူမပန်ရသောဘဝမှာ ဆု မီးဖိုချောင်အရေးကိစ္စတွေကိုလည်း ဘာတစ်ခုမှမသိပါ။

ကိုကိုနှင့်လက်ထပ်ပြီးလျှင်တော့ ဆု ချက်တတ်ပြုတ်တတ်အောင် သင်ယူထားဦးမှဖြစ်မည်။

ထမင်းစားပြီးတော့ ညေ့ခန်းထဲမှာ ကိုကိုတို့မောင်နှမနှင့် စကားတွေ ထိုင်ပြောဖြစ်သေးသည်။

ပန်းရိုပ်ခင်နှင့်ဆုကြားမှာ အချိန်တိုလေးအတွင်းမှာ ခင်မင်ရင်းနှီးမှုတွေ ခိုင်မာခဲ့ကြတာတော့ အသေအချာပဲဖြစ်၏။

ဆု ပြန်တော့ ကိုကိုက တိုက်ခန်းအောက်အထိ လိုက်ပို့ပေးသည်။

"ကိုကို့ညီမလေးက ခင်ဖို့ကောင်းတယ်နော်"

ဆုစကားကို ကိုကို ခေါင်းလေးညိတ် ပြုံးပြုံးလေးနားထောင်





ပြီးမှ –

"ညီမလေးနဲ့ဆု ခင်မင်ရင်းနှီးသွားတာ ကိုယ် ဝမ်းသာပါတယ်၊ နောက်ဆို ဆုအားရင် ညီမလေးဆီ လာလည်ပေါ့"

ကိုကို့နှုတ်က ခွင့်ပြုချက်စကားကြောင့် ဆု ကြည်နူးဝမ်းသာမိတာ ပြောမပြတတ်ပါ။

ဆုနှင့်ပန်းရိုပ်ခင်ကြားမှာ ခင်မင်ရင်းနှီးမှုတွေ ကိုကို ပိုစေချင်တာ ဆုနှင့်ကိုကို့အနာဂတ်အတွက်ဟု ယုံသည်။

ကိုကို့ကိုချစ်သော ဆုအတွက် ပန်းရိုပ်ခင်ကိုလည်း ညီမလေးကို ခင်မင်ပြီးသားမို့ ဆုနဲ့ကိုကိုကြားမှာ ဘာအနှောင့်အယှက်မှ မရှိခြင်းအတွက် ကြည်နူးစရာပဲ မဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကိုကို့ရဲ့ခွင့်ပြုချက်ရပြီးသည့်နောက်မှာ ဆု တစ်ပတ်တစ်ရက်လောက်တော့ ပန်းရိပ်ခင်ဆီ ရောက်တတ်စမြဲ ဖြစ်သည်။

ကိုကိုမရှိသော စနေနေ့တွေမှာလည်း ဆု ကိုကို့တိုက်ခန်းလေးကို ရောက်သည်။

ပန်းရိပ်ခင်နှင့်ဆုကြားမှာ ရင်းနှီးကျွမ်းဝင်မှုတွေ ပိုမိုရှိစေချင်တာကြောင့်ပဲဖြစ်သည်။ ပြီးတော့ ဆုမှာ ရည်ရွယ်ချက်တစ်ခုလည်း ရှိသည်။

အခြားတော့ မဟုတ်ပါ။ ပန်းရိပ်ခင်ဆီက ဆု အချက်အပြုတ် သင်ချင်တာကြောင့်ပင်။

"ဘယ်လို မမဆု၊ ဟင်းချက်သင်မလို့ ဟုတ်လား"





"ဟုတ်တယ် ရိပ်ရဲ့၊ မမ ဟင်းချက်တတ်ချင်လို့လေ၊ တစ်ပတ်တစ်ရက်လောက် ရိပ်ဆီ လာသင်ချင်တယ်"

ပန်းရိပ်ခင် အံ့ဩသလို မျက်ဝန်းလေးတွေ ဝိုင်းစက်ကြည့်နေတော့ ဆု နည်းနည်းတော့ ရှက်မိသေး၏။

"ဟိုလေ ရိပ်လေး ချက်ကျွေးတာ မမ,စားဖူးတယ်၊ ရိပ်လေးလိုပဲ မမ,ချက်တတ်ချင်လို့"

"မမဆုတတ်ချင်ရင် ရိပ်သင်ပေးမှာပေါ့။ မခက်ပါဘူး"

"ဒါဆို ရိပ်လေး အားတဲ့နေ့တိုင်း မမ,လာခဲ့မယ်"

ဆုရောက်သည့်နေ့တိုင်း ရိပ်က ဟင်းချက်နည်းတွေ သင်ပေးတတ်သည်။ တစ်ပတ်တစ်မျိုး စုံလင်အောင် ရိပ်က သင်ပေးသည်။

ဘယ်တုန်းကမှ မီးဖိုထဲမဝင်ဖူးသော ဆုအတွက်တော့ အသစ်အဆန်းအတွေ့အကြုံလို ဖြစ်နေသည်။

သီရိတို့အိမ်မှာ စာကျက်မည်ဟု လိမ်ညာကာ မီးဖိုချောင်ထဲရောက်နေသော ဆုအဖြစ်ကိုသာ မာမီသိလျှင်တော့ လွယ်မည်မဟုတ်။

ရိပ်သင်ပြသော ဟင်းကို ဆုကိုယ်တိုင်ချက်ပြုတ်ပြီး ရိပ်ကို မြည်းစမ်းခိုင်းကြည့်ရတာလည်း အမော။

"ရိပ်လေး၊ လာမြည်းကြည့်ပါဦး၊ ဘာလိုနေသလဲဟင်"

ဆု လက်ရာဟင်းကို ရိပ်က ခပ်မြည်းကာ ချီးကျူးတတ်စမြဲ။

"ဘာမှမလိုတော့ဘူး ရှယ်ပဲ၊ အားလုံးအိုကေတယ်"

"ဟုတ်ရဲ့လားဟင်၊ မမက တစ်ခုခုလိုနေသလားလို့"

"မမဆု ထင်လို့ပါ၊ ကိုကိုပြန်လာရင် ဒီလက်ရာကို သဘောကျသွားမှာ သေချာတယ်၊ အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ရိပ်လေးကလည်း ရိပ်လက်ရာလောက် အဆင်ပြေမှာ မဟုတ်ပါဘူး"

"အံမယ် မထင်နဲ့၊ အပတ်တိုင်း မမဆု ချက်တဲ့လက်ရာဆို ကိုကို အမြဲချီးကျူးတယ်၊ ရိပ်ချက်တာထက်တောင် ကောင်းဆိုပဲ၊ ရိပ်တောင် စိတ်ဆိုးမိသေးတယ်"

"ရိပ်လေးကိုကိုက ချစ်လို့စတာနေမှာပေါ့၊ ရိပ်လေးက မမကိုတောင် သင်ပေးရတဲ့ ဆရာပဲဟာ"

"ဆရာထက် တပည့်က လက်စောင်းထက်တယ်ဆိုတဲ့စကား ရှိတယ်လေ မမဆုရဲ့၊ မမဆုလက်ရာကို ကိုကို တကယ်သဘောကျနေတာ သေချာတယ်"

ရိပ်လေးမြှောက်ပင့်ပြောတာပဲလား မသိ၊ ဆုကတော့ ကျေနပ်ကြည်နူးမိတာ အမှန်ပဲဖြစ်သည်။

"ကိုကို့ကို မမဆု အရမ်းချစ်တာပဲလားဟင်"

ဆုမျက်နှာကို စေ့စေ့လေးစိုက်ကြည့်ကာ ရိပ်လေး မေးလာတော့ ဆုမျက်နှာလေး နီရဲကာ ရှက်သွားမိ၏။

"ရိပ်လေးကလည်း မမ မဖြေရဲဘူး၊ ရှက်တယ်"

"မရှက်ပါနဲ့ မမဆုရယ်"

ဆု ပခုံးလေးကို သိုင်းဖက်ပြီး ရိပ်လေးပြောသည်။ ကိုကို့ကို ဆု ဘယ်လောက်ချစ်သည်ဆိုတာ နှုတ်က ဖွင့်မပြောပါဘဲနှင့်တောင် သိနိုင်သည်ပဲ။

"ကိုကို မမဆုကို သိပ်ချစ်တယ်ဆိုတာ ရိပ် သိတာပေါ့၊ သိပ်ချစ်တဲ့ ညီမလေးကြောင့် ချစ်သူရည်းစားထားခဲ့တဲ့ ကိုကို၊ မမဆုကို





ချစ်တတ်သွားတာ သက်သေပဲလေ၊ ကိုကို့ကို ရိပ် နားလည်သလို မမဆုကို မြင်တော့လည်း ရိပ် မြင်မြင်ချင်း ခင်မင်ချစ်ခင်ပါတယ်၊ ဒါပေမဲ့ ရိပ် ...ခုပဲ စိုးရိမ်မိတယ်"

"ဟင်၊ ဘာကိုးစိုးရိမ်တာလဲဟင် ရိပ်လေး"

"ဩော် ကိုကို့ထက် မမဆုတို့ဘဝက ပြည့်စုံချမ်းသာတယ် ...ဒါကို ရိပ် စိုးရိမ်တာပါ"

ရိပ်စကားကြောင့် ဆု ပေါ့ပေါ့ပါးပါးလေး ပြုံးလိုက်ရင်း–

"ဟင့်အင်း၊ အဲဒီအခြေအနေက မမနဲ့ကိုကို့ကြားမှာ ပြဿနာ ...ခုမဟုတ်ပါဘူး ရိပ်လေးရဲ့"

"ပြဿနာတစ်ခုဖြစ်လာမှာကို ရိပ် စိုးတာပါ၊ ကိုကို့ကို မမဆု ...တွေက လက်ခံနိုင်ပါ့မလားဟင်"

ဒီမေးခွန်းကို ရိပ် မေးလာတော့ ဆု ဖြေရခက်ရပြန်ပါသည်။ ...ကယ်ဆို ဆုမှာ ချစ်သူရည်းစားရှိနေသည့်အကြောင်းကို မာမီ မသိပါ။ ...ထူးသဖြင့် ဒယ်ဒီ့ကို မသိစေချင်ပါ။

ပညာသင်ဘဝမှာ ချစ်သူရည်းစားမထားဖို့ ဒယ်ဒီ ကတိတောင်း ...ခဲ့တုန်းက ဆု ခေါင်းညိတ်ခဲ့တာကြောင့်ပဲဖြစ်သည်။

"မမဆု ရိပ်မေးတာ ဖြေရခက်နေသလားဟင်"

"အို ဒီသဘောမဟုတ်ဘူး ရိပ်လေး၊ မမ အမှန်ဝန်ခံရရင် ...တွေကိုပေးထားတဲ့ ကတိကြောင့်ပါ၊ ပညာသင်နေတဲ့အချိန် ဘွဲ့တစ်ခု ...ချင်း ချစ်သူရည်းစား မထားရဘူးလို့ ဒယ်ဒီ ကတိတောင်းတော့ ...ခဲ့ရဖူးတယ်၊ ဒါပေမဲ့ အဲဒီကတိကို ချိုးဖောက်ပြီး ကိုကို့ကို မမဆု ချစ်သွားခဲ့မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆု ရှင်းပြသမျှ ရိုပ် ငြိမ်ငြိမ်သက်သက်လေး နားထောင်နေခဲ့သည်။

"ဒါကြောင့် ဒယ်ဒီတို့ကို မမ အသိမပေးသေးတာပါ၊ ဒါပေမဲ့ ကျောင်းပြီးလို့ အချိန်တန်တာနဲ့ မမ ဖွင့်ပြောမှာပါ"

"အဲဒီအချိန်ကျ ကိုကို့ကို မမဆုမိဘတွေက လက်မခံနိုင်ခဲ့ရင် ကောဟင်"

စိုးရိမ်မှုက်ဝန်းလေးတွေနှင့်ကြည့်ကာ မေးနေသော ပန်းရိုပ်ခင်ကို ဆု ပြုံးပြုံးလေးကြည့်နေမိသည်။ အစ်ကိုဖြစ်သူအတွက် ရိုပ်လေး၏ စိုးရိမ်ပူပန်မှုကို ဆု နားလည်ပါသည်။

"လက်ခံမယ်လို့ မမယုံတယ်၊ ဒါပေမဲ့ လက်မခံဘူးဆိုခဲ့ရင်တောင် မမ ကိုကို့ကို မခွဲနိုင်ဘူး"

ပန်းရိုပ်ခင်မျက်ဝန်းလေးတွေ လက်ဖြာတောက်ပသွားခဲ့တာကို ဆု အထင်အရှား မြင်ရပါသည်။

"မမဆု တကယ်ပြောတာနော်"

"ဩော် ရိုပ်လေးရယ်၊ ကိုကို့ကို ဆု ဘယ်လောက်ချစ်တယ်ဆိုတာ ကျိန်ဆိုပြရဲတယ်"

ရိုပ် ခေါင်းလေးခါယမ်းရင်း ဆုပခုံးကို တင်းတင်းလေး ဖက်ထားသည်။

"ယုံပါပြီ မမဆုရယ်၊ ရိုပ်စိုးရိမ်တာ ကိုကိုခံစားရမှာ ကြောက်လို့ပါ၊ ကိုကို့ဘဝမှာ တစ်ယောက်ပဲချစ်ဖူးတယ်၊ အဲဒီအချစ်ကြောင့် ကိုကို အသည်းကွဲမှာ စိုးလို့ပါ"

ရိုပ်တို့မောင်နှမကြားက ချစ်ခြင်းကို ဆု နားလည်နိုင်ပါသည်။





ဆုမှာလည်း မောင်နှမတွေ ရှိသည်ပဲ။

ပြီးတော့ ရိုပ် စိုးရိမ်သလို ဘယ်တော့မှ မဖြစ်နိုင်မှာကိုလည်း ဆုဘက်က သေချာနေခဲ့၏။

ကိုကို့ကို ဆု သိပ်ချစ်သည်။ ကိုကို့နှင့်ဝေးဖို့ဆိုတာ ဆုအတွက် အိပ်မက်ထဲအထိတောင် ထည့်မမက်ရဲသောကိစ္စ။

ဘယ်လိုအကြောင်းတရားကမှ ဆုနဲ့ကိုကို့အချစ်ကို မဝေးစေဟု ယုံကြည်ပါသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဆု စာမေးပွဲမဖြေခင် တစ်ပတ်လောက်ကစတင်က ကိုကို
တိုက်ခန်းကို မလာရဟု ပြောသည်။

ကိုကို့စကားကို ဆု မလွန်ဆန်ရဲပါ။

"စာမေးပွဲနီးပြီဆိုတော့ စာကို ဂရုစိုက်လိုက်နော်၊ ဘာအခေ
ကိစ္စမှ မရှိဘဲလည်း ဖုန်းမဆက်နဲ့"

ကိုကို့စကားကို ဆု ခေါင်းလေးညိတ် နာခံမိသည်။ တကယ်
လည်း စာမေးပွဲရက်တွေမှာ ဆု စာကိုပဲကျက်သည်။ ကိုကို့ကို သတိ
ပေမယ့်လည်း ဖုန်းမဆက်ရဲပါ။

ကိုကို့နှင့်မတွေ့ရသော နှစ်ပတ်ကျော်ကာလမှာ သတိရစိတ်
ပြင်းပြင်းပြပြ ခံစားရတာအမှန်။





စာမေးပွဲနောက်ဆုံးနေ့ဖြေအပြီးမှာတော့ ဆု စိတ်တွေ ပေါ့ပါး
...ခဲ့ရ၏။ စာမေးပွဲခန်းထဲကအထွက်မှာပဲ ဖုန်းဆက်မိတာ ကိုကို့ဆီကို
...၏။

"ကိုကိုလား၊ ဆုပါ"

"ဆု စာမေးပွဲဖြေနိုင်ရဲ့လား"

"ဖြေနိုင်တယ်ကိုကို၊ အခုပဲ စာမေးပွဲခန်းထဲက ထွက်ထွက်ချင်း
ကိုကို့ဆီ ဖုန်းဆက်တာ၊ ဟို ကိုကို ရုံးခန်းထဲမှာလားဟင်"

"မဟုတ်ပါဘူး။ ကိုယ် ဆုတို့ကျောင်းခန်းအပြင်မှာ ရှိတယ်၊
...ကို စောင့်နေတာ"

"ဟင် တကယ်"

"ဟုတ်တယ်၊ ဆုသူငယ်ချင်းတွေနဲ့ သွားစရာရှိသလား"

"မရှိပါဘူး ကိုကို၊ ဆု ကိုကို့ကို တွေ့ချင်နေတာ"

"ဒါဆို ထွက်ခဲ့လိုက်လေ၊ ကိုကိုစောင့်နေတယ်"

"ဟုတ်ကဲ့ကိုကို၊ ဆု အခုထွက်ခဲ့မယ်"

ကျောင်းရှေ့အထိ ကိုကိုလာစောင့်နေသည်ဆိုတော့ ဆု ဝမ်းသာ
...ရွှင်သွားမိသည်။ ဖုန်းလေးကိုပိတ်ကာ ရပ်ထားသောကားဆီသို့ ဆု
...သွက်သွက်လေး လျှောက်ခဲ့ခိုက် –

"ဆု"

ခေါ်သံကြောင့် လှည့်ကြည့်တော့ သီရိနှင့်ရင်ငြိမ်းတို့ အနောက်
... ပါလာတာ တွေ့၏။

"နောက်က ကျားလိုက်တာကျနေတာပဲဟယ်၊ ငါတို့ အစီအစဉ်
...ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်သည်နှင့် သီရိကဆိုသည်။

စာမေးပွဲနောက်ဆုံးနေ့ဆိုတော့ သူငယ်ချင်းတွေအားလုံး လည်ပတ်ကြမှာ ဆုနားလည်သည်။ ဒါပေမဲ့ ကိုကိုနှင့်တွေ့ရမည်မို့ –

"ဆောရီးဟယ်၊ ငါ မလိုက်တော့ဘူး"

"ဟာ မဟုတ်တာ၊ နင် သစ္စာမဖောက်နဲ့"

"ဟုတ်တယ်ဆု၊ ငါတို့ ဒီနေ့ ပျော်ပျော်ပါးပါး လည်ကြမှာ၊ နင် မလိုက်လို့မဖြစ်ဘူး"

"ငါ တကယ်တောင်းပန်ပါတယ် ဟယ်၊ အပြင်မှာ ကိုကိုစောင့်နေလို့"

"ကြည့်စမ်း၊ နင်က ကြိုချိန်းထားတယ်ပေါ့"

"မဟုတ်ပါဘူး သီရိရယ်၊ ကိုကိုနဲ့ မချိန်းပါဘူး။ ကိုကို့ဆီ အခု ဖုန်းဆက်မှ လာစောင့်နေတာသိရတာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ နင့်ကိုကိုရှိနေပြီဆိုတော့ ငါတို့ ဘယ်လို ခေါ်ခေါ် နင်မလိုက်တော့ဘူးဆိုတာ သေချာနေပြီပေါ့"

"စိတ်မဆိုးကြပါနဲ့ဟာ၊ ငါတို့ တစ်ရက်သီးသန့်ဆုံကြမှာပေါ့ နော် ငါ့ကိုနားလည်ပေးပါ"

ကိုကို့ကို ဘယ်လောက်ချစ်သည်ဆိုတာသိသော သီရိနှင့်ရင်ပြီး တို့ ဆက်မတားကြတော့ပါ။

သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး ဆု ထွက်ခဲ့လိုက်သည်။ ကျောင်းဝင်းအပြင်က သစ်ပင်အောက်မှာ ကိုကို ရပ်စောင့်နေသည်။

ဆု ကားပြတင်းလေးမှ ခေါင်းလေးပြူကာ မေးမိ၏။

"ကိုကို ကားမပါဘူးလား"





"ယူမလာခဲ့ဘူး၊ ဆုမှာ ကားပါလာမယ်ဆိုတာသိလို့"

"ဒါဆို တက်လေ ကိုကို"

"ကိုယ်မောင်းမယ် ဆု"

ဆု ခေါင်းလေးညိတ်ကာ မောင်းသူနေရာက ဖယ်ပေးလိုက် တော့ ကားတံခါးဖွင့်ကာ ကိုကို ဝင်ထိုင်သည်။

"ကိုကို ရုံးကလာတာလားဟင်"

"ဟင့်အင်း။ ဒီနေ့ ရုံးကခွင့်ယူထားတယ်၊ ဆု စာမေးပွဲပြီးပြီ တော့ သွားချင်တဲ့နေရာလိုက်ပို့ပေးမလို့လေ"

ကိုကို့ရဲ့ ဂရုစိုက်မှုအတွက် ဆု ဝမ်းသာကြည်နူးမိသည်။ ကားကို စိုက် မောင်းနှင်နေသော ကိုကို့မျက်နှာလေးကို ဆု တစိမ့်စိမ့် ကြည့်နေမိသည်။

ရှင်းခန့်ကြည်လင်နေသော ကိုကို့မျက်နှာသည် ဆုအတွက်တော့ ငြီးငွေ့မဝတာ အမှန်။

"ဆု ဘယ်သွားချင်လဲ ပြော"

ကိုကိုမေးတော့ ဆု ပြုံးပြုံးလေးပဲ ဖြေမိပါသည်။

"ကိုကိုနဲ့ စကားတွေအများကြီးပြောလို့ရတဲ့နေရာဆို ဘယ် နေရာပဲဖြစ်ဖြစ်"

ဆုကို တစ်ချက်ငဲ့ကြည့်ပြီး ကိုကို ခေါင်းလေးညိတ်သည်။

"အရင်ဆုံး ဆု ဗိုက်ဆာနေရောပေါ့၊ တစ်ခုခုစားကြမယ်၊ ပြီးရင် ဘုရားတက်ကြမယ်၊ ရင်ပြင်ထဲ လည်ကြမယ်၊ ဆု စိတ်တွေ ကြည်လန်းသွားအောင်လေ"

ကိုကိုနှင့်အတူတူ ရှိနေချိန်တွေ မှန်သမျှကတော့ ဆုအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ကြည်နူးစရာအချိန်တွေပဲ ဖြစ်သည်။

ဒီလိုဘဝလေးကို ဆု ပိုင်ဆိုင်လိုတာ တစ်သက်လုံး။

✿

"ဒယ်ဒီ့ကို အမှန်အတိုင်းပြောစမ်းသမီး။ လိမ်ညာဖို့တော့ မကြိုးစားနဲ့၊ ဒယ်ဒီ မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ"

ဒယ်ဒီ့လေသံက မာထန်နေသလို ဒယ်ဒီမျက်နှာကလည်း တည်ကြည်လွန်းနေခဲ့သည်။

ရွှေကိုင်းမျက်မှန်ထဲမှ ဒယ်ဒီမျက်ဝန်းတွေကို ရင်မဆိုင်ရဲ၍ ဆု အကြည့်လွှဲတော့ ဆုအဖြေကို နားစွင့်နေသော မာမီ့အကြည့်တွေမှာလည်း ဒေါသရိပ်တို့ အရိပ်ထင်နေတာ သေချာ၏။

ကိုကိုနှင့်ဆုကို တွေ့ခဲ့သည့် ဒယ်ဒီကို ဖုံးကွယ်ထားလို့မရနိုင်တော့မှန်းလည်း ဆုနားလည်၏။

"သူက သမီးရဲ့ချစ်သူပါ ဒယ်ဒီ"

"အင်း တာကယ်မိဘစကားနားထောင်တဲ့ သမီးပဲ"

ဒယ်ဒီ့နှုတ်က အလိုမကျပြစ်တင်သံ ထွက်လာသည်။ တစ်ချိန်လုံး တိတ်ဆိတ်နေသောမာမီက -

"အဲဒီကောင်လေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ သမီးတို့ကျောင်းကပဲလား"

"မဟုတ်ပါဘူး မာမီ၊ ကို အဲ သူက အပြင်ကပါ၊ သမီးထက် လေးနှစ်ကြီးတယ်၊ ကုမ္ပဏီမှာ မန်နေဂျာတစ်ယောက်ပါ"





"သူ့မိဘတွေက ဘယ်သူတွေလဲသမီး"

ဆု စကားမဆုံးသေးခင် မာမီက ဖြတ်မေးပြန်ပါသည်။

ဒယ်ဒီ့ကို အကဲခတ်ကြည့်တော့ မျက်မှောင်ကြီးကုတ် ငြိမ်သက်နေသည်။

"သူ့မှာ မိဘတွေမရှိတော့ပါဘူး မာမီ၊ မောင်နှမနှစ်ယောက်တည်း နေကြတာပါ၊ ကွန်ပျူတာတက္ကသိုလ်တက်နေတဲ့ သူ့ညီမလေးကို သူပဲ စောင့်ရှောက်တာဝန်ယူထားတာပါ"

ဆုကိုကြည့်နေသော မာမီ့မျက်ခုံးတွေ တွန့်ကုတ်သွားတာကို မြင်နေရသည်။ ဆုပြောပြသည့်ကိုကို့အကြောင်းတွေကို မာမီ အလိုမကျဖြစ်နေတာတော့ သေချာသည်။

"မောင်နှမနှစ်ယောက်တည်းပေါ့ နေပါဦး ဘယ်မှာနေကြတာလဲ"

"ကျောက်မြောင်းဘက်က တိုက်ခန်းမှာပါ မာမီ"

မာမီ ချက်ချင်း နှာခေါင်းရှုံ့သွားသလို ဒယ်ဒီရဲ့မေးခွန်းကလည်း ထွက်ပေါ်လာ၏။

"အဲဒီကောင်နာမည်က ဘယ်သူလဲ"

"ကမ္ဘာတည်ပါ ဒယ်ဒီ"

ဒယ်ဒီကော မာမီ့အမူအရာတွေက ဆု စကားတွေအပေါ်မှာ ကျေနပ်ပုံမရှိတာ အကဲခတ်မိသည်။

ဆု စိုးရိမ်နေသော အခြေအနေတစ်ခုကို ရင်ဆိုင်ရတော့မည်လား။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီရက်တွေမှာ ဘာအကြောင်းပြချက်နဲ့မှ အပြင်မထွက်ဘဲနဲ့ ကမ္ဘာတည်အကြောင်းကို ဒယ်ဒီကိုယ်တိုင် စုံစမ်းမယ်"

စကားအဆုံးမှ ဒယ်ဒီ ဧည့်ခန်းထဲက ထ,ထွက်သွားခဲ့သည်။ မာမီက ဆုကိုကြည့်ရင်း ပင့်သက်ရှိုက်လျက် –

"သမီး ချစ်သူရည်းစားရှိလိမ့်မယ်လို့ မာမီ လုံးဝထင်မထားခဲ့ဘူး။ ပြီးတော့ သမီးထားတဲ့ချစ်သူကောင်လေးကလည်း မာမီတို့လက်ခံနိုင်လောက်တဲ့ အရည်အချင်း မရှိပါလား"

"ကိုကို အဲ ကိုကမ္ဘာတည်က တကယ် တည်ကြည်ရိုးသားတဲ့ ယောကျ်ားတစ်ယောက်ပါ မာမီ၊ အလုပ်မှာလည်း ရိုးသားကြိုးစားတဲ့ မန်နေဂျာတစ်ယောက်ပါ။ မိဘတွေမရှိတော့ကတည်းက သူ့ညီမလေးတာဝကို စောင့်ရှောက်တာဝန်ယူပေးနေသူပါ"

"အဲဒါတွေက သမီးအတွက် အရေးမပါဘူး။ အရေးကြီးတာ အဲဒီယောကျ်ားရဲ့ အဆင့်အတန်း, အသိုင်းအဝိုင်းပဲ သမီး။ ဒီကိစ္စကို သမီးဒယ်ဒီ လက်ခံမယ်မထင်ဘူး"

"ကိုကို့ရဲ့ ရိုးသားကြိုးစားမှုတွေက အရည်အချင်းမဟုတ်ဘူးလား မာမီ"

"ဒီမှာသမီး၊ မာမီတို့မှာ သမီးတစ်ယောက်ပဲ ရှိတယ်၊ အဲဒီသမီးကိုလည်း အမြင့်မားဆုံး ဖြစ်စေချင်တယ်၊ အခု သမီးရဲ့ဒယ်ဒီက ကိုယ်တိုင်စုံစမ်းမယ်ဆိုတော့ သူ ဘာဆုံးဖြတ်မလဲ စောင့်ကြည့်ပေါ့။ ဒီရက်တွေမှာတော့ သမီးဒယ်ဒီစကားအတိုင်း သမီးနေထိုင်ပါ"

မာမီထွက်သွားတော့ ဆု ပင့်သက်မောလေး ရှိုက်မိပါသည်။ ကိုကို့အပေါ်မှာ မာမီတို့ရဲ့မှတ်ချက်ပေးမှုတွေက ကျေနပ်စရာ မကောင်း





အတော့ အမှန်ပဲဖြစ်သည်။

ဒယ်ဒီ့ဆီက ခါးသီးသောစကားတွေကို ဆု ရင်ဆိုင်ရလျှင်တော့ ဖြတ်သားဆုံး ဆုံးဖြတ်ရမှာသေချာနေပြီ။

ဒီအခြေအနေတစ်ခုကို ကြုံလာခဲ့ရင်တော့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဒယ်ဒီ ချမှတ်ထားခဲ့သည့် အမိန့်အတိုင်း ဆု ဘယ်ကိုမှ ထွက်ခွင့်မရခဲ့ပါ။

ထိုရက်တွေမှာ ဒယ်ဒီသည် ဆုကိုလည်း ဘာစကားမှ မဆိုပါ။ မာမိကလည်း ဆုကို ကိုကို့ကိစ္စနှင့်ပတ်သက်ပြီး ဘာမှမပြောခဲ့။ မာမိနှင့် ဒယ်ဒီတို့နှစ်ဦး တစ်ခုခုတော့ တိုင်ပင်ပြောဆိုကြမှာ ဆုသိပါသည်။

ဒယ်ဒီရဲ့ ဆုံးဖြတ်ချက်တစ်ခုကို သိခွင့်မရသေးချိန်အထိ မရေမရာအခြေအနေတစ်ခုကို ဆု စောင့်နေရတာ ပင်ပန်းလွန်းလှသည်။

ကိုကို့ဆီ ဖုန်းဆက်ကြည့်တော့လည်း ကြားရသောသတင်းစကားက စိတ်ညစ်စရာ။

"ကိုကို မနက်ဖြန်ခရီးထွက်စရာရှိတယ် ဆု၊ ဆယ်ရက်လောက်





တော့ ကြာမယ်"

"ဟင် ဘယ်ကိုလဲ၊ ဘာလုပ်ဖို့လဲ ကိုကို"

"တောင်ကြီးဘက်ကို သွားရမှာ၊ ကုမ္ပဏီအလုပ်ကိစ္စတစ်ခုပဲလေ၊ အဲဒါ ဒီညတောင် ဆုဆီ ဖုန်းဆက်မလို့"

ညဘက်က အခြေအနေ အခက်အခဲတွေကို ကိုကိုသိအောင် ပြောချင်ပေမယ့် နှုတ်က ပြောမထွက်ရက်အောင်ဖြစ်ရ၏။ မနက်ဖြန်ပဲ ခရီးထွက်ရမည့် ကိုကို့ကို စိတ်သောကတွေ မဖြစ်စေချင်ပါ။

"ညီမလေးကိုတော့ ကိုကို အဖော်တစ်ယောက်နဲ့ ထားခဲ့ရမှာ၊ ဆု အားတဲ့ရက်တွေလည်း ညီမလေးဆီ သွားလိုက်ဦးနော်"

အခုချိန်မှာ ဆု ဘယ်မှထွက်ခွင့်မရှိတာ မသိသော ကိုကို အားကိုးတကြီး မှာနေပြန်၏။

"ဟုတ်ကဲ့ ကိုကို"

"အိုကေ၊ ကိုကိုတို့ပြန်လာမှ တွေ့ကြမယ်နော်၊ ဆုအတွက် လက်ဆောင် ကိုကိုဝယ်ခဲ့မယ်"

ကိုကို ဖုန်းချသွားသည်အထိ ဆု ဘာမှ ပြောခွင့်မရလိုက်ပါ။ ဆုဘက်မှာ ပြဿနာတွေ ရင်ဆိုင်နေရချိန်မှာ ကိုကို့ကို အနီးဆုံးမှာ ရှိနေစေချင်သည်။

ဒါပေမဲ့လည်း အခြေအနေက ဆုဘက်မှာမရှိပါ။ ဆုစိတ်တွေ ညစ်ညူးနေချိန်မှာ ရင်ငြိမ်းနှင့်သီရိတို့အိမ်ကို လာလည်တော့ ရင်ဖွင့်မိ၏။

"ဟင် နင်တို့နှစ်ယောက်အကြောင်း လူကြီးတွေ သိသွားပြီပေါ့"

"ဟုတ်တယ် သီရိရယ်၊ အခု ကိုကိုကလည်း အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား၊ နေပါဦး နင်တို့ကို နင့်မိဘတွေက မကြည်ဖြူဘူးလား"

"ကိုကို့အကြောင်းတွေကို ငါ ရှင်းပြပေမယ့် မာမီတို့ လက်မခံနိုင်တာ ငါသိနေတယ်၊ ဒယ်ဒီတို့လက်မခံနိုင်တာ ကိုကိုနဲ့ငါ့ကြားက ကွာခြားမှုတစ်ခုကြောင့်ပါ၊ ဒယ်ဒီတို့ ကြွယ်ဝချမ်းသာသလောက် ကိုကို့ဘက်က မပြည့်စုံမှုကို လက်မခံနိုင်ကြတာ"

"ဒါဆို နင် ဘာဆက်လုပ်မလဲ ဆု"

"ငါ ကိုကို့ကို သိပ်ချစ်တယ်"

"ဆု ဒါဆို နင် တော်တော်စွန့်စားရမယ့်ကိစ္စနော်၊ မိဘတွေကို ဆန့်ကျင်ပြီး နင်လုပ်ရမှာ"

သီရိက တွေးတွေးဆဆလေး သတိပေးစကားဆိုသည်။ သီရိစကားကို ဆု ပင့်သက်လေးရှိုက်ရင်း ခေါင်းလေးညိတ်လိုက်မိ၏။

"အင်း ငါတွေးပြီးသားပါ၊ ငါ့ဘက်က ကိုကို့ကို မခွဲနိုင်ဘူးလေ၊ ဘယ်လိုအခြေအနေမျိုးကိုဖြစ်ဖြစ် ငါရင်ဆိုင်မယ်"

ဆု အပြတ်သားဆုံးပဲ ဆုံးဖြတ်ထားခဲ့ပါသည်။ ကိုကို့နှင့် ဆုကြားမှာ ဘယ်လိုအကြောင်းမျိုးကြောင့်မှ မဝေးကွားစေရပါ။

ကိုကို့နှင့်ဆုအတွက် အရာရာကို ရင်ဆိုင်ဖို့ ဆုဘက်က အသင့်ပဲ ရှိနေခဲ့တာ အသေအချာပဲဖြစ်သည်။

✿ ✿ ✿



## အခန်း (၁၆)

"ဒယ်ဒီ ဘယ်လိုမှ လက်မခံနိုင်ဘူး သမီး၊ ဒယ်ဒီတို့အခြေအနေ အဆင့်အတန်းနဲ့ ကမ္ဘာတည်အဆင့်အတန်းက ကွာခြားလွန်းတယ်၊ ဒီကောင်လေး ရိုးသားကြိုးစားတာကို လက်ခံတယ်၊ ဒါပေမဲ့ သမီးနဲ့ လက်ထပ်ပေးရလောက်အောင် ပြည့်စုံသူမှမဟုတ်တာ"

ဒယ်ဒီ့နှုတ်က ယတိပြတ်ဆုံးဖြတ်ချက်စကားတွေကို ဆု ကြိုတင်မျှော်လင့်ထားသည့်အတိုင်း ကြားရချိန်မှာ ဆုဘက်က ဘယ်လိုတောင်းပန်လို့မှ မရနိုင်တော့တာ နားလည်နေခဲ့သည်။

မာမီကိုယ်တိုင်ကလည်း ဒယ်ဒီနှင့် အမြင်တူတူပဲဖြစ်နေခဲ့၏။

"ဟုတ်တယ်သမီး၊ သမီး တစ်သက်လုံးပေါင်းသင်းရမယ့် သမီးရဲ့အိမ်ထောင်ဖက်ဟာ အရာရာပြည့်စုံသူပဲ ဖြစ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ ပြတ်ပြတ်သားသားပဲပြောမယ်သမီး။ ဒီကောင်လေးကို သမီးမေ့ပစ်လိုက်ပါ"

ဒယ်ဒီကတော့ အရှင်းလင်းဆုံးဆိုကာ ပြန်ထွက်သွားခဲ့သည်။ မာမီကတော့ ဆုအနားမှာထိုင်ရင်း နှစ်သိမ့်စကားတွေနှင့်ပဲ ချော့မော့လို့ နေခဲ့၏။

"သမီးလေးက လိမ္မာပါတယ်၊ မာမီတို့စကားကို နားထောင်နော်၊ ကိုယ့်ဘဝတစ်ခုလုံးအတွက် ပေါင်းသင်းရမယ့် ယောကျ်ားတစ်ယောက်ဟာ အရာရာပြည့်စုံတဲ့သူပဲ ဖြစ်သင့်တယ်၊ မာမီတို့စီမံတာကို လက်ခံရင် သမီးအတွက် ကောင်းကျိုးပဲခံစားရမှာပါကွယ်"

ဆု ဘာစကားမှ မဆိုဘဲ နှုတ်ဆိတ်လို့နေခဲ့ပေမယ့် ရင်ထဲမှာတော့ ဆုံးဖြတ်ချက်တစ်ခုက ခိုင်မာနေခဲ့တာ အသေအချာပဲဖြစ်သည်။

ကိုကို့ကို မာမီတို့ လက်မခံနိုင်ခြင်းက ငွေကြေးညွှာခနေကြောင့် ဆိုတာ ဆု သိခဲ့ပြီ။

ထိုအရာတွေက ဆုနှင့်ကိုကို့ရဲ့ ချစ်ခြင်းအတွက် ဘာမှ မသက်ဆိုင်တာ ဆု ယုံကြည်သည်။

ကိုကို့ရဲ့ရိုးသားမှုတွေ၊ ယောကျ်ားပီသမှုနှင့် ဆုအပေါ်ထားရှိသော ချစ်ခြင်းကို ဆု အကြွင်းမဲ့ ယုံကြည်ခဲ့ပြီမို့ –

အခုချိန်မှာ ဒယ်ဒီတို့နှင့် ပြဿနာမဖြစ်ချင်ပါ။ ကိုကိုပြန်လာချိန်အထိ ဆုဘက်က ဒယ်ဒီတို့ကျေနပ်အောင် အလိုက်သင့်နေနိုင်အောင် ကြိုးစားရမည်။

ဆုဘက်က အလိုက်သင့်နေထိုင်ခဲ့ပေမယ့် အခြေအနေတွေက ဆု မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါ။





"သမီးက ဒယ်ဒီရဲ့လုပ်ငန်းတွေကို စိတ်ဝင်စားတယ်လို့ ပြောတယ်နော်၊ ဒါကြောင့် ဒယ်ဒီမှာ အစီအစဉ်ရှိတယ်"

ဒယ်ဒီ ဘာတွေကြံစည်နေသည်လဲ သိချင်စိတ်နှင့် ဆု ဆက်နားထောင်နေလိုက်ပါသည်။

"မန္တလေးက ဒယ်ဒီရဲ့ကျွဲထီးကြီးမှာ သမီးကို တာဝန်ယူစေချင်တယ်"

"မန္တလေးမှာ"

"ဟုတ်တယ် ဒယ်ဒီ့မိတ်ဆွေနဲ့ ရှယ်ယာတူဖွင့်ထားတဲ့ကျွဲထီးကြီးတစ်ခုပဲ၊ သမီးကို အဲဒီမှာ တာဝန်ယူစေချင်တယ်"

ဆုကို ရန်ကုန်မြေမှာ မရှိစေချင်သည့် ရည်ရွယ်ချက်ဟု သိလိုက်သည်။ မာမီ့ကို တစ်ချက်ငဲ့ကြည့်တော့ မာမီလည်း နှုတ်ဆိတ်စွာ ဒယ်ဒီရဲ့အစီအမံကို လက်ခံသဘောတူထားသည့်ပုံ ရှိ၏။

"ဒီရက်ပိုင်းအတွင်းမှာ သမီး မန္တလေးကိုသွားဖို့ ပြင်ဆင်ပါ၊ ဒယ်ဒီ့မိတ်ဆွေ ကိုအောင်သောင်းအိမ်မှာ နေဖို့ ထိုင်ဖို့ အားလုံးစီစဉ်ထားတယ်"

"ဟင် သမီးက တခြားသူအိမ်မှာ နေရမှာလား"

"တခြားသူမဟုတ်ဘူး သမီး၊ ကိုအောင်သောင်းဆိုတာ ဒယ်ဒီနဲ့ ရှယ်ယာပါတနာတစ်ယောက်၊ ပြီးတော့ လက်ရှိ အဲဒီလုပ်ငန်းတွေကို တာဝန်ယူထားတာ ကိုအောင်သောင်းရဲ့သား မောင်သောင်းမြတ်လေး ပါ။ သမီးက အဲဒီ သူနဲ့ လက်တွဲအလုပ်လုပ်ရမှာ"

ဒယ်ဒီရဲ့ရည်ရွယ်ချက်အမှန်ကို ဆု ကောင်းကောင်းသိလိုက်ပါပြီ။ သူစိမ်းတစ်ယောက်အိမ်၊ ယောကျ်ားပျိုတစ်ဦးရှိသောအိမ်မှာ နေကို



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်စေသည့်တဲ့လား။

"ကဲ သမီး၊ လိုအပ်တာတွေ ပြင်ဆင်ထားနော်၊ အဲဒီနေ့ကျရင် ဒယ်ဒီကိုယ်တိုင် လိုက်ပို့ပေးမယ်"

ဆု ခေါင်းညိတ်ခေါင်းခါအဖြေကိုတောင် မစောင့်ဘဲ ဒယ်ဒီ အခန်းထဲက လှည့်ထွက်သွားခဲ့သည်။

တကယ်ဆို မန္တလေးမှာ ဒယ်ဒီရဲ့ညီအရင်းအချာတစ်ယောက် ရှိနေလျက်နှင့် တစ်ပါးသူအိမ်မှာ နေထိုင်စေတာကပဲ ဒယ်ဒီနှင့်မာမီရဲ့ ဆန္ဒရည်ရွယ်ချက်ပဲ ဖြစ်၏။

"သမီးရဲ့ဒယ်ဒီစကားကို နာခံလိုက်ပါသမီး"

"သမီးအတွက် အန်ကယ်လွင်တို့အိမ်မှာ နေလို့ဖြစ်လျက် သမီးနဲ့ မသိကျွမ်း မရင်းနှီးတဲ့အိမ်မှာ ဒယ်ဒီနေစေချင်တာ မဟုတ်သေး ဘူးလေ"

"သမီးနဲ့သာ မရင်းနှီးတာပါ၊ ကိုအောင်သောင်းတို့မိသားစု မာမီတို့နဲ့ သိပ်ရင်းနှီးကြသူတွေပါ၊ ကိုအောင်သောင်းဇနီး မမြလှိုင် လည်း မာမီနဲ့ ကျောင်းနေဖက်ကွ၊ သူတို့မှာလည်း သားတစ်ယောက် ရှိတာ၊ မောင်သောင်းမြတ်က သမီးထက် သုံးနှစ်လောက်ပဲကြီးဦးမှာ စင်ကာပူက ပညာသင်ပြီး ပြန်လာကတည်းက မိဘလုပ်ငန်းတွေ ဦးဆောင်နေတဲ့ သားလိမ္မာတစ်ယောက်ပဲ"

မာမီ့စကားတွေထဲမှာ တိကျသောအဖြေတစ်ခုကို ဆု မြင်ရ လိုက်ရတာတော့ သေချာသည်။ ဆု တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေး ကိုသောင်းမြတ်နှင့်ဆုကို ရည်ရွယ်နေခဲ့တာ အထင်အရှား။

"သမီးကို မာမီ ကြိုအသိပေးထားချင်တယ်၊ တစ်ချိန်





မောင်သောင်းမြတ်နဲ့ သမီးကို မာမီတို့ မိဘချင်း သဘောတူ ကြည်ဖြူ ထားတယ်၊ အခု သမီးဒယ်ဒီအစီအမံက သမီးတို့လူငယ်ချင်း ရင်းနှီး ကျွမ်းဝင်စေချင်လို့ပဲ"

မာမီ့ဘက်က အသိပေးစကားတွေ ဆိုလာချိန်မှာ ဆု မျက်ဝန်း ထဲ ပြေးမြင်မိတာ ကိုကို့မျက်နှာကိုပဲ ဖြစ်သည်။

ဆု နှလုံးသားမှာ ကိုကိုကလွဲပြီး ဘယ်သူမှမရှိနိုင်တာ မာမီတို့ သိနိုင်ကြပါလား။

ဆုအတွက် ရွေးချယ်စရာလမ်းသည် တစ်လမ်းတည်းပါပဲ။
ဆုကို ခွင့်လွှတ်ပေးပါ မာမီနဲ့ဒယ်ဒီရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နံရံလေးပေါ်က လှူခေါ်ဘဲလ်လေးကို ဆု ဖိနှိပ်လိုက်တော့ တံခါးဖွင့်ပေးလာသူက မိန်းမကြီးတစ်ယောက်ဖြစ်သည်။

ဆု တစ်ခါမှ မမြင်ဖူးပေမယ့် ရိပ်လေးအတွက် ကိုကို အဖော်ခေါ်ပေးထားသူဟာ ချက်ချင်းတွေးမိ၏။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွဲ့"

"ဟို ရိပ်၊ ပန်းရိပ်ခင်နဲ့ တွေ့ချင်လို့ပါ အန်တီ"

"ပန်းရိပ်လေး အပြင်သွားတယ်ကွဲ့"

ဆု စိတ်ညစ်သွားမိသည်။ တကယ်ဆို နိုင်မာသော ဆုံးဖြတ်ချက်နှင့် ထွက်လာခဲ့ပြီးမှ –

"ဟယ် မမဆု"





အသံကြောင့် လှည့်ကြည့်တော့ လှေကားထစ်တွေအတိုင်း ဆင်းလာသော ပန်းရိပ်ခင်ကို တွေ့လိုက်ရ၏။

"ရိပ်လေး"

"ရိပ်ဆီလာတာလား မမဆု၊ အထဲဝင်လေ၊ ဒေါ်ကြီးသွဲ့ တံခါးပိတ်လိုက်ပါဦး"

ပန်းရိပ်ခင်က ဝမ်းသာအားရဆိုရင်း ဆုလက်မောင်းလေးကို ဆုပ်ကိုင်ကာ အခန်းထဲ ဆွဲခေါ်သည်။

"ဒေါ်ကြီးသွဲ့၊ ဖျော်ရည်အေးအေးလေးတစ်ခွက်လောက် လုပ်ပေးပါနော်"

ဒေါ်ကြီးသွဲ့ကိုပြောရင်း ပန်းရိပ်ခင်က ဆုလက်ကိုဆွဲကာ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်သည်။ ဆု ရောက်လာသည့်အတွက် ဝမ်းသာကျေနပ်နေပုံက ရိပ်မျက်နှာလေးမှာ အထင်အရှား။

"ကိုကို ခရီးထွက်သွားတဲ့နေ့ကတည်းက မမဆုကို ရိပ်မျှော်နေတာ၊ မမဆု ထမင်းစားသောက်ပြီးမှ ပြန်နော်၊ အချိန်ရတယ် မဟုတ်လား"

"ရိပ်လေးကို မမ ပြောစရာတွေရှိတယ်"

"ဘာပြောမှာလဲ မမဆု၊ ပြောလေ၊ ဒီနေ့ ရိပ် ဘယ်မှ မသွားပါဘူး၊ မမဆုနဲ့အတူ ရှိမှာ"

"မမအိမ်မှာ ပြဿနာတွေတက်နေတယ် ရိပ်လေး"

"ဟင် ဘာဖြစ်လို့လဲ မမဆု"

ဆု ရင်ဆိုင်နေရသောအခြေအနေကို ပြောပြလိုက်တော့ ရိပ်လေးမျက်လုံးလေးတွေ ဝိုင်းစက်နားထောင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုအတွက် အခုချိန်မှာ အားကိုးရင်ဖွင့်ဖော်သည် ရိပ်ပဲ ရှိ တော့သည်မို့ ဆု အားလုံးကို ပြောပြလိုက်ပါသည်။

"အဲဒါပဲ ရိပ်လေး၊ ဒယ်ဒီတို့က မမကို မန္တလေးကိုပို့ဖို့ စီစဉ် နေကြတယ်၊ ဒါကြောင့် မမဆု လိုအပ်တာလေးတွေ ဝယ်ဦးမယ်ဆိုပြီး ထွက်လာခဲ့တာ"

"မမဆုမိဘတွေက ကိုကိုနဲ့ သဘောမတူဘူးပေါ့၊ ဟုတ်လား ဟင် မမဆု"

"ဟုတ်တယ် ညီမလေး၊ သူတို့သဘောတူတဲ့သူနဲ့ မမကို နီး စပ်စေချင်လို့ မန္တလေးပို့ကြမှာ"

ပန်းရိပ်ခင် မျက်နှာလေး ညှိုးငယ်သွားသည်။ ပင့်သက်လေးကို မှုတ်ထုတ်လိုက်ရင်း ရှူးရှူးရှိုက်ရှိုက်ပြောလိုက် –

"ကိုကိုတော့ ခံစားရမှာပဲ၊ ဒီလို အခြေအနေတွေ ဖြစ်လာမှာကို ရိပ် တွေးပြီး စိုးရိမ်နေခဲ့သေးတယ်"

"ဟင့်အင်း၊ မမလည်း ကိုကို့ကိုမခွဲနိုင်ဘူး ရိပ်လေး၊ ဒါကြောင့် အခု မမ အိမ်ပေါ်ကဆင်းခဲ့တာ"

"ဘယ်လို၊ မမဆု အိမ်ကဆင်းလာတာ"

"ဟုတ်တယ် ရိပ်လေး၊ ဒယ်ဒီတို့ဆန္ဒတွေကို မမ လက်မခံနိုင် တဲ့အကြောင်း စာတစ်စောင်ရေးထားခဲ့တယ်"

"မမဆုရယ်၊ အဲဒီလောက်ထိတောင် ကိုကို့ကို မမဆုချစ်တာ ရိပ် အရမ်းဝမ်းသာတယ်"

ဝမ်းသာအားရလေး ဆိုရင်း ရိပ် ဆုကို တင်းတင်းလေး ဖွေ ဖက်တော့ ဆုလည်း ရိပ်ကျောပြင်လေးကို သိုင်းဖက်ထားမိသည်။





"အခု ကိုကိုမရှိတော့ မမဆုလည်း ဘာလုပ်ရမှန်းမသိဘူး၊ ဒါကြောင့် ရိပ်လေးဆီ ထွက်ခဲ့တာ"

"ဘာမှမပူနဲ့ မမဆု၊ ကိုကို့ဆီ ရိပ် ဖုန်းဆက်ပြောမှာပေါ့"

"မပြောပါနဲ့ ရိပ်လေးရဲ့၊ ကိုကို့မှာက အလုပ်တာဝန်တွေနဲ့လေ၊ ကိုကို စိတ်ဆင်းရဲမှာစိုးလို့ပါ"

ဆုစကားကြောင့် ရိပ် မျက်တောင်းလေးတွေ ပုတ်ခတ်ကြည့်ရင်း ခွေးခွေးကလေး ပြုံးသည်။

"မမဆုကို ရိပ် အရမ်းကျေးဇူးတင်ပါတယ်"

"ဟင် ဘာလို့လဲ ရိပ်လေးရဲ့"

"ကိုကို့ကို သိပ်ချစ်လို့လေ"

"အို ရိပ်လေးကလည်း"

ဆု ရှက်မျက်နှာလေးရဲ့ကာဆိုတော့ ပန်းရိပ်ခင်က ဆုကို ပြုံးပြုံးလေးမော့ကြည့်ရင်း –

"တကယ်ပြောတာ မမဆု၊ ကိုကို တကယ်ကံကောင်းပါတယ်၊ သိပ်ချစ်တတ်တဲ့မမဆုကို ပိုင်ဆိုင်ရတာ ကံကောင်းတာပေါ့၊ စိတ်ချ မမဆုကို ကိုကို စိတ်ချမ်းသာအောင် ထားစေရမယ်လို့ ရိပ်လေး အာမ ခံတယ်၊ တစ်ခုပဲ ရိပ်တို့တိုက်ခန်းကျဉ်းကျဉ်းလေးမှာ မမဆု နေတတ် ပါ့မလားဟင်"

"ဘာလို့ မနေတတ်ရမှာလဲ ရိပ်လေးရယ်၊ ဒီမှာ ခင်မင်စရာ ကောင်းတဲ့ ဟောဒီညီမလေး ရှိနေတာပဲလေ"

"မမဆုက သိပ်ချစ်စရာကောင်းတယ်၊ အင်း ကိုကိုပြန်လာရင် တော့ အရမ်းဝမ်းသာ အံ့ဩသွားမှာပဲ၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ရိပ်လေးကဆိုတော့ ဆု ရင်ထဲမှာ လှိုက်ခနဲ နွေးသွားရပါသည်။ မာမီတို့ရင်ခွင်အရိပ်ကိုစွန့်ကာ ကိုကို့အရိပ်ထဲ ဆုဝင်ခဲ့တာ ကိုကို့ သိပ်ချစ်လို့ပဲဖြစ်သည်။

ထို့အတွက် မာမီတို့က မိုက်မဲမှုဟုဆိုစေဦး ဆုကတော့ ထိုမိုက်မဲမှုကိုပဲ မက်မောစွာ တွယ်ဖက်ထားချင်ပါသည်။

✿ ✿ ✿



## အခန်း (၁၁)

ဦးမိုးသဉ္ဇာန် လက်ထဲကစာရွက်လေးကို လုံးခြေလွှင့်ပစ်လိုက်ရင်း ခံပြင်းစွာ တက်တစ်ချက်ခေါက်သည်။

"တောက် ဒီလောက်အထိ မိုက်မဲတဲ့သမီး၊ အိမ်ရိပ်တောင် မနင်းစေနဲ့"

ဒေါ်မြတ်ဆုကတော့ ပါးပြင်ပေါ်စီးကျလာသော မျက်ရည်တွေကို လက်ဖမိုးနှင့် ပွတ်သုတ်ရင်း –

"ခရီးမသွားခင် လိုတာလေးတွေ ဝယ်ချင်တယ်ဆိုတော့ ကျွန်မလည်း ယုံကြည်ပြီး လွှတ်လိုက်မိတာ၊ ဒရိုင်ဘာလည်း ခေါ်သွားတယ်ဆိုတော့ စိတ်ချမိတာပေါ့၊ ပလာဇာထဲ ဝင်သွားပြီး ပြန်မလာတဲ့အဆုံး ဒရိုင်ဘာပြန်လာမှ သမီးအခန်းထဲမှာ အဲဒီစာကိုတွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ထပ်မပြောနဲ့တော့ မြတ်၊ မိဘက နတ်ပြည်တင်ပေးတာကို မိုက်မဲပြီး ခုန်ချတဲ့သမီး။ ဒင်းထိုက်နဲ့ ဒင်းပဲပေါ့၊ ဘာမှအားကိုးရာမရှိတဲ့ ယောက်ျားအရိပ်မှာ ဘယ်လောက်အထိနေနိုင်မလဲ စောင့်ကြည့်သေးတာပေါ့"

"သမီး ဒီလောက်အထိ မိုက်မဲမယ်လို့ ကျွန်မ မထင်မိဘူး ကိုမိုးရယ်"

ပြောရင်း ဒေါ်မြတ်ဆု မျက်ရည်တွေစီးကျနေပြန်သည်။ မိခင်ဆိုတော့လည်း သမီးအတွက် ယူကျုံးမရဖြစ်မှာ ဦးမိုးသဏ္ဌာန် နားလည်ပါသည်။

ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ခံပြင်းဒေါသတွေ ဆူဝေနေခဲ့တာ အမှန်။ ဒီလိုလုပ်သွားမည်ဟု ထင်မထားခဲ့တာ အမှန်။

မွေးထားသည့် သားသမီးသုံးယောက်မှာ ဒီသမီးတစ်ယောက်ပဲမို့ သူတို့ အချစ်ပိုခဲ့သည်။

အငယ်ကောင် နိုင်သဏ္ဌာန်တစ်ယောက်ပဲ သနွှေမကောင်းတဲ့ကောင်ဟု သတ်မှတ်ဥပေက္ခာပြုထားခဲ့သည်။ နိုင်သဏ္ဌာန်ကလည်း မိသားစုကို ခင်တွယ်မှုမရှိဘဲ အဝေးမှာနေနေသူတစ်ယောက်။

သားကြီးနိုင်မဟာက အနေတည်ကာ လိမ္မာသည်။ သမီးလတ်ဆုအသင်ချေသည့်လည်း မိဘနှစ်ပါးအနားမှာ အစဉ်ရှိကာ လိမ္မာမည်ဟု ယုံခဲ့၏။

အခုတော့ မိဘတွေ အတန်တန်တားမြစ်သည့်ကြားက မိုက်မဲသွားပုံက ဘယ်လိုမှ လက်ခံစရာမရှိ။

"သမီးလေးတော့ ဒုက္ခရောက်မှာ ကျွန်မစိုးရိမ်တယ် ကိုကိုရယ်"





အတွေးတွေကို ဇနီးဖြစ်သူ ဒေါ်မြတ်ဆုစကားသံက တိုးဝင်လာတော့ သူ ပိုလို့ခံရခက်ခက် ဖြစ်ရပြန်၏။

"ဘာမှမပြောနဲ့ မြတ်၊ မင်းနဲ့ငါ့ဘက်က ဖြစ်သင့်တဲ့အတိုင်း စီမံကြတယ်၊ နားလည်အောင်ပြောတယ်၊ ဒါကိုမှ မင်း့သမီးက ထင်ရာစိုင်းသွားတာလေ"

"အဲဒီကောင်လေးကို သမီး ဒီလောက်စွဲလမ်းနေမယ်လို့ ကျွန်မ မထင်ထားခဲ့ဘူး။ ကျွန်မ ဆိုဆုံးမ,နေတုန်းကလည်း ဘာမှ ပြန်မပြောဘဲ နားခံနေတာကိုး"

ဒေါ်မြတ်ဆု မချိတင်ကဲ ဆိုပြန်သည်။ သူလည်း ဒါကိုပဲ ပိုလို့ ဒေါသဖြစ်ရတာ ဖြစ်၏။

မိဘတွေကို အယုံသွင်းသွားသည့်အဖြစ်။ ကမ္ဘာတည်ဆိုသောကောင်က သမီးရဲ့ကြွယ်ဝချမ်းသာမှုတွေကို မျှော်လင့်ပြီး အပိုင်ချည်နှောင်ထားခြင်းလား။ ဒါဆိုလျှင်တော့ ဒီကောင် ဖြစ်ချင်သလို ဖြစ်မလာမှာတော့ သေချာပါသည်။

"မင်း,သမီး ဘာပစ္စည်းတွေ ယူသွားသေးသလဲ မြတ်"

"ဘာမှယူမသွားဘူး။ သူ့မှာဆင်ထားတဲ့ ပစ္စည်းတွေတောင် အံဆွဲထဲမှာ အားလုံးထားခဲ့တယ်၊ ဗီရိုထဲမှာလည်း အဝတ်အစားတွေ ဘာမှယူမသွားဘူး"

မိဘအရိပ်က ယတိပြတ်သည်ဟု မာနပြချင်တာလား။ တကယ်ဆို သင်းကို ဘာမှ လိုလေသေးမရှိအောင် ထားခဲ့တာဖြစ်သည်။ ကိုယ်ပိုင်ကားကိုတောင် သီးသန့်ဝယ်ပေးထားခဲ့သည်။

သားသမီးသုံးယောက်ထဲမှာ အချစ်ဆုံးဟု ဆိုရအောင် အလို



www.burmeseclassic.com

www.burmeseclassic.com



လိုက် ဂရုစိုက်ခဲ့သည့်သမီးက။

တွေးရင်း ဆွေဝေလာသော ဒေါ်သတွေက ဖနီးမျက်နှာပေါ်က မျက်ရည်တွေမြင်တော့ ပိုလို့ တောင့်တင်းကျပ်လာ၏။

"မြတ် မင်းလည်း ဒီသမီးကို သံယောဇဉ်ဖြတ်တော့"

"ကိုမိုးရယ်"

"ကိုယ် ဘာမှ ထပ်မကြားချင်ဘူးမြတ်၊ သူ့ကို ငါတို့ ဘယ်လောက်ထိ တာဝန်ကျေခဲ့၊ ချစ်ခဲ့သလဲ၊ ဒါကိုသိလျက်နဲ့ ရင်ကို စုံကန်ထွက်သွားမှတော့ ငါတို့ဘက်ကလည်း ပြတ်ရမှာပေါ့"

မိဘနှင့်သားသမီးကြား သံယောဇဉ်ကြိုး ပြတ်တောက်ဖို့ဆိုတာ မလွယ်မှန်း သိပေမယ့်လည်း သူ အခုချိန်မှာ ဒေါသစိတ်နှင့် ပြတ်တောက်ဖို့လည်း အသင့်ရှိနေ၏။

"ငါမွေးထားတာ သင်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ ငါ့သားနှစ်ယောက် ရှိသေးတယ်၊ သားကြီးက လိမ္မာပြီးသား၊ အငယ်ကောင်က ဆိုးတယ်ဆိုရင်တောင် သမီးလောက် မမိုက်သေးဘူး၊ ဒီတော့ ခြေမကောင်း ခြေမ, လက်မကောင်း လက်မပဲ၊ ငါတို့မှာ သားနှစ်ယောက်ပဲ ရှိတယ်လို့ သတ်မှတ်လိုက်၊ သင်းကိုတော့ အမွေပြတ်ပဲ"

စကားအဆုံးမှာ ချာခနဲလှည့်ထွက်သွားသော ခင်ပွန်းဖြစ်သူကို ဒေါ်မြတ်ဆုကြည့်ရင်း မျက်ရည်တွေ ကျလာပြန်ပါသည်။

ဖခင်ဖြစ်သူအကြောင်းသိလျက်နှင့် ဒီသမီး လုပ်ရက်သည်။ ဒါကို သူမကိုယ်တိုင်လည်း ဒေါသထွက်မိပေမယ့် သမီးဆိုတော့လည်း မနေသာပါ။

အရာရာ ပြီးပြည့်စုံသောဘဝမှာ နေခဲ့သောသမီး၊ ကိုယ့်ဘဝနှင့် မအပ်စပ်လှသောဘဝမှာ ဘယ်လိုရှင်သန်နေနိုင်မည်လဲ။

တိုက်ခန်းကျဉ်းကျဉ်းလေးမှာ သမီး နေနိုင်မည်လား။

ဟိုဘက်မှာက သွေးရင်းညီမတစ်ယောက် ရှိသေးသည်တဲ့။ အဲ့ ညီမ,ဖြစ်သူနှင့်ကော တည့်ကြမည်လား။

အစပိုင်းမှာ အဆင်ပြေချစ်ခင်ကြသည်ဆိုဦးတော့၊ ကြာလျှင် သမီး စိတ်ညစ်မှာ သေချာ၏။

ဒါတွေကိုတွေးမိတိုင်း သူမ ရင်မောရသည်။

မွေးထားသည့်သားသမီးသုံးယောက်မှာ သားကြီးကတော့ သူမကို ဒီလို စိတ်ဆင်းရဲမှုတွေ မပေးခဲ့ဖူးပါ။

သားငယ်က ဆိုးသည်ဆိုဦးတော့ သမီးလို မိုက်မဲသူမဟုတ်ဟု ဆိုရမည်။

ခင်ပွန်းဖြစ်သူ ဒေါသဆူဝေမည်ဆိုလည်း ဆူဝေချင်စရာပါ။ သခင်က ယတိပြတ် ပြတ်တောက်နိုင်ပေမယ့် သူမမှာတော့ ဝမ်းနှင့်လွယ် မွေးခဲ့ရသည့်သမီး။

တစ်သက်တာပြတ်တော့ဟု ဥပေက္ခာပြုလိုက်ဖို့ဆိုသည်က –

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ရိပ်ပြလာသော သတင်းစာထဲမှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာက ထင်ထင်ရှားရှားကြီး ပါလာ၏။

ကြိုတင်မျှော်လင့်ထားပြီးဖြစ်ပေမယ့် ဒီလောက်အထိ မြန်ဆန်စွာပါလာမည်ဟု မထင်ခဲ့ပါ။

ရင်ထဲမှာ ဝမ်းနည်းစိတ်က လှိုက်တက်လာကာ မျက်ရည်တို့ ဝဲချင်ပေမယ့် ဆု သိုဝှက်သိမ်းဆည်းရင်း စားပွဲပေါ်ကို သတင်းစာလေး ပြန်တင်ထားလိုက်၏။

"မမဆု အရမ်းဝမ်းနည်းသွားသလားဟင်"

ဆုမျက်နှာလေးကို မမှိတ်မသုန် အကဲခတ်ကြည့်နေသော ပန်းရိပ်ခင်က တိုးတိုးလေးမေးလာတော့ ဆု ခေါင်းလေးခါပြရင်း –





"ဟင့်အင်း၊ ဒီလောက်တော့ ရင်ဆိုင်ရမယ်လို့ မျှော်လင့်ပြီးသားပါ ရိပ်လေးရယ်"

ဆု ဟန်မပျက် ပြုံးပြုံးလေးဆိုပေမယ့် ပန်းရိပ်ခင်က ညှိုးရိပ်ထင်သော မျက်ဝန်းတွေနှင့် ကြည့်ရင်း –

"ရိပ် တကယ်စိတ်မကောင်းပါဘူး မမဆုရယ်၊ မမဆု ဘယ်လောက်ခံစားရမယ်ဆိုတာ ရိပ် နားလည်နိုင်ပါတယ်၊ ကိုကို့ကို ချစ်မိလို့ မမဆု ဒီအခြေအနေတွေ ရင်ဆိုင်ရတာပါ"

"အဟင်း မမ ကြိုမျှော်လင့်ပြီးသားပါ ရိပ်လေးရယ်၊ ဒယ်ဒီတို့ ဘက်ကကြည့်ရင် မမဆုလုပ်ရပ်က မိုက်မဲတယ်ပေါ့၊ ဒါပေမဲ့ မမဆုဘက်ကလည်း ကိုကို့ကို မခွဲနိုင်ဘူးလေ"

ဆုကို နားလည်စွာ ရိပ်လေး ငေးငေးလေးကြည့်နေတုန်းမှာ အခန်းတံခါးဆီက လူခေါ်ဘဲလ်သံလေး မြည်လာသည်။

ရုတ်တရက်မို့ ဆုနှင့်ရိပ် တစ်យောက်မျက်နှာတစ်ယောက် ကြည့်မိသည်။ တိုက်ခန်းမှာ ဆုနှင့်ရိပ်တို့ပဲ ရှိကြသည်။ ဒေါ်ကြီးသွဲ့က ဆု တိုက်ခန်းကိုရောက်လာပြီး နှစ်ရက်မှာပဲ ပြန်သွားခဲ့သည်။

"မမဆု မမဆုအိမ်ကလားမသိဘူး"

စိုးရိမ်မျက်ဝန်းလေးတွေနှင့် ကြည့်ကာ ရိပ် ပြောနေတုန်းမှာပဲ ဘဲလ်သံလေး ထပ်မြည်လာတာမို့ ဆု ထရပ်ရင်း –

"သူတို့မဟုတ်နိုင်ပါဘူး၊ မမ သွားဖွင့်ပေးလိုက်မယ်"

ဆု တံခါးကို သွားဖွင့်ပေးတော့ ရိပ်လေးက ဆိုဖာထိုင်ခုံလေးက လှမ်းကြည့်နေရှာ၏။

အခန်းတံခါးကို ဖွင့်ပေးလိုက်တော့ တံခါးဝမှာ ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသည်လည်း ဆုကို တအံ့တသြမျက်ဝန်းတွေနှင့် ကြည့်ရင်း –

"ဟာ ဆု ရောက်နေတာလား"

"ဟယ် ကိုကိုပြန်လာပြီ"

ကမ္ဘာတည်အသံကိုကြားတော့ ရိပ် အပြေးလေး ရောက်လာကာ ဝမ်းသာအားရဆို၏။

"ဟုတ်တယ် ညီမလေး၊ အမှန်ဆို မနက်ဖြန်မှ ပြန်ရမှာ၊ အလုပ်ကိစ္စတွေ စောစောပြတ်သွားလို့ စောပြန်ခဲ့တာ"

ဖွင့်ပေးသောတံခါးမှ ကမ္ဘာတည် ကျောပိုးအိတ်ကြီးတစ်ဖက်၊ လက်ဆွဲအိတ်တွေတစ်ဖက်နှင့်မို့ ဆုနှင့်ရိပ် ဝိုင်းကူလှမ်းယူတော့ –

"ဆု နေပါ၊ ထိုင်ပါ၊ ဧည့်သည်ကို မခိုင်းရဘူးလေ ညီမလေးရဲ့"

"အဟင်း ကိုကိုကလည်း မမဆုက ဧည့်သည်မဟုတ်တော့ဘူး"

ရိပ်စကားကြောင့် ကမ္ဘာတည် မျက်ခုံးတွေကုပ်သွားသည်။ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ရင်း –

"ဆု ရောက်တာကြာပြီလားဟင်"

"မမဆုရောက်နေတာ သုံးရက်ရှိပြီ"

"ဘာ ဘယ်လို"

ကမ္ဘာတည်မေးသမျှ ဆုကိုယ်စား ရိပ်လေးက ဝင်ဖြေနေသည်။ ကမ္ဘာတည်မျက်နှာက တအံ့တသြနှင့် နားမလည်နိုင်စွာရှိနေဆဲ။

"ညီမလေး ဘာတွေပြောနေတာလဲ"

"မမဆု ဒီအိမ်ကိုရောက်နေတာ သုံးရက်ရှိပြီ၊ မမဆု အိမ်က





ဆင်းလာတာ ကိုကိုရဲ့"

"ဟင်"

ဒီတစ်ခါတော့ ကမ္ဘာတည် ဘာစကားမှမဆိုနိုင်ဘဲ ဆုကို တစ်လှည့်၊ ပန်းရိပ်ခင်ကိုတစ်လှည့် ကြည့်နေရှာ၏။ အတန်ကြာမှ–

"ဆု ညီမလေးပြောတာ ဟုတ်လား"

"ဟုတ်တယ် ကိုကို၊ ကိုကို ခရီးသွားနေတုန်း ဆုကို ဒယ်ဒီတို့က အမြန်လေးပို့ဖို့ စီစဉ်ကြတာ၊ ဆု ဒါကြောင့် ကိုကို့အိမ်ကိုထွက်လာတာ"

"ဟာ ဘာလို့ ဒီလိုလုပ်ရတာလဲ ဆုရယ်"

"ဟာ ကိုကိုကလည်း မမဆုကို အိမ်က တခြားတစ်ယောက်နဲ့ လက်ထပ်ပေးတော့မှာမို့ မမဆုက ထွက်လာတာပေါ့"

ပန်းရိပ်ခင်က ကမ္ဘာတည်စကားကို ဝင်ဖြေပေးသည်။ ကမ္ဘာတည်မျက်နှာမှာ စိတ်ရှုပ်ထွေး ညစ်ညူးခြင်းတွေ အရိပ်ထင်လျက်။

"ကိုကို့ဆီ ဘာလို့ ဖုန်းမဆက်တာလဲ ညီမလေးရယ်"

"ကိုကို အလုပ်တစ်ဖက်နဲ့ စိတ်ရှုပ်မှာစိုးလို့တဲ့၊ မမဆုက ဆက်ခိုင်းဘူးလေ"

ကမ္ဘာတည်ခမျာ ခရီးရောက်မဆိုက် ရင်ဆိုင်ကြုံတွေ့နေရသော အဖြစ်အပျက်တွေအတွက် အံ့သြနေသည်လား၊ စိတ်ညစ်ညူးနေသည်လား ဆု မဝေခွဲတတ်ပါ။

"ကိုကို ဘာဖြစ်နေတာလဲ၊ မမဆုက ကိုကို့ကို မခွဲနိုင်လို့ ထွက်ပြေးလာရှာတာ၊ မိဘတွေရဲ့ အမွေပြတ်သမီးအဖြစ်က အစွန့်ခံပြီး ကိုကို့ကို ချစ်ခဲ့တာပါ"

"ဟင်၊ ဟုတ်လား ဆု"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတည် အုံ့ဩမျက်ဝန်းတွေနှင့် မေးသည်ကို ရိပ်ကပဲ ပြေပြန်၏။

"ရှေ့ ဟောဒီသတင်းစာထဲမှာ ကိုကိုဖတ်၊ ညီမလေး အအေး သွားဖျော်ခဲ့မယ်"

ကမ္ဘာတည်လက်ထဲ သတင်းစာလေးကမ်းပေးကာ ပန်းရိပ်ခင် နောက်ဖေးခန်းဘက် လှမ်းဝင်သွားခဲ့၏။

ကမ္ဘာတည်က သတင်းစာ စာမျက်နှာတွေကို လှန်လှောကာ ရှာဖွေဖတ်ကြည့်သည်။

"ဆု ဆုကို ဆုမိဘတွေက စွန့်လွှတ်လိုက်ပြီပေါ့"

"ဟုတ်တယ် ကိုကို၊ ဒီအခြေအနေတွေကို ကြုံရမယ်ဆိုတာ ဆုသိပါတယ်၊ ဒါပေမဲ့ ဆု ကိုကို့ကို မခွဲနိုင်ဘူး"

"ဆုရယ် တကယ်ဆို ကိုယ့်ဆီ ဖုန်းဆက်သင့်တယ်"

"ကိုကို့ဆီ ဖုန်းဆက်တော့ကော ကိုကို ဘာကူညီနိုင်မှာမို့လဲ မမဆုမှာက အခက်အခဲကြီး ရင်ဆိုင်နေရပြီ"

ဧည့်ခန်းထဲကို အအေးဖန်ခွက်လေးကိုင်ကာ ထွက်လာရင်း ရိပ်က ဝင်ပြောပြန်သည်။

"ညီမလေးကချည်း ဝင်ပြောနေတာပဲ၊ ဒီမှာ ကိုကို ဆုနဲ့ပြော ပါရစေဦး"

"ကိုကိုသိအောင် ပြောပြရတာလေ၊ အားလုံးကို ရင်ဆိုင်ပြီး ကိုကို့ဆီရောက်လာတဲ့ မမဆု စိတ်ညစ်အောင် ကိုကိုမလုပ်ပါနဲ့"

"ကိုကို စိတ်ညစ်အောင်လုပ်နေတာ မဟုတ်ဘူး၊ ဘာမှ အ[illegible] အစဉ်မရှိဘဲ ဖြစ်လာတာတွေအတွက် မေးကြည့်နေတာ၊ ဆု ဘာ[illegible]





[illegible]လိုထွက်လာရတာလဲ၊ ဆုမိဘတွေက ကိုကိုနဲ့ မကြည်ဖြူဘူးလား"

ဆုကို လှည့်ကြည့်ကာ ကိုကိုမေးလာတော့ ဆု ခေါင်းလေးကို ခငုံ့မရဲညိတ်ရင်း –

"ဟုတ်တယ်ကိုကို၊ ဒယ်ဒီက မန္တလေးက သူ့မိတ်ဆွေရဲ့သားနဲ့ ဆုကို လက်ထပ်ပေးမှာတဲ့၊ ဆု ကိုကို့ကို မခွဲနိုင်ဘူး၊ ဒါကြောင့် ထွက် ခဲ့တာပါ"

ကမ္ဘာတည်မျက်နှာ တဒင် တည်ငြိမ်သွားခဲ့၏။ ပြီးမှ ဆုကို ငေးစိုက်ကြည့်နေခဲ့ရင်း ပင့်သက်ရှိုက်၏။

"အခု ဆုမိဘတွေက သတင်းစာထဲကတောင် စွန့်လွှတ်ကြောင်း ကြေညာနေပြီဆိုတော့ ဆု နောင်တရနေပြီလား"

"ဟင့်အင်း၊ ဆု နောင်တမရပါဘူး ကိုကို၊ ဒီအခြေအနေ ဖြစ်လာမှန်း သိပြီးသားပဲ"

"ကိုယ့်ဘဝအခြေအနေက ဆုတို့အခြေအနေဘဝနဲ့ အရမ်း ကွာခြားတယ်နော် ဆု၊ ကိုယ့်ဘဝထဲကို ဝင်လာဖို့ ဆု တကယ်ဆုံးဖြတ် ခဲ့သလား"

"ဆု အရာရာကို ရင်ဆိုင်ရဲတယ်ကိုကို"

ဆု ချက်ချင်းဖြေတော့ ကိုကို ခွန်းတုံ့မပြန်ပါ။ တစ်ချိန်လုံး မျက်မှောင်လေးကုတ် ကြည့်နေသော ပန်းရိပ်ခင်က –

"ကိုကိုရယ်၊ မမဆုက ရင်ဆိုင်ရဲလို့ အိမ်ရောက်နေပြီလေ၊ မမဆုကို ကိုကို တကယ်ချစ်တယ်ဆိုရင် လက်ထပ်သင့်ပြီ"

"ညီမလေးရယ်၊ ဆု ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ညီမလေးသိပါတယ်၊ ဒါပေမဲ့ ကွာခြားလှတဲ့ဘဝနှစ်ခုကို ဆု ရင်ဆိုင်ရဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးတာပါ"

"ဆု ကိုကိုနဲ့ ကိုကို့ညီမလေးရိပ်တို့နဲ့အတူ နေနိုင်ပါတယ် ကိုကို"

ဆု ရဲ၀့်နိုင်ကျည်စွာဆိုတော့ ကမ္ဘာတည် ခေါင်းညိတ်ရင်း ပြုံးသည်။ ကိုကို့အပြုံးသည် ဆုအတွက် အင်အားများစွာ ဖြစ်တည်ခဲ့သည်ဆိုလျှင်။

✿ ✿ ✿



## အခန်း (၂၀)

"ဗျာ မမဆု လင်နောက်လိုက်သွားပြီ ဟုတ်လား အန်ကယ်"

နိုင်သဏ္ဍာန် ကြားရသောစကားကို မယုံကြည်နိုင်စွာ ရေရွတ်မိနေတော့ အန်ကယ်လွင်က လက်ထဲကသတင်းစာကို ကမ်းပေး၏။

"ဘာလဲအန်ကယ်လွင်၊ မမဆု လက်ထပ်သတင်းလား"

"ဘယ့်နှယ် လက်ထပ်သတင်းရမှာလဲ၊ မင်းဖယ်ဒီရဲ့ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းသတင်းကွ"

နိုင်သဏ္ဍာန် သတင်းစာစာရွက်တွေကို လှန်လှောရှာဖွေကြည့်လိုက်တော့ ထင်ထင်ရှားရှား မြင်တွေ့လိုက်ရပါသည်။

"ဟာဗျာ၊ ဒယ်ဒီတို့ရိုက်ချက်ကလည်း ပြင်းလိုက်တာဗျာ၊ မမဆု လက်ထပ်လိုက်တဲ့ယောကျ်ားက ဘာကောင်မို့လဲ၊ အပေအတေကောင်



www.burmeseclassic.com

www.burmeseclassic.com



မို့လား။ မမဆုက အဲဒီလောက် မမိုက်မဲပါဘူး''

နိုင်သဏ္ဍာန် အလိုမကျသလို ရှေရွတ်နေတော့ အနုကယ်လွှင်က ဆိုဖာထိုင်ခုံမှာ မှီထိုင်ရင်း ပင့်သက်ကြီးရှိုက်သည်။

''အေး ငါလည်း သတင်းစာထဲမှာ ဒီသတင်းတွေ့လိုက်မှ အစ်ကိုဆီ ဖုန်းဆက်ကြည့်တာ၊ မိဆုယူလိုက်တဲ့ ကောင်လေးက ကုမ္ပဏီ မန်နေဂျာတစ်ယောက်တဲ့''

''ဟင် ဒါနဲ့တောင် ဘာလို့ သဘောမတူရတာလဲဗျာ''

''မင်းဒယ်ဒီအကြောင်းလည်း မင်းသိတာပဲကွာ၊ ကောင်လေးက အရည်အချင်းရှိပေမယ့် ညီမတစ်ယောက်နဲ့ ကန်ထရိုက်တိုက်ခန်းလေးမှာ နေတာတဲ့၊ မိဘဆွေမျိုးမဲ့ဆိုကတည်းက မကြည်ဖြူဘူးဖြစ်နေတာ''

အနုကယ်လွှင့်စကားကို နားထောင်ရင်း နိုင်သဏ္ဍာန် ခေါင်းညိတ်မိ၏။ ဒယ်ဒီ့အကြောင်း သူသိပါသည်။ မမဆုကို သမီးလေးတစ်ယောက်တည်းမို့ ဒယ်ဒီတို့ သိပ်ချစ်သည်။

တက္ကသိုလ်ကျောင်းသူကြီးတောင် ဖြစ်နေပေမယ့် ရည်းစားမထားရ၊ ဘာညာ စည်းကမ်းတွေနှင့် ချုပ်ချယ်ထား၏။

မမဆုကလည်း နာခံခဲ့တာ သူသိ၏။ ဒါပေမဲ့ အခုတော့ ကျောင်းလည်းပြီး၊ မမဆုလည်း ယောကျ်ားနောက်လိုက်သွားပြီတဲ့။

''အစ်ကိုက မိဆုလေးကို မန္တလေးက သူ့မိတ်ဆွေသားနဲ့ စီစဉ်ထားတာကွ''

''ဘယ်သူလဲ အနုကယ်လွှင်''

''ဦးအောင်သောင်းရဲ့သားနဲ့လေ၊ လက်ရှိ သောင်းကမ္ဘာကုမ္ပဏီပိုင်ရှင်ပေါ့၊ အဲဒီကုမ္ပဏီမှာ မင်းဒယ်ဒီလည်း ရှယ်ယာထည့်ထားတာ''





နိုင်သဏ္ဍာန် နားခေါင်းရှုံ့မိသည်။ ဒယ်ဒီ ဘာကြောင့် ဒီလိုပုဂ္ဂိုလ်တွေနှင့် လက်ထပ်ပေးချင်သည်ဆိုတာကိုလည်း ချက်ချင်း သဘောပေါက်လိုက်၏။

တခြားသောအကြောင်း မရှိပါ။ ထိုပုဂ္ဂိုလ်တွေ၏ ဂုဏ်ဒြပ်တွေကို ဒယ်ဒီ သဘောကျနေတာကြောင့်ပဲ ထင်၏။

တကယ်ဆို ဒယ်ဒီရဲ့ပိုင်ဆိုင်ချမ်းသာမှုတွေက သူတို့မောင်နှမ သုံးယောက်ဘဝအတွက် ပြီးပြည့်စုံပြီးသား ဖြစ်သည်။

သားသမီးသုံးယောက်ကို အညီအမျှ ဝေပေးဦး။ ဘာမှမပြည့်စုံစရာ မရှိ။ ဒါကို ဘာကြောင့်များ ထပ်ပြီး တွယ်မက်နေရသလဲ။

''နိုင်တော့ မကြိုက်ပါဘူး အနုကယ်လွှင်ရာ၊ ဒယ်ဒီက မမဆုကို ဘာလို့ သူ သဘောမကျတဲ့ယောကျ်ားနဲ့မှ ဖွတ်ပေးစားချင်ရတာလဲ၊ ဘာလဲ ဂုဏ်တူ အဆင့်အတန်းတူဆိုတဲ့ အရေးမပါတာတွေကြောင့်လား''

''ဟာ ဟော့ကောင် နိုင်လေး၊ ဒီစကားတွေ မင်းဒယ်ဒီကြားရင် မလွယ်ဘူး''

အနုကယ်လွှင်က အစ်ကိုဖြစ်သူ ဒယ်ဒီ့အကြောင်းသိသူမို့ စိုးရိမ်ဟန်ကြီး ဝင်တားသည်။

''ရန်ကုန်နဲ့မန္တလေး ဘာလို့ကြားနိုင်မှာလဲ အနုကယ်လွှင်ရာ၊ ကျွန်တော်ကတော့ ဒီကိစ္စမှာ မမဆုကို အပြစ်မမြင်ဘူး။ ဟုတ်တယ်လေ၊ သူ တစ်သက်လုံးပေါင်းရမယ့်ယောကျ်ား သူချစ်တဲ့သူ ရွေးပါစေ''

''အင်း မင်းတို့သားအဖ မတည့်တာ အဲဒါတွေကြောင့်ပဲ''

''ကျွန်တော်ပြောတာ မဟုတ်လို့လား အနုကယ်လွှင်ရဲ့၊ ကိုယ့်ဘာသာလည်း ပြည့်စုံချမ်းသာပြီးသားကို၊ ဘာလို့ ငွေကြေးဂုဏ်ဒြပ်တွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးချစ်ခြင်းကို ခွဲမှာလဲ"

"ကဲ ကဲ တော်ပါတော့နိုင်လေးရာ၊ ဒီအချိန်မှာ မင်းခံစားချက်တွေကို မျိုချထားစမ်းပါ၊ မင်းဒယ်ဒီ အတော်ဒေါသဖြစ်နေလို့ အမေ့ပြတ်ကြော်ငြာတာပေါ့"

"အမေ့ပြတ်ကော ဘာဖြစ်လဲဗျာ၊ သူ့ယောက်ျားက ကုမ္ပဏီမန်နေဂျာပဲ၊ မမဆု ထမင်းတော့မငတ်ပါဘူး"

နိုင်သရုက္ခာနက်ကတော့ ကိုယ့်ခံစားချက်အတိုင်း ပြောတာဖြစ်သော်လည်း အန်ကယ်လွင်က ခေါင်းတခါခါဖြစ်နေ၏။ ပြောရလျှင် ဒယ်ဒီ့ကို အန်ကယ်လွင်ကပါ အစ်ကိုဟူသောအရှိန်နှင့် ကြောက်သည်။

"ကျွန်တော်ကတော့ ဒယ်ဒီ့လုပ်ရပ်ကို လက်မခံဘူး၊ ကျွန်တော့်ကို မိန်းမရွှတ်ပေးစားကြည့်ပါလား၊ မယူဘူး ကိုယ်ကြိုက်တဲ့သူပဲ ယူမယ်၊ သူ့ဘာသာ အမွေဖြတ်ချင်ဖြတ်"

"ကဲ တော်ပါတော့နိုင်လေးရာ၊ အခု အရေးကြီးတာ ပြောမလို့"

"ဘာလဲ အန်ကယ်လွင်"

"အခု မင်းဒယ်ဒီက မင်းကို ရန်ကုန်အမြန်ပြန်လာဖို့ အမိန့်ပေးလိုက်ပြီ"

"ဟင်"

"မိတုက်စွအတွက် မင်းမာမီ တော်တော် စိတ်ဆင်းရဲနေတယ်တဲ့၊ ဒီအချိန်မှာ မင်းမာမီအနားမှာ မင်းရှိနေသင့်တယ်တဲ့လေ"

နိုင်သရုက္ခာနှ် ဘာမှမဆိုပါ။ မာမီ့မျက်နှာကိုလည်း ပြေးမြင်မိ၏။ ဆယ်တန်းအောင်လို့ မန္တလေးက အန်ကယ်လွင်တို့အိမ် ရောက်နေ





ကတည်းက မာမီနှင့် နီးနီးကပ်ကပ် သူမရှိခဲ့ပါ။

နွေကျောင်းပိတ်ရက်တွေမှာပဲ သူ ပြန်ဖြစ်သည်။ ထိုအခါတိုင်းလည်း မာမီရဲ့ယုယမှုကို သူပိုင်ဆိုင်ရ၏။

ဒယ်ဒီကတော့ အမြဲတမ်း သူနှင့်မတည့်သူပီပီ တရင်းတနှီးမနေတတ်ပါ။ ယခု မာမီ့ကိုအကြောင်းပြု ခေါ်နေပြီ။

သူကလည်း ကျောင်းပြီးသည်နှင့် ပြန်လာမည်ဟု ဒယ်ဒီလာတုန်းက ကတိပေးထားခဲ့၏။

"အင်း ကျွန်တော်ပြန်မှာပါ"

"အေးကွာ၊ အန်ကယ်လည်း မင်းမာမီကို နားလည်ပါတယ်၊ ပြောရရင် ဘယ်မိဘမဆို ကိုယ့်သားသမီးကို အရိပ်အောက်မှာပဲ ရှိစေချင်တာပဲလေ"

"အန်ကယ်လွင်တို့ကိုလည်း ကျွန်တော်က မိဘလိုပဲ သတ်မှတ်တာပါ"

သူ့စကားကြောင့် အန်ကယ်လွင်ဆီက ပင့်သက်ရှည်ကြီး ကြားသည်။ ဟိုငယ်စဉ်ကတည်းက သူ့ကို သားအရင်းလို ချစ်ခဲ့ကြသော အန်ကယ်လွင်တို့ သူပြန်လျှင် လွမ်းကျန်ရစ်မှာ သူသိပါသည်။

ဒါပေမဲ့လည်း သူ ရန်ကုန်ကို မဖြစ်မနေ ပြန်ရမှာပဲဖြစ်၏။

"သား ရန်ကုန်ရောက်ရင် လိမ်လိမ်မာမာနေကွာ"

"ဟုတ်ကဲ့ပါ အန်ကယ်လွင်၊ ကျွန်တော့်ကို အန်ကယ်လွင် သင်ပေးထားတဲ့ပညာ ရှိတာပဲ၊ ရန်ကုန်မှာ အဲဒီပညာနဲ့ ကျွန်တော် နေတည်မှာ"

အန်ကယ်လွင် ကျေနပ်စွာပြုံးသည်။ မန္တလေးမှာ ကားဝပ်ရှော့



www.burmeseclassic.com

www.burmeseclassic.com



ကြီး ထူထောင်အောင်မြင်နေသူ အန်ကယ်လွင်ရဲ့ပညာအမွေကို သူ့ထိုက်သလောက် တတ်မြောက်နေပြီ။

သူကလည်း ဝါသနာထုံသည့်အလုပ်မို့ ရန်ကုန်ရောက်ရင် ကားဝပ်ရှော့ဖွင့်ဖို့ စဉ်းစားထား၏။

"သား တကယ်လုပ်ချင်တယ်ဆိုရင် လိုအပ်တဲ့အရင်းအနှီး အန်ကယ်ထုတ်ပေးမယ်"

"အန်ကယ်လွင့်ဆီက ကျွန်တော် ပညာရထားပြီးပြီလေ၊ ဒယ်ဒီ့ဆီက ခွင့်တောင်းကြည့်မယ်၊ ဒယ်ဒီ လက်ခံရမှာပါ"

နိုင်သဏ္ဌာန် ယုံကြည်စွာဆိုတော့ အန်ကယ်လွင် ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

သူ့ကို ကျောင်းပြီးသည်နှင့် ရန်ကုန်ပြန်ခဲ့ဖို့ ဒယ်ဒီမှာသည်။ သူ့ဘက်ကလည်း ရန်ကုန်ရောက်လျှင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်ချင်သည်။

သူ ဝါသနာပါသောအလုပ်ကို ဒယ်ဒီခွင့်ပြုဖို့ မရမကပြောမည်။

ထိုစိတ်ကူးတွေက မမဆုပြဿနာကြောင့် နည်းနည်းတော့ ခက်ခဲကုန်မည်လားမသိ။

အာရုံထဲမှာ မမဆုမျက်နှာကို မြင်ယောင်မိသည်။ သူ့ကို သံယောဇဉ်ကြီးသော မမဆုတောင် အိမ်ထောင်ကျသွားပြီပဲ။

ဘာပဲဖြစ်ဖြစ် မမဆုဘက်က သူ ရပ်တည်ချင်သည်။

တော်ရုံချစ်ခြင်းနှင့်တော့ ဒယ်ဒီတို့အရိပ်ကို ခြေစုံကန်ကာ မမဆု ထွက်သွားတာမဟုတ်နိုင်ပါ။

မမဆုရဲ့ယောက်ျားကတော့ မမဆုကို တကယ်ချစ်သည်လား





ပါတို့တော့ သူသိချင်သည်။

မမြင်ရသေးသော အစ်ကိုယောက်ဖလောင်းနှင့်တော့ သူတွေ့ချင်ပါသေးသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဒီနေ့ သူနှင့် ဆုအတွက် အမှတ်တရနေ့လေး ဖြစ်သည်။ မနက်ပိုင်းမှာ တိုက်ခန်းလေး၌ မင်္ဂလာဆွမ်းကျွေးဖြစ်သည်။

ရင်းနှီးသောအိမ်နီးချင်းအချို့နှင့် ညီမလေးရဲ့သူငယ်ချင်းတွေ အပါအဝင် ဆုရဲ့ငယ်သူငယ်ချင်းတွေ လာကြသည်။

တိုက်ခန်းကျဉ်းကျဉ်းလေးရဲ့ ဧည့်ခန်းလေးထဲမှာ ရောက်လာသူ ဧည့်သည်တွေနှင့် စည်ကားသွားခဲ့၏။

ညီမလေး ပျော်နေသလို ဆုလည်း အပြုံးတွေဝေနေပေမယ့် သူ့စိတ်ထဲမှာတော့ ပြည့်ပြည့်ဝဝ မပျော်နိုင်ပါ။

သေချာစီမံထားခြင်းမဟုတ်တဲ့ ဖြစ်မြောက်ခဲ့သော မင်္ဂလာဦး ဆွမ်းကျွေးပွဲလေးက ဆုစိတ်တိုင်းကျ ကျေနပ်ပါမည်လား။ ပြီးတော့





ဆုရဲ့ မိဘနှစ်ပါးမပါသော မင်္ဂလာပွဲလေးက ဆုကို ဝမ်းနည်းစေမည်လား။

ဆုကတော့ သူငယ်ချင်းတွေနှင့် ရယ်ပွဲဖွဲ့ပျော်နေတော့ သူ နည်းနည်းတော့ စိတ်ချမ်းသာရပါသည်။

ဆုနှင့်ချစ်သူဘဝကတည်းက ဒီအခြေအနေတွေကို သူ ကြိုတင် စိုးရိမ်ခဲ့ဖူးသည်။

လုပ်ငန်းများစွာ ရှယ်ယာပိုင်သော ကုမ္ပဏီပိုင်ရှင်သူဌေးကြီး ဦးဇိုးသဏ္ဌာန်က သူလို မန်နေဂျာလေးနှင့် သမီးဖြစ်သူကို သဘောတူပါ့ မည်လား စိုးရိမ်ခဲ့ဖူးသည်။

ပြီးတော့ ဆုရဲ့နောက်ကွယ်က ပိုင်ဆိုင်မှုတွေကြောင့် ဆုကို သူ ချစ်ခဲ့တာဟု ထင်မှာကိုလည်း စိုးရိမ်ခဲ့၏။

နောက်ဆုံးတော့ သူစိုးရိမ်သည့်အတိုင်း ဖြစ်လာခဲ့တာပဲဖြစ်၏။ ဒါပေမဲ့ ထိုအချိန်မှာ သူ ရန်ကုန်မှာ မရှိခဲ့။

ဆုက သူ့တိုက်ခန်းမှာ ညီမလေးနှင့်ရောက်နေတော့ သူ အံ့ဩ မိတာအမှန်။ သို့အပေါ်ထားရှိသော ဆုရဲ့ချစ်ခြင်းကိုလည်း သူ အသိ အမှတ်ပြု လေးစားရပါသည်။

အိမ်မှ အဝတ်တစ်စုံတည်းနှင့်ဆင်းလာသော ဆုကိုလည်း သူ ကျေးဇူးတင်မိသေး၏။ မိဘတွေဆင်ထားသော ဘာပစ္စည်းမှ ပါမလာ ခဲ့တာကို သူ ကျေနပ်ပါသည်။

"ကိုကို ဒီမှာ သီရိတို့, ရင်ငြိမ်းတို့ ပြန်တော့မယ်တဲ့"

ဧည့်သည်တွေရှင်းလင်းသွားကာ တိုက်ခန်းထဲမှာ ဆုနှင့် သူငယ် ချင်းသုံးယောက်ပဲရှိနေတာမို့ သူ ဧည့်ခန်းထိုင်ခုံမှာ ထိုင်နေမိတာ ဖြစ်၏။

ဆုရဲ့ကျောင်းကို လိုက်သွားဖူးတုန်းက မြင်ဖူးနေသော ဆု



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကို သူ ပြုံးပြနှုတ်ဆက်ရင်း –

"အခုလို လာရောက်ချီးမြှင့်ပေးတာ ကျေးဇူးပဲနော်"

"ရပါတယ် ကိုကျွန်တည်ရဲ့၊ ဆုရဲ့သူငယ်ချင်းအရင်းကြီးတွေပဲ မဖြစ်မနေ လာရမှာပေါ့၊ အဟင့်"

"ခွင့်ပြုပါဦးနော်၊ ဆု ငါတို့ပြန်မယ်"

"ကျေးဇူး သိရဲ့၊ နောက်လည်း လာလည်ကြဦးဟာ"

"အေးပါ၊ အားတဲ့ရက် လာလည်မှာပေါ့၊ သွားပြီ ဆုရေ"

အားလုံး နှုတ်ဆက်ပြန်သွားတော့ စကားသံတွေ၊ ရယ်မောသံတွေ စီဝေနေသော တိုက်ခန်းလေးက တိတ်ဆိတ်ကျန်ရစ်ခဲ့သည်။

ညီမလေးကလည်း သူ့သူငယ်ချင်းတွေကို လိုက်ပို့ရင်း ဘယ်ကို ခြေစကြာဖြန့်နေခဲ့သည်မသိ။

"ညီမလေး ပြန်မလာသေးပါလား ဆု"

"နည်းနည်းနောက်ကျမယ်လို့ ဆုကိုပြောသွားတယ် ကိုကို သူ့သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေတာ သွားမေးကြဦးမှာတဲ့"

သူ့အမေးကို ဖြေရင်း ဆုက သူ့နံဘေးထိုင်ခုံလေးမှာ ဝင်ထိုင်သည်။ ပန်းဆီရောင်မင်္ဂလာဝတ်စုံလေးနှင့် ဝင်းမွတ်မွတ်လေးလှနေသော ဆုကို သူကြည့်ရင်း –

"ဆု ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး ကိုကို၊ မထင်မှတ်တဲ့ ဧည့်သည်တွေ အများကြီး ရောက်လာလို့ ပျော်နေတာ၊ အဟင်း"

ငါးဆယ်ကျော်မျှသော ဧည့်သည်တွေ ရောက်လာတာကို ဆု ဝမ်းသာပျော်နေရှာသည်။ အများစုကလည်း ညီမလေးနှင့် ဆုသူငယ်ချင်း





တွေဆိုတော့ ပျော်ရှာမည်ပေါ့။

"ကိုယ် စိတ်မကောင်းတာ ဆုကို ခမ်းခမ်းနားနား မင်္ဂလာဆောင်ခွင့် မပေးနိုင်တာကိုပါ"

"ကိုကိုရယ်၊ အဲဒါ မလိုအပ်ပါဘူး။ အရေးကြီးတာ ဆုနဲ့ကိုကို ပေါင်းကြဖို့ပဲလေ"

မနေ့က ရုံးမှာလက်မှတ်ထိုးလက်ထပ်ပြီး သူ့ကုမ္ပဏီရုံးခန်းက ဝန်ထမ်းတွေကို မင်္ဂလာဆွမ်းကျွေးသည်။ ဒီနေ့ တိုက်ခန်းလေးမှာ မင်္ဂလာဆွမ်းကျွေးသည်။

သူ တတ်စွမ်းသမျှတော့ ဆုအတွက်ပေးဆပ်ချင်၏။ ဆုရဲ့မိတ်ဆွေအတွက်တော့ ဒါ သိမ်ငယ်စရာဖြစ်ကောင်းဖြစ်နေမည်ထင်၏။

"ကိုကို ဘာတွေ တွေးနေတာလဲ"

သူ့ပခုံးမှာ ခေါင်းလေးမှီကာ ဆုမေးလာတော့ သူ ဆုပခုံးလေးကို ပြန်ပွေ့ဖက်ထားရင်း –

"ဘာမှမတွေးပါဘူးကွာ၊ ဆုကို သနားလို့ပါ၊ ဆု ရှင်သန်ခဲ့ရတဲ့ ဘဝလောကကနေ ကိုကို့ဘဝထဲ ခုန်ဝင်လာတာ ဆုအပေါ် ကိုကို တရားမျှမလားလို့"

"ကိုကိုရယ် ဆုအတွက် အရေးကြီးဆုံးက ကိုကို့ချစ်ခြင်းလေ"

ပြောရင်း ရင်ခွင်ထဲမှီကျလာသော ဆုခန္ဓာကိုယ်လေးကို သူ ဆွဲပွေ့ထားမိသည်။

နဂို နုညက်ဝင်းမွတ်နေသော မျက်နှာလေးက မှုန်မှုန်လေးပဲ ခြယ်သပြင်ဆင်ထားတာမို့ အလှတရားတို့က ဝင်းပပလေး ပေါ်လွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဖူးပြင်လေးပေါ်က ဆံနွယ်လေးတွေကို သူ ညင်သာစွာ ဖယ်ရှင်းပေးတော့ ဆု မျက်ဝန်းလေးတွေ မှိတ်ကာ ငြိမ်သက်နေ၏။

နဖူးပြင်လေးကို သူ ညင်သာစွာပဲ ငုံနမ်းမိသည်။

ဆု မျက်ဝန်းလေးတွေ ပွင့်လာကာ သူ့ကိုမော့ကြည့်ရင်း -

"ကိုကို့ကို ဆု သိပ်ချစ်တယ်"

ဆုစကားသံတိုးတိုးလေးက သူ့ရင်ခွင်ကိုဖြတ်၍ နှလုံးသားထဲ အထိ စီးဆင်းစေသော စမ်းရေလေးလို အေးမြစေ၏။

"ဆုရယ်၊ မင်းကိုလည်း ကိုကိုသိပ်ချစ်တယ် ကလေး"

အနမ်းလေးတစ်ပွင့် ဆုနဖူးပေါ် ထပ်ခြွေချရင်း သူဆိုမိ၏ ဆုလက်နှစ်ဖက်က သူ့လည်တိုင်ကို သိုင်းဖက်ထားတာမို့ သူ့မျက်နှာ နှင့် ဆုမျက်နှာ နီးကပ်စွာ။

အနမ်းတို့က နဖူးပြင်လေးသာမကတော့ဘဲ မျက်နှာအနှံ့ ပွင့်ခဲ့ သွားခဲ့သည်။

ပါးပြင်လေးနှစ်ဖက် အနမ်းတို့ ဆင့်ကဲရင်း မေးစေ့လုံးလုံးဝန်း ဝန်းလေးဆီ ရောက်သည်။

ထိုမှ လည်တိုင်နုနုလေးဆီ သူ ငုံနမ်းတော့ ဆုထံမှ ဝင်သက် ထွက်သက် နွေးနွေးလေး သူ့ပါးပြင်ကို လာထိတွေ့သည်။

ဆုခန္ဓာကိုယ်လေးကို သူပွေ့ချီရင်း ထရပ်လိုက်တော့ ရင်ခွင်ထဲ မှာ ဆု မျက်တောင်ရှည်ကြီးတွေ မေးစင်းထားဆဲ။

တစ်ခါတုန်းက သူ့ရဲ့လှုပျိုခန်းလေးသည် အခုတော့ သူနှင့်ဆု၏ မင်္ဂလာအိပ်ခန်းလေးအဖြစ် ပြောင်းလဲနေခဲ့ပြီ။

ဆုကို မင်္ဂလာခန်းလေးထဲအထိ သူ ပွေ့ချီခေါ်ဆောင်ခဲ့၏





ဆင်ပေါ်က မွေ့ရာပေါ်ကို ဆုခန္ဓာကိုယ်လေးကို သူ ညင်သာစွာ ချပေးပြီး ပြစ်ကင်းစင်သော မျက်နှာလေးကို ငေးကြည့်နေမိဆဲ။

ဆုမျက်ဝန်းလေးတွေ ဖျတ်ခနဲပွင့်လာကာ သူ့ကိုကြည့်ရင်း--

"ကိုကို"

"ပြောလေ ဆု"

"ဆုကို ဘယ်တော့မှ မမုန်းပါနဲ့နော်"

ချစ်ခြင်းကို ငုံလင့်နေသော နှုတ်ခမ်းလေးတွေကို သူ မြတ်နိုးစွာ ငုံနမ်းမိ၏။

ရှိန်းမြစွာ ပေါင်းစည်းမိသော အနမ်းတို့က ရှည်ကြာစွာ၊ ရှိန်းမြ နွေးစွာ။ ရင်ခုန်သံတွေက ချစ်သူနှစ်ဦး၏ မင်္ဂလာအခန်းလေးထဲမှာ ပြည့်လျှောင်းစီးမျောလျက်။

ချစ်ခြင်းနှင့်ဖွဲ့သီသော ကမ္ဘာငယ်လေးထဲမှာ အဆုံးမဲ့သော ချစ်ခြင်းတွေ၊ ယုယသော ကြင်နာမှုတွေ၊ ရှိန်းမြသော အနမ်းတွေ စီး မျောခေါ်ဆောင်ရာအတိုင်း။

✿ ✿ ✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟယ် မမဆု အစောကြီးနိုးနေတယ်"

မနက်စောစော မီးဖိုထဲမှာ ဆုရောက်နေတာမြင်တော့ မ…
အိပ်ချင်မူးတူးမျက်ဝန်းတွေကို ပွတ်ရင်း တအံ့တသြမေး၏။

"ရိပ်လေး နိုးပြီလား၊ မစောပါဘူး၊ စောစောကပဲ နိုးတာ…"

"ဗိုက်ဆာလို့လား မမဆု၊ ပြောလေ၊ ဆု တစ်ခုခုစီစဉ်ပေး…
ပေါ့"

"မဟုတ်ပါဘူး၊ ကိုကိုနိုးရင် စားသောက်ဖို့ စီစဉ်နေတာ…"

"အို မဟုတ်တာ မမဆု၊ မလုပ်ပါနဲ့၊ ရိပ်ဘာသာ လုပ်မှာ…
ကိုကိုကော နိုးပြီလား၊ မထလောက်သေးပါဘူး"

"မနိုးသေးပါဘူး၊ မမ,နိုးနေလို့ ထစီစဉ်နေတာ၊ ရိပ်…





…ချက်နှာသစ်တော့လေ"

"အခုပဲ သစ်ပြီးပါပြီ၊ မမဆု ဖယ်ပါ၊ မလုပ်ပါနဲ့၊ မမဆုအိမ်မှာ
…ဘာမှလုပ်ရတာ မဟုတ်ဘဲနဲ့"

ပန်းရိပ်ခင် အားနာသလိုပြောရင်း အနားရောက်လာတော့
…ဆု ပြုံးပြုံးလေးကြည့်ရင်း –

"အခု မမဆုက အိမ်မှာမှမဟုတ်တာ၊ ပြီးတော့ မမဆုက
…အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီလေ"

ဆုစကားကို ပန်းရိပ်ခင်ကလည်း လက်မခံသလို ခေါင်းလေး
…ခွင်တွင်ခါယမ်းရင်း –

"အို ဘာပဲဖြစ်ဖြစ်၊ မမဆု မလုပ်ပါနဲ့၊ ရိပ် အမြဲလုပ်နေကျပါ"

"ဘာမှမပင်ပန်းပါဘူး ရိပ်လေးရဲ့၊ အိမ်မှာ မလုပ်ဖြစ်တာ
…ဒီတုန်းက မမမှ မတတ်သေးတာ၊ အခု ရိပ်လေးသင်ပေးထားလို့
…မ တတ်နေပြီလေကွယ်"

ပန်းကန်လုံးထဲမှာ ခေါက်ထည့်မွှေထားသော ကြက်ဥနှစ်ထဲ
…ပေါင်မုန့်ချပ်လေးတွေ နှစ်ထည့်နေသောဆုကို ရိပ် ငေးငေးလေး ရပ်ကြည့်
…ရင်း –

"မမဆု ကြက်ဥပေါင်မုန့်ကြော်မှာလား၊ ဒါဆို ရိပ် ကော်ဖီအိုး
…နှပ်ထားလိုက်မယ်"

"စောစောကပဲ မမဆု ကော်ဖီနှပ်ထားပြီးပြီ ရိပ်လေးရဲ့"

"ဟုတ်လား၊ ဒါဆို ကိုကိုနိုးရင် အားလုံး အဆင်သင့်စားလို့ရ
…အောင် ရိပ် ပြင်ဆင်ပေးမယ်"

ပန်းရိပ်ခင်က ဆုတစ်ယောက်တည်း လုပ်နေတာကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရက်ဘဲ ပိုင်းဝန်းကူညီပေးနေခဲ့သည်။

ပေါင်မုန့်တွေကြော်နေတော့လည်း အနားရောက်လာကာ ဝိုင်း
ကူပေးသည်။

ဆုနှင့်ရိပ် ကြော်လော်စီမံနေတုန်းမှာ ကိုကိုနိုးလာကာ မီးဖိုခန်း
ရောက်လာ၏။

"ဟော့ နှစ်ယောက် ဘာတွေကြော်လော်နေကြတာလဲ"

"ပေါင်မုန့်ကြက်ဥကြော်တဲ့ကိုကိုရေ၊ မမဆုက အစောကြီးထ
စီစဉ်နေတာလေ"

"ဟုတ်လား။ ညီမလေးက အိပ်ပုတ်ကြီးနေတာပေါ့"

"ကိုကိုကမှ အိပ်ပုတ်ကြီးတာ၊ ညီမလေးက နိုးလို့ ဝိုင်းကူ
နေတာ မတွေ့ဘူးလား"

"ဟား ဟား။ ဟုတ်ပါပြီ၊ ကိုကိုကော ဘာကူညီပေးရမလဲ
ပြော"

ကမ္ဘာတည်က ရယ်မောရင်းပြောတော့ ရိပ်လေး မျက်စောင်း
ကြည့်ရင်း –

"ကိုကိုတာသာ မျက်နှာသွားသစ်ပါ၊ ပြီးမှ စားပွဲဝိုင်းမှာ အသင့်
ထိုင်စားတော်မူပါ"

"ကောင်းပြီ ကောင်းပြီ၊ စိုက်ဆာနေပြီကွ"

ကမ္ဘာတည် ရေချိုးခန်းဘက်ထွက်သွားတော့ ဆုနှင့်ရိပ် တစ်
ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးမိကြသေး၏။

ရိပ်လေးက ဆုကို မီးဖိုခန်း မဝင်စေချင်ပေးမယ့် ဆု မီးဖိုခန်း
ဝင်ဖြစ်ပါသည်။ နောက်ပိုင်းဆို ကိုကို ရုံးမသွားခင် ထမင်းချိုင့်





အတွက် ဆု ပြင်ဆင်ပေးဖို့ ဆုံးဖြတ်ထားသည်။

ကိုကို့ရဲ့ဇနီးမယားတစ်ယောက် ဖြစ်နေတော့လည်း ဆု မယား
တစ်ယောက်ရဲ့တာဝန်တွေ ကျေပွန်ချင်ပါသည်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၃)

သူပြန်ရောက်လာသည်ဆိုတော့ မာမီကတော့ ဝမ်းသာမျက်ရည်တွေကျသည်။ ဒယ်ဒီကတော့ မျက်နှာတည်တည်နှင့်ပဲ ရှိ၏။

သူနှင့်အတူ ကိုကြီးနိုင်မပါလာပါ ရန်ကုန်ပါလာတာမို့လည်း မာမီ ဝမ်းသာနေရှာ၏။

"မာမို့သားနှစ်ယောက်နဲ့ ပြန်ဆုံရတာ မာမီ ဝမ်းသာလိုက်တာ။ သားငယ် ဒီတစ်ခါတော့ မာမို့အနားက ခွဲမသွားပါနဲ့ကွယ်"

"ကော်ဖြူဟ်ရှု ခင်ဗျားကသာ မျက်ရည်လေးတစမ်းစမ်းနဲ့ သံယောဇဉ်ကြီးနေ။ ခင်ဗျားသားက ခင်ဗျားကို သံယောဇဉ်တွယ်တယ် ထင်သလား"

ဒယ်ဒီနှင့်သူ မတည့်တာ ဒါတွေကြောင့်ပဲ ဖြစ်သည်။





အခုလည်း သူ့ကို မဲ့ခနဲကြည့်ကာ ဒယ်ဒီ ဆိုနေ၏။

"ကိုယ်မွေးထားတဲ့ သားသမီးတွေပဲတော်၊ သံယောဇဉ် တွယ်ရမပေါ့"

ပြောရင်း မာမို့မျက်နှာ ညှိုးခနဲဖြစ်သွားသည်။ မမဆုအကြောင်းကို သတိရသွားတာဟု သူထင်သည်။ တကယ်ဆို သူ့ရင်ထဲမှာလည်း ပြန်ရောက်ရောက်ချင်း မမဆုမျက်နှာကို မတွေ့ရတော့ ခံစားချက်က မွန်းကြီးဖြစ်ရသည်။

ရန်ကုန်ကို သူပြန်လာတိုင်း မမဆုနှင့်မာမီသည် အမြဲတမ်း သာအားရ ဆီးကြိုတတ်ကြတာပဲ ဖြစ်သည်။

သူဝယ်လာသောလက်ဆောင်တွေအတွက်လည်း မာမီနှင့် မမဆု ကျေနပ်နေတတ်ကြသည်။

မန္တလေးပြန်လက်ဆောင်တွေ ဝယ်လာပြီး မာမီနှင့်မမဆုဆီက ရ မုန့်ဖိုးပြန်တောင်းတော့လည်း လိုလိုလားလား ပေးတတ်ကြတာပဲ ဖြစ်၏။

"မောင်လေးနော်၊ တော်တော်လူလည်လုပ်တယ်၊ ဝယ်လာတဲ့ လက်ဆောင်နဲ့ နင်ပြန်တောင်းတဲ့မုန့်ဖိုးက မတန်ဘူး"

"အာ မမဆုကလည်း ကိုယ့်မောင်လေးရဲ့ သိတတ်မှုကို အဲဒီ ငွေနဲ့မတိုင်းတာနဲ့လေဗျာ"

"ဟုတ်ပါပြီတော် ဟုတ်ပါပြီ၊ ပြောမိတာ တောင်းပန်ပါတယ်"

ဒီလို အနိုင်ကျင့်ဆိုးနွဲ့ရော အစ်မတစ်ယောက် အိမ်မှာမရှိတော့ ညှိုက ဝမ်းနည်းချင်စရာကောင်းသည်။

"သားနှစ်ယောက် အိမ်ကိုပြန်ရောက်တော့လည်း သမီးက

www.burmeseclassic.com



အိမ်မှာမရှိတော့''

စကားဆုံးအောင် မဆိုနိုင်ဘဲ မာမို့မျက်ဝန်းက မျက်ရည်စတွေကို လက်ဖမိုးနှင့် ပွတ်သုတ်နေတော့ ဒယ်ဒီက –

''မင်း,သမီးအကြောင်း စကားထဲထည့်မပြောနဲ့တော့ မြတ်အမိုက်မအကြောင်း ဘာမှ မကြားချင်ဘူး။ ကြားမိတိုင်း ဒေါသဖြစ်တယ်''

ဒယ်ဒီ လေသံမာမာနှင့် ပြောသည်။ ဒယ်ဒီ့မျက်နှာပေါ်မှာ ဒေါသအရိပ်တို့ဖြင့် ချက်ချင်းနီမြန်းလာသည်။ ဘာကြောင့် ဒယ်ဒီရဲ့ဒေါသတွေ ဒီလောက်ကြီးမားနေတာလဲ သူ နားမလည်နိုင်ပါ။

''နေပါဦး ဒယ်ဒီ၊ မမဆုယူလိုက်တဲ့ယောကျ်ားက ဘယ်သူ့ဖို့လဲဟင်၊ ဘာလို့ ဒယ်ဒီတို့က သဘောမတူနိုင်ရတာလဲ''

မနေနိုင်သောစိတ်ဖြင့် မေးမိပြန်သည်။ ဒယ်ဒီက သူ့ကို မျက်မှောင်ကြီးကုတ်ကြည့်ရင်း –

''ဘာအကြောင်းရှိမှာလဲကွ၊ လူဆိုတာ ကိုယ်နဲ့တူညီတဲ့ အဆင့်အတန်းကိုပဲ ရွေးချယ်သင့်တာပေါ့၊ ကမ္ဘာ့ဇာမိန်နေရာဆိုတဲ့ အဆင့်အတန်းတစ်ခုနဲ့ ကိုယ့်ဘဝအတွက် ရွေးသင့်သလား စဉ်းစားရမယ်၊ အခုတော့ မိဘဆွေမျိုးအသိုင်းအဝိုင်းမရှိ တစ်ကောင်ကြွက် မောင်နှမနှစ်ယောက်နဲ့ သူကိုမှ ရွေးရတယ်လို့၊ မိဘတွေ အတန်တန်တားမြစ်နေတဲ့ကြားက ထင်ရာစိုင်းသွားတာမျိုးတော့ ငါ သည်းမခံနိုင်ဘူးကွ''

ပြောရင်း ဒယ်ဒီ ဒေါသတွေရှူဝေလာတာကြည့်ပြီး နိုင်သဏ္ဍာန် ပင့်သက်ချမိပြန်ပါသည်။

ဒယ်ဒီတို့သတ်မှတ်သည့် အဆင့်အတန်းတွေ၊ ဂုဏ်ဒြပ်တွေဆိုတာ သူ ဘယ်လိုမှ လက်မခံနိုင်သည့် အရာတွေပဲဖြစ်၏။





လူတစ်ယောက်ကို သတ်မှတ်သည့် စံနှုန်းတွေက ဒါတွေလား။ ဒီလိုလျှင် ချမ်းသာပြည့်စုံပြီး စိတ်ဓာတ်အဆင့်အတန်း ညံ့ဖျင်းသည့် သူတွေကို ဒယ်ဒီ ဘယ်လိုသတ်မှတ်မည်လဲ။

ဒါပေမဲ့ သူပြောချင်တာတွေကို ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်ပါသည်။ အန်ကယ်လွင်က မှာထားသည့် ရန်ကုန်ရောက်လျှင် ဒယ်ဒီနှင့် အတိုက်အခံစကားတွေ မပြောဖို့ သတိပေးလိုက်၏။

သူနှင့်အတူ ရန်ကုန်ကို အတူလိုက်လာသော ကိုကြီးကလည်း တစ်လမ်းလုံးမှာခဲ့၏။

''ညီလေး၊ မင်း ရန်ကုန်ရောက်ရင် မိဆုကိစ္စ ဒယ်ဒီတို့ကို ဘာမှမဝေဖန်နဲ့နော်''

''ဘာလို့လဲ ကိုကြီးရဲ့ အမှန်တရားတစ်ခုကို ကျွန်တော် ပြောခွင့်မရှိဘူးလား''

''ဟော့ကောင်၊ အမှန်တရားတွေ ဘာတွေ မင်း ဘာမှမပြောနဲ့၊ အခုချိန်မှာ ဒယ်ဒီ မိဆုကိစ္စ ဒေါသထွက်နေတယ်၊ မာမီလည်း ခံစားနေရတယ်၊ ပြီးတော့ မာမို့ကျန်းမာရေးလည်း ရှိတယ်၊ မင်း ရေငုံနှုတ်ပိတ်နေတာ အကောင်းဆုံးပဲ''

ကိုကြီးစကားတွေကြောင့် သူ ပြောချင်တာတွေကို ရင်ထဲမှာပဲ မျိုချထားလိုက်ပါသည်။

''အေး မင်းကိုလည်း ငါ အခုကတည်းက တစ်ခါတည်း အပြတ်ပြောထားမယ် နိုင်သဏ္ဍာန်၊ ကိုယ့်မိဘအသိုင်းအဝိုင်းရဲ့ အဆင့်အတန်းကို မင်းကြောင့် မသိမ်ငယ်စေနဲ့''

မြားဦးက သူ့ဘက်ကို ဦးတည်လာပြန်ပါသည်။ သူ နှုတ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



စွာပဲ နားထောင်နေလိုက်၏။

"မင်း အိမ်ထောင်ပြုမယ်ဆိုရင်လည်း စဉ်းစားရွေးချယ်ပါ။ မိဘစကား ဆန့်ကျင်လို့ကတော့ ငါ့ဘက်က ခွင့်လွှတ်မယ်မထင်နဲ့"

ဒယ်ဒီ့ကို ဘာမှ ခွန်းတုံ့မပြန်မိပေမယ့် သူ့စိတ်ထဲမှာတော့ ဒယ်ဒီ့စကားတွေကို အလိုလို ဆန့်ကျင်နေမိသည်။

သူ့ဘဝရေ့ရေးအတွက် ရွေးချယ်ရမည့်သူကို သူ့နှလုံးသားကပဲ ဆုံးဖြတ်ပေးမှာပဲဖြစ်သည်။ ရည်းစားမကျတကျတွေ၊ ချစ်သူမဖြစ်တဖြစ်တွေ သူ အများကြီး ရှိခဲ့ ထားခဲ့သည်။

ဒါပေမဲ့ ခုချိန်အထိ နှလုံးသားက ဖြူစင်စွာပဲ ရှိသေး၏။

"ကဲ သားကြီး၊ ဒယ်ဒီနဲ့ ခဏလိုက်ခဲ့ကွာ၊ ဒယ်ဒီ့မိတ်ဆွေတွေနဲ့ သားကို တွေ့ပေးချင်လို့"

စကားဝိုင်းမှာ ဘာတစ်ခွန်းမှ မဆိုဘဲ တိတ်ဆိတ်စွာ ထိုင်နေသော ကိုကြီးကို ဒယ်ဒီခေါ်တော့ ကိုကြီး ချက်ချင်းထလိုက်သွား၏။

ဒယ်ဒီတို့ထွက်သွားမှ မာမီက သူ့ကိုကြည့်ကာ မမဆုအကြောင်း စကားဆက်ပြန်သည်။

"သမီး အခုလိုလုပ်သွားမယ်လို့ မာမီ လုံးဝမထင်ဘူး သားရယ်"

"နေပါဦး မာမီ၊ မမဆုကိစ္စကို သားကြားပါတယ်၊ အခု သူ့ရဲ့ ယောကျ်ားက ကုမ္ပဏီမန်နေဂျာတစ်ယောက်ဆို၊ အဲဒါ ဘာဖြစ်လို့လဲ၊ ကလေကချေတစ်ယောက်မှ မဟုတ်တာ"

ဒယ်ဒီ့ကိုမပြောဘဲ မျိုသိပ်ထားသောစကားတွေ မာမီ့ကိုတော့ သူ ပြောဖြစ်၏။





"ဒါကို ဒယ်ဒီက သဘောမတူတာ များတယ်ထင်တယ်၊ ဆိုးဆုံးက မမဆု မနှစ်သက်တဲ့ယောကျ်ားနဲ့ ပေးစားဖို့လုပ်တာပဲ၊ တော့ မမဆု သူ့ချစ်သူနောက်လိုက်သွားတာ အပြစ်မှမဟုတ်ဘဲ"

"မာမီတို့က သမီးဘဝကို ဒီထက်မြင့်မားစေချင်လို့ပါကွယ်"

"မာမီဆိုလိုတာ ဘာလဲ၊ မာမီတို့အခြေအနေက သားသမီး ယောက်ကို ပြည့်စုံအောင် အမွေပေးနိုင်တယ်၊ ပြည့်စုံပြီးသား အခြေ အနေမှာ ဒီထက်ပြည့်စုံဖို့ ဘာများလိုလို့လဲဗျာ၊ အရေးကြီးတာ မမဆု ည်းစိတ်ချမ်းသာ, မာမီတို့လည်း စိတ်ချမ်းသာဖို့ပဲ မဟုတ်ဘူးလား၊ ခုတော့ အမွေဖြတ်တယ်, သမီးအဖြစ်က စွန့်လွှတ်တယ်, သတင်းစာ ဲ ကြော်ငြာကထည့်တော့ ဘာအကျိုးရှိသလဲ၊ မမဆု စိတ်ချမ်းသာမယ် င်သလား။ မာမီလည်း စိတ်မချမ်းသာပါဘူး။ ဒယ်ဒီကော ပျော်နေနိုင် သလား"

သူပြောချင်တာတွေကို ရင်ဖွင့်ပြောပစ်လိုက်တော့ မာမီ နှုတ် ်တ်နေရှာသည်။ ဒယ်ဒီနှင့်သာဆိုလျှင်တော့ ပြဿနာတွေ ထိပ်တိုက် င်ဆိုင်ရမှာသေချာသည်။

တွေတွေလေးငြိမ်သက်နေသော မာမီကို သူ မေးခွန်းတွေ ပ်ထုတ်မိပြန်၏။

"မာမီရဲ့သမက်ကို မာမီမြင်ဖူးသလား"

မာမီ ခေါင်းလေးခါသည်။ သူထပ်မေးသည်။

"မာမီတို့ လူတစ်ယောက်ကို မမြင်ဖူးဘူး။ အကဲခတ် မကြည့် ဘဲနဲ့ အထင်နဲ့ဆုံးဖြတ်တာ များတယ်၊ မတော်ချင်ပေမယ့် အဲဒီသူက မိတို့သမက် ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သားဒယ်ဒီကတော့ တကယ့်ကို ခါးခါးသီးသီးဖြစ်နေတယ်"

မာမီဆိုတော့ သူ ပခုံးတစ်ချက်တွန့် ခေါင်းခါလိုက်ရင်း –

"ဒယ်ဒီ ဘယ်လိုပဲ သတ်မှတ်ပါစေ၊ သားအတွက်တော့ ယောက်ဖက ယောက်ဖပဲလေ၊ မာမီတို့လက်မခံလည်း သားကတော့ သတ်မှတ်ရမှာပဲ၊ မမဆုအပေါ် တကယ်ချစ်တဲ့ယောကျ်ားတစ်ယောက် ဟုတ်,မဟုတ် လေ့လာအကဲခတ်ကြည့်ရဦးမှာပဲ"

"သမီးလေး အဆင်ပြေ,မပြေ မာမီသိချင်တယ် သား။ သား ဒယ်ဒီမသိအောင် မာမီကို စုံစမ်းပေးပါကွယ်"

နိုင်သဏ္ဍာန် ခေါင်းညိတ်လိုက်ပါသည်။ မာမီကတော့ စိတ်ပျော့ပျောင်းသူပီပီ မမဆုဘက်မှာ ရှိနေသည်။

အရေးကြီးတာက ဒယ်ဒီပဲဖြစ်၏။ ဒါပေမဲ့ ဒယ်ဒီသည်လည်း မမဆုရဲ့ဖခင်ပဲမို့ အခြေအနေ အချိန်အတိုင်းအတာတစ်ခုမှာတော့ –

✿ ✿ ✿



## အခန်း (၂၄)

"မင်း ဘာတွေ ပြဿနာရှာဦးမလို့လဲ နိုင်သဏ္ဍာန်"

နိုင်မဟာ ဖတ်လက်စစာအုပ်က မျက်နှာခွာကာ သူ့ကို မျက်မှောင်ကုတ်မော့ကြည့်ရင်း မေးသည်။

"ပြဿနာရှာမှာမဟုတ်ဘူး ကိုကြီး။ ပြဿနာတစ်ခုကို ရှင်းမလို့"

"မင်းက ဘာရှင်းနိုင်မှာမို့လဲ၊ ဒီကိစ္စမှာ ဒယ်ဒီ ဘယ်လောက်အထိ စိတ်ဆိုး ဒေါသထွက်နေသလဲဆိုတာ မင်းသိရဲ့နဲ့"

"ဒယ်ဒီ စိတ်ဆိုးနေတာ မမဆုကိုလေ၊ မမဆုက ဒယ်ဒီတို့ရဲ့ သမီးပဲ၊ ပြီးတော့ ကျွန်တော့်အစ်မ၊ ကိုကြီးရဲ့ ညီမတစ်ယောက်ပဲ"

"ဒါ ငါသိတယ် နိုင်သဏ္ဍာန်၊ မိဆုက မိဘစကားကိုမှ နား



www.burmeseclassic.com

www.burmeseclassic.com



မထောင်ခဲ့တာပဲ၊ သူ အပြစ်ရှိလို့ ဒယ်ဒီတို့ဘက်က စိတ်ဆိုးနေတာကို မင်းက ဘာဝင်ရှုပ်ဦးမှာလဲ"

"အဲဒါတွေကြောင့် ကိုကြီးနဲ့ကျွန်တော် ခက်နေတာ၊ ဖြစ်တဲ့ ပြဿနာကို ကိုကြီးစဉ်းစားကြည့်လေ"

"ပြောပါဦး၊ ငါက ဘာကိုစဉ်းစားရမှာလဲ"

ခပ်ရွှဲရွဲမေးရင်း မျက်မှုံးတွတ့တူနှစ်ဖက် တွန့်လျက်က သူ့ကိုကြည့် နေသော ကိုကြီးအကြည့်တွေကို သူ တုံ့ပြန်ရင်ဆိုင်ကြည့်ရင်း –

"မမဆုဘက်က မမှားဘူးလို့ ကျွန်တော်ယုံတယ်၊ မမဆု ချစ်တဲ့သူကို ယူခဲ့တာလေ"

"ဟ အဲဒါကို ဒယ်ဒီတို့မှာ သဘောမကျတာဘဲကွ"

"ဒယ်ဒီတို့ သဘောမကျပေမယ့် မမဆုက သဘောကျနေ တယ်၊ ဒါကြောင့်တောင် မိသားစုအရိပ်ကို စွန့်ပြီး ထွက်သွားတာလေ"

"ဒါဆိုလည်း ဖြစ်လာတဲ့ပြဿနာကို သူရင်ဆိုင်ရမှာပေါ့၊ မင်း က ဘာလို့ ကြားထဲဝင်ပြီး ညှိနှိုင်းရေးလုပ်နေရတာလဲ၊ ဒါကြောင့် မင်းကို အနက်ကယ်လွင်ရော ငါပါ ရန်ကုန်မရောက်ခင်ကတည်းက ကြိုသတိပေး ခဲ့တာ၊ ဒယ်ဒီနဲ့ အတိုက်အခံမလုပ်ဖို့"

"ကျွန်တော် အတိုက်အခံလုပ်နေတာမဟုတ်ဘူး၊ ဖြစ်သင့်တာ ကို ပြောပြနေတာ၊ ဆိုလိုတာက မမဆု အိမ်ထောင်ကျသွားပြီ၊ သူ့အိမ် ထောင်ဖက်မကောင်းရင် သူပဲ ခံရမှာပဲ၊ အဲ မိဘမောင်နှမတွေကတော့ လိုအပ်ရင် ထောက်ပံ့ကူညီပေးရမှာပဲ၊ ဒယ်ဒီဘက်က ယတိပြတ် စွန့် အောင် သူ့ယောကျ်ား ကမ္ဘာတည်မှာ ဘယ်လိုပြစ်ချက်မျိုးရှိသလဲ"

သူမေးတော့ ကိုကြီး ခေါင်းကိုခါသည်။ ပြီးတော့ လေသံအေး





အေးနှင့်ပဲ သူသိထားသမျှကို ပြောပြသည်။

"ငါတော့ ဘာမှ အသေးအချာ မသိဘူး၊ ဒယ်ဒီကတော့ ကမ္ဘာ တည်ရဲ့အခြေအနေကို အဓိက သဘောမကျတာဘဲ၊ နောက်ခံအသိုင်း အဝိုင်း မရှိဘူး၊ မောင်နှမနှစ်ယောက်နဲ့ ရုန်းကန်နေရတဲ့သူ၊ မိဆုအတွက် အားကိုးထိုက်တဲ့သူတစ်ယောက် မဟုတ်ဘူးတဲ့"

"အဲဒါ ဒယ်ဒီရဲ့ ထင်မြင်ချက်နဲ့ သုံးသပ်မှုတွေပါဗျာ၊ ဒီလူက လည်း အပေအတေမှ မဟုတ်တာ၊ ကုမ္ပဏီရဲ့ မန်နေဂျာတစ်ယောက်ပဲ၊ အရေးကြီးတာ မမဆုကို တကယ်ကြင်နာပြီး တာဝန်ယူနိုင်ဖို့ပဲ"

"မင်းပြောတာ ငါလက်ခံတယ်၊ ဒါပေမဲ့ ဒယ်ဒီတို့ မိဘဘက်က ဆန္ဒကိုလည်း လက်ခံရမှာပဲ၊ ကိုယ့်သားသမီးကို မြင့်မြင့်မားမား အခြေ အနေမှာ မြင်ချင်မှာပေါ့"

"အဲဒါပြောတာပေါ့၊ မမဆုဘဝကို အဆင်ပြေချင်တယ်ဆိုရင် အခြေအနေအရ လက်ခံပြီး ဒယ်ဒီတို့ ကူညီပံ့ပိုးပေးရမှာ"

"နိုင်သဗျာ့နာန်၊ မင်း အဲဒါတွေက ငါ့ကို လာပြောနေမယ့်အစား ဒယ်ဒီနဲ့ပြောရမှာကွ၊ ဒါပေမဲ့ ဒယ်ဒီကလည်း အခုချိန်မှာ ဒေါသမပြေ သေးတော့ မင်းနဲ့ ပြဿနာဖြစ်ဖြစ်ရုံပဲရှိမှာ"

နောက်ဆုံးတော့ ကိုကြီးစကားတွေက ဒီဘူတာမှာပဲ ပြန် အဆုံးသတ်နေပြန်သည်။ ကိုကြီးက သူတို့မောင်နှမတွေထဲမှာ အနေအေး ကာ အတည်ငြိမ်ဆုံးဟု သူနားလည်ပါသည်။

ဒါပေမဲ့ မမဆုပြဿနာမှာ ကိုကြီးကိုပါ မမဆုဘက်က ရှိစေ ချင်သည်။ အခုတော့ ကိုကြီးပုံစံက ဘာမှမသက်ဆိုင်သလို တည်ငြိမ် လွန်းနေတာကို သူ သဘောမကျချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အခု ကျွန်တော့်ရည်ရွယ်ချက်က ဒယ်ဒီနဲ့ ထိပ်တိုက်ဖြေရှင်းဖို့ မဟုတ်ပါဘူး ကိုကြီးရာ၊ အလိုလိုမှ ကျွန်တော့်စကားကို ဒယ်ဒီက အလေးမထား၊ အထင်မကြီးတာ သိတယ်"

"ဒါဆို မင်းက ဘာလုပ်ချင်တာလဲ"

"ဒယ်ဒီတို့ ဥပေက္ခာပြုထားပေမယ့် မမဆုကိုမှ ကျွန်တော် ဥပေက္ခာမပြုရက်နိုင်တာ၊ ဒီတော့ သူတို့နဲ့သွားတွေ့ပြီး သူ့ယောကျ်ားရဲ့ စိတ်ဓာတ်ကို သိအောင်လေ့လာမယ်၊ မမဆုအပေါ် တကယ်ကောင်းမွန်တဲ့သူဖြစ်ရင် ဒယ်ဒီတို့နဲ့ အဆင်ပြေအောင် စေ့စပ်ပေးရမှာပေါ့"

သူ့စကားကို ကိုကြီး ဘာမှ ဝေဖန်ချက်မပေးဘဲ ငြိမ်သက်နေသည်။ ဒါက လက်ခံခြင်းဟု သူနားလည်၏။

"မာမီကလည်း ဒယ်ဒီ့လို မပြတ်သားပါဘူး၊ သူ့သမီး အနေအထိုင် ဆင်းရဲဒုက္ခရောက်နေမှာ စိုးရိမ်နေတယ်၊ ကျွန်တော့်ကိုတောင် ဒယ်ဒီမသိအောင် စုံစမ်းခိုင်းနေတယ်"

"အင်း ဒါဆိုရင်လည်း မင်း လေ့လာစုံစမ်းကြည့်လေ၊ ငါက ခွင့်ရက်ပြည့်ရင် မန္တလေးပြန်ရမှာဆိုတော့ ဒီမှာရှိမှာမဟုတ်ဘူး"

"ကျွန်တော်သိတယ်၊ ကမ္ဘာတည်အကြောင်း ကျွန်တော် အကဲခတ် စုံစမ်းမယ်၊ အခြေအနေမှန်ကိုသိရင် ကိုကြီးဘက်က အကူအညီလိုတယ်"

"ငါ ဘာကူညီရမှာလဲ"

"ဒယ်ဒီလက်ခံလာအောင် ကိုကြီးဘက်က ဒယ်ဒီ့ကို ဝိုင်းဝန်းကူညီပြောဆိုပေးဖို့ပဲ"

ကိုကြီး တွေခနဲ စဉ်းစားနေသေးသည်။ ပြီးမှ သဘောတူသလို





ခေါင်းတစ်ချက်ညိတ်သည်။

"အင်း ငါလက်ခံတယ်၊ မင်းလေ့လာကြည့်လေ၊ တစ်ခုတော့ မှတ်ထားပါ၊ ကမ္ဘာတည်ဆိုတဲ့ကောင်က မင်းသဘောမကျစရာ လူတစ်ယောက်ဖြစ်နေခဲ့ရင် မင်း ဘာမှ သွားပြဿနာရှာမနေနဲ့၊ အခြေအနေတွေ ဒီထက်ဆိုးကုန်မှာ ငါမလိုလားဘူး နိုင်သဏ္ဍာန်"

ကိုကြီး စိုးရိမ်စွာ မှာနေတာကို သူနားလည်ပါသည်။ သူ့ရဲ့ ... စိတ်ဆတ်မှုကို ကိုကြီး စိုးရိမ်တာကြောင့် ကြိုတင်တားနေခြင်း ဖြစ်၏။

"စိတ်ချပါ၊ ကျွန်တော် စိတ်ထိန်းပါ့မယ်၊ ကိုယ့်အစ်မတောင် ...ထားရတဲ့ ယောက်ဖပဲဗျ။ သည်းခံရမှာပေါ့"

သူ့စကားကြောင့် ကိုကြီးမျက်နှာပူသလို ရှိုးတိုးရှန့်တန့် ဖြစ်သွားကာ အကြည့်လွှဲသွား၏။

သူကတော့ ကိုကြီးအဖြစ်ကိုကြည့်ကာ ပြုံးမိသည်။ အခုချိန်အထိ လူပျိုကြီးဘဝနှင့် ကျေနပ်ရောင့်ရဲနေသော ကိုကြီးအဖြစ်က ဒယ်ဒီနှင့်မာမီတို့အတွက်တော့ သားလိမ္မာတစ်ယောက်ပါပဲ။

ဆရာဝန်တစ်ယောက်ဆိုသော ဂုဏ်ပုဒ်သာမကဘဲ ကိုကြီးသည် ...မောတည်ကြည်သော ယောကျ်ားတစ်ယောက်ဟူသော အရည်အချင်း ...ပါ ပြည့်ဝသူဖြစ်သည်။

သို့ပေမယ့် အခုချိန်အထိ ကိုကြီးမှာ ချစ်သူရည်းစားတစ်ယောက် မှ မရှိသေးပါ။

"ကိုကြီးရာ ဒီအရွယ်ရောက်နေပြီ ရည်းစားတစ်ယောက်တောင် ...ရှိသေးတာ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ ငါ့ဘာသာ ဆေးဆေးနေပါရစေ"

အမြဲတမ်းဆိုခဲ့သော ကိုကြီးရဲ့ ငြင်းဆန်စကားကို သူ ကြား
တတ်စမြဲ။ မမဆုသည်လည်း ချစ်သူရည်းစားရှိသည်ဟု သူမသိခဲ့။

အခုတော့ မမဆုက ဆိုင်းမဆင့်ဘုံမဆင့် ယောကျ်ားနောက်
လိုက်သွားခဲ့ပြီ။ ကိုကြီးလည်း ဒီလို အံ့ဩဖွယ် လုပ်ပြဦးမည်လားမသိ

ဒါပေမဲ့ ထင်တော့မထင်ပါ။ အမြဲတမ်း မိဘရဲ့စိတ်ချမ်းသာမှု
အရေးထားသော ကိုကြီးသည် မိန်းမတစ်ယောက်ရဖို့အတွက် ဒယ်ဒီနှ
မာမီတို့ကိုပဲ အားကိုးရမည်ထင်၏။

သွေးရင်းညီအစ်ကိုရင်းချာတွေပေမယ့် ကိုကြီးနှင့်သူ့ရဲ့စိ
ဓာတ်တွေကတော့ ကွာခြားလှတာ အမှန်။

✿ ✿ ✿



## အခန်း (၂၅)

"ရိုပ်လေးရေ၊ မမ ဈေးဘက်သွားမလို့ တံခါးလေး လာပိတ်
လိုက်ပါလား"

အခန်းအပြင်ဘက်က မမဆုအသံကြောင့် ရိုပ် စာကျက်နေရာ
မှ သုတ်ခနဲထကာ အခန်းအပြင် ထွက်ခဲ့လိုက်သည်။

ညှော်ခန်းမှာ မမဆု ဆွဲခြင်းလေးကိုင်ကာ ရပ်စောင့်နေရင်း –

"စာကျက်နေတာလား"

"ရတယ် မမဆု၊ စာတွေရနေပါပြီ၊ နည်းနည်းပြန်နွှေးနေတာ
ပါ"

ရိုပ် စာကျက်နေတုန်း လှမ်းခေါ်ရတာကို မမဆုက အားန
ာန်နှင့်ပြောတာမို့ ရိုပ် ပြုံးပြုံးလေး ပြန်ဖြေရင်း နံရံမှာချိတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးသော့ကို ဖြုတ်ယူလိုက်ရသည်။

"ရိပ်လေး၊ ဒီနေ့ဘာစားချင်လဲ ပြော၊ မမ ဘာဝယ်ခဲ့ရမလဲ"

"ရပါတယ်၊ မမဆုကြိုက်တာဝယ်ခဲ့။ ပြန်လာရင် ရိပ်ပါ ဝိုင်းကူ ချက်ပေးမှာပေါ့"

"အောင်မယ်လေး၊ ညီမလေးရယ်၊ စာမေးပွဲက နီးနေပြီ စာကျက်ပါ၊ မမတစ်ယောက်တည်း ချက်လို့ရပါတယ်"

"တစ်နေကုန်ကျက်လို့ရတာပဲ မမဆုရဲ့၊ အညောင်းပြေတော့ ဝင်ကူညီပေးပါရစေ"

ရိပ် ပြုံးပြုံးလေးပြောတော့ မမဆု ဘာမှမပြောတော့ဘဲ အခန်း ထဲက ထွက်သွား၏။ သည်တော့မှ ရိပ် တိုက်ခန်းတံခါးလေးကို သော့ ခတ်ပိတ်လိုက်ပါသည်။

မနက် ကိုကိုအလုပ်သွားပြီဆိုလျှင် အိမ်မှာ ဆုနှင့်ရိပ်တို့ နှစ် ယောက်ပဲ ကျန်ရစ်ခဲ့ကြတာဖြစ်သည်။ ဒါကြောင့်လည်း တိုက်ခန်းတံခါး ကို အမြဲတမ်း သော့ခတ်ထားကြသည်။

အခုလည်း မမဆု ဈေးသွားသည်ဆိုတော့ ရိပ် အခန်းတံခါးကို သော့ခတ်ပြီး စာကျက်ဖို့ အခန်းထဲ ပြန်ဝင်ခဲ့သည်။

အရင်ကဆိုလျှင် မမဆုနှင့်ရိပ်တို့ နှစ်ယောက်အတူ ဈေးသွား ကြစမြဲဖြစ်သည်။ ရိပ်တို့စာမေးပွဲက နောက်တစ်ပတ်ဆိုလျှင် ဖြေဆို တော့မည်မို့ ဒီရက်တွေမှာ မမဆုပဲ ဈေးသွားသည်။

ချက်ပြုတ်စရာတွေကိုလည်း မမဆုပဲ ကိုယ်တိုင်စီစဉ် ချက်ပြုတ် သည်။ တစ်ခါ တစ်ခါမှာတော့ မမဆုကိုကြည့်ကာ ရိပ် သနားမိပါသည်။

မမဆုသည် ကိုကို့ကို ချစ်စိတ်နှင့် ရိပ်တို့ဘဝလေးထဲ





ဆင်းလာခဲ့သူဖြစ်သည်။

မမဆုတို့ ဘယ်လောက်ကြွယ်ဝချမ်းသာသည်ဆိုတာ ကိုကို ပြောပြထား၍ ရိပ်သိပါသည်။

မမဆုမိဘတွေက ဘိုးစဉ်ဘောင်ဆက် ပြည့်စုံကြွယ်ဝချမ်းသာ သူတွေ ဖြစ်သည်။ မမဆုဖခင်ကလည်း နာမည်ကြီး စီးပွားရေးကုမ္ပဏီ ကြီးနှင့် ရှယ်ယာဝင်လုပ်ငန်းများစွာ ပိုင်ဆိုင်သည်။

မောင်နှမသုံးယောက်ရှိပေမယ့် မမဆုသည်သာ မိန်းကလေး ဖြစ်တာမို့ မိဘတွေက သိပ်ချစ်ကြမှာ သေချာ၏။

ဒါကြောင့်လည်း မမဆုကို မပြည့်စုံသောကိုကိုနှင့် သဘောမတူ တာ ဖြစ်သည်။

မမဆုရဲ့ မိဘနှစ်ပါးအပြုအမူအတွက် ရိပ်စိတ်ထဲမှာတော့ အသိကအောက် ဖြစ်ခဲ့ရသလို ခံပြင်းစိတ်လည်း ဖြစ်မိသည်။

တကယ်ဆို ကိုကို့အပေါ်မှာ သူတို့ လက်မခံနိုင်ကြတာ မပြည့်စုံ မှုကြောင့်ဆိုတာ ရိပ်သဘောပေါက်သည်။ ဒါပေမဲ့ ကိုကိုကလည်း မိန်းမ တစ်ယောက်ကို တာဝန်မယူနိုင်လောက်သော ယောကျ်ားမှမဟုတ်တာ။

"ကိုကိုက သူတို့သမီးကို သူတို့ထားသလိုတော့ ပြည့်စုံအောင် မထားနိုင်တာမှန်ပေမယ့် ထမင်းမငတ်စေရပါဘူးကွာ၊ တစ်ခုတော့ရှိတာ ပေါ့၊ ထည်ဝါတဲ့ ခြံဝန်းနဲ့ သိန်းထောင်ချီကားနဲ့ စိတ်တိုင်းကျ သုံးနိုင် အောင်တော့ တာဝန်မယူနိုင်ဘူးပေါ့"

ကိုကိုလည်း ခံစားချက်နှင့်မာနနှင့် ဆုမိဘတွေအပေါ်မှာ ခံပြင်း နေခဲ့တာ ဆု ရိပ် နားလည်ပါသည်။

ဒါပေမဲ့ မမဆုရဲ့ ကိုကို့အပေါ် ချစ်ခင်သောစိတ်တစ်ခုနှင့်ပဲ



www.burmeseclassic.com

ရိပ် မမဆုကို ခင်တွယ်ချစ်ခဲ့မိသည်။ မမဆုသည် တိုက်ခန်းကျဉ်းကျဉ်းလေးမှာ ဆိုခဲ့ရပေမယ့် မျက်နှာတစ်ချက် မပျက်ခဲ့ပါ။

ကိုကိုနှင့်ချစ်သူရည်းစားဘဝကတည်းက မမဆုသည် မိဖိုချောင်ထဲဝင်နိုင်ဖို့ ကြိုးစားခဲ့သူပီပီ ရိပ်နှင့်အတူ အိမ်မှုကိစ္စတွေ ဝင်လုပ်ပေးရှာသည်။ ရိပ် ဘယ်လိုတားတား မမဆုသည် လက်မခံခဲ့ပါ။

မမဆုက အလုပ်တစ်ခု ဝင်လုပ်ဖို့ပြောတာကိုလည်း ကိုကိုက လက်မခံခဲ့ပါ။

"ကိုယ် ဆုနဲ့ညီမလေးအတွက် တာဝန်ယူနိုင်ပါတယ်ကွာ၊ ဆု ဘာမှ အလုပ်လုပ်စရာမလိုပါဘူး"

မာနတစ်ခုနှင့် ကိုကိုက ခေါင်းခါငြင်းဆန်တော့ မမဆု ရှေ့နှုတ်ပိတ်သွားခဲ့သည်။

ရိပ်ကလည်း မမဆုကို အလုပ်မလုပ်စေချင်ပါ။ မမဆုဘဝက ပြည့်စုံအေးချမ်းစွာ နေခဲ့ရသူ။ ကိုကိုနှင့် အိမ်ထောင်ကျမှ အလုပ်လုပ်ရတာကို မမဆုမိဘတွေ ဝေဖန်ကဲ့ရဲ့စရာ မဖြစ်စေချင်ပါ။

ရိပ် ဘွဲ့တစ်ခုရခဲ့လျှင်တော့ အလုပ်တစ်ခု ဝင်လုပ်ကာ မမဆုနှင့် ကိုကို့ကို ပြန်ပြုစုကျွေးမွေးချင်သည်။

ကိုကို့ရဲ့ကျေးဇူးတွေ ရိပ်အပေါ်မှာ ကြီးမားခဲ့သည်။ ထိုကျေးဇူးတွေအတွက် ကိုကို့ကို ပေးဆပ်ချင်သည်။

ကိုကို့နှင့်မမဆုတို့နှင့်ပဲ ရိပ် တစ်သက်လုံး နေထိုင်ချင်သည်။ ကိုကိုတို့ရဲ့ရင်သွေး တူ၊ တူမလေးတွေနှင့်သာ ပျော်ပျော်နေချင်သည်။

ဒါက ရိပ်ရင်ထဲမှာ နိုင်မာစွာ ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ပဲ ဖြစ်၏။





"တူ တူ တူ တူ"

အခန်းတံခါးဆီက လူခေါ်ဘဲလ်သံလေးကြောင့် ရိပ် အတွေးတွေ တိခနဲ ပြတ်တောက်သွားရ၏။

မမဆု ပြန်လာတာတော့ မဖြစ်နိုင်။ အခုမှ ဈေးသွားသူက ချိန်တိုလေးနှင့် ပြန်ရောက်လာတာ မဟုတ်နိုင်။ ကိုကိုလည်း မဖြစ်နိုင်။ ဘယ်သူများလဲ မသိ။

ရိပ် တွေးနေတုန်းမှာ လူခေါ်ဘဲလ်သံလေးက ထပ်မြည်လာပြန်သည်။ သည်တော့မှ စာကြည့်စားပွဲလေးကထကာ ကသောကမျောလေးထွက်ခဲ့လိုက်ရ၏။

ပိတ်ထားသော အခန်းတံခါးကို ဖွင့်လိုက်တော့ ရိပ်မြင်လိုက်ရတာ ယောကျ်ားတစ်ယောက်ရဲ့မျက်နှာ။

ဆံပင်တွေက အရှည်ကြီးမဟုတ်ပေမယ့် ကုပ်ထောက်လုမတတ်တော့ ရှည်သည်။ နားထင်စပ်မှာ မညီမညာ ဒေါက်ချွန်ချွန်နှင့်ဂျယ်လိမ်းထားသော ဆံသားတို့က နက်ပြောင်ကာ မညီမညာ ထောင်ထားသေး၏။

အပြာနုနု တီရှပ်လက်ရှည်က ခန္ဓာကိုယ်နှင့် ချပ်ချပ်ရပ်ရပ်ကြီးကာ ဂျင်းပင်န်အနက်ရောင်နှင့် ခေတ်လူငယ်တစ်ယောက်ရဲ့ စတိုင်လ်အပြည့်။

မျက်ခုံးစိမ်းစိမ်းနှင့် နှာတံက ကျစ်လျစ်ပေါ်လွင်ကာ ထူပြည့်သော နှုတ်ခမ်းတွေက အလိုလို ပြုံးရိပ်တို့ထင်နေသလို ရှိသည်။

အစက်အပြောက်ကင်းစင်ကာ နုညက်သော မျက်နှာကတော့ ယောကျ်ားလေးတွေထဲမှာ ရှားပါးသောချောမွေ့မှုကို ပိုင်ဆိုင်ထားသလိုပါပဲ။

"တို့က လူပါ"

www.burmeseclassic.com



"ရှင်"

ရိပ် သတိလက်လွတ် ငေးနေမိတာကို ပြုံးစနှင့်ပြောလာသော စကားကြောင့် ရိပ် ရှက်သွားမိသည်။

"ခြောက် မင်းတို့လိုပဲ လူသားတစ်ယောက်လို့ ပြောတာ နတ်တွေ, သကြားတွေ မဟုတ်ဘူးလို့ ဆိုလိုတာပါ"

လူကို ပြောင်သလို နောက်သလို ထပ်ပြီး ရယ်ကျဲကျဲပြောတာ ရိပ် မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့သွားမိသည်။

ရိပ် အလိုမကျသလို အမူအရာပြတာကိုပဲ တစ်ချက်သေ အပြုံးမပျက် စိုက်ကြည့်နေသော မျက်ဝန်းတွေက ရူးရူးနစ်နစ်။ အပြ ကတ်စရာကောင်းပေမယ့် သူ့အပြုံးတွေက စွဲဆောင်မှုရှိတာအမှန်။

"မင်း အသက်ရှူမှားနေမှာစိုးလို့ သတိပေးတာပါ၊ အဟွန်း"

ဒီတစ်ခါတော့ ပြုံးရုံမကဘဲ သွားတန်းဖြူဖြူလေးတွေပေါ် အောင် ရယ်သည်။ ရိပ်မျက်နှာလေးကို ပိုမိုမာတင်းပစ်ရင်း –

"ရှင် ဘယ်သူလဲ၊ ဘာကိစ္စလဲ၊ ရှင့်ကို ကျွန်မ,မသိဘူး"

"မင်းကို ကိုယ်သိတယ်၊ ပန်းရိပ်ခင် မဟုတ်လား"

ရိပ်အမည်ကိုသိနေသည်ဆိုတာကြောင့်တော့ အံ့သြမိသည် ဒါပေမဲ့ သေချာသည်က သူ့ကို ရိပ် မသိတာဖြစ်သည်။ ရိပ်တို့ကျောင်း လည်း မဟုတ်ပါ။

ပြီးတော့ ရိပ်အနောက်ကို တကောက်ကောက်လိုက်၊ ချစ်ခွင် ပန်နေသူတွေထဲမှာလည်း သူမပါတာ အမှန်။

"ရှင့်ကို ကျွန်မ မသိဘူး"

"မသိတာလား, မသိချင်ယောင်ဆောင်နေတာလားဟင်"





အပြုံးရိပ်တို့ မပြယ်သေးဘဲ မေးနေပုံက ရိပ်ကို တမင် စ နောက်နေမှန်း သိသာလွန်းနေသည်။

"ဒီမှာ ရှင်လာ နောက်ပြောင်မနေနဲ့၊ ကျွန်မ တံခါးပိတ်လိုက် တော့မယ်"

ပြောရင်း ရိပ် တံခါးကို ပြန်ပိတ်ဖို့ပြင်တော့မှ ကမျာကသိ လက်ကာတားရင်း –

"ဟာ နေပါဦး၊ နောက်တာပါကွာ၊ ကိုကမ္ဘာတည်ညီမကာလည်း ဒေါသကြီးလိုက်တာ"

ကိုကို့နာမည်ကိုပါ သိနေသည့် ထိုလူ့မျက်နှာကို ရိပ် ရှုရှုလေး စိုက်ကြည့်ရင်း အဖြေရှာကြည့်မိသည်။ တိုစိပ်စိပ်မျက်ဝန်းတွေကို ရိပ် ရင်းနှီး ကျွမ်းဝင်နေသလို ခံစားရ၏။

"တို့နာမည် နိုင်သဏ္ဍာန်၊ ဆုအသချော်ရဲ့မောင်ပါ"

"ဟင်"

သည်တော့မှ ရိပ် မျက်ဝန်းလေးတွေ ပိုင်းစက်သွားရပါသည်။ မမဆုရဲ့မောင်တဲ့လား။ ဒါကြောင့် သူ့မျက်ဝန်းတွေကို ရိပ် ရင်းနှီးသလို ထင်နေမိတာဖြစ်မည်။

သူ့မျက်ဝန်းတွေက မမဆုမျက်ဝန်းတွေနှင့် တူသည်။ ဒါပေမဲ့ ရိပ် အံ့သြနေသောမျက်နှာလေးကို ချက်ချင်းပဲ မာတင်းပစ်လိုက်၏။

မမဆုရဲ့မောင်တဲ့လား။ မမဆု အိမ်မှာရောက်နေတာ တစ်လ နီးပါးရှိနေပြီ။ တစ်ခါမှ မမဆုဘက်က အဆက်အသွယ်မရှိခဲ့ပါ။

အမွှေပြတ်စွန့်လွှတ်ထားပြီးမှ သူက ဘာကြောင့် ရောက်လာ သည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကွာ၊ ညေ့သည်ကို ဒီအတိုင်းရပ်ခိုင်းထားတော့မှာလား၊ တကယ်ဆို မင်းနဲ့တို့က အမျိုးအဆွေတွေတောင် တော်နေပြီ"

ရိပ်စိတ်ကသာ အလိုမကျစိတ်တွေနှင့် သုန်မှုန်နေခဲ့တာ ဖြစ်သည်။ သူ့မျက်နှာကတော့ ဒေါသတွေ တစ်စွန်းတစ်စမှ မရှိ။ ခင်မင်ဖွယ် အပြုံးရိပ်တို့က တည်နေဆဲ။

ဒါပေမဲ့ အိမ်ထဲ ဖိတ်ခေါ်ဖို့ ရိပ် ခက်နေသည်။ တကယ်ဆို ကိုယ့်စိတ်ကလည်း မမဆုကလွဲလျှင် မမဆုမိတမောင်နှမတွေကို ကြည်ဖြူချင်စိတ်မရှိ။

ကိုကို့အတွက် စိတ်မှာ ခံပြင်းနေသော စိတ်အခံကြောင့် ထင်၏။

"ဟယ် မောင်လေးသဏ္ဌာန်"

ကံကောင်းချင်တော့ မမဆု ဈေးခြင်းလေးဆွဲကာ ပြန်ရောက်လာတာပဲ တော်သေးသည်။

"မမဆု"

သူ့အကြည့်တွေက မမဆုကိုတစ်လှည့်၊ မမဆုလက်ထဲက ဈေးဆွဲခြင်းကိုတစ်လှည့် ကြည့်ကာ အံ့ဩနေဟန်။

မမဆု ဈေးဝယ်ပြီးပြန်လာတာကို သူ့အတွက် အံ့ဩစရာဖြစ်နေမှာပေါ့။ သင်းတို့လို လူစားမျိုးအတွက် ဒီလိုအလုပ်ဆိုတာ ထမင်းချက် အိမ်ဖော်တွေအလုပ်ပဲ။

"ဈေးကပြန်လာတာလေ သဏ္ဌာန်ရဲ့၊ မောင်လေး ဘယ်ကိုလာတာလဲ"

"မမဆုဆီလာတာပေါ့ဗျာ၊ အဟား တို့မမက အခုမှ တကယ့်အိမ်ထောင်ရှင်မကြီးပုံပဲ၊ ဟား ဟား"





ပြောရင်း သဘောကျသလို ရယ်မောနေပုံက လှောင်ရိပ်တော့ သုံးဝမပါပါ။ ဒါပေမဲ့ ရိပ်ကတော့ မျက်မှောင်လေးကုတ်ပြီး နိုင်သဏ္ဌာန်မျက်နှာကို အကဲခတ်ကြည့်နေမိဆဲ။

"ဒီလိုပေါ့ မောင်လေးရယ်၊ ကဲ အထဲဝင်လေ၊ ရိပ်လေး သော့ဖွင့်ပါဦး"

မမဆု သတိပေးမှ ရိပ် နံရံကသော့တွဲလေး ပြေးယူကာ တံခါးဖွင့်ပေးလိုက်ရ၏။

"မောင်လေး ထိုင်နော်၊ ဘယ်တုန်းက ရန်ကုန်ပြန်ရောက်လာတာလဲ"

"နှစ်ပတ်လောက်ရှိပြီ၊ မမဆုကို တွေ့ချင်လို့လာခဲ့တာ"

"ဟုတ်လား၊ မာမီတို့ကော နေကောင်းရဲ့လား၊ ဒယ်ဒီကော"

"အားလုံးကောင်းတယ်"

မမဆုက ရိပ်ကိုမေ့ကာ မောင်နှမနှစ်ယောက်စကားတွေ ပြောကောင်းနေတာမို့ ရိပ် အလိုက်တသိ မီးဖိုခန်းဘက် ဆွဲခြင်းလေးယူကာ ရှောင်ခဲ့လိုက်၏။

မောင်နှမနှစ်ယောက် စကားတွေကိုတော့ ကြားနေရသည်။ ဘယ်ဗီတစ်ခွက်ဖျော်ရင်း ရိပ် နားလေးစွင့်ထားမိ၏။

"မောင်လေး ဒီလာတာ ဒယ်ဒီတို့သိလားဟင်"

"ဒယ်ဒီမသိပေမယ့် မာမီတော့သိတယ်၊ ဒါနဲ့ မမဆု ယောက်ျားကော"

"သူ အလုပ်သွားတယ်လေ"

"ဪ ဟုတ်သားပဲ၊ မမဆုတို့ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် မောင်လေး"

ရိပ် ကော်ဖီဇန်းလေးကိုင်ကာ ပြန်ထွက်ခဲ့တော့ နိုင်သဏ္ဍာန် အကြည့်တွေက ရိပ်ဆီပြန်ရောက်လာ၏။ မမဆုက –

"မောင်လေး၊ အဲဒါ ကိုကို အဲ ကိုကမ္ဘာကျော်ရဲ့ ညီမလေး ပန်းရိပ်ခင်လေ၊ ကွန်ပျူတာတက္ကသိုလ် တက်နေတယ်"

"ဟုတ်လား၊ ပညာတတ် ရုပ်ချောလေးပဲ၊ ဒါပေမဲ့ ဒေါသကတော့ နည်းနည်းကြီးတယ်နော်၊ အဟဲ"

လူကို စနောက်စရာ သတ္တဝါလို သဘောထားနေသော နိုင်သဏ္ဍာန်ကို ဆု ခပ်စူးစူးလေးကြည့်ပစ်လိုက်၏။ မမဆုမျက်နှာကြောင့်သာ ဘာမှ မပြောမိတာ။ နို့မို့ တကယ်မလွယ်ဘူး။

"မောင်လေးကလည်း နောက်နေပြီ၊ ရိပ်လေးက မမဆုကို သိပ်ချစ်ရှာတာ၊ ရိပ်လေး သူက မမဆုမောင်လေး နိုင်သဏ္ဍာန်"

တမင်ပဲ ရိပ် ခေါင်းလေးမညိတ်ဘဲ မသိကျိုးကျွန်ပြုလိုက်သည်။ အခုမှ လှချင်းခွဲကြတာ မိနစ်ပိုင်းမျှပဲ ရှိသေးသည်။

ပြောင်ချော်ချော် နောက်တောက်တောက်ပုံစံကိုတော့ ရိပ် လုံးဝ သဘောမကျလှပါ။

"မမဆု ရိပ် မီးဖိုထဲမှာ ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားလိုက်မယ်နော်"

တမင် ရိပ် ရှောင်ထွက်ဖို့ကြိုးစားတော့ မမဆုက –

"ရိပ်လေး စာကျက်စရာကျက်နော်၊ မမဆုဘာသာ ချက်မယ် မောင်လေး မနက်စာစားပြီးမှ ပြန်ပါလား"

"မမဆုက ချက်တတ်လို့လား"





"ချက်တတ်တာပေါ့၊ ဘယ်သူ သင်ပေးထားတယ်ထင်လို့လဲ၊ ရိပ်လေးဆီက သင်ထားတာ"

"ဟား အံ့မွယ်ပဲ၊ မမဆုလက်ရာ စားချင်တယ်၊ ဒါပေမဲ့ မကျွေးချင်တဲ့သူက သဒ္ဓါမရှိရင် မကောင်းဘူးဗျ၊ အဟဲ"

ရိပ် ဒိုင်းခနဲ မျက်စောင်းလေးထိုးကာ လှည့်ထွက်ခဲ့လိုက်သည်။ မျက်နှာလေးက ရှင်းသန့်ချောမောသလောက် ပြောင်ချော်ချော်မျက်နှာနှင့် လူကို လှောင်ပြောင်တတ်တာတော့ မုန်းစရာကောင်းလိုက်တာ။

မီးဖိုထဲဝင်ကာ ချက်ပြုတ်ဖို့အတွက် ရိပ် ပြင်ဆင်ပေးနေမိသလို ညီခန်းက အသံတွေကိုလည်း နားထောင်နေမိ၏။

"ဒယ်ဒီ့အကြောင်းတော့ မမဆုသိတဲ့အတိုင်းပဲ၊ ပြဿနာမရှိပါဘူး။ မာမီက မမဆုဘက်မှာရှိအောင် ကျွန်တော်ကြိုးစားမယ်၊ မမဆု လုပ်ရပ်မမှားဘူးလို့ ကျွန်တော်ယုံတယ်"

"ဒယ်ဒီ့ကို မမဆု စိတ်မဆိုးပါဘူး။ ဒယ်ဒီ့ဆီက ဒီလို တုံ့ပြန်မှုရင်ဆိုင်ရမယ်ဆိုတာ သိပေမယ့် တကယ်တမ်းရင်ဆိုင်ရတော့ ဝမ်းနည်းမိတယ်"

"ဘာမှဝမ်းနည်းစရာ မလိုဘူး၊ မမဆုမှာ အခက်အခဲရှိရင် ကျွန်တော့်ကိုပြောပါ၊ ကျွန်တော်ကူညီနိုင်တယ်၊ ငွေကြေးကောလိုသလား၊ ကျွန်တော့်မှာပါတယ်"

"ဟာ မလိုပါဘူး၊ မမအတွက် အဆင်ပြေတယ်"

"ဘာလဲ၊ မောင်နှမချင်း မာနထားတာလား"

"မဟုတ်ပါဘူး မောင်လေးရယ်၊ မမ တကယ်အဆင်ပြေတယ်၊ မမအတွက် ဝမ်းနည်းမိတာတစ်ခုပဲ၊ မိဘတွေ စိတ်ဆင်းရဲအောင်လုပ်မိ



www.burmeseclassic.com

www.burmeseclassic.com



တာအတွက် စိတ်မကောင်းတာပါ"

မမဆု အသံလေးမှာ ရှိုက်သံလေးပါနေတာကို ရိုပ် ကြားနေ[illegible]ပါလည်း မမဆုကို ရိုပ် နားလည်ပေးနိုင်၏။

"ဒါက မိဘနဲ့သားသမီးကြားမှာ ဖြစ်တတ်တဲ့ကိစ္စပဲဗျာ၊ ဟို[illegible] အရင်ကလည်း ဖြစ်ခဲ့ကြတယ်၊ အခုလည်း ဖြစ်နေဦးမှာပဲ၊ မမဆု[illegible] သားသမီး၊ ကျွန်တော့်သားသမီးတွေခေတ်မှာလည်း ဖြစ်နေဦးမှာပဲ"

အံ့မယ် သူကများ မမဆုကို ပြန်တရားဟောဆုံးမနေသေး[illegible] ရိုပ် စိတ်ထဲက ပြုံးလိုက်မိသေး၏။

အာရုံထဲမှာလည်း နိုင်သဏ္ဌာန်မျက်နှာကို ပြေးမြင်မိသည်[illegible] ခင်မင်နှစ်လိုဖွယ်ကောင်းပေမယ့် ရိုပ်ကို စကားကောင်းတ[illegible] ချက် မဆိုဘဲ ပြောင်နောက်တာကိုတော့ စိတ်တိုမိ၏။

တကယ်ဆို ကိုယ်ကတောင် သူ့ထက် အသက်ကြီးချင်ကြီးဦးမှာ လူကိုများ မလေးမစားနှင့် တကယ့်ကို ကြည့်လို့မရ။

✿ ✿ ✿



## အခန်း (၂၆)

"ဒီအတိုင်းဆို မိဆုတို့အခြေအနေက အဆင်ပြေပြေရှိတယ် ပေါ့"

"အဆင်ပြေပါတယ် ကိုကြီးရဲ၊ သူ့ယောက်ျားဝင်ငွေက သူတို့ သုံးယောက် စားဝတ်နေရေးအတွက် အဆင်ပြေပါတယ်"

"သုံးယောက်ဆိုတော့ ကမ္ဘာတည်ရဲ့ညီမလေးပါ ပါတယ်ပေါ့"

"အင်းလေ၊ အဲဒီကောင်မလေးက ကွန်ပျူတာတက္ကသိုလ် [illegible]တက်နေတာ၊ ကောင်မလေးက"

နိုင်သဏ္ဌာန့်စကားကို စိတ်မဝင်စားသလို နိုင်မဟာက စကား ဆုံးခင် သိချင်တာကို ထပ်မေး၏။

"မိသားစုသုံးယောက်လုပ်စာကို တစ်ယောက်တည်း ရှင်းနိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဆိုတော့ အဆင်ပြေပ့ါမလားကွာ''

''ဘာလို့ အဆင်မပြေရမှာလဲကိုကြီးရဲ့ တိုက်ခန်းက သူတို့ပိုင်တဲ့ တိုက်ခန်းဆိုတော့ လစာမပေးရဘူး။ ပြီးတော့ ကျွန်တော်တို့အိမ်လို အိမ်ဖော်တွေ, ဒရိုင်ဘာတွေ မလိုဘူး။ မမဆုကိုယ်တိုင်ချက်တယ်လေ''

သူ့စကားကြောင့် နိုင်မဟာ မျက်လုံးတွေ ပင့်တက်သွားခဲ့ရင်း–

''ဘယ်လို၊ မိဆုက ကိုယ်တိုင်ချက်ပြုတ်တယ်''

''ဟုတ်တယ်၊ မချက်တတ်ဘူးမထင်နဲ့၊ ဘယ်သူသင်ပေးထားသလဲ သိလား။ သူ့ယောက်မလေးက သင်ပေးထားတာတဲ့ဗျာ၊ ပန်းရိုင်ခင်ဆိုတဲ့ ကောင်မလေးပေ့ါ''

''အင်း ညီမလေးလည်း ယောကျ်ားရမှပဲ မီးဖိုထဲ ကိုယ်တိုင်ဝင်ရတော့တယ်ပေ့ါ၊ အိမ်မှာနေတုန်းကနဲ့ အခြေအနေကို သူကောင်းကောင်းသိပြီး နောင်တရနေလောက်ပြီပေ့ါ''

နိုင်မဟာက သူ့ထင်ကြေးနှင့်သူ စွတ်တင်နေတော့ နိုင်သဏ္ဍာန် ပခုံးတွန့်ပြုံးရင်း ခေါင်းခါသည်။

''ဘာကိုနောင်တရရမှာလဲ ကိုကြီး၊ မမဆုကြည့်ရတာ ပျော်လို့ စိတ်ချမ်းသာလို့ပါဗျာ၊ ကြည့်ရတာ သူ့ယောကျ်ားရော ယောက်မလေးကပါ ချစ်ခင်ကြပုံပဲ''

''ဘာပဲဖြစ်ဖြစ် နေမှုထိုင်မှုကအစ မိဘအိမ်နဲ့ အပုံကြီးကွာတယ်လေကွာ၊ အိမ်မှာဆို ထမင်းတစ်အိုး, ကြက်ဥတစ်လုံးတောင် မကြော်တတ်တဲ့သူက အခုတော့ မီးဖိုဝင်နေရပြီ မဟုတ်လား''

''ဟာ ကိုကြီးတို့ အဲဒါတွေခက်တာပေ့ါ၊ ဒါ မိန်းမတစ်ယောက် တတ်သင့်တတ်အပ်တဲ့ အိမ်မှုကိစ္စပဲ မဟုတ်လား၊ အရေးကြီးတာ မမဆု





ချမ်းသာ အဆင်ပြေဖို့ပဲ''

ဒီတစ်ခါတော့ သူ့စကားကို နိုင်မဟာ ခွန်းတုံ့မပြန်တော့ပဲ စိတ်ငြိမ်သက်နေသည်။

''ကိုကျွှာတည်က အလုပ်ဆင်းနေတော့ တွေ့ခွင့်မရခဲ့သေးဘူး၊ သူ့ညီမလေးနဲ့တော့ ဆုံခဲ့တယ်၊ မဆိုးဘူးဗျ ချစ်စရာလေး''

နိုင်မဟာ မျက်မှောင်ကြီးကြုတ်ကာ သူ့ကိုကြည့်နေတာ မြင်ပေ သူ မသိကျိုးကျွန်ဆောင်ရင်း –

''ပန်းရိုင်ခင်ဆိုတဲ့ နာမည်လေးနဲ့ လိုက်အောင် ခပ်ချောချော ကျွန်တော်တော့ နည်းနည်း စိတ်ဝင်စားသွားပြီး''

''ဟေ့ကောင်၊ မင်း ဖယားတွေ ထပ်ရှုပ်မနေနဲ့ဦးနော်၊ ဒီကိစ္စ ဒီသိရင်မလွယ်ဘူး''

''ဘာဖြစ်လို့လဲ ကိုကြီးရဲ့ သူစိမ်းတွေမှ မဟုတ်တာ၊ အမျိုးစပ် တောင် ရနေပြီ၊ သူ့အစ်ကိုက ကျွန်တော့်အစ်မကိုယူထားတော့ ကျွန် ကလည်း လက်စားပြန်ချေရင် မကောင်းဘူးလား၊ အဟဲ''

''နိုင်သဏ္ဍာန် မင်း ပြဿနာတွေရှုပ်ဦးမယ်ဆိုရင် ဒီကိစ္စကို တောင် ရပ်လိုက်တော့၊ မိဆုကိစ္စ ဒီအတိုင်းထားလိုက်''

''ဟာဗျာ၊ ကိုကြီးကလည်း နောက်နေတာကိုဗျာ''

''ဒါ နောက်စရာမှမဟုတ်တာကွ၊ မိဆုပြဿနာအတွက် ဒယ်ဒီ သမပြေသေးဘူး၊ မင်းအချိုးက မဟုတ်ရင် မလွယ်ဘူး''

နိုင်မဟာ စိုးရိမ်စွာပြောနေတော့ သူ ဖက်ကလေးပုကာ ငြိမ် နေလိုက်ရပါသည်။ မမဆုပြဿနာမှာ ကိုကြီးသည် အခရာဖြစ် ။ မမဆုအပေါ် ဒယ်ဒီရဲ့ဒေါသတွေပြေဖို့ဆိုတာ ကိုကြီးရဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



တွေက အရေးပါသည်။

"မင်း ဒီကောင်မလေးနဲ့ ဓာတ်လမ်းရှုပ်မှာဆိုရင် မင်းလည်း မိဆုဆီ မသွားနဲ့တော့၊ ငါလည်း ဘာမှ တာဝန်ယူကတိမပေးနိုင်ဘူး"

"ဟာဗျာ၊ ကိုကြီးကလည်း နောက်တာလို့ ပြောပြီးပြီပဲ၊ ကျွန် တော်က ဘာလို့ရှုပ်ရမှာလဲ၊ ဒီမှာ ကျွန်တော့်အတွက် ကောင်မလေးတွေ မရှားပါဘူး။ ဒီကောင်မလေးရှုပ်လောက်တော့ သနားတယ်၊ သူ့ထ သာ်တာတွေ တစ်ပုံကြီး"

ကိုကြီးယုံကြည်အောင် သူ ပိုပိုသာသာလေး ဆိုလိုက်မှ ကိုကြီး သံသယတွေ ကင်းစင်သွားပုံရ၏။

"အေး မင်းကြိုက်တဲ့သူနဲ့ ရှုပ်ချင်ရှုပ်၊ ဒီပြဿနာမှာတော့ နောက်ဆက်တွဲဝင်မလာနဲ့၊ မိဆုပြဿနာက မပြီးသေးဘူး၊ မင်း ပြဿနာပေါ်လာရင် အခြေအနေတွေ ပိုဆိုးကုန်မယ်"

"စိတ်ချပါ ကိုကြီးရာ၊ ကျွန်တော် ဘာလုပ်နေတာလဲ ကိုယ့် ကိုယ်ကိုယ် သိပါတယ်၊ ကိုကမ္ဘာတည်နဲ့တွေ့ပြီး လေ့လာအကဲခတ်ကြ ဦးမယ်၊ ကျွန်တော်ပြောသလို မမဆုအပေါ် တကယ်ကောင်းတဲ့သူဆို ကိုကြီးဘက်က ဝင်ကူပေးပါဦး"

"အေး၊ ဒယ်ဒီ့ကို ငါ့ဘက်က တတ်နိုင်သလောက် ပြောပေး ပါ၊ ဒါပေမဲ့ ငါက မန္တလေးကို မကြာခင် ပြန်ရမှာဆိုတော့"

"အဲဒါအတွက် မပူပါနဲ့၊ ကိုကမ္ဘာတည်အကြောင်း ကိုကြီး ကျွန်တော် ဖုန်းဆက်ပြောမှာပေါ့"

"ငါပူတာ အဲဒါမဟုတ်ဘူး။ မင်းကိုပဲ၊ ကမ္ဘာတည်ညီမနဲ့ ယောင်ယောင် ယောင်ယားရှုပ်တာ ငါမကြားချင်ဘူး"





"ပြဿနာပဲ စကားအဖြစ်နောက်မိတာလေးကို ကိုကြီးက သံသယမပျောက် ဖြစ်ရတယ်၊ အဲဒီကောင်မလေးကို ကျွန်တော် လုံးဝ စိတ်မဝင်စားဘူး။ ဘာလို့လဲ သိလား၊ အသားကမည်းတယ်၊ ရုပ်ကလည်း မလှလှဘူး၊ ရှက်ကြမ်းရေကျိုအဆင့်ပဲ၊ ဒီနှစ်ချက်နဲ့တင် ဆောရီးပဲ"

ကိုင်း မှသာဝါဒကိုကို ရဲရဲဝံ့ဝံ့ကြီး ချိုးဖောက် ကတိပေးလိုက်တော့ ကိုကြီး စိတ်ချသွားပုံရတာ အထင်အရှား။

"ကဲ ဒါဆိုလည်း ပြီးတာပဲ၊ သွားတော့ကွာ၊ ငါအိပ်တော့မယ်"

"အိုကေ ကိုကြီး၊ ဂွတ်နိုက်"

ကိုကြီးကိုနှုတ်ဆက်ပြီး ကိုကြီးအခန်းထဲက သူထွက်ခဲ့လိုက် သည်။ စိတ်ထဲကတော့ ကျိတ်ပြုံးနေမိသေး၏။

အာရုံထဲမှာ ပန်းရိုပ်ခင်ဆိုသော ကောင်မလေးမျက်နှာလေးကို မြေးမြင်မိသည်။

စတွေ့လိုက်ကတည်းက ဖျတ်ခနဲ ပွင့်လာသော တံခါးချပ် အနောက်မှာ လမင်းလေးတစ်စင်း ထွန်းလင်းသလို မြင်ခဲ့ရသောမျက်နှာ လေး။

ဘာအခြယ်အသမှမရှိသော မျက်နှာလေးက ဝင်းပနုညက် လှပလွန်းသည်။ မျက်ခုံးတန်းတန်းလေးနှင့် မျက်တောင်ကော့ရှည်ကြီးတွေ ဝန်းခသော မျက်နက်ဝန်းလေးတွေ ဝိုင်းစက်စက်။

နှာတံစင်းစင်းလေးက ချွန်မြနေတာမျိုး မဟုတ်ဘဲ ကြည့် ကောင်း အချိုးကျနေသည်။

နုဂို ပန်းနုရောင်သမ်းသော နှုတ်ခမ်းလေးက အဖျားလေးတွေ ညွတ်ကိုင်း စွဲမက်ဖွယ်ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဘလောက်စ်အင်္ကျီလက်ပြတ်ဝါဝါလေးက သူမ၏ ဝင်းညက်နေသော အသားစိုင်လေးတွေနှင့်ယှဉ်လိုက်လျှင် မှိန်ဖျော့သွားလောက်အောင် နုညက်လှပလွန်းသည်။

အံ့ဩရိပ်ထင်နေသော မျက်နှာလေးက လှပသလို သူ စ,တော့ မျက်မှောင်လေးကုတ် စိတ်ဆိုးဟန်လေးကလည်း စွဲမက်စရာ။

ဘာကြောင့်မှန်းမသိဘဲ ဒီကောင်မလေးကို သူ မြင်မြင်ချင်း ခင်မင်သွားမိသည်။

အပျော်သဘောနှင့် စနောက်ချင်မိသည်။

နောက် တစ်ကြိမ်မကသော အကြိမ်ကြိမ်သော ဆုံတွေ့မှုတွေ ရချင်သေးသည်။

ပန်းရိပ်ခင်တဲ့။ သူ ဆုံဖူးသောကောင်မလေးတွေထဲမှာ ထူးထူးခြားခြား သူ့စိတ်ကို ကြည်နူးပျော်ရွှင်မှုတွေ ပေးနိုင်သူလေး။

မမဆုသာ သူ့စိတ်ကိုသိလျှင်တော့ မျက်လုံးမျက်ဆန်ပြူးကာ ကိုကြီးလို စိုးရိမ်တကြီး တားမြစ်နေဦးမည်လား။

မစိုးရိမ်လိုက်ပါနဲ့ မမဆုရယ်။ နိုင်သဏ္ဍာန်နှလုံးသားက ရက်စက်တတ်တဲ့အမုန်းတွေ မရှိပါဘူး။ ဒါကို ယုံပါ။

✿ ✿ ✿



## အခန်း (၂၇)

ဆုရဲ့မောင်လေး တိုက်ခန်းကို ရောက်လာသည်ဆိုသောသတင်းကို ကြားတော့ သူ အံ့ဩသွားမိသလို တစ်စုံတစ်ခုကိုလည်း စိုးရိမ်သွားမိတာ အမှန်ဖြစ်သည်။

ဆု သူနှင့်အတူ ရှိနေတာပဲ တစ်လရှိတော့မည်။ ဆုမိဘတွေဘက်က ဘာသတင်း၊ ဆက်သွယ်မှုမှ မရှိခဲ့။

သတင်းစာထဲမှာ အမှုပြတ်စွန့်လွှတ်ထားသည့်သတင်းအတိုင်း ယတိပြတ်ရှိခဲ့ပြီဟု သူထင်ခဲ့၏။

ဆုအတွက် စိတ်မကောင်းမိပေမယ့် သူကတော့ ထိုအခြေအနေကို ကျေနပ်ခဲ့သည်။

ကမ္ဘာတည်ဆိုသောသူမှာလည်း သူ့မာနနှင့်သူ ဖြစ်သည်။ ဆုကို



www.burmeseclassic.com

www.burmeseclassic.com



သူချစ်ခဲ့တာ ဆုမိဘတွေရဲ့ပိုင်ဆိုင်မှုနှင့် ဘာမှမသက်ဆိုင်ပါ။ အမွေပြတ်စွန့်လွှတ်သည်ဆိုတော့လည်း ဘာမှထွေထွေထူးထူး မခံစားရပါ။

သူနှင့်ညီမလေးအတွက် သူ အပြည့်အဝ တာဝန်ယူနိုင်သည်။ အထူးသဖြင့် ဆုစိတ်ချမ်းသာအောင် သူထားနိုင်ပါသည်။

မိဘတွေအရိပ်မှာလောက် မပြည့်စုံသည့်တိုင် သူ့အရိပ်မှာ ဆု စိတ်ချမ်းသာစေရမည်။ စိတ်မညစ်စေရပါ။ ယောကျ်ားတစ်ယောက်၏ မာနနှင့် သူ ယတိပြတ် သန္နိဋ္ဌာန်ချထားခဲ့သည်။

ဆုက အလုပ်တစ်ခုလုပ်မည်ဟု ဆိုလာသည်ကလည်း သူ ခွင့်မပြုခဲ့။ အဆင်မပြေမှုကြောင့် ဆု အလုပ်လုပ်ရသည်ဟု သူ့မိဘတွေ ပြောတာ သူမခံနိုင်ပါ။

အခု ဆုရဲ့မောင်လေးရောက်လာသည်ဆိုတော့ စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်ရတာတော့အမှန်။

"မောင်လေးက မန္တလေးက အန်ကယ်အိမ်မှာနေပြီး ကျောင်းတက်နေတာလေ ကိုကိုရဲ့၊ ဒယ်ဒီကတော့ မောင်လေးကို မိသားစုအပေါ် သံယောဇဉ်ကင်းတဲ့သူဆိုပြီး သိပ်မကြည်လင်ဘူး။ အခုတော့ အဝေးသင်ကျောင်းပြီးလို့ ပြန်လာတာ"

"ဩော် သူက ရန်ကုန်မှာ မနေဘူးပေါ့"

"ဟုတ်ကဲ့အင်း။ ငယ်ငယ်ကတည်းက မန္တလေးက အန်ကယ်တို့ လင်မယားအိမ်မှာ အနေများတာ၊ အန်ကယ်တို့က သားသမီးမရှိတော့ မောင်လေးကို သားအရင်းလို ချစ်တာလေ၊ မောင်လေးကလည်း အန်ကယ်ရဲ့ ကားဝေ်ရှော့အလုပ်ကိုပဲ စိတ်ဝင်စားသင်နေခဲ့တာ၊ အခုတောင် ဒယ်ဒီက ပြန်လာရမယ်ဆိုလို့ ရန်ကုန်ကိုပြန်လာတာ"





ဆုက သူမမောင်လေး နိုင်သဏ္ဌာန်အကြောင်းတွေ ပြောပြနေတော့ သူ နားထောင်နေရပေမယ့် စိတ်မဝင်စားပါ။ ညီမလေးကလည်း ဇာတ်လမ်းကို အာရုံမဝင်စားဘဲ သူတို့စကားကို နားထောင်နေ၏။

"ဒီမှာပဲ မကျွင်းနစ်လုပ်ငန်း ထူထောင်မလို့တဲ့လေ၊ ဒယ်ဒီက တော့ သဘောကျမှာမဟုတ်ဘူး"

ဆုပြောနေသောအကြောင်းအရာတွေကို သူ စိတ်မဝင်စားပါ။ သူသိချင်သည်က နိုင်သဏ္ဌာန် ဘာကြောင့်ရောက်လာသည်လဲဆိုတာ ဖြစ်၏။

"သူက ဆုဆီကို လာလည်တာတဲ့လား"

"ဟုတ်တယ်ကိုကို၊ ဆုဆီလာလည်ရင်း မန္တလေးက ဆုအတွက် ဝယ်လာတဲ့ ချိတ်ဝတ်စုံတစ်စုံနဲ့ မုန့်တွေ လာပေးတာလေ"

"ဟုတ်လား၊ ကိုကိုနဲ့တောင် မတွေ့လိုက်ရဘူး"

"မောင်လေးက ကိုကို အလုပ်နားရက်ကျရင် လာခဲ့မယ်လို့ ပြောသွားတယ်၊ ဆုလက်ရာကို မစားဖူးတော့ ထမင်းစားလာခဲ့ဖို့တောင် မှာလိုက်တယ်"

နိုင်သဏ္ဌာန်က သူနှင့်တွေ့ချင်သည်တဲ့လား။ စိတ်ထဲမှာ သံသယတွေက ပိုလို့ ထူထည်ကြီးချင်လာပေမယ့် သူ ဟန်ဆောင်ထားမိ၏။

"မောင်လေးက ဒယ်ဒီတို့မသိအောင် လာတာပါ၊ ဆု အဆင်ပြေလား သိချင်လို့တဲ့၊ အကူအညီလိုရင်လည်း ပြောတဲ့လေ၊ ဆုလိုသလား ပြီးတောင် ငွေနှစ်သိန်း အတင်းထုတ်ပေးနေတာ"

"ဟင် ဆု ယူလိုက်သလားဟင်"

"ဟင့်အင်း မယူပါဘူး ကိုကိုရဲ့၊ ဆုတို့ အဆင်ပြေတယ်လို့တောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်သေးတယ်"

သူ အထိတ်တလန့်နှင့် မေးမိတာကို ဆုက ပြန်ဖြေရှင်း
တော့ သူ စိတ်မကောင်းဖြစ်သွားမိ၏။ ဆုကိုလည်း အားနာမိသည်
ကိုယ်ကပဲ မာနတွေ ခေါင်းထောင်ပြသလို ဖြစ်သွားသည်လား။

"အင်း ကိုယ်က ဘယ်သူ့အကူအညီမှ လက်မခံစေချင်ဘူး
ပြီးတော့ ဆုမိဘတွေက အထင်လွဲမှာကို မခံချင်ဘူး။ ကိုယ် မာနထား
ဆု နားလည်မှာပါ"

"ဆု နားလည်ပါတယ် ကိုကိုရယ်"

ဆု နားလည်နိုင်သော မျက်ဝန်းလေးတွေနှင့်ကြည့်ကာ ကို
လေးပြောသည်။ ဆု စိတ်မကောင်းဖြစ်သွားသည်လား။ မတတ်နိုင်
ဆုမိဘတွေဘက်က အထင်သေး ရှုတ်ချတာမျိုး သူ မလိုချင်။

သူ့မှာ ဆုရဲ့မိဘတွေလောက် ဓနဂုဏ် အရှိန်အဝါ မရှိပေ
ယောကျ်ားတစ်ယောက်ရဲ့မာနတော့ အပြည့်ရှိသည်။

ယောကျ်ားတစ်ယောက်ရဲ့ လောင်းရိပ်အောက်မှာ ခိုလှုံပြီး
ဘဝကို မရပ်တည်ချင်ပါ။ သူ့အရည်အချင်းနှင့်သူ ရပ်တည်ရှင်သ
သည်ပဲ။

"ဆု ကော်ဖီခွက်တွေ သိမ်းလိုက်တော့မယ်နော်၊ ရိုး
တကျကျရင်းသောက်ချင်ရင် အသင့်ရအောင် မမဆု ဓာတ်ဘူး
ဖျော်ပေးထားမယ်နော်"

"ဟုတ်ကဲ့ မမဆု၊ ကျေးဇူးပဲ"

ဆုက သောက်ပြီးသားကော်ဖီပန်းကန်တွေကို ပြန်သိမ်း
ရင်း မီးဖိုခန်းဘက် ထွက်သွားခဲ့၏။





သည့်တော့မှ ညီမလေးက သူ ကြားအောင် တိုးတိုးလေးကပ်
ခေါ်သည်။

"ကိုကို"

"ဘာလဲ ညီမလေး"

"မမဆု စိတ်မကောင်းဖြစ်အောင် အရမ်းမပြောမိစေနဲ့နော်"

"ကိုကို ဘာပြောမိလို့လဲ၊ အခုကိစ္စက"

"ရိုး သဘောပေါက်ပါတယ်ကိုကို၊ မမဆုမောင်လာတော့ ရိုး
တောင် စိတ်တိုမိသေးတယ်၊ ဒါပေမဲ့ သူတို့စကားတွေကြားတာ ရိုးသား
ပါတယ်၊ မမမောင်လေးက မမဆုကို တွေ့ချင်ရုံသက်သက်ပါ၊ ကိုကို
သံသယတွေဝင်မိမှာစိုးလို့ ညီမလေး သတိပေးတာ"

ညီမလေး ဘာကိုဆိုလိုသည်ဆိုတာ သူ နားလည်ပါသည်။
သူ ခေါင်းကို ညိတ်ပြလိုက်မိသည်။

ညီမလေးက တီဗီရှေ့ကထကာ သူ့အခန်းဘက်ထွက်ဖို့ ပြင်၏။

"ညီမလေး ညဥ့်နက်ခံပြီး စာမကျက်နဲ့နော်"

"ဟုတ်ကဲ့ပါကိုကို"

မနက်ဖြန် စာမေးပွဲစဖြေရမည့် ညီမလေးအတွက် သူ စိုးရိမ်
စွာ သတိပေးမိသည်။ ဒီနှစ်အောင်လျှင်တော့ ညီမလေး နောက်ဆုံးနှစ်
ရောက်ပြီ။ တစ်နှစ်တစ်တန်းအောင်အောင် ကြိုးစားသော ညီမလေးက
တော်ပါသည်။

ကျောင်းပြီးလျှင် ညီမလေးအတွက် သူ စိတ်အေးရမှာအမှန်ပဲ
ဖြစ်သည်။

ညီမလေးရဲ့အနာဂတ်လေး အေးချမ်းလှပဖို့ သူ့မှာ တာဝန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဆုကလည်း နားလည်ပေးပါသည်။

ညီမလေးအပေါ်မှာ ချစ်ခင်နားလည်ပေးနိုင်သော ဆုရဲ့စိတ်ကိုလည်း ကျေးဇူးတင် လေးစားမိသည်။

လက်ရှိမှာတော့ ညီမလေးရဲ့ပညာရေးနှင့် မိသားစုသုံးယောက် ဝမ်းရေးအတွက် သူ့မှာ ပိုပိုလျှံလျှံ မရှိပါ။

နောင်တစ်ချိန်မှာတော့ သူနဲ့ဆုတို့ အနာဂတ်အတွက် သူ ကြိုးစားဖို့ ရည်ရွယ်ထားခဲ့သည်။

ရေမှာဖွင့်ထားသော တီဗီကိုလည်း အာရုံမရှိတော့သည့်အဆုံး သူ ပိတ်ခဲ့ကာ မီးဖိုခန်းဘက် ထွက်ခဲ့သည်။

ဆုကို မတွေ့ပါ။ သိမ်းဆည်းစရာတွေ သိမ်းဆည်းပြီး ဆု အိပ်ခန်းထဲ ဝင်သွားပြီထင်၏။

သူ အိပ်ခန်းဘက်ရောက်တော့ ဆုအခန်းထဲမှာ အိပ်ရာခင်းနေသည်။ သူဝင်လာတာမြင်တော့ ဆု လှည့်ကြည့်ရင်း –

"ကိုကို မကြည့်တော့ဘူးလား၊ ရုပ်လေးရော"

"ညီမလေး စာကျက်နေပြီ၊ ဆု ကြည့်မလို့လား။ ကိုကို အဖော်စောင့်ပေးမယ်လေ"

"ဟင့်အင်း မကြည့်ပါဘူး။ ကိုကိုလည်း မနက် အလုပ်သွားရဦးမှာမဟုတ်လား။ အိပ်တော့လေ"

ဆုသည် အမြဲတမ်း အလိုက်တသိနှင့် သူ့ကို နားလည်ပေးတတ်သူဖြစ်သည်။

သူ အခန်းတံခါးကိုပိတ်ကာ ဆုအနီးသို့လျှောက်ခဲ့လိုက်တော့ ဆု ညဝတ်အင်္ကျီပါးလေးနှင့် စည်းနှောင်ထားသော ဆံနွယ်တွေကို





ဖြေလျှော့ချနေ၏။

ဆု ခန္ဓာကိုယ်လေးကို သူ နောက်က သိုင်းဖက်ရင်း ဆံနွယ်လေးတွေကို ငုံ့နမ်းမိ၏။

"ဆု ခေါင်းတွေလျှော်ထားတာလား"

"မနက်က လျှော်ထားတာကိုကို"

ရှန်ပိုရနံ့သင်းသင်းလေး မွှေးနေသော ဆု ဆံနွယ်နက်မှောင်မှောင်တွေကို သူ မြတ်နိုးစွာ နမ်းမိပြန်သည်။

ဆုခန္ဓာကိုယ်လေး သူ့ရင်ခွင်ထဲကို မှီကျလာတော့ တွေးမွေ့ထားရင်း ခုတင်စွန်းမှာ ဝင်ထိုင်လိုက်သည်။ ဆုကိုလည်း နံဘေးမှ ဝင်ထိုင်စေ၏။

"ဆု"

"ကိုကို ဘာပြောမလို့လဲဟင်"

"ဆုကို ကိုကိုပြောစရာရှိလို့၊ စောစောက ဆု ကိုကို့ကို စိတ်ဆိုးသွားလားဟင်"

"ဟင် ဘာကို ဆု စိတ်ဆိုးရမှာလဲ ကိုကိုရဲ့"

ဆုမျက်ဝန်းတွေက တကယ့်ကို ရိုးသားလွန်းနေတော့ သူ ငုံ့သက်လေး ရှိုက်မိရင်း –

"တခြားမဟုတ်ပါဘူး။ ကိုကိုက ဆုရဲ့အသိုင်းအဝိုင်းဘက်က အကူအညီကို မလိုချင်တာ ဆုနားလည်ပေးကွာ"

မျက်ဝန်းနက်နက်လေးတွေနှင့် သူ့ကိုကြည့်နေရင်း ဆု ပြုံးသည်။

"ကိုကိုရယ်၊ ဆု နားလည်တယ်၊ စိတ်မဆိုးပါဘူး။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ် ရိပ်လေးရယ် ဘာမှ လိုအပ်ချက်မရှိ ပြည့်စုံနေတာပဲ၊ ဆု ဘယ်သူ့အကူအညီမှ မလိုပါဘူး"

"ကျေးဇူးပဲ ဆု၊ မလိုအပ်အောင်လည်း ကိုယ်ကြိုးစားမှာပါ ဆုရဲ့မောင်လေး ရောက်လာတာကိုလည်း၊ ကိုယ် ဝမ်းသာကြိုဆိုပါတယ် ကိုယ် ရုံးပိတ်ရက် တနင်္ဂနွေဆုံကြမယ်လေ၊ ဆုလည်း ချက်ပြုတ်စီစဉ် ထားပေါ့"

ဆု မျက်နှာလေး ဝင်းပကြည်လင်ကာ ခေါင်းလေးညိတ်သည်။

ဆုကို ရင်ခွင်ထဲဆွဲသွင်းရင်း သူ မြတ်နိုးစွာ နမ်းရှိုက်မိ၏။ ချစ်ခြင်းဖြင့်ပြည့်ဝသော ကြင်နာခြင်းတို့ ဆုအပေါ် သူ အစဉ်အမြဲ ပေးဆပ်ချင်သည်။

ဒါ ဆုကို သူ ချစ်သောချစ်ခြင်းများဟု ဆု အကြွင်းမဲ့ယုံစေ ချင်သည်။

ထိုချစ်ခြင်းနှင့် ဖြူစင်သော ယုယမှုတွေကို ဘယ်အရာနှင့်မှ ဆု မနှိုင်းယှဉ်စေလိုပါ။

အချစ်ကို အချစ်ဖြင့် တည်ဆောက်ခဲ့သော ဆုနှင့် သူတို့နှစ် ယောက် ဘဝမှာ –

✿ ✿ ✿



## အခန်း (၂၈)

ဒီမနက်ပဲ ကိုကြီး မန္တလေးပြန်သွားခဲ့သည်။ ထုံးစံအတိုင်း မာမီကတော့ မျက်ရည်လေးတဝဲဝဲနှင့် ရှိ၏။

"မင်းကလည်းကွာ၊ ပြန်ရမယ့်သူ စိတ်မကောင်းအောင် မျက် ရည်တစမ်းစမ်း မလုပ်ပါနဲ့"

ဒယ်ဒီပြောတော့ မာမီ မျက်ရည်တွေကို ပွတ်သုတ်ရင်း–

"ကျွန်မ ဝမ်းနည်းလို့ပါရှင်၊ ဒီသား ဒီသမီးတွေနဲ့ ကျွန်မ ဘယ်တော့များမှ စုံစုံညီညီ အတူနေရမလဲမသိဘူး"

"မာမီရယ် ကျွန်တော်လည်း မကြာခင် ရန်ကုန်ကို ပြန်ပြောင်း လာတော့မှာပဲ"

ကိုကြီးက နှစ်သိမ့်သလိုဆိုသည်။ မာမီ့ကိုကြည့်ကာ သူ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်မိတာတော့ အမှန်။

မာမီ့ဘက်ကကြည့်တော့လည်း မမှားပါ။ မွေးထားသော သားသမီးသုံးယောက်နှင့် အတူနေထိုင်ခွင့် မရရှာပါ။ ကိုကြီးက တာဝန်ကျရာ မန္တလေးမှာ ရောက်နေချိန်မှာ သူကလည်း အန်ကယ်လွင့်တို့အိမ် ရောက်နေသည်။

အိမ်မှာက မမဆုသာ ရှိသည်။ ယခု သူတို့ညီအစ်ကို ခဏဆုံကြချိန်မှာ မမဆုက အိမ်မှာမရှိပါ။

ဒီတော့ မာမီ ကြေကွဲဝမ်းနည်းမည်ဆိုလည်း ဝမ်းနည်းစရာကောင်းပါသည်။

"မာမီ ကျွန်တော့်ကို ခွင့်ပြုဦးနော်"

"အေး အေး သားကြီး၊ ဘေးရန်ကင်းပါစေကွယ်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်နော်"

"သားအတွက် စိတ်ချပါ မာမီ၊ မာမီလည်း ကျန်းမာရေးကို ဂရုစိုက်နော်၊ ညီလေး မာမီ့ကို ဂရုစိုက်ကွာ"

"ဟုတ်ကဲ့ ကိုကြီး"

ကိုကြီးက အဝေးပြေးကားနှင့်ပဲ ပြန်မှာမို့ ဒယ်ဒီက အဝေးပြေးကားဂိတ်ကို လိုက်ပို့ပေးမှာဖြစ်သည်။

ကိုကြီးနှင့်ဒယ်ဒီ ထွက်သွားသည်နှင့် မာမီ သူ့ကိုမေးပါတော့သည်။

"သားငယ်၊ ဟိုတစ်နေ့က သမီးနဲ့တွေ့သလား"

"တွေ့ခဲ့ပါတယ် မာမီ"

"အခြေအနေ ဘယ်လိုလဲသားငယ်၊ သမီး အဆင်ပြေရဲ့လား





"ပြေပါတယ် မာမီ၊ သူ့ယောက်ျားနဲ့မတွေ့ခဲ့ရပေမယ့် အခြေအနေ အကဲခတ်ရသလောက် မမဆုတို့ အဆင်ပြေပါတယ်"

"တိုက်ခန်းလေးမှာ နေရတာဆိုတော့ နေရထိုင်ရတော့ သမီး စိတ်ကျဉ်းကျပ်မှာပဲ၊ ဟိုမှာက ညီမတစ်ယောက်လည်း ရှိတယ်မဟုတ်လား၊ အဲဒီမိန်းကလေးနဲ့ကော အဆင်ပြေရဲ့လား မသိဘူး"

မမဆုအတွက် အဘက်ဘက်တွေးပြီး မာမီ စိတ်တွေ ပူပန်နေတာကို သူစာနာနိုင်ပါသည်။

"တိုက်ခန်းက ကျဉ်းပေမယ့် သူတို့သုံးယောက်အတွက် အဆင်ပြေပါတယ်၊ သူတို့သမီးယောက်မနှစ်ယောက်က ညီမအရင်းအချာတွေအတိုင်းပဲ အဆင်ပြေလို့၊ မာမီ ဘာမှမပူနဲ့"

"ဪ သမီးက မာမီတို့ကို မေ့ပြီး ပျော်တောင်နေပြီပေါ့လေ၊ မိဘတွေကိုတောင် သတိမရတော့ဘူး ထင်ပါရဲ့"

"မာမီကလည်း ဘာဖြစ်နေတာလဲ၊ မမဆု အဆင်မပြေမှာလည်း ပူတယ်၊ အဆင်ပြေပြေဖြစ်နေတော့လည်း အိမ်ကိုမေ့နေပြီလား မေးနေသေးတယ်၊ မာမီတို့ပဲ အမွေပြတ်စွန့်ထားတာကို"

သူပြောတော့ မာမီ ပင့်သက်ရှိုက် ခေါင်းလေးခါယမ်းရင်း –

"မာမီ ဝမ်းနဲ့လွယ်ပြီးမွေးထားတဲ့သမီးပဲလေ၊ မာမီက ပြတ်နိုင်မလား၊ ဒါပေမဲ့ သားဒယ်ဒီစိတ်က သိတဲ့အတိုင်း ဒေါသနဲ့ဆုံးဖြတ်လိုက်တာပါ"

"ဒယ်ဒီ့စိတ်ကို ကျွန်တော်သိပါတယ်၊ မာမီကတော့ မမဆုကို မပြတ်နိုင်ဘူးမဟုတ်လား"

"ဘယ်သားသမီးကိုမှ မာမီ မပြတ်နိုင်ဘူး သား၊ ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲဆိုးသွမ်းစေဦးတော့ စကားပုံတောင် ရှိတာပဲကွယ်၊ တောင်းစုတ် ပလုံးစုတ်ပဲ ပစ်ရိုးရှိတယ်၊ သားဆိုး သမီးဆိုးကို ပစ်ရိုးမရှိဘူးလေ"

"ဒါဆို မမဆုကို မာမီ အိမ်ပေါ်ပြန်လက်ခံတင်မလား"

မာမီ တွေခနဲဖြစ်သွားသည်။ တကယ်ဆို မာမီရဲ့စိတ်ရင်းကို သူ ကောင်းကောင်းသိပါသည်။ ဒါပေမဲ့ ဒယ်ဒီ့ကိုလည်း မာမီ လွန်ဆန်နိုင် ခက်ခဲမှာ သေချာသည်။

"မာမီ လက်ခံချင်ပေမယ့် သားဒယ်ဒီစိတ်က မပြေသေးတော့"

"ဒီအတွက် မပူနဲ့မာမီ၊ ဒယ်ဒီကို ကိုကြီးပြောရင် ရပါတယ်၊ အခုလည်း သား မမဆုရဲ့ယောကျ်ား ကိုကမ္ဘာတည်အကြောင်း စုံစမ်းနေ ပါတယ်၊ မမဆုအပေါ် တကယ်ချင်ခင်ကောင်းမွန်တဲ့ ယောကျ်ား တစ် ယောက်ဆိုရင် မာမီတို့ လက်ခံသင့်တယ်"

"မာမို့ဘက်က လက်ခံတယ်သား၊ သမီးနဲ့ပတ်သက်မှတော့ သားသမက်ပဲပေါ့ကွယ်"

"အိုကေ မာမီ၊ ဒါဆိုရင် မာမီ ဘာမှမပူနဲ့၊ မကြာခင်မှာ ဒယ်ဒီလက်ခံအောင် သားနဲ့ကိုကြီး ကြိုးစားမယ်၊ မာမီက လိုအပ်ရင် ဒယ်ဒီ့ကို နားချပြောပေးရုံပဲ"

"စိတ်ချသား။ မာမို့ဆန္ဒက မာမီတို့မိသားစု စုံစုံညီညီနဲ့ အေး အေးချမ်းချမ်း နေချင်တယ်၊ မာမီတို့လည်း အသက်အရွယ်တွေ ကြီး လာပြီပဲကွယ်"

"မာမီတို့ ငယ်ပါသေးတယ်၊ မြေး မြစ်တွေ ပိုင်ဆိုင်လာဦးမှာပါ"

သူ ရွှတ်နောက်နောက်ပြောတာကို မာမီ သဘောကျကာ ပြုံးပြုံးလေး ကျန်ရစ်ခဲ့သည်။





သူ အခန်းထဲဝင်ခဲ့တော့ အိပ်ရာနံဘေးက စားပွဲပေါ်တင်ထား သော ဖုန်းလေးက သီချင်းသံလေး မြည်နေ၏။

သူ ဖုန်းကိုကောက်ကိုင်လိုက်တော့ တစ်ဖက်က ကြားလိုက်ရ တာ မမဆုရဲ့အသံ။

"ဟဲလို ဟဲလို"

"မမဆုလား"

"ဟယ် မောင်လေး၊ မမ ဖုန်းခေါ်နေတာကြာပြီ"

"ကျွန်တော် အပြင်ရောက်နေတာ မမဆုရဲ့ဖုန်းက အခန်းထဲမှာ ကျန်ခဲ့လို့လေ၊ ဘာကိစ္စရှိလို့လဲ"

"ဩော် လာမယ့်ဆန်းဒေး မောင်လေး အိမ်လာခဲ့ပါလားလို့ ပြောမလို့၊ အဲဒီနေ့ ကိုကိုနားတယ်"

ယောက်ဖဖြစ်သူ အလုပ်နားရက်ဆိုတော့ သူနှင့်တွေ့ကာ မမဆု စိတ်ဆက်ပေးချင်သည်ထင်၏။

"လာခဲ့မယ်လေ မမဆု၊ ကိုကမ္ဘာတည်နဲ့လည်း တွေ့ချင်လို့"

"သူကလည်း မောင်လေးနဲ့ တွေ့ချင်နေတယ်၊ လာခဲ့နော်၊ နေ့လယ်စာစားပြီးမှ ပြန်ပါ၊ မမဆု စီစဉ်ထားမယ်"

"အိုခေ မမဆု၊ ဒါနဲ့ ဟိုကောင်မလေးရှိသလား"

"ဘယ်သူကိုမေးတာလဲ မောင်လေး၊ ရိပ်လေးလား"

"ဟုတ်တယ်၊ ရုပ်လေးချောသလောက် စိတ်တို ဒေါသကြီးလွယ် တဲ့ ကောင်မလေး"

"ဟယ် မဟုတ်တာ၊ ရိပ်လေးက ဒီလိုမဟုတ်ပါဘူး။ အခုလည်း သူ မရှိဘူး၊ စာမေးပွဲဖြေနေရတယ်လေ၊ တနင်္ဂနွေနေ့တော့ ရှိမယ်၊



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲပြီးပြီ''

"ဩော် ဟုတ်ကဲ့ မမဆု၊ ဒါပဲနော်၊ ကျွန်တော် ဆက်ဆက်လာ ခဲ့ပါ့မယ်''

ပြောပြီး သူ ဖုန်းလေးပိတ်လိုက်မိသည်။ ပန်းရိပ်ခင်ရဲ့ မျက်နှာ လေးကိုတော့ အာရုံထဲမှာ ပြေးမြင်မိ၏။

ဒီကောင်မလေးနှင့် ထပ်ဆုံရမည့်အဖြစ်ကိုတွေးကာ ရင်ထဲမှာ ကြည်နူးဝမ်းသာမိတာတော့ အမှန်ပဲဖြစ်သည်။

ဒီကောင်မလေးအကြောင်း တွေးမိတိုင်း သူ့စိတ်ထဲမှာ နွေးနွေး ပျော်ရွှင်နေမိတာ အသေအချာ။ မျက်နှာချောချောလေးနှင့် မျက်ခုံးထူ တွေ တွန့်၊ နှုတ်ခမ်းလေးစူထားတာကို ပြေးမြင်မိ၏။

တော်တော်ခင်မင်စရာကောင်းသည့် ကောင်မလေး။

စိတ်မဆိုးတတ်ပါဘဲ စိတ်ဆိုးဒေါသထွက်နေသည့်ပုံစံလေး ပဲ သူ့ကို ဖမ်းစားနိုင်စွမ်းသည်။

ဖြစ်နိုင်လျှင် အခုချက်ချင်း သူမလေးဆီသွားကာ မခံချင်အောင် စနောက်ချင်မိသည်။ ဒါပေမဲ့လည်း မဖြစ်သေးပါ။ သူ ဒီနေ့ ဒယ်ဒီနှင့် တွေ့ဖို့ ကိစ္စရှိသေးသည်။

ကိုကြီးကိုပို့ပေးပြီး ပြန်လာမည့်ဒယ်ဒီနှင့် ဆွေးနွေးစရာကိစ္စ ရှိသေးတာမို့ စိတ်ကို မျိုသိပ်ထားလိုက်ရပါသည်။

✿





ညနေလယ်စာစားပြီး ဒယ်ဒီ ခြံထဲဆင်းကာ ခရင်းဘက်ခ်ျနှင့် ဂျာနယ်ထိုင်ဖတ်နေချိန်လေးမှာ သူ ဒယ်ဒီ့အနား ရောက်ခဲ့သည်။

"ဒယ်ဒီ''

သူ့ခေါ်သံကြောင့် ဒယ်ဒီ ဂျာနယ်ဖတ်နေရင်း မော့ကြည့်သည်။

"ကျွန်တော် ဒယ်ဒီနဲ့တိုင်ပင်စရာလေးရှိလို့''

ရွှေကိုင်းမျက်မှန်ထဲက မျက်ဝန်းတွေနှင့် ဒယ်ဒီ သူ့ကိုအကဲခတ် ကြည့်နေခဲ့ပြီးမှ –

"တိုင်ပင်စရာ ဟုတ်လား၊ ဘာကိစ္စလဲကွ၊ ထိုင်လေ''

ခရင်းဘက်ခ်ျခုံကသေးက ထိုင်ခုံပုလေးကို မေးဆတ်ပြရင်း ဒယ်ဒီ ဆိုတော့ သူ ဝင်ထိုင်လိုက်သည်။

ဒယ်ဒီ့ကိုပြောရမည့်စကားတွေအတွက် အသေအချာ ပြင်ဆင် ထားသည့်အတိုင်း သူပြောမိ၏။

"တခြားကိစ္စတော့ မဟုတ်ပါဘူး ဒယ်ဒီ၊ ကျွန်တော် စီးပွားရေး လုပ်ငန်းတစ်ခု လုပ်ချင်လို့''

အံ့ဩရိပ်တို့ ဒယ်ဒီ့မျက်ဝန်းထဲမှာ ထင်ဟပ်သွားခဲ့သည်။ လက် ထဲမှာကိုင်ထားဆဲဂျာနယ်ကို ခရင်းဘက်ခ်ျရှေ့က စားပွဲလေးပေါ် လှမ်း တင်သည်။

ကျောမှီထိုင်နေသော ခန္ဓာကိုယ်ကို ရှေ့ကိုကိုင်းညွတ်ပြီး မတ် မတ်ပြင်ထိုင်ရင်း –

"စီးပွားရေးလုပ်ငန်း၊ ဟုတ်လား''

"ဟုတ်ပါတယ် ဒယ်ဒီ''

"မင်း တကယ် ဆန္ဒရှိသလား သား၊ ဒယ်ဒီရဲ့လုပ်ငန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိတယ်၊ မင်း ဘာလုပ်ချင်သလဲ ပြော"

"မဟုတ်ဘူး ဒယ်ဒီ၊ ကျွန်တော်လုပ်ချင်တာ ကျွန်တော်ဝါသနာပါတဲ့လုပ်ငန်း၊ ကားဝပ်ရှော့လုပ်ငန်း"

ဒယ်ဒီ မျက်နှံးတွေပင့်တက်သွားကာ ပါဝါရှေ့ကိုင်းမျက်မှန်ကို ချွတ်သည်။ သူ့နှုတ်က ဒီလိုစကားဆိုလာမည်ဟု ဒယ်ဒီ ထင်ထားပုံမရတာ သေချာသည်။

"ကားဝပ်ရှော့လုပ်ငန်း ဟုတ်လား၊ မင်းတတ်ထားတဲ့ပညာနဲ့ ဘာမှမသက်ဆိုင်ဘူး ထင်တယ်သား"

"သား အဝေးသင်တက်ပြီး စီးပွားစီမံခန့်ခွဲမှုယူတာက ဒယ်ဒီတို့ စိတ်ချမ်းသာကျေနပ်အောင် ယူခဲ့တာပါ၊ သားဝါသနာက အန်ကယ်လွင်လို အောင်မြင်တဲ့ ကားဝပ်ရှော့လုပ်ငန်းကြီး တည်ထောင်ချင်တာပါ၊ ဒါ ကြောင့်လည်း သား အန်ကယ်လွင်ဆီမှာ သင်ခဲ့တာပေါ့"

သူပြောသမျှ ဒယ်ဒီ ငြိမ်သက်စွာ နားထောင်နေခဲ့သည်။ မန္တလေးမှာ အဝေးသင်တက်ရင်း အန်ကယ်လွင်ဝပ်ရှော့ရုံမှာ အန်ကယ်လွင်ရဲ့ပညာတွေကို သင်ခဲ့တာ ဒယ်ဒီလည်း ကြားမှာပါ။

"ဟုတ်ပါပြီ၊ အခု သားက ဘယ်လိုစီစဉ်ထားသလဲ၊ ဘာလုပ်ချင်တာလဲ၊ ဒယ်ဒီ့ဘက်က ဘာတွေ စီမံပေးရမှာလဲ"

"သား ဝပ်ရှော့ရုံထောင်ချင်တယ်၊ အဲဒါ လိုတဲ့အကူအညီတွေ ဒယ်ဒီပေးစေချင်တယ်"

"လိုတဲ့အကူအညီ၊ အခု သားပြောတဲ့လုပ်ငန်းက ဒယ်ဒီအတွက် စိမ်းသက်နေတဲ့လုပ်ငန်းပဲ"

"အဲဒါကို သားနားလည်ပါတယ်၊ သားပြောတာက သားလိုချင်





တဲ့ ဆိုင်နေရာတစ်ခု ရှာထားတယ်၊ ရောင်းချမယ့်မြေကွက်ဆိုပေမယ့် ဒယ်ဒီ့ကို မဝယ်ခိုင်းပါဘူး၊ နေရာငှားရမ်းပေးဖို့ပဲ ပြောချင်တာပါ၊ ပြီးရင် သားကို အရင်းအနှီးထုတ်ပေးပါ၊ အန်ကယ်လွင်ကလည်း လိုတဲ့အကူ အညီ ပေးမှာပါ၊ နောက်ဆုံး ကျွမ်းကျင်အားကိုးရတဲ့ အလုပ်သမားတချို့ လည်း အန်ကယ်လွင်က လွှတ်ပေးမယ်တဲ့"

ဒယ်ဒီ ပါးစပ်အပေါက်သား ထိုင်နားထောင်ရလောက်အောင် သူ့ဘက်က အစီအစဉ်တွေကို ချပြလိုက်တော့ –

"အင်း သားဘက်က အသေအချာ၊ အလေးအနက်ပြောလာ တာကို ဒယ်ဒီ ဝမ်းသာတယ်၊ စိတ်ဝင်စားတယ်၊ ငြင်းချက်ထုတ်စရာ မရှိအောင် သားဘက်ကပြောနေတော့ ဒယ်ဒီ စဉ်းစားမယ်"

"ဒယ်ဒီ စဉ်းစားပါ၊ ကျွန်တော်ကတော့ မဖြစ်ဖြစ်အောင် လုပ် ချင်တာပါ၊ အောင်မြင်ရမယ်လို့လည်း ကတိပေးတယ်"

"အိုခေ သား၊ သားစိတ်ထဲမှာ ဒီလိုစိတ်ကူးရည်ရွယ်ချက်တွေ ရှိတာကိုပဲ ဒယ်ဒီ ဝမ်းသာနေတယ်ကွာ၊ စိတ်ချ၊ ဒယ်ဒီ တစ်ပတ်အတွင်း သားကို အဖြေပေးမယ်"

"ကျေးဇူးတင်ပါတယ် ဒယ်ဒီ"

သူ့ကို ဒယ်ဒီ ခေါင်းတညိတ်ညိတ်ကြည့်ရင်း ပခုံးကို ဖျတ်ခနဲ ပုတ်သည်။

"သားအဖချင်းမှာ ကျေးဇူးစကား မလိုအပ်ပါဘူး သားရယ်၊ ဒယ်ဒီကတော့ သားသမီးတွေရဲ့ဝါသနာကို ပံ့ပိုးပေးဖို့ အသင့်ပါ၊ ဒယ်ဒီရဲ့ ဆုံးဖြတ်ချက်အပ်လှမ်းမှုမဟုတ်ဘူး၊ တကယ်ဝါသနာပါတယ်ဆိုရင် ဘာမဆို ပံ့ပိုးပေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ရင်ထဲက စကားအတွက် သူ ကျေနပ်ရပြုံးမိပါသည်။ ဒယ်ဒီသည် သားသမီးတွေနှင့် တရင်းတနှီး ကျွမ်းဝင်စွာ မနေတတ်သော် ငြိမ်ယံ့ ရင်ထဲမှာတော့ လေးနက်စွာထားရှိမှန်း အခုမှ ပိုမြင်သိရသည်။

"သမီးက ဒယ်ဒီ့အလုပ်မှာ ကူညီမယ်. ဝါသနာပါတယ်လို့ ပြောခဲ့ဖူးတယ်၊ ဒီစကားကြားရတုန်းက ဒယ်ဒီ့မှာ ဝမ်းသာပီတိဖြစ်လိုက်ရ တာ၊ အခုတော့ သင်းက ယောကျ်ားနောက် ကောက်ကောက်ပါအောင် လိုက်သွားတာပဲ"

မမဆုနှင့်ပတ်သက်ပြီး ဒယ်ဒီ့ရင်ထဲက ခံစားချက်ဝေဒနာ တစ်ခုကို သူ သိမြင်လိုက်ရပါသည်။

မမဆုအပေါ် ဒယ်ဒီ ခံစားချက်ဖြင့် နာကျင်နေသည်လား။ ဒါပေမဲ့ ထိုနာကျင်မှုကြီးက ခိုင်ကျည်နေမည်ဟု သူ မထင်ပါ။

မကြာခင်လေးမှာ ဒယ်ဒီရဲ့ ခံပြင်းဒေါသတွေ ပျောက်ကွယ်သွားမှာ ယုံသည်။

✿ ✿ ✿



## အခန်း (၂၉)

စာမေးပွဲခန်းထဲကအထွက်မှာ ရိပ် စိတ်တွေပေါ့ပါး လန်းဆန်း သွားခဲ့သည်။

နောက်ဆုံးနေ့ နောက်ဆုံးဘာသာကို ဖြေဆိုပြီးခဲ့ပြီမို့ ဖြစ်သည်။ တစ်နှစ်ပတ်လုံး ကြိုးစားထားခဲ့သောကြောင့်လည်း ရိပ် ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့၏။

ညတုန်းက ကိုကိုလာကြိုပေးမည်ဟု ပြောသေးသည်၊ ဒါပေမဲ့ ရိပ် ငြင်းခဲ့သည်။ ရိပ်အတွက် ကိုကို အလုပ်ပျက်မှာစိုး၍ ဖြစ်၏။

သူငယ်ချင်းတွေနှင့် လည်ပတ်ဖို့လည်း ရိပ်မှာ အစီအစဉ်မရှိ သာရှိ အိမ်ကိုပဲ ပြန်ဖို့ပဲ ရှိသည်။

"ပန်းရိပ်"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝန်းထဲကအထွက်မှာ အနောက်ကခေါ်သံကြောင့် ရိုပ်လှည့်ကြည့်တော့ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရသည်။

ဘောင်းဘီအိတ်ထဲကို လက်နှစ်ဖက်နှိုက်ကာ ပြုံးစစမျက်နှာနှင့် ရိုပ်ဆီလျှောက်လာနေသူက ဘွာယ်လိုမှထင်မှတ်မထားသူ နိုင်သဏ္ဍာန် ဖြစ်လို့နေသည်။

ရိုပ်တို့ကျောင်းကို သူ ဘယ်လိုမှ ရောက်စရာအကြောင်းမရှိဟု ထင်သည်။

"ဖြေနိုင်တယ်မဟုတ်လား ပန်းရိုပ်"

ရိုပ်အနားရောက်တော့ နှုတ်ဆက်မေးပေမယ့် ရိုပ် ပြန်မဖြေပါ။ ထုံးစံအတိုင်း မျက်နှာလေးကို မာတင်းပြီး သူ့မျက်နှာကို စူးစူးလေး စိုက်ကြည့်နေလိုက်သည်။

"ကြည့်ရတာ အခြေအနေမကောင်းဘူး ထင်တယ်၊ စိတ်ကို လျှော့၊ ဒီနှစ်မအောင်လည်း နောက်နှစ်ပေါ့၊ ပညာရှာ အိုသည်မရှိတဲ့"

ကြည့်၊ အဲဒါကြောင့် သင်းနဲ့ ရိုပ် အချိုးမတည့်တာ။ လူကို တွေ့သည်နှင့် လှောင်သလို ပြောင်သလို ပြောတာတွေကြောင့် အမေး မကာဝ်တာပဲဖြစ်၏။

"ဘာတွေလာပြောနေတာလဲ"

"ဩော်၊ စာမေးပွဲမဖြေနိုင်လို့ စိတ်တိုနေတယ်ထင်လို့"

"သေလိုက်ပါလား။ ရှင့်မျက်နှာ မြင်လိုက်တာနဲ့ စိတ်က အလိုလို ဒေါသထွက်ချင်နေတာ"

"ဟား တို့မျက်နှာက အဲဒီလောက်အထိတောင် ချောနေသလား။ ဝန့်တိုစရာကောင်းအောင် ချောနေလို့ထင်တယ်၊ အဟွန်း"





စိတ်ဆိုးနေမှန်း သိလျက်နဲ့ တမင်စနောက်နေတော့ ပိုလို့ စိတ်ကတိုရသည်။

ဝတ်ထားတာက အပြာစင်းစပို့ရှပ်လက်တိုနှင့် အနက်ရောင် စတိုင်လ်ဘောင်းဘီရှည်နှင့်မို့ မြင့်မားသော သူ့အရပ်အမောင်းနှင့် ပြေပြစ် စမတ်ကျလွန်းသည်။

ကြည့်မရတာက ချောမောရှင်းသန့်သော မျက်နှာပေါ်က အပြုံး တွေက ရိုပ်ကို စနောက်ဖို့ စဉ်းစားနေနတာကို မြင်၏။

ချာခနဲ လှည့်ထွက်ခဲ့တော့ နံဘေးမှာ အရိုပ်လိုက်ပါလာပြန်တာ မို့ ရိုပ် ငဲ့ကြည့်ရင်ဆိုင်ပစ်ရင်း –

"ရှင် ဘာလိုက်လုပ်နေတာလဲ"

"တို့လား ကောင်မလေးတစ်ယောက်ကို လာကြိုတာပါ"

"ဒါဆိုလည်း ရှင့်လမ်းရှင်သွား၊ ကျွန်မနောက် တကောက် ကောက် လိုက်မနေနဲ့"

"ဟောဗျာ၊ ဘယ်မှာ အနောက်ကလိုက်လို့လဲ၊ ဘေးကယှဉ် လိုက်လာတာလေ၊ လိုက်ဖက်ညီလို့ ထင်တယ်၊ ဟိုကကျောင်းသူတွေ တောင် ကြည့်နေတယ်"

သူ့စကားကြောင့် ရိုပ်မျက်နှာလေး ပန်းနုရောင်သမ်းသွားသည်။ မလှမ်းမကမ်းက ဝိုင်းကြည့်နေသော ကျောင်းသူတွေဆီကိုလည်း မလုံမလဲ ကြည့်မိ၏။

သူ ဝတ်ဆင်ထားတာက အပြာစင်းစပို့ရှပ်၊ ရိုပ် ဝတ်ဆင်ထား တာကလည်း အပြာနုဝမ်းဆက်နှင့်ဆိုတော့ ဆင်တူလို ဖြစ်နေသည်။

ရှက်စိတ်နှင့် ရိုပ် ခြေလှမ်းတို့ ရပ်တန့်ပစ်တော့ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



တွဲခနဲရပ်သည်။ ဘောင်းဘီအိတ်ထဲ နှိုက်ထားသော လက်နှစ်ဖက်က အခုချိန်အထိ အနှိုက်မပျက်ရှိဆဲ။

"နိုင်သဏ္ဍာန်၊ ရှင့်လမ်း ရှင်သွားတော့၊ ကျွန်မ ရှင်နဲ့အတူတူ မသွားနိုင်ဘူး"

"အတူမသွားလို့မရဘူး၊ တို့လာကြိုတဲ့ကောင်မလေးက မင်းလေ"

"ဘာ"

တစ်ခုခုပြန်ပြောဖို့ ရိုပ် ပြင်ဆင်တုန်းမှာပဲ ခပ်သွက်သွက် လျှောက်လာသော မမဆုကို မြင်လိုက်ရ၏။ မမဆုပါ ပါလာမည်ဟု ထင်မထားမိပါ။

"ရိုပ်လေး ဖြေနိုင်တယ်မဟုတ်လား၊ မမဆု ရိုပ်လေးကို လာကြိုတာ"

"ဖြေနိုင်ပါတယ် မမဆု၊ ဘာလို့လာကြိုတာလဲ၊ ပင်ပန်းလိုက်တာ၊ ရိုပ်ဘာသာ ပြန်လို့ရတာကို"

"ဒီမှာလေ၊ မောင်လေးကလည်း ဒီကျောင်းကို သွားစရာရှိတယ် ဆိုပြီး ရောက်လာတာ၊ လမ်းကြုံလို့ တစ်ခါတည်း လာကြိုလိုက်တာ"

မမဆုက နိုင်သဏ္ဍာန်ကို မေးလေးထိုးပြပြီးပြောသည်။ ရိုပ်ကတော့ မယုံချင်ပါ။ နိုင်သဏ္ဍာန် တမင်ကြံစည်တာဟုပဲ ထင်၏။

"မောင်လေး၊ နင့်သူငယ်ချင်းနဲ့ တွေ့ပြီးပြီလား"

"သူငယ်ချင်းမဟုတ်ပါဘူး မမဆုရဲ့၊ ကျွန်တော့်ချစ်သူ ကောင်မလေးပါ"

"အောင်မယ်လေးတော်၊ မဂ္ဂဇင်းတိုင် တက်ပြနေသေးတယ်၊





ဟုတ်ပါပြီ၊ နင် ချစ်သူကောင်မလေးနဲ့ တွေ့ပြီးပြီလား"

"စောစောကပဲ တွေ့ပြီးပြီ မမဆု"

ရိုပ်တို့ကျောင်းမှာ နိုင်သဏ္ဍာန်ရဲ့ ကောင်မလေးရှိသည်တဲ့လား။ ကျောင်းအထိတောင် နိုင်သဏ္ဍာန် လာရှုပ်သည်ထင်သည်။

ရုပ်ရည်ချောမော စတိုင်လ်မိသလောက် ချစ်သူရည်းစားတွေ ဆည်လဲတွဲတတ်သော နိုင်သဏ္ဍာန်အကြောင်းကိုတော့ မမဆု ပြောပြ ထား၍ ရိုပ်သိထားပြီးဖြစ်သည်။

"ဒါဆို နင်တို့ ဘယ်သွားကြမလို့လဲ သွားလေ၊ ငါနဲ့ရိုပ်လေး ဘတ်စ်ကားစီးပြီး ပြန်လိုက်မယ်"

"မပြန်နဲ့၊ ကျွန်တော်လိုက်ပို့ပေးမှာပေါ့"

"ဟင် နင်က နင့်ကောင်မလေးနဲ့ သွားမှာမဟုတ်လား"

"နီး ချစ်သူက စိတ်ဆိုးပြီး ဘုဘောက်တွေပဲ ပြောသွားလို့"

"ဖြစ်ရမယ် နင်တို့က"

"မမဆု မသိပါဘူး၊ ကျွန်တော့်ချစ်သူက အဲဒီလို စိတ်ဆိုးမှ ပြီးချစ်စရာကောင်းတာ၊ ကဲ ကျွန်တော် ကားသွားယူလိုက်ဦးမယ်၊ မမဆုတို့ ဒီကစောင့်"

ပြောပြီး ရိုပ်ကို ပြုံးတုံ့တုံ့နှင့် တစ်ချက်ကြည့်ကာ နိုင်သဏ္ဍာန် ထွက်သွားသည်။ ရိုပ် မျက်မှောင်လေးကုတ် သူ့ကျောပြင်ကိုကြည့်နေ ရင်း ချက်ချင်းသိလိုက်သည်။

ကြည့်စမ်း၊ သင်း ပြောသွားတာ ရိုပ်ကိုပဲဆိုတာ ရှင်းနေ၏။ ရိုပ်ကို ရှေ့မှာထားကာ မမဆုကို သူပြောသွားသည့် သူ့ချစ်သူ ကောင်မလေးဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တွေးရင်း ရိပ် နှုတ်က တက်ခေါက်သံလေး ထွက်သွားတော့ မမဆုက အထိတ်တလန့် လှည့်ကြည့်ရင်း –

"ဟင် ဘာဖြစ်တာလဲ ရိပ်လေး၊ ဘာဖြစ်လို့လဲ"

ရိပ်မျက်နှာကိုကြည့်ကာ မေးလာသော မမဆုကို အမှန်အတိုင်း ရိပ် ဖွင့်မပြောရက်ပြန်ပါ။ မမဆုခမျာ ဘာမှမသိရှာ။ ပြီးတော့ ရိပ်အပေါ်မှာ ကောင်းသော မမဆုကို သနားသည်။

"ဘာမှမဖြစ်ပါဘူး မမဆုရဲ့၊ သူငယ်ချင်းတွေကို စိတ်ကိုနေ့မိလို့ပါ"

ရိပ် တောင်းပန်နေတုန်းမှာပဲ နှိုင်းသဏ္ဍာန်ကားလေးက အနားမှာ ထိုးရပ်လာသည်။

"လာ ရိပ်လေးရေ၊ မောင်လေးကားနဲ့ပဲ ပြန်ရအောင်၊ သူတို့စုံတွဲ စိတ်ဆိုးတာပဲ မမဆုတို့အတွက် ခပ်ကောင်းကောင်းပေါ့၊ အဟင်း"

နှိုင်းသဏ္ဍာန့်စကားတွေကိုပဲ ယုံကြည်နေသော မမဆုကတော့ ရိပ်လက်ကို ဆွဲကာ ကားပေါ်တက်ခိုင်းနေသည်။

လူကို ခပ်ပြုံးပြုံးကြည့်နေသော သူ့မျက်နှာကို ရိပ် ကုတ်ခြစ်ထုရိုက်ချင်ပေမယ့်လည်း စိတ်ကိုထိန်းကာ ဝင်ထိုင်လိုက်ရပါသည်။

"ကျွန်တော့်ကောင်မလေး စိတ်ဆိုးတဲ့ အထိမ်းအမှတ်အဖြစ် မမဆုတို့ကို မနက်စာကျွေးမယ်"

"သဏ္ဍာန်ရယ်၊ နင်ကတော့ တကယ်ပဲ၊ ရန်ကုန်ပြန်ရောက်တာ မကြာသေးဘူး၊ ချစ်သူတွေ, ရည်းစားတွေ ထားနေပြီလား၊ နင် တက္ကသိုလ်ကျောင်းသား မဟုတ်တော့ဘူးနော်၊ အရင်တုန်းကအချိုးတွေ





ဖြင်သင့်ပြီ"

"ဟာ နိုး မမဆု မှားနေပြီ၊ အခု ကျွန်တော် ရှုပ်တာမဟုတ်ဘူး၊ အမှန်အကန်ဗျ၊ ဒီကောင်မလေးကို ကျွန်တော် တကယ်ချစ်တာ၊ ပထမဆုံးအချစ်၊ နောက်ဆုံးသောအချစ်"

"တကယ်လား သဏ္ဍာန်၊ ဒါဆို မင်းကောင်မလေးကို မမဆုနဲ့ တစ်ရက်လောက် တွေ့ပေးစမ်းပါ၊ မင်း ကြွေသွားလောက်တဲ့ မိန်းကလေးကို မြင်ဖူးချင်လို့"

"တစ်နေ့ကျရင် မမဆု တွေ့ရမှာပါ"

ကားနောက်ခန်းထဲမှာ မမဆုနဲ့အတူ ရှိနေသော ရိပ်ကို တစ်ချက်လေးတောင် အလေးမထားဘဲ ပြောနေသော နှိုင်းသဏ္ဍာန်ကို နောက်ကြည့်မှန်လေးထဲကပဲ ရိပ် စူးစူးရဲရဲကြည့်နေရှာသာ တတ်နိုင်ခဲ့သည်။

ရိပ် ကြည့်နေမှန်းသိတော့ သူ့မျက်ဝန်းတော့ နောက်ကြည့်မှန်ထဲရောက်လာသည်။

မုန်းစရာကောင်းလောက်အောင် သူ့မျက်ဝန်းတွေက အပြုံးရိပ်တွေ ဖြာနေတာအမှန်။

ချာခနဲ အကြည့်လွှဲပစ်လိုက်သည့်တိုင် နှိုင်းသဏ္ဍာန်မျက်နှာက မျက်ဝန်းတွေထဲက ပျောက်ပျက်မသွားခဲ့။

မမဆုရဲ့ မျက်နှာကြောင့်သာ မဟုတ်ခဲ့လျှင် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ညှော်ခန်းထဲမှာ ကိုကိုနှင့်သူ ရင်းနှီးစွာ စကားတွေပြောနေကြတာကို ရိပ် အတိုင်းသားကြားနေရသည်။

လွန်ခဲ့သည့်နာရီပိုင်းလေးမှ ဆုံတွေ့သွားကြသည့် သမီးယောက်ဖ နှစ်ယောက် စကားတွေပြောဆိုနေကြတော့လည်း တကယ့်ကို တရင်းတနှီးနှင့်ဖြစ်သည်။

နှစ်ပေါင်းများစွာ ခင်မင်လာသော ငယ်ပေါင်းကြီးဖော်တွေအတိုင်းပါပဲ။ နိုင်သဏ္ဍာန်က ကိုကို့ကို ခေါ်ပုံကပဲ ကိုတည်တဲ့။ ကိုကိုကလည်း ညီလေးတဲ့။

မမဆုကတော့ နံဘေးမှာထိုင်ရင်း ကျေနပ်စွာပြုံးလို့ ကိုကိုနှင့် နိုင်သဏ္ဍာန်ကို ရင်းနှီးခင်မင်သွားတာကို ဝမ်းသာနေပုံရသည်။





ရိပ်ကတော့ မီးဖိုခန်းလေးထဲဝင်ကာ ဒီနေ့ ချက်ပြုတ်ရေးကိစ္စ တာဝန်ယူလိုက်သည်။

စာမေးပွဲရက်တွေတုန်းက မမဆုတစ်ယောက်တည်း ချက်ပြုတ်ပင်ပန်းခဲ့သည်။ ရိပ်ရဲ့အဝတ်အစားတွေတောင် မမဆု လျှော်ဖွပ်ပေးတာမို့ အားနာမိ၏။

ဒါကြောင့်လည်း ဒီနေ့ နိုင်သဏ္ဍာန် အိမ်လာမည်၊ မနက်စာပါ စားမည်ဆိုတော့ မမဆုနှင့်ရိပ် ဈေးကိုအတူသွားခဲ့သည်။

"မောင်လေးက အစားကတော့ ချေးမများပါဘူး၊ ငါးဖယ် ငါးဆုပ်တော့ ကြိုက်တယ်၊ ရိပ်လေးနဲ့ အကြိုက်တူတယ်"

ရိပ် ငါးဖယ်ငါးဆုပ်ဟင်းကြိုက်တာသိသော မမဆုက ရိုးသားစွာ ပြောခဲ့တာ ဖြစ်၏။ ရိပ်နှင့်မှ အကြိုက်လာတူနေတာမို့ မဲ့ပြုံးလေး ကိုတ်ပြုံးမိသေးသည်။

ဈေးကပြန်ရောက်တော့ ချက်ပြုတ်ဖို့ မမဆုက ပိုင်းဝန်းကူညီ စီစဉ်ပေး၏။ နိုင်သဏ္ဍာန်ရောက်လာတော့ ရိပ်ပဲ ချက်ပြုတ်စီစဉ်ကာ မမဆုကို သွားနေခိုင်းလိုက်တာဖြစ်၏။

"ညီလေး၊ အခု ကားဝပ်ရှော့လုပ်ငန်း လုပ်ချင်တယ်ဆိုတော့ အကူအညီလိုရင်ပြောပေါ့၊ အစ်ကို့တက်က တတ်နိုင်သလောက် ကူညီမယ်၊ ကိုယ်နဲ့သိတဲ့ မဏ္ဍင်းနှစ်တွေရှိတယ်"

"ကျေးဇူးပဲအစ်ကိုတည်၊ ဒယ်ဒီရဲ့ခွင့်ပြုချက်ကို စောင့်နေတာပါ၊ ဒယ်ဒီခွင့်ပြုတာနဲ့ လုပ်ဖြစ်မယ်"

"ဒယ်ဒီက ခွင့်မပြုလို့လား မောင်လေး"

"ခွင့်ပြုဖို့ များပါတယ်၊ တစ်ပတ်အတွင်း အဖြေပေးမယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ ခွင့်မပြုလည်း ကျွန်တော်က လုပ်မှာပဲ၊ အန်ကယ်လွင်က လို သမျှ ကူညီမယ်တဲ့"

နိုင်သဂျာနန့်လေသံက ယတိပြတ်ဆုံးဖြတ်ထားသည့်ပုံဟု ရိပ် အကဲခတ်မိသည်။ မိသားစုထဲမှာ ဆိုးသည်ဟု သတ်မှတ်ထားသော နိုင်သဂျာနန်ကတော့ တစ်ဖွတ်ထိုး ခေါင်းမာမည့်အသွင်ပါပဲ။

အခုပဲ ကြည့်၊ ဖခင်ဖြစ်သူရဲ့ ကုမ္ပဏီလုပ်ငန်း မြောက်မြားစွာ ရှိပါလျက်နှင့် ကိုယ်ပိုင်ကားဝပ်ရှော့ ထူထောင်မည်တဲ့။

စိတ်ထင်ရာလုပ်ချင်တာကြောင့်လား၊ ကိုယ့်အစွမ်းအစနှင့် ရပ်တည်ချင်တာကြောင့်လားတော့ မသိ။

"ရိပ်လေး မမဆု ဘာကူညီရဦးမလဲ"

မီးဖိုထဲဝင်လာသော မမဆုအသံကြားမှ ရိပ် ကင်ပွန်းချဉ်ရည် အိုးကို တည်နေရင်းမှ –

"ရတယ် မမဆု၊ ဒီချဉ်ရည်ဟင်းအိုးပြီးရင် ပြီးပြီ၊ ဆူတော့မှာ ပါ"

"ရိပ်လေး ပင်ပန်းနေပြီထင်တယ်၊ သွား သွား ခဏနားပြီး ရေမိုးချိုးလိုက်၊ မမဆု ဆက်ကြည့်ထားလိုက်မယ်၊ ပြီးရင် အားလုံး ထမင်းအတူစားရအောင်"

"မမဆုတို့ စားနှင့်ပါ၊ ရိပ် သိပ်မဆာသေးလို့"

"ဟယ် မဟုတ်တာ၊ တစ်ခါတည်း အတူဝင်စားပါ ညီမလေး ရယ်၊ ဆာသလောက်စားပေါ့၊ ဗိုက်ဆာရင်လည်း ပြီးတော့ ပြန်စားလို့ ရတာပဲ၊ ကဲ ကဲ လန်းဆန်းသွားအောင် ရေမိုးချိုးလိုက်"

ငြင်းဖို့လည်း ခက်နေတာမို့ ရိပ် ရေချိုးခန်းထဲ ဝင်ခဲ့လိုက်ရ၏။





နိုင်သဂျာနန်နှင့် တစ်ဝိုင်းတည်းမစားချင်ဟု ထင်သွားလျှင် မကောင်းပါ။

မမဆုမျက်နှာသာမက ကိုကို့မျက်နှာလည်း ရှိနေသည်။

ရိပ်နှင့်ကျတော့ လူကို ပြောင်နောက် စရမှ ကျေနပ်နေသူက ကိုကိုနှင့်ကျတော့လည်း တည်တည်ငြိမ်ငြိမ်နှင့် လူကြီးဆန်ဆန် စီးပွားရေး တွေ ပြောနေလိုက်တာ၊ တည်တည်တံ့တံ့ပါပဲ။

ရုပ်က မင်းသားတစ်ပါးလို ချောသလို အိုက်တင်ကလည်း ကောင်းလွန်းသူလား မသိ။

ရေမိုးချိုးပြီးတော့ ရိပ် ဘလောက်စ်အကျီပန်းနုရောင်လေးကိုပဲ ရှန်သားလုံချည်အနက်လေးနှင့် ဝတ်ဆင်လိုက်သည်။

ကျောလယ်သာသာလောက်ပဲရှည်သော ဆံနွယ်တွေကို အပြောင် သိမ်း ဖြီးသင်ကာ ခေါင်းစည်းကြိုးလေးနှင့် ချည်နှောင်လိုက်၏။

မှန်ထဲမှာ မြင်နေရသော မျက်နှာလေးကိုတော့ ဘာမှ မလိမ်း ခြယ်ဖြစ်ပါ။ ရေချိုးပြီးစမို့ ရှင်းသန့်ပြီးသား။

တကယ်ဆို ရိပ်မျက်နှာလေးက ဘာအခြယ်အသမှ မကူရဘဲ နုညက်ပြီးသားမို့ သူငယ်ချင်းတွေက အားကျချီးကျူးမဆုံးရှိသည်။ ရိပ် ကိုယ်တိုင်ကလည်း အလှအပကို မက်မက်မောမော မရှိခဲ့ပါ။

ဒီလိုနေသည့်ကြားကတောင် ရိပ်အချစ်ကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားနေသူတွေက အများကြီးပါပဲ။ ဒါပေမဲ့ အားလုံးကို ရိပ် စိတ်မဝင် စား ဥပေက္ခာပြုထားခဲ့ခြင်းက ကိုကို့ကြောင့်ပါပဲ။

ရိပ်ဘဝမှာ အချစ်ဆုံးသည် ကိုကိုပဲရှိခဲ့သည်။ အခုတော့ ကိုကို ချစ်သော မမဆုလည်း ပါဝင်လာပြီ။

ဒီတော့ နောက်ထပ်သံယောဇဉ်တွယ်စရာဆိုတာ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ကြို့လာမည်မဟုတ်ဟု ယုံသည်။

"ရိပ်လေးရေ၊ ထမင်းစားရအောင်လေ၊ ကိုကိုခေါ်နေတယ်"

"လာပြီ မမဆု၊ လာပြီ"

အခန်းအပြင်က မမဆုခေါ်သံလေးကြားတော့ ရိပ် ထွက်ခဲ့လိုက်၏။ မမဆုနှင့် ထမင်းဝိုင်းရောက်ခဲ့တော့ ကိုကိုနှင့် နိုင်သဏ္ဍာန် မျက်နှာချင်းဆိုင် ထိုင်နေကြပြီ။

"လာ ညီမလေး၊ အားလုံး လက်ဆုံစားရအောင်"

ကိုကို့စကားကို ခေါင်းညိတ်ပြရင်း မမဆုနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မောင်လေး ထည့်စားနော်၊ မောင်လေး ငါးဆုပ်ကြိုက်တာ လို့ ချက်ထားတာ၊ ဒီမှာ ကြက်သား၊ ဒီမှာ ကင်ပွန်းချဉ်ရည်ဟင်း"

"ဟင်းတွေကတော့ ရှယ်ပဲ၊ စားမှာမပူနဲ့၊ မမဆုလက်ရာ မဟုတ်လား"

"ဒီနေ့ မမဆုမချက်နိုင်ပါဘူး၊ ရိပ်လေးချက်ထားတာ၊ ရိပ်လေး က မမဆုထက်တောင် ပိုတော်ပြီးသားပါ၊ အဟင်း ဟင်း"

မမဆုက ပြောတော့ သူ့အကြည့်တွေ ရိပ်ဆီ ရောက်လာ တစ်ခဏလေးဆုံမိသော သူ့မျက်ဝန်းတွေထဲမှာ အပြုံးရိပ်တွေ လက် မြင်သည်။

ပြီးတော့ ငါးဆုပ်ဟင်းပန်းကန်ဆီ သူ လက်လှမ်းပြီး ထည့်စား နေသည်။

ရိပ်ကြိုက်သောဟင်းပေမယ့် ထိုနေ့က ရိပ် တစ်ပွဲပဲ စားနိုင် သည်။ သူကတော့ ထမင်းနှစ်ပန်းကန်တိတိ စားနိုင်၏။





စားသောက်ပြီးတော့လည်း ရိပ်ချက်သော ဟင်းတွေကို တဖွဖွ ချီးကျူးမဆုံး။

"ဟား တကယ်ကောင်းတဲ့လက်ရာပဲဗျာ၊ သေချာတယ် မမဆု အိမ်မှာ ကျွန်တော် ခဏခဏ လာစားဖြစ်တော့မှာ"

"လာခဲ့ပါ ညီလေး၊ ကိုယ်မရှိလည်း ဆုနဲ့ညီမလေးတို့ ရှိပါတယ် ဗျား ဟုတ်လား"

ကိုကိုက ဖိတ်ခေါ်နေသည်။ သူ့မျက်နှာက ရိပ်ကိုကြည့်ကာ ပြုံးရိပ်ရိပ်ရှိနေဆဲ။

ရိပ် တမင်မကြည့်ဘဲ မျက်နှာလွှဲထားမိသည်။ ဒီသမီးယောက်ဖ သင့်မြတ်နေပုံက လိုတာထက် ပိုလွန်းနေပြီ ထင်ပါရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဘာပဲဖြစ်ဖြစ် ကိုကိုကတော့ နိုင်သဏ္ဍာန်နှင့်ဆုံတွေ့ပြီးသည်
နောက်ပိုင်းမှာ ဘာတွေ သဘောကျနှစ်ခြိုက်သွားသည် မသိ။ ဆု
မောင်လေးဆိုသော နာမ်စားကို မကြာခဏ ပြောတတ်သည်။

"ဆုရဲ့မောင်လေးက မဆိုးပါဘူး။ လူငယ်ဆန်တယ်၊ ပွင့်လင်
တယ်၊ ဆုတို့က ဆိုးတယ်ဆိုပေမယ့် ဖော်ရွေပါတယ်"

"မောင်လေးက ဒယ်ဒီနဲ့အမြင်မတူတော့ ဆိုးတယ်ထင်ရတာ
ဒါပေမဲ့ မိသားစုထဲမှာတော့ မောင်လေးက တစ်ဖွတ်ထိုးဆန်တယ်၊ သူ
တယ်ထင်ရင် ဒယ်ဒီ့ကိုလည်း ဆန့်ကျင်တာပဲ၊ ရန်ကုန်မှာ အေးအေး
ဆေးဆေး ကျောင်းတက်ခွင့်ရပေမယ့် မန္တလေးက ဒယ်ဒီ့ညီအိမ်
သွားနေပြီး အဝေးသင်တက်တယ်လေ၊ ဒါ ဒယ်ဒီက ပညာရေးဘွဲ့တင်





နေအောင်ယူ ဆိုတဲ့စကားကြောင့်၊ သူဝါသနာပါတာ အနုပညာလမ်းကို
သိပ်ရှုလုပ်ငန်းလေ"

"ဆုရဲ့မောင်လေး အောင်မြင်မှာပါ၊ သူ့မှာ ပြင်းပြတဲ့စိတ်ဆန္ဒ
ရှိတယ်၊ ကိုယ်လည်း တတ်နိုင်သလောက် ကူညီပေးမှာပါ"

ယောက္ခမတွေနှင့်ကိုကို့ကြားမှာ အဆင်မပြေမှုတွေရှိနေသည့်
တိုင် ကိုကိုသည် နိုင်သဏ္ဍာန်ကိုတော့ ယောက်ဖတစ်ယောက်ဟု သတ်
မှတ် ခင်မင်သွားတာ သေချာပါသည်။

ရိပ်ကတော့ နိုင်သဏ္ဍာန်အပေါ်မှာ ခင်မင်လို့မရပါ။

ဘာကြောင့်လဲဟုဆိုလျှင် သူ့အကြောင်းတွေ သိထားတာ
ကြောင့် ပဲဖြစ်သည်။ ဒါကလည်း မမဆုပြောပြထားသော စကားတွေ
ကြောင့်ပါပဲ။

"မောင်လေးက ကောင်မလေးတွေနဲ့ ခပ်ရှုပ်ရှုပ် ရိပ်လေးရဲ့
ညည်းစားမကျ၊ ချစ်သူမကျတွေမှ အများကြီးပဲ၊ မန္တလေးမှာဆိုတော့
စိတ်တိုင်းကျ ဖြစ်နေတာပေါ့၊ အန်ကယ်လွင်တို့လင်မယားက သားသမီး
မရှိတော့ မောင်လေးကိုပဲ သားအရင်းလို ချစ်တာလေ၊ ဟိုတစ်ခါလည်း
မိန်းကလေးတစ်ယောက် ပြဿနာကြောင့် ရန်ဖြစ်သေးတယ်၊ ဒယ်ဒီ
ချက်ချင်း မန္တလေးလိုက်သွားရတာပေါ့"

လူကို မမြင်တွေ့ရခင်ကတည်းက သတင်းမွှေးနေသော နိုင်
သဏ္ဍာန်လုပ်ရပ်တွေကိုတော့ ရိပ် မနှစ်မြို့ပါ။ ဒါကြောင့်လည်း မမဆု
ပြောစဉ်က ရိပ် ဝေဖန်မိသေးတာ။

"ကြည့်လည်းလုပ်ဦးနော် မမဆု၊ လည်လွန်းပြီးဟိုခင်သင့်တတ်
တယ်တဲ့၊ မမဆုမောင် ခပ်လည်လည်မိန်းမနဲ့ ရနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး၊ ဒါတော့ ကိုယ်တော်ချောက ကင်းတာယ် ရိပ်လေးရဲ့၊ ကောင်မလေးတွေနဲ့ တွဲတာသွားပြောလောက်ပဲ ရှိတယ် ဒီထက်မပိုအောင် ထိန်းနိုင်တယ်၊ ရန်ကုန်လာမှ မမဆု ယုံသွားတာ သူနဲ့ဘာလိုလိုဖြစ်တာ မမဆုသူငယ်ချင်းတွေတောင် ပါတယ်၊ ဒါပေမဲ့ မမဆု မျက်နှာပျက်အောင် ဘယ်တော့မှမလုပ်ဘူး၊ သူငယ်ချင်းတွေက တောင် မမဆုကို ဝန်ခံဖွင့်ပြောကြတာ"

မောင်ဖြစ်သူဘက်က မမဆု အကြွားပိုသည်ဟုတောင် ထင် ရောရှိပေမယ့် နိုင်သဏ္ဍာန်နှင့်တွေ့လိုက်တော့ ရိပ် လက်ခံရပါသည်။

ရုပ်ရည်ချောမောကာ အရပ်မြင့်မြင့်မားမားနှင့် စတိုင်လ်မိသော နိုင်သဏ္ဍာန်အသွင်က မိန်းကလေးတိုင်း ငေးကြည့်လောက်အောင် ချော မောပါသည်။

သည့်တော့လည်း နိုင်သဏ္ဍာန်နှင့် ဆက်နွယ်ပတ်သက်ချင်ကြမှာ မဆန်းပါ။

မျက်နှာက ချိုသလို၊ အပြောအဆိုကလည်း ရဲတင်းသည်။ ရိပ်ကိုတောင် စတွေ့သည်နှင့် နောက်ပြောင်တာကိုပဲ ကြည့်။

သူ့အကြောင်းတွေသာ ကြိုသိမထားခဲ့လျှင် ရိပ်လည်း ခင်မင် ရင်းနှီးသွားမိမှာ သေချာ၏။ ဒါပေမဲ့ မမဆုမောင်ဆိုတာ သိလိုက်သည် နှင့် ရိပ်စိတ်က ထွန့်သွားမိသည်။

သူ့ နောက်ပြောင်တာတွေအပေါ်မှာလည်း မသာယာမိဘဲ ဒေါ သတွေပဲ ဖြစ်မိသည်။

နတ်သားရုပ်လောက်အောင် ချောမောပါစေ၊ မျက်နှာများတတ် သော ယောကျ်ားဆိုလျှင်တော့ ရိပ် ကြည့်မရပါ။





ဖြစ်နိုင်လျှင် မျက်နှာချင်းဆိုင်စကားပြောဖို့တောင် ရိပ် ရှောင် ...ချင်ပေမယ့် အိမ်မှာ ကိုကိုနှင့်တစ်ကြိမ် ဆုံတွေ့ပြီးသည့် နောက်ပိုင်း ...တော့ နိုင်သဏ္ဍာန် ချောင်းပေါက်မတတ် ရောက်လာတော့၏။

ဘဲလ်သံကြားတော့ မမဆု ဈေးကပြန်လာသည်ထင်ကာ ရိပ် ...ခန်းတံခါးကို ပြေးဖွင့်ပေးတော့ နိုင်သဏ္ဍာန် ဖြစ်နေ၏။

နှုတ်ခမ်းရှုပြည့်ပြည့်တွေ ကွေးညွတ်ကာ ပြုံးလိုက်ပုံက စွဲမက် ...ကောင်းပေမယ့် ထိုအပြုံးတွေကို ရိပ် ကြည့်မရတာမို့ –

"ဘာကိစ္စလဲ၊ ဘယ်သူနဲ့တွေ့မလို့လဲ"

"ယောက်ဖမရှိဘူးလား"

"ဘာပြောတယ်"

"ဪ တို့ရဲ့ယောက်ဖ၊ ပန်းရိပ်ရဲ့ကိုကို ကိုတည်ကိုပြောတာပါ ...တွန်း"

ခင်မင်နှစ်လိုဖွယ်ကောင်းသော အပြုံးသည် ရိပ်အတွက် ဘယ် ...မှ ခင်မင်ချင်စိတ် မရှိတာ ဒီလို ရွှတ်နောက်နောက်စကားတွေကြောင့် ...ဖြစ်၏။ ကိုကို့ကို ခေါ်ပုံကိုက ယောက်ဖတဲ့။

ဒါ ရိပ်ကို တမင်နောက်ပြောင်တာသိသည်မို့ –

"ကိုကို ဒီအချိန် ဒီမှာမရှိဘူး၊ တွေ့ချင်ရင် ရုံးကိုလိုက်သွား"

"ဟာ ယောက်ဖကလည်းကွာ၊ တို့လာမယ်ဆိုတာ သိလျက်နဲ့"

ပြုံးစစပြောပုံက တစ်ချက်လေးမှ အရှုံးမပေး။ ဝင်းမွတ်ချော ...နေသော မျက်နှာကြီးကို ရိပ် လက်သည်းတွေဖြင့် ကုတ်ဖဲ့ပစ်လိုက် ...ချင်စိတ်ကို မျိုသိပ်ထားရ၏။

"ကဲ ရှင်ပြန်မယ်ဆို ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နှင်လုချည်လား၊ ယောက်ဖမရှိလည်း ကိုယ့်အစ်မရှိတယ်လေ၊ မမဆုရှိတယ်မဟုတ်လား"

"မရှိဘူး၊ ဈေးသွားတယ်"

"ဈေးသွားတာဆိုရင် ပြန်လာမှာပါ၊ တို့ စောင့်ရမှာပေါ့"

"ကျွန်မ တံခါးဖွင့်ပေးလို့ မရဘူး၊ ကျွန်မတစ်ယောက်တည်းရှိတာ"

"ဘာဖြစ်လို့လဲ၊ တို့က ဘာလုပ်မှာမို့လဲ၊ ဆွေမျိုးတွေတောင်တော်နေပြီပဲ၊ စောင့်ရောက်ရမယ့်ဝတ္တရားတောင် ရှိတယ်"

ရိပ် မျက်နှာကို မဲ့ချပစ်ရင်း မျက်စောင်းထိုးတော့လည်း အပြုံးလေးတစ်ချက်မပျက် ရှိနေသည်။

"ရပါတယ်၊ ပန်းရိပ်က မယုံကြည်တော့လည်း တို့ ဒီကဲရပ်စောင့်ပါ့မယ်"

ပြောပြီး တံခါးရှေ့မှာ မတ်တတ်ရပ်စောင့်နေတော့လည်း ရိပ်မှာ တစ်ဒုက္ခဖြစ်ရပြန်သည်။ ဒီအချိန်မှာ မမဆုရောက်လာလျှင် မသင့်၊ ရိပ် တံခါးသော့ကိုဖွင့်ပေးရင်း –

"ဧည့်ခန်းမှာ ထိုင်စောင့်ချင်စောင့်"

"ကျေးဇူးပဲ၊ အပန်းမကြီးဘူးဆို အအေးဖြစ်ဖြစ်, ရေတစ်ခွက်လောက်ဖြစ်ဖြစ် ရနိုင်မလား"

ဘာမှပြန်မပြောတော့ဘဲ မီးဖိုခန်းဘက် လှမ်းခဲ့လိုက်သည်။ မကြည်ဖြူဘူးဆိုပေမယ့်လည်း လူမှုရေးက ရှိသေးသည်။

ဂျူးစ်ဖျော်ရည်တစ်ခွက်ဖျော်ကာ ဧည့်ခန်းထဲမှာ စမတ်ကျကျ ထိုင်နေသော နိုင်သဏ္ဍာန်ရှေ့ ချပေးလိုက်၏။





"အရမ်းကျေးဇူးတင်ပါတယ်ခင်ဗျာ"

ပြောင်ချော်ချော်မျက်နှာပေးနှင့် ပြောရင်း ဖျော်ရည်ခွက်ကို နိုင်သဏ္ဍာန် တစ်ကျိုက်မော့သောက်သည်။

"ဟား အရသာရှိလိုက်တာဗျာ"

သူနှင့် မျက်နှာချင်းဆိုင်နေမိလျှင် ရိပ်နှုတ်က တစ်ခုခုပြောမိတော့မှာ သေချာသည်။ ဒါကြောင့်လည်း ချာခနဲ လှည့်ထွက်ကာ အခန်းထဲ ဝင်နေလိုက်သည်။

ဧည့်ဝတ်မကျေဘူးထင်လျှင် ထင်စေတော့။ လူကို စကားကောင်း မပြောဘဲ နောက်ပြောင်စရာသတ္တဝါလို သတ်မှတ်နေတာကိုတော့ ဘယ်လိုမှ ဆက်ပြီး သည်းမခံနိုင်ပါ။

"ဟယ် မောင်လေး၊ ဘယ်တုန်းကရောက်နေတာလဲ"

"ရောက်နေတာကြာပြီ၊ တစ်ရေးတောင်အိပ်ပျော်သွားသေးတယ်"

ကြည့်စမ်း။ မဟုတ်မဟပ်တွေ ပြောနေတာကို ရိပ် ကြားနေရသည်။ တကယ်ဆို အခုမှ ရိပ်အခန်းထဲဝင်ခဲ့တာ သုံးမိနစ်တောင် မရှိသေးပါ။

"ရိပ်လေးရှိတယ်လေ၊ မောင်လေးရဲ့"

"ပန်းရိပ်ခင်ကိုပြောတာလား၊ အခုလောက်ဆို အိပ်ခန်းထဲမှာ အိပ်မက်တောင်မက်နေပြီလားမသိဘူး"

မမဆုကို ပေါက်ကရတွေ ပြောနေတာကို မခံနိုင်သည့်အဆုံးမှာ ရိပ် အခန်းထဲကထွက်ဖို့ပြင်တော့ –

"အလကားနောက်တာပါ မမဆုရဲ့၊ အခုပဲရောက်တာ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သူညှော်ခံတဲ့ဖျော်ရည်သောက်ရင်း မမဆုကို စောင့်နေတာ"

"မောင်လေးကတော့ တကယ်နောက်တယ်၊ ထမင်းစားပြီးမှ ပြန်မှာမဟုတ်လား"

"မစားတော့ဘူး မမဆု၊ ကိုတည်ကို မှာစရာရှိတာလေး ဝင်ပြောတာပါ၊ ကျွန်တော့်အလုပ်ကို ဒယ်ဒီသဘောတူလိုက်ပြီ"

"ဟယ် ဟုတ်လား"

"ဟုတ်တယ် မမဆု၊ ဆိုင်ဖွင့်ဖို့ မြေငှားမယ်, ဆိုင်ခန်းငှားမယ် စီစဉ်ထားတာကိုလည်း ဒယ်ဒီက အပြတ်ဝယ်ဖို့ ငွေထုတ်ပေးတယ်၊ အဲဒါ ပိုအဆင်ပြေသွားတာပေါ့၊ ကိုယ်ပိုင်ဆိုင်ခန်းဆိုတော့ အတည်တကျ လုပ်ကိုင်နိုင်ပြီလေ၊ အန်ကယ်လွင်ကလည်း လိုအပ်တာအကုန် ကူညီတယ်၊ ကိုတည်ကို ပြောပြလိုက်ပါဦး၊ ကိုတည်အားတဲ့တစ်ရက်ကျရင် သူ့မိတ်ဆွေတွေနဲ့ ကျွန်တော် တွေ့ချင်လို့"

"အင်းလေ၊ ကိုကို့ကိုပြောပြပြီး မမ ဖုန်းဆက်လိုက်မယ်"

"မမ မမကိုလည်း မာမီက သိပ်တွေ့ချင်နေတယ်"

အခန်းထဲ ထွက်လုလု ရိုပ်ခြေလှမ်းတွေ တွန့်ခနဲဖြစ်သွားရ၏။ မမဆုတို့မောင်နှမစကားတွေကို ရိပ်နားထောင်လို့ သင့်ပါမည်လား။

အခန်းထဲက မထွက်ဖြစ်ဘဲ ရိပ် မတ်တတ်လေးပဲရပ်နေမိ၏။ ရိပ် နားထောင်နေတာမဟုတ်ပါဘဲလည်း မမဆုတို့အသံတွေကို ကြားနေရ၏။

"မောင်လေး ဒီကိုလာနေတာ မာမီသိလို့လား"

"မာမီသိတယ်၊ ကိုကြီးသိတယ်၊ ဒယ်ဒီတစ်ယောက်ပဲ မသိတာ"

"မောင်လေးရယ်၊ မာမို့ကိုရော ဒယ်ဒီကိုပါ မမဆု သတိရ





ပါတယ်၊ ဒါပေမဲ့ ဒယ်ဒီကိုယ်တိုင်က အတိအလင်းကြေညာထားတော့ မမဆု ဘာတတ်နိုင်မှာလဲ"

"ဒါကို ကျွန်တော်နားလည်ပါတယ် မမဆု၊ ကိုကြီးနဲ့ကျွန်တော်တို့ရည်ရွယ်ချက်က မမဆုအပေါ် ဒယ်ဒီ နားလည်စေချင်တာပါ၊ မာမီကလည်း ရုတ်တရက် သွေးပူပြီး ပြောလိုက်တာ၊ ဒယ်ဒီ့ကို ကျွန်တော်တို့ ဝိုင်းရှင်းပြပြီးရင် ဒယ်ဒီလက်ခံမှာပါ၊ ကိုတည်ရဲ့စိတ်ဓာတ်နဲ့ အရည်အချင်းကို ကျွန်တော်သိတယ်၊ ကိုကြီးကိုလည်း ပြောပြထားတယ်၊ မကြာခင် ဒယ်ဒီ မမဆုကို နားလည်သွားမှာပါ"

နိုင်သဏ္ဍာန် အလေးအနက် ပြောနေတာလား။ မမဆုဆီ သူရောက်လာတာ မိဘတွေနှင့် ပြေလည်မှုတစ်ခုကို ဆောင်ကျဉ်းပေးဖို့ အတွက်လား။

ဘာပဲဖြစ်ဖြစ် မမဆုနှင့် သူ့မိဘတွေကြားမှာ ပြေလည်မှုတစ်ခုတော့ ရစေချင်သည်။ ပြီးတော့ ကိုကို့အပေါ်မှာလည်း မမဆုရဲ့မိဘတွေ အမြင်ကြည်လင်စေချင်၏။

"ကိုတည်အကြောင်းတွေကို ဒယ်ဒီသိရင် အမြင်ကြည်သွားမှာပါ၊ ကဲ မမဆု မာမီနဲ့ ဖုန်းတော့ပြောလိုက်ပါ"

မမဆုနှင့် သူ့မာမီ ဖုန်းပြောနေသံကိုလည်း ရိပ်ကြားရသည်။ နိုင်သဏ္ဍာန် အိမ်ကို မကြာခဏရောက်လာသောအကြောင်းရင်းကို ရိပ် အခုမှ နားလည်နိုင်တော့သည်။

ပြီးတော့ ကိုကို့အပေါ်မှာ နိုင်သဏ္ဍာန်ရဲ့အမြင်တွေက မမဆုရဲ့မိဘတွေရဲ့ ခြားနားတာအမှန် ဖြစ်၏။

ဘယ်လိုပဲဖြစ်ဖြစ် မမဆုတို့မိသားစုတွေ အဆင်ပြေငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားမည်ဆိုလျှင် ရိပ်ကျေနပ် ဝမ်းသာမိမှာ အမှန်ပါပဲ။

ယောကျ်ားမဆိုတာကလည်း မတော်ချင်လို့ မရသည့်အမျိုးမှ မဟုတ်တာ။ ကိုကို့အပေါ် ယောကျ်ားမတွေ အမြင်ကြည် နားလည်သွားမှုကိုတော့ ရိပ် မြင်တွေ့ချင်ပါသည်။

ဒါကို နိုင်သဏ္ဌာန် စွမ်းဆောင်နိုင်သည်ဆိုလျှင်တော့ -

✿ ✿ ✿



## အခန်း (၃၂)

ပြိတ်တီးမျက်နှာတွေကို မြင်လိုက်ကတည်းက ရိပ် ခြေလှမ်းတွေ တွန့်ခနဲ ဖြစ်သွားသည်။

ဒီအခြေအနေရောက်မှ နောက်ပြန်လှည့်သွားဖို့ဆိုတာလည်း မဖြစ်နိုင်ပါ။ ဒီနှစ်ကောင်ကလည်း ရိပ်ကို မြင်တွေ့သွားခဲ့ကာ လျှောက်လာသော ခြေလှမ်းတွေတောင် ပိုမြန်ဆန်လှမ်းလာကြသည်။

လိုင်းကားတစ်စီးလာလျှင် အဆင်ပြေပြေ ပြန်ရောက်မှာ သိလျက်နှင့် လမ်းလျှောက်ပြန်လာမိတာကိုက ရိပ်ရဲ့အမှားပါပဲ။

အခုမှတော့ နောင်တတွေ မရချင်တော့ပါ။ မျက်နှာကို မာတင်းတင်းနှင့် မာန်တင်းကာ ရိပ် ခြေလှမ်းမှန်မှန်နှင့် ဆက်လျှောက်ခဲ့၏။

မျက်နှာချင်းဆိုင်မိသည်နှင့် ဆံပင်နီကြောင်ကြောင်နှင့် ဟိန်းကို



www.burmeseclassic.com

www.burmeseclassic.com



မညီမညာသွားတွေကို ဖြဲပြရင်း –

"ပန်းရိပ်၊ ဘယ်ကပြန်လာတာလဲ အဟဲ"

စကားသံနှင့်အတူ ရုံးခနဲ ရှုရှိုက်ရသော ယမကာရနံ့တွေကို မွှန်ထူစွာ ရှုရှိုက်မိတာမို့ ရိပ် နှာခေါင်းလေး ရှုံ့ပစ်မိ၏။

"ငါ့ဘာသာ ဘယ်ကပြန်ပြန်၊ နင့်အပူမပါဘူး"

"အာ ရိပ်လေးကလည်း စကားတွေ ကြမ်းလိုက်တာ၊ တို့က ခင်လို့ မင်လို့ ကြင်နာလို့ပါ၊ အဟက်"

"ဟိန်းကို နင် မနှောင့်ယှက်နဲ့၊ ငါ့ရှေ့ကဖယ်နော်"

ရိပ်ရှေ့က ပိတ်ရပ်ထားသော ဟိန်းကိုကို မျက်နှာတင်းတင်းနှင့် ပြောပေမယ့် ဟိန်းကို တစ်ချက်လေး ရှောင်တိမ်းပေးဖို့ မပြင်ပါ။ ယမကာ ခိုးဝေနေသော မျက်ဝန်းတွေနှင့် လူကို လောင်မီးကျသွားမတတ် စိုက်ကြည့်နေသည်။

"မဖယ်ပါရစေနဲ့ ပန်းရိပ်ရယ်၊ ဒီလို အခွင့်အရေးမျိုးက ရခဲတယ်လေ၊ တို့ရင်ထဲကစကားတွေကို နားခံပေးဦးနော်"

ချဉ်တူးနံ့ဟောင်နေသော အရက်နံ့တွေကြောင့် ရိပ် ခေါင်းတွေပင် ချက်ချင်းမူးနောက်လာမတတ်ပါပဲ။

"ဟာ ဖယ်စမ်းဟာ"

ထောင်းခနဲ ဒေါသစိတ်နှင့် ဟိန်းကိုရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်မိသည်။ ဟိန်းကို အမူးရှိန်နှင့် မဟန်နိုင်ဘဲ နောက်ကို ဖင်ထိုင်လျက် လဲကျသည်။

"ဟာ ဟိန်းကို၊ ဟေ့ နင် ဘယ်လိုလုပ်တာလဲ"

ခေါင်းတုံးဆံပင်တိုနှံ့နှံ့နှင့် လက်နှစ်ဖက်မှာ ဆေးမင်ကြောင်





တွေ အပြည့်ထိုးထားသော အဖော်က ရိပ်ကို မကျေမနပ်မေးသည်။

ဒီမျက်နှာနှင့်လူကို တစ်ခါမှ မမြင်ဖူးပေမယ့် ဟိန်းကိုရဲ့ အပေါင်းအသင်းတစ်ယောက်ပဲဟု သိနေသည်။

ရပ်ကွက်ထဲမှာ ဗရုတ်သုတ်ခ အပေအတေအုပ်စုဆိုတာတော့ ရိပ် ကောင်းကောင်းသိသည်။ ဒါကြောင့်လည်း ရုံးခနဲ တစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲ ဆက်ထွက်ခဲ့သည်။

"ဟေ့ကောင်၊ မင်း အသုံးမကျဘူးလား"

"အိုခေ၊ ငါပေါက်တယ်၊ ပြဿနာမရှိဘူး ကိုကြီး"

တစ်ယောက်တစ်ခွန်း ပြောနေသံတွေကိုကြားသည်။ မကြာလိုက်ပါ ခြေသံတွေနှင့်အတူ ဟိန်းကိုတို့နှစ်ယောက် ရိပ်နောက်လိုက်လာကြပြန်သည်။

ရိပ်မျက်ဝန်းတွေက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ လမ်းသွားလမ်းလာတွေက ရှင်းလင်းနေသည်။

"ပန်းရိပ်"

ခေါ်သံနှင့်အတူ နောက်က လက်မောင်းကို လှမ်းဆွဲလိုက်တာမို့ ကျဉ်ခနဲတောင် နာကျင်သွား၏။

"ဟင် နင် ဘာလုပ်တာလဲ၊ လွှတ် လွှတ်စမ်း"

"တို့က ကြင်ကြင်နာနာ ယုယပြတာကို မင်းက ဘီလူးဆိုင်းတီးနေတော့ တို့လည်း ဘီလူးက ကပြရမှာပေါ့၊ မဟုတ်ဘူးလား"

ဟိန်းကိုမျက်နှာကြီး အဆီပြန်နေသလို အပြုံးတွေကလည်း ရွံရှာစရာကောင်းနေသည်။ နံဘေးက အဖော်ကလည်း ဟိန်းကိုလုပ်ရပ်ကို အားပေးအားမြှောက် အကြည့်တွေနှင့်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိန်းကို နင် ငါ့လက်ကိုလွှတ်"

"မရဘူးပန်းရိပ်၊ နင်က ငါ့ကို မတူမတန်သလို အချိုးချိုးနေတာ ကြာပြီ၊ ဘာလဲ တက္ကသိုလ်ကျောင်းသူကြီးဆိုပြီး ဘဝင်ခိုက်နေတာလား အဟက်"

လက်မောင်းကို ဆုပ်ကိုင်ထားသော လက်တွေက တင်းကျပ်နေသည်။ မမျှတသည့် ခွန်အားချင်းမို့ ရိပ် ဘယ်လိုမှ မရုန်းနိုင်ပါ။ အကူအညီတောင်းရအောင်လည်း လူရိပ်တောင် မမြင်ရ။

ရိပ် အသားလေးတွေတုန်ကာ ကြောက်လန့်နေမိ၏။

"ဟိန်းကို အခွင့်အရေးဆိုတာ တစ်ခါပဲရတယ်ကွ၊ အချိန်မရှိဘူး"

ဘေးကလူက သွေးထိုးပေးနေတော့ ဟိန်းကိုကလည်း ထင်ရာစိုင်းဖို့ အသင့်ဖြစ်နေတာ အထင်အရှား။

"ပန်းရိပ် တို့နဲ့လိုက်ခဲ့"

"ဟင် ဘာ့ရယ် မလိုက်ဘူး"

"မင်း အပြည့်အဝ ပျော်စေရမှာပါ၊ အဟင်း တို့ ဘယ်လောက်ချစ်တတ်တယ်ဆိုတာ သိစေရမယ်လေ"

"နင် နင်"

ရိပ် ရုန်းကန်တော့ ဟိန်းကို ရိပ်ကို ရင်ခွင်ထဲဆွဲသွင်း အတင်းဖက်ထားသည်။ ရိပ် ချက်ချင်း အသက်ရှူရပ်မတတ်တောင် ဖြစ်မတတ်

"ဝူး ဝူး"

လီဗာကိုဖိနင်းကာ စက်ရှိန်တင်မောင်းလာသော အမိုးဖွင့်ကားလေးတစ်စီးက ရိပ်တို့ဆီ ဦးတည်လာ၏။





"ဟာ"

နှစ်ယောက်စလုံးဆီကို အရှိန်ပြင်းပြင်းဦးတည်လာတော့ ဟိန်းကိုနောက်လုံးတွေ အထိတ်တလန့် ပြူးကာ ရိပ်ကိုလွှတ်သည်။

ဘယ်ရိုက်ပေါက်လမ်းချော်လာသောကားလား မသိပါ။ ဟိန်းကိုနှင့်အဖော်နှစ်ယောက် လမ်းဘေးက သစ်ပင်နောက်ကို သုတ်ခနဲ ပြေးရောက်သွားကြသည်။

ရိပ်မှာသာ မျက်ဝန်းလေးတွေ စုံမှိတ်လျက် မတ်တတ်လေးရပ်တန့်ကာ နေရာက မရွေ့နိုင်ခဲ့။

"ကျွီ"

ကားဘီးရိုက်နှင်းသံကျယ်ကြီးကို ရိပ် ကြားလိုက်ရသည်။ ကိုယ့်ကိုဝင်တိုက်မိပြီထင်ပေမယ့် ဘာနာကျင်မှုမှ မခံစားလိုက်ရပါ။

မှိတ်ထားသောမျက်ဝန်းတွေကို ရိပ် အလန့်တကြားဖွင့်ကြည့်တော့ –

"ဟင် နိုင်သဏ္ဌာန်"

နိုင်သဏ္ဌာန်က ဝုန်းခနဲ ကားတံခါးဖွင့်ကာ ရိပ်ဆီကို အပြေးလေး ဆင်းလာသည်။

"ရိပ် ဘာဖြစ်သွားသေးလဲ"

ရိပ် တအံ့တဩနှင့် ခေါင်းလေးခါပြမိသည်။ ကားက ရိပ်နှင့်နှစ်ပေသာသာလောက်ပဲ ကွာကာ ရပ်နေသည်။

"ဟော့ကောင်၊ မင်းက ဘာကောင်လဲ၊ ဆရာကြီးလား"

အခုမှ သစ်ပင်အကွယ်က ဟိန်းကိုနှင့်အဖော်တို့ ထွက်လာကာ နိုင်သဏ္ဌာန်ကို ဒေါသတကြီး လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ချွေးနှစ်ကောင်ကို တိုက်မလို့ကွ၊ မြန်လိုက်တဲ့ ချွေးဝဲ
နှစ်ကောင်၊ သေမှာတော့ ကြောက်သား"

"ဘာကွ တောက်"

ဟိန်းကို မျက်နှာကြီးရဲရဲနီကာ နိုင်သဏ္ဍာန်ဆီ ကမူးရှူး
ပြေးဝင်ထိုးသည်။

နိုင်သဏ္ဍာန်က တစ်ချက်နောက်မဆုတ်တဲ့ ဟိန်းကိုလက်သီး
လက်ဖြင့် ပုတ်ခါထုတ်၏။ ပြီးတော့ ညာလက်သီးတစ်ချက် မေးရိုး
ပစ်သွင်းလိုက်၏။

"ခွပ်"

"အွတ်"

တစ်ချက်တည်းနှင့် ဟိန်းကို အရုပ်ကြိုးပြတ် မှောက်ကျသွား
သည်။

"ယား"

ခေါင်းတုံးဆံပင်နှင့်အဖော်က မာန်သွင်းကာ နိုင်သဏ္ဍာန်ဆီ
ပြေးဝင်လာ၏။ လက်ထဲမှာ လက်ခနဲမြင်လိုက်တော့ မောင်းချဓား
ချောင်းမို့ ရိပ် သတိပေးဖို့ ကြိုးစားသည်။

ကြောက်စိတ်တွေကြောင့် အသံမထွက်ပါ။ ဒါပေမဲ့ နိုင်သဏ္ဍာန်
က ဓားကိုင်လက်ကို ဖျတ်ခနဲ ဖမ်းယူပြီး ဖြစ်နေ၏။

"အ အ အား"

လက်ကောက်ဝတ်ဆီက ဖျောက်ခနဲမြည်သံနှင့်အတူ ထိုလူ
နာကျင်စွာ ဟစ်အော်သံကြီးကို ကြားလိုက်ရသလို ဓားကလည်း မြေ
ကျသွားခဲ့သည်။





"ဖြောင်း"

လက်ပြန်ရိုက်ချက်တစ်ချက် ခေါင်းတုံးဆံပင်နှင့်လူ့မျက်နှာပေါ်
မြင်ကျသွားတော့ ချာလည်ကာ ပစ်ကျသွား၏။

စတ္တန့်ပိုင်းလေးမှာ နှစ်ယောက်စလုံး မြေပြင်က မထနိုင်ကြဘဲ
ကုန်းကုန်းကွကွ နာကျင်စွာ ညည်းညူနေကြသည်။

"နောက်တစ်ခါဆိုရင် မင်းတို့ ဆေးရုံမှာ အတွင်းလူနာအဖြစ်
သွားနေရမယ်၊ ဒါ နောက်ဆုံးဖြစ်ပါစေ၊ လာ ပန်းရိပ်"

နိုင်သဏ္ဍာန် ကြိမ်းဝါးပြီး ရိပ်လက်ကိုဆွဲကာ ရပ်ထားသော
ကားဆီ ခေါ်လာ၏။

"ရိပ် တက်၊ ကိုယ် အိမ်ပြန်ပို့ပေးမယ်"

ဒီတစ်ခါတော့ ရိပ် ချက်ချင်းပဲ ခေါင်းညိတ်ကာ ကားလေးပေါ်
တက်ထိုင်လိုက်ရပါသည်။ နိုင်သဏ္ဍာန်က မောင်းသူနေရာ ဝင်တက်ထိုင်
ကာ ကားကို မောင်းထွက်ခဲ့သည်။

အခုမှ ရိပ် ကြောက်စိတ်တွေပြေကာ နိုင်သဏ္ဍာန်ကို ကြည့်မိ
သည်။ Camel ချိုင်းပြတ်စွပ်ကျယ်အပြာရောင်နှင့် ဂျင်းပင်နီပြာ တစ်ပတ်
မြန်းကို ဝတ်ဆင်ထားသော နိုင်သဏ္ဍာန်က ရိပ်ကို ငဲ့ကြည့်ရင်း –

"ဒီလမ်းက လူပြတ်တယ်၊ ဘာလို့ တစ်ယောက်တည်း ပြန်
လာရတာလဲ"

"လိုင်းကားစောင့်ရတာ စိတ်မရှည်လို့ လမ်းလျှောက်ပြန်လာ
တာ"

"ဒီကောင်တွေနဲ့ ရိပ် သိလို့လား"

"တစ်ယောက်ကိုတော့သိတယ်၊ ရိပ်ကို နောက်က အမြဲလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှောင့်ယှက်နေတဲ့သူ"

"ဒါဆို နောက်ဆို တစ်ယောက်တည်း မထွက်နဲ့၊ မမဆ
အဖော်ခေါ်သွားပေါ့"

နိုင်သဏ္ဍာန် စေတနာနှင့် သတိပေးတာမို့ ရိပ် ခေါ်း
ညိတ်မိသည်။

"တော်သေးတာပေါ့၊ ကိုယ်လည်း ဝပ်ရှော့ကကားတစ်စီး
စက်စမ်းရင်း ဒီလမ်းဘက် မောင်းလာမိလို့"

နိုင်သဏ္ဍာန် ကားဝပ်ရှော့ရုံဖွင့်ထားသည်ဟု ကိုကိုပြော
ကြားသည်။ အရင်လို တိုက်ခန်းဘက် မရောက်တာကြာပြီမို့ ရိပ်တော
သတိရနေမိသေး၏။

ပြန်ဆုံမယ့်ဆုံတော့လည်း ဒီလိုအခြေအနေနှင့်မှ ပြန်ဆုံရ
ဘာပဲဖြစ်ဖြစ် နိုင်သဏ္ဍာန်သာ ရောက်မလာခဲ့လျှင် ရိပ်အဖြစ်က မ
ရဲစရာ။

တိုက်ခန်းအောက်မှာ ကားကိုထိုးရပ်တော့ ရိပ် တံခါးဖွင့်ဆ
ရင်း –

"ကျေးဇူးပါပဲ နိုင်သဏ္ဍာန်"

"မလိုဘူးလေ၊ ရိပ်နဲ့တို့က သူစိမ်းတွေမှမဟုတ်တာ၊
ဘာတော်မလဲ၊ ယောက်ဖရဲ့ညီမဆိုတော့"

ချက်ချင်း မျက်နှာက ပြုံးရိပ်သမ်းကာ ရိပ်ကို စနောက်နေ
ရိပ် ပြုံးမိသည်။

လူကိုတွေ့လျှင် နောက်ပြောင်လိုက်ရမှ ကျေနပ်တာ နိုင်သဏ္ဍာ
အကျင့်တစ်ခုလား မသိ။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ရိပ် သူ့ကို စိ





ဆိုးနိုင်ပါ။

"အပေါ်မတက်တော့ဘူး၊ ရုံမှာ အလုပ်တွေရှိသေးလို့ မမဆုကို
ပြောပြလိုက်နော် ရိပ်"

ရိပ် ခေါင်းလေးညိတ်ပြလိုက်တော့ နိုင်သဏ္ဍာန် နှာခေါင်းလေး
ရှုံ့ ပြောင်ပြသွားသေးသည်။

ရိပ် ကျေကျေနပ်နပ်လေးပြုံးကာ လှေကားထစ်တွေအတိုင်း
တက်ခဲ့လိုက်သည်။

သူ့အပေါ် ရိပ် နားလည်တတ်သွားခဲ့သည်က ဘာကြောင့်မှန်း
မသိ။ ထူးတော့ ထူးဆန်းပါ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဗျာ ဒါ ဒါဆို ဒယ်ဒီ မမဆုနဲ့ကိုတည်ကို နားလည်လက်ခံ သွားပြီပေါ့၊ ဟုတ်လား ဒယ်ဒီ"

သူ ဝမ်းသာအားရမေးမိတော့ ဒယ်ဒီ သူ့ကိုတစ်ချက်စိုက်ကြည့် ရင်း ခေါင်းတညိတ်ညိတ်နှင့်။

"အင်း ဒယ်ဒီ နားလည်လက်ခံလို့ပဲ သမီးအပေါ် ကြော်ငြာထား တဲ့ကိစ္စကို သတင်းစာထဲကပဲ ပြန်ရုပ်သိမ်းပေးခဲ့တာပေါ့"

"ဟာ ဝမ်းသာလိုက်တာ ဒယ်ဒီရာ"

"နေပါဦးသားငယ်ရဲ့ မင်းက ဘာလို့ ကြားက ဝမ်းသာနေရ တာလဲ၊ ဒါ မင်းကိစ္စမှ မဟုတ်တာ"

"ဟာ ဒယ်ဒီကလည်း မမဆုကိစ္စက ကျွန်တော့်ကိစ္စပဲလေ





ဆရာကို ဒယ်ဒီ အမွေပြတ်စွန့်လွှတ်ထားတဲ့ကိစ္စကို သား စိတ်ချမ်းသာ မယ် ထင်လို့လား"

"ငါသိတယ်၊ မင်း စိတ်မချမ်းသာလို့, မကျေနပ်လို့ သမီးနဲ့ သွားတွေ့နေတာလည်း ငါသိတယ်"

ဒယ်ဒီသိနေသည်တဲ့လား။ ကိုကြီးပြောလိုက်တာပဲ ထင်သည်။ အခု မမဆုတို့ကို ဒယ်ဒီဘက်က ခွင့်လွှတ်နားလည်ပေးခဲ့တာလည်း ကိုကြီးပြောလိုက်တာကြောင့်ဟု သူယုံသည်။

"ဒယ်ဒီ ဘယ်လိုသိနေတာလဲ၊ ကိုကြီးပြောတာလား"

"ဟုတ်တယ်သား။ သမီးကို ဒယ်ဒီဥပေက္ခာပြုထားခဲ့တာ ဒယ်ဒီ့ အားကို နားမထောင်လို့ပဲ၊ ဒါပေမဲ့ အခု သမီးရဲ့ခင်ပွန်း မောင်ကမ္ဘာ ည်က သမီးအပေါ် ကြင်နာတဲ့, အရည်အချင်းရှိတဲ့ ယောက်ျားကောင်း တစ်ယောက်ဆိုတာကို ဒယ်ဒီလက်ခံလိုက်ပြီသား။ ဒယ်ဒီလည်း မောင် ကမ္ဘာတည်အကြောင်းတွေကို လေ့လာနေခဲ့တာပါပဲ"

"ကိုကြီးကကော ဘာတွေပြောသေးလဲ ဒယ်ဒီ"

"မောင်ကမ္ဘာတည်တို့ မောင်နှမရဲ့မိဘတွေက သားကြီးရဲ့ဆရာ ကြီးရဲ့ မိတ်ဆွေတွေပဲတဲ့၊ ဟိုတုန်းက မောင်ကမ္ဘာတည်တို့ ဘိုးဘွား တွေက သိပ်ချမ်းသာကြတာ၊ ဒါပေမဲ့ သူတို့အိမ် မီးဘေးသင့်တော့ ဆိုင်သမျှ မီးထဲပါသွားခဲ့တယ်၊ အဲဒီကတည်းက သူတို့ နိမ့်ပါးသွားတာ၊ ဒါပေမဲ့ ရိုးရိုးသားသားနဲ့ ကြိုးစားရှင်သန်နေတဲ့သူတွေတဲ့လေ"

ကိုကြီးက ထိုအကြောင်းတွေ ဒယ်ဒီကို ပြောပြလိုက်တာကြောင့် ဒယ်ဒီ နားလည်လက်ခံသွားခဲ့ခြင်းဟု သူသိလိုက်ပါသည်။

"သတင်းစာထဲက ဒယ်ဒီပြန်ရုပ်သိမ်းတဲ့သတင်း ဖတ်ရရင်



www.burmeseclassic.com

www.burmeseclassic.com



မမဆုတော့ အရမ်းဝမ်းသာမှာပဲ''

"ဟုတ်တယ်သားငယ်၊ မာမီလည်း သမီးလေးနဲ့တွေ့ချင်တယ် ဒီသတင်းဖတ်ရရင် သမီးလေးတို့လင်မယား မာမို့ဆီရောက်လာကြမယ် ထင်တယ်''

"မမဆုတော့ လာချင်လာမှာပေါ့၊ ကိုကမ္ဘာတည်က လာမယ် မသင်ဘူး''

"ဟင် ဘာလို့လဲသားရဲ့၊ သမီးကို မာမီတို့ ခွင့်လွှတ်လက်ခံ ပြီပဲ''

"မာမီတို့ခွင့်လွှတ်လက်ခံတာနဲ့ ကိုတည်က ရောက်လာမှာလား သူ့မှာလည်း ယောက်ျားမာန ရှိတာပဲ''

"မိဘနဲ့သားသမီးကြားမှာ မာနထားစရာလိုသလား သားရယ်''

မာမီကတော့ ကိုယ့်စိတ်ထဲက ဖြစ်စေချင်သည့်ဆန္ဒအတိုင်း ပြောလို့နေသည်။ သူကတော့ ကမ္ဘာတည်ရဲ့စိတ်ကို သိသည်။

"မမဆုအပေါ် ကိုတည် တကယ်ချစ်ခင်ကြင်နာပါတယ်၊ ဒါပေမဲ့ အဲဒါ မာမီတို့ရဲ့ပြည့်စုံချမ်းသာမှုနဲ့ မဆိုင်ဘူး၊ ကိုတည်က သူ့အရည် အချင်း၊ သူ့ကြိုးစားမှုနဲ့ပဲ ရပ်တည်ချင်တဲ့သူလေ''

ကမ္ဘာတည်စိတ်ကိုသိနေသော သူ တွက်ပြတော့ ငြိမ်သက်စွာ နားထောင်နေသော ဒယ်ဒီ ခေါင်းတညိတ်ညိတ်နှင့်။

"သားငယ်ပြောတာလည်း မှန်ပါတယ်၊ မောင်ကမ္ဘာတည်က ယောက်ျားရဲ့အမှီအခို ကင်းချင်တဲ့မာန ရှိတာပေါ့''

"ဒါပေမဲ့ ကျွန်မကတော့ ကျွန်မသမီးလေးကို အိမ်ပြန်ခေါ်ထား ချင်တယ်၊ ဒီအိမ်ကြီးမှာ သမီးတို့နေလို့ အဆင်ပြေနေတာပဲ၊ တိုက်ခန်း





လေးထက် အပုံကြီးသာပါတယ်တော်''

"မမဆုက အိမ်ထောင်သည်ဖြစ်နေပြီလေ မာမီရဲ့၊ သျှောင် နောက် ဆံထုံးပါ ရမှာပေါ့''

"မဟုတ်တူးလေ၊ မာမီဆိုလိုတာက သူတို့လင်မယားနှစ်ယောက် စလုံး ဒီအိမ်ကို ပြောင်းလာစေချင်တာ၊ မာမီတို့ ဥမကွဲသိုက်မပျက် အတူနေရတာပေါ့''

"ကိုတည်မှာက ညီမလေးတစ်ယောက် ရှိသေးတယ်ဆိုတာ မာမီမေ့နေပြီလား၊ အဲဒီညီမလေးကိုထားခဲ့ပြီး သူ လာနေမလား၊ ကိုတည် မပြောနဲ့၊ မာမို့သမီးကတောင် လာမှာမဟုတ်ဘူး၊ ပန်းရိပ်ကို မမဆုက ညီမလေးအရင်းလို ချစ်တာ''

"ပန်းရိပ်ဆိုတာ မောင်ကမ္ဘာတည့် ညီမလေးလားသား''

ဒယ်ဒီက ဝင်မေးတော့ သူ ခေါင်းညိတ်ပြရင်း –

"ဟုတ်တယ် ဒယ်ဒီ၊ ပန်းရိပ်ခင်က ကွန်ပျူတာတက္ကသိုလ် တက်နေတာ၊ အခု လာမယ့်နှစ်ပဲ နောက်ဆုံးနှစ်ရောက်နေပြီ''

ဒယ်ဒီ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်း တစ်စုံတစ်ခု ကို အလေးအနက် စဉ်းစားနေခဲ့သည်။ ပြီးမှ –

"အင်၊ သူတို့မိသားစုက သုံးယောက်ပဲ ရှိတာမဟုတ်လား၊ ဒယ်ဒီတို့အိမ်မှာလာနေဖို့ အဆင်ပြေမှာပါ''

"ဒယ်ဒီက ပန်းရိပ်ကိုပါ လက်ခံနိုင်တယ်ပေါ့''

"ဘာလို့ လက်မခံနိုင်ရမှာလဲသားရယ်၊ သားမာမီကလည်း မိသားစု စုံစုံညီညီ နေချင်တယ်ဆိုတော့ မောင်ကမ္ဘာတည်သာ လက်ခံနိုင် ဒယ်ဒီဘက်က လက်ခံပြီးသားပါ၊ ပြီးတော့ မောင်ကမ္ဘာတည်ကို ဒယ်ဒီရဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေမှာ ဦးစီးစေချင်တယ်"

ဒယ်ဒီရဲ့ဆန္ဒကို သူ သဘောပေါက်ပါသည်။ တကယ်ဆို ဒယ်ဒီလည်း အသက်ကြီးပြီ။ ဒယ်ဒီရဲ့လုပ်ငန်းတွေမှာ ကိုကြီးကော သူပါ အားကိုးမရတာ အမှန်။

ကိုကြီးက သူ့အလုပ်တာဝန်တွေနှင့်သူ ဖြစ်သလို သူကလည်း ကိုယ့်စီးပွားနှင့်ကိုယ်ဆိုတော့။

"ဒယ်ဒီလက်ခံတယ်ဆိုရင် ကိုတည်ကို သဘောပေါက်လက်ခံအောင် ကျွန်တော်ပြောပြမယ်၊ မာမီကလည်း မမဆုနဲ့ လိုက်တွေ့ပြီး ပြောပြပေါ့"

"ကောင်းပြီ သား၊ မာမီ သမီးနဲ့ လိုက်တွေ့မယ်"

မာမီကတော့ သမီးနှင့်သမက် အိမ်ပေါ်ပြန်ရောက်ဖို့အရေး အတွက် တက်ကြွနေခဲ့သည်။

သူ့မျက်ဝန်းထဲမှာတော့ ပန်းရိပ်မျက်နှာလေးကို မြေးမြင်မိသည်။ ကိုတည်က ညီမလေးအတွက် ယောက္ခမအိမ်မှာ နေထိုင်ဖို့ လက်ခံနိုင်ပါ့မည်လား။

ကိုတည်က လက်ခံသည်ပဲထားဦး၊ ပန်းရိပ်ခင်က ငြင်းပယ်နေလျှင် အခက်။

ဒီမောင်နှမနှစ်ယောက်ရဲ့ မာနတွေကတော့ ပေါ့သေးသေး မဟုတ်ပါ။ သူကတော့ ပန်းရိပ်ခင်ကို အိမ်မှာလာနေစေချင်ပါသည်။ ဒါဟာ ဘာမရိုးမသားစိတ်မှ မဟုတ်တာလည်း အမှန်ဖြစ်သည်။

ကိုတည်ကို ခင်မင်သလို ပန်းရိပ်ခင်လေးကိုလည်း သူ နှောင်တွယ်နေသည့်အဖြစ်မှာ။





သေချာသည်က ပန်းရိပ်ခင်ကို သူနှင့်ပတ်သက်မှုသော ဘယ်မိန်းကလေးမျှနှင့်မတူအောင် ခင်တွယ်သံယောဇဉ်ဖြစ်မိတာဖြစ်သည်။

ဒါကို ပန်းရိပ်ခင် သိစေချင်လိုက်တာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

မမဆုရဲ့မိဘတွေဘက်က မမဆုပေါ် စွန့်ပြတ်ထားသည့်ကိစ္စ ရုပ်သိမ်းကြောင်း သတင်းစာထဲမှာ ပါလာသည်။

ပြီးတော့ နိုင်သဏ္ဍာန်နှင့် မမဆုရဲ့အမေတို့ ရောက်လာကြသည်။ ဒေါ်မြတ်ဆုဆိုသော မမဆုမိခင်ကို ရိုပ် ပထမဆုံး မြင်ဖူးတာဖြစ်ပေမယ့် စိတ်ထဲမှာ ကြိုတင်မှန်းဆထားသည်နှင့် ကွာခြားနေတာတော့ လက်ခံရမှာပဲဖြစ်သည်။

ကိုကိုနှင့်မမဆုကို သဘောမတူစဉ်က မာနရိပ်တွေနှင့် မာတင်းခက်ထန်နေမည့်သူတွေဟု ထင်ထားမိ၏။

အခုတော့ ဒေါ်မြတ်ဆုသည် မမဆုလိုပဲ ရုပ်ရည်ခန့်ညား ချောမောကာ မာန်မာနကင်းစင်သောမျက်နှာနှင့် ဖြစ်၏။





ဖြူသောအသားအရေ၊ ခန္ဓာကိုယ်က ပိန်သွယ်သွယ်၊ နားမှာ စိန်မှင့်ခြယ်နားကပ်တစ်ရန်ကလွဲလို့ ဘာအဆောင်အယောင်မျှ မဝတ်ဆင်ထားပါ။

"မာမီကတော့ သမီးတို့မိသားစုကို မာမီတို့ဆီမှာပဲ စုစုဝေးဝေး နေစေချင်တယ်၊ သမီးဒယ်ဒီကလည်း သမီးတို့ပြန်လာဖို့ မျှော်လင့်နေတယ်"

မိဘတွေရဲ့ခွင့်လွှတ်မှုအတွက် မမဆု ကျေနပ်ပျော်ရွှင်နေပေမယ့် မိဘတွေအိမ်ပြန်ဖို့တော့ တွန့်ဆုတ်နေပုံရ၏။ ကိုကိုသည်လည်း ဆုံးဖြတ်ရခက်နေဟန် ရှိ၏။

"သမီးဒယ်ဒီလည်း အသက်ကြီးပြီကွယ်၊ သားကြီးနဲ့သားငယ်ကလည်း သူ့အလုပ်တွေနဲ့သူ၊ ဒီတော့ သူက သားမောင်တည်ကိုပဲ သူ့လုပ်ငန်းတွေ ဆက်ဦးစီးစေချင်နေတယ်"

ကိုကို့အပေါ် အထင်လွဲ စိမ်းပြတ်နေသော ယောက္ခမတွေက ထိုမျှအထိ ယုံကြည်လိုက်လျောလာခြင်းက နိုင်သဏ္ဍာန်ကြောင့်ဟု ရိုပ် နားလည်နေ၏။

ဘာပဲဖြစ်ဖြစ် ကိုကိုနှင့် မမဆုအတွက်တော့ ရိုပ် ဝမ်းသာမိပါသည်။

"ဟိုလေ၊ သမီးတို့ တိုင်ပင်ကြည့်ပါဦးမယ် မာမီ၊ ဟိုလေ အိမ်ပြန်လာနေဖို့အတွက်က ဟိုလေ"

"သမီးရယ်၊ မာမ့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဘာလဲ မောင်တည်ရဲ့ညီမလေးအတွက်လား၊ ဒီအတွက် မပူပါနဲ့၊ မာမီတို့တိုက သုံးထပ်တိုက်ကြီးပဲဟာ၊ သူလေးအတွက်လည်း ဘာမှ ပူစရာမလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မာမီတို့အိမ် လိုက်ခဲ့ပေါ့၊ မာမီအတွက် သမီးတစ်ယောက်တောင် ပိုတိုးသေးတယ်''

ရိပ်အတွက် မမဆုက ပူပန်နေသည်ကို ဒေါ်မြတ်ဆုက ပြုံးပြုံးကြီးကြည့်ကာ ဆိုခဲ့သေးသည်။

နိုင်သဏ္ဍာန်တို့သားအမိပြန်သွားတော့ ကိုကိုနှင့်မမဆု စကားတွေ ပြောဆိုတိုင်ပင်နေတာကိုလည်း ရိပ်ကြားပါသည်။

ကိုကိုက နှုတ်ဆိတ်ငြိမ်သက်လျက် ဆုံးဖြတ်ရခက်နေဟန် ရှိ၏။ မမဆုက ကိုကို့အရိပ်ကိုကြည့်ကာ –

''ကိုကို ကိုကို ဘာမှတွေဝေမနေပါနဲ့၊ ဆုတို့ ဒီတိုက်ခန်းလေးမှာပဲနေလို့ အဆင်ပြေကြတာပဲ၊ ဒီမှာပဲ ဆုပျော်တယ်''

တကယ်ဆို မိဘအရိပ်ရဲ့ ပြည့်စုံမှုကြီးထက် ရိပ်တို့အခန်းလေးက ပိုခမ်းနားနေသည်တဲ့လား။ မမဆုသည် ကိုကိုနှင့်ရိပ်ကို ချစ်ခင်သံယောဇဉ်ကြီးလွန်းတာတော့ ရိပ် အသိဆုံး။

''ဒီသဘောလည်း မဟုတ်ပါဘူး ဆုရယ်၊ ကိုယ်က ရေရှည်အတွက် စဉ်းစားနေတာပါ၊ ပြီးတော့ ဆုမိဘတွေကိုလည်း ပြန်ကြည့်ရမယ်လေ''

''ကိုကိုပြောတာ ရိပ်လက်ခံတယ်၊ မမဆုမိဘတွေကိုတော့ ကိုကိုတို့ အလေးထားသင့်တယ်၊ ကိုကို့ကိုလည်း နားလည်ယုံကြည်သွားလို့ မမဆုကို ပြန်ခေါ်နေတာ၊ ဒါကိုငြင်းဖို့ မကောင်းဘူးထင်တယ်''

''ကိုကိုသိတယ် ညီမလေး၊ ညီလေးသဏ္ဍာန်လည်း ဟိုတစ်ရက်က ကိုယ့်ဆီရောက်လာတယ်''

''ဟင် မောင်လေး ရောက်လာသေးတယ်''





ကိုကိုနှင့် နိုင်သဏ္ဍာန် တွေ့ကြတာ ရိပ်လည်း သေချာ မေးရလည်း အခုမှ သိပုံရပါသည်။

''ဟုတ်တယ်၊ ကိုယ့်ရုံးကိုရောက်လာပြီး ဒီအကြောင်းတွေကို သဏ္ဍာန်ပြောသွားခဲ့တယ်''

''ဟင် ဒါဆို ကိုကို ကြိုသိနေတာပေါ့''

''အင်း ကိုကို ကြိုသိအောင် သဏ္ဍာန်က လာပြောတာလေ၊ အမိက,က ဆုမိဘတွေရဲ့ဆန္ဒကို လက်ခံပေးစေချင်တယ်တဲ့၊ ဘာသံသယမှ မရှိစေချင်ဘူးတဲ့၊ သူရော သူ့အစ်ကိုနိုင်မဟာ အပါအဝင် ဆုမိဘတွေက ကိုကို့ကို ယုံကြည်ကြတယ်တဲ့လေ''

ရိပ် နားလည်လိုက်ပါသည်။ ကိုကို့ရဲ့မာနကို သိနေသော နိုင်သဏ္ဍာန်က ကိုကိုနှင့်အရင်ကြိုတွေ့ ပြောပြထားခြင်းဖြစ်သည်။

''ဒါဆိုရင် ကိုကိုတို့ ဘာမှ တွေဝေနေစရာမလိုတာ၊ မိဘတွေအရိပ်မှာ ကိုကိုတို့ နေသင့်တယ်''

''ကိုကိုတို့ နေသင့်တယ်ဆိုတော့ ညီမလေးကကော''

''ညီမလေးက ဒီတိုက်ခန်းမှာပဲ နေလို့ရတာပဲ၊ ညီမလေးနေရဲပါတယ်၊ အဖော်ခေါ်ထားလည်း ရတာပဲ''

''အို မဟုတ်တာ၊ ရိပ်လေးတစ်ယောက်တည်း နေခဲ့လို့ ဘယ်ဖြစ်မှာလဲ၊ မမဆုတို့လည်း မသွားဘူး။ တကယ်လို့ ဒယ်ဒီအလုပ်တွေကို ကိုကိုလုပ်ပေးမယ်ဆိုလည်း ဒီမှာပဲနေကြမယ်''

မမဆုက ကြားက ဝင်ပြောပြန်သည်။ ကိုကိုကခေါင်းကိုခါရင်း

''အကောင်းဆုံးက သဏ္ဍာန်အကြံပေးသလို ဆုမိဘတွေဆန္ဒကို ကိုယ်တို့လက်ခံရမယ်၊ ညီမလေးလည်း လိုက်ခဲ့ပါ၊ ညီမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း စိတ်မချနိုင်ဘူး၊ ညီမလေး ကျောင်းပြီးဖို့လည်း တစ်နှစ်ပဲလိုတော့တာပဲကွယ်၊ နောက်မှ တစ်ခုခု စဉ်းစားစီစဉ်တာပေါ့"

ကိုကို့စကားကို ရိပ် ငြင်းဆန်ခွင့်မရှိပါ။ ရိပ်ကြောင့် ကိုကိုနှင့် မမဆုတို့ မိသားစုကြားမှာ အမြင်မကြည်လင်မှုတွေ မရှိစေချင်ပါ။

ကိုကိုနှင့်မမဆုတို့နှင့်အတူ ရိပ် အဆင်ပြေပြေ လိုက်နေဖို့ ကြိုးစားရမည်။

✿ ✿ ✿



## အခန်း (၃၅)

ကျယ်ဝန်းလှသော ခြံဝန်းကျယ်ကြီးအတွင်းမှ သုံးထပ်တိုက်ကြီးကို မြင်လိုက်ရချိန်မှာ ရိပ် ငေးငေးလေး မှင်တက်သွားခဲ့မိသည်။

ထိုမျှ ပြည့်စုံထည်ဝါလှသော အရိပ်အောက်ကထွက်ခဲ့ကာ ကိုကို့ရဲ့ဘဝထဲကို ဝင်လာသော မမဆုရဲ့ချစ်ခြင်းကိုတော့ အခုမှ ရိပ် ငိုလို့ အံ့ဩလေးစားမိပါသည်။

"လာကြ လာကြ၊ သမီးတို့ကို မျှော်နေတာ"

ဧည့်ခန်းကျယ်ကြီးထဲမှာ ရိပ်တို့ကို စောင့်ကြိုနေသော မမဆု မိဘတွေက နစ်လိုဖွယ်အပြုံးတို့နှင့် ဆီးကြိုကြသည်။

ရိပ်တို့တိုက်ခန်းလေးက ပစ္စည်းတွေ ရွှေ့ပြောင်းတော့လည်း မြင်သဏ္ဌာန်က ထရပ်ကားတစ်စီးနှင့် ကိုယ်တိုင်စီစဉ် သယ်ယူပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"ထိုင် ထိုင်ဦး၊ သမီးလေး ထိုင်လေ၊ ကိုမိုး ဒါ မောင်တည်ရဲ့ ညီမလေး ပန်းရိပ်ခင်လေ"

"တွေ့ရတာဝမ်းသာတယ် သမီး၊ သမီးလေးက တော်ပါတယ် ကွန်ပျူတာတက္ကသိုလ်တက်နေတာဆို"

ဦးမိုးသဏ္ဍာန်က ရွှေကိုင်းမျက်မှန်ထဲက မျက်ဝန်းတွေနှင့် ပြုံးရွှင်စွာ ကြိုဆိုနေတော့လည်း ရိပ် အားနာရပြန်၏။

"ဟုတ်ကဲ့ ဦး၊ နောက်လထဲမှာ ရိပ် နောက်ဆုံးနှစ်တက်ရမှာပါရှင်"

"ကြိုးစားသမီး ကြိုးစား၊ သမီးကျောင်းသွားဖို့အတွက် ဘာမှ မပူနဲ့၊ အိမ်က ကားတစ်စီးစီစဉ်ပေးမယ်"

"ရပါတယ်၊ ရိပ် ဖယ်ရီကားနဲ့ အဆင်ပြေပါတယ်"

"အိမ်ကကားနဲ့က ပိုအဆင်ပြေတာပေါ့ သမီးရဲ့၊ ဘာမှ အားနာစရာမလိုဘူး၊ အန်ကယ်က အားလုံးကို မိသားစုလို ရှိစေချင်တယ် ကဲ မြတ်ရေ မိသားစုစုံစုံညီညီ ထမင်းဝိုင်းလေး ပြင်တော့ကွာ"

ဦးမိုးသဏ္ဍာန်အသွင်က ရွှင်လန်းတက်ကြွနေတာ အထင်အရှား။ ရိပ်တို့ကိုလည်း ခင်မင်နှစ်လိုဖွယ်ရှိနေတော့ စိုးရိမ်သောကလေးတွေ ပြေရ၏။

ဒီလို အမြတ်တမ်းအေးချမ်းသောမိသားစုတာဝလေး ပိုင်ဆိုင်ရမည် ဆိုလျှင်တော့ ရိပ် ပျော်မိမှာ အမှန်ပဲဖြစ်သည်။

"လောလောဆယ် သားကြီးက မန္တလေးမှာ တာဝန်ကျနေတော့ အိမ်မှာက သဏ္ဍာန်နဲ့ အန်ကယ်တို့လင်မယား သုံးယောက်ပဲရှိတယ်





အခု သမီးတို့သုံးယောက်ရောက်လာတော့ မိသားစုအင်အား တောင့်သွားပြီပေါ့ကွာ"

ညေ့ခန်းကျယ်ကြီးကတောင် ရိပ်တို့တိုက်ခန်းလေးတမျှ ကျယ်ဝန်းလှသည်။

မိသားစုထမင်းဝိုင်းလေးမှာလည်း ကြည်နူးပျော်ရွှင်စရာ ကောင်းသည်။ နိုင်သဏ္ဍာန်က ရိပ်ပန်းကန်ထဲ ငါးဆုပ်ဟင်းတွေ ခပ်ထည့်ပေး၏။

"ပန်းရိပ်က ငါးဆုပ်ဟင်းကြိုက်တယ်မဟုတ်လား၊ ထည့်စားလေ၊ ကိုယ်ကလည်း ငါးဆုပ်ဟင်းကြိုက်တယ်"

ရင်းရင်းနှီးနှီး နှစ်လိုဖွယ်တွေပဲ ကြုံနေရတော့လည်း မမဆုရော ကိုကိုပါ အပြုံးတွေနှင့် ရှိသည်။ ရိပ်ကိုယ်တိုင်လည်း ဒီလိုမိသားစု တစ်စုတစ်ဝေးကြီးနှင့် မနေရတာမို့ ပျော်မိ၏။

"ဒယ်ဒီ နောက်ဆို ဒယ်ဒီ့သမီးချက်တဲ့ဟင်းတွေ စားရတော့မှာ"

"ဟေ သမီးက ဘယ်တုန်းက ချက်တတ်သွားတာလဲကွ"

နိုင်သဏ္ဍာန်စကားကို အံ့ဩသလို ဦးမိုးသဏ္ဍာန် မျက်နှာတွေ ဝင့်ကြည့်မေးသည်။

"ဒယ်ဒီက ရှေ့လျှောက်လို့ ဘယ်သူသင်ပေးထားတာမှတ်သလဲ ကိုတည်ညီမလေး ပန်းရိပ်သင်ပေးထားတာလေ။ မမဆုချက်တဲ့ဟင်းတွေ ကျွန်တော်စားဖူးတာပေါ့"

"ဟုတ်လား၊ ဒါဆိုရင် ဒယ်ဒီ့သမီးလက်ရာနဲ့ ဒယ်ဒီ ထမင်းစားမြိန်ချင်သေးတယ်ဟေ့"

"စိတ်ချဒယ်ဒီ၊ ဆု ဒယ်ဒီတို့ကိုချက်ကျွေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မမဆုတို့ မိသားစုဘဝလေး အေးချမ်းပျော်ရွှင်စွာ ဆုံစည်းနေခြင်းကို မြင်ရတော့ ရိုပ် ကြည်နူးပါသည်။

နိုင်သဏ္ဍာန်မျက်နှာကလည်း အပျော်တွေဝေနေတော အထင်အရှားပါပဲ။ ဒီလိုအခြေအနေတွေရောက်ဖို့ နိုင်သဏ္ဍာန် ကြိုးစားခဲ့စဉ်က မဖြစ်နိုင်ဟု ရိုပ်ထင်ခဲ့မိသေး၏။

အခုတော့လည်း နိုင်သဏ္ဍာန်က မဆိုးပါ။ အမြဲတမ်း ပြောင်နောက်နေတတ်သူက ကိုယ်ပိုင်လုပ်ငန်းမှာလည်း အောင်မြင်နေသည်ဟု ကြားသည်။

ရိုပ် အထင်မကြီးခဲ့သော သူ့ကိုတော့ အသိအမှတ်ပြု ချီးကျူးရတော့မည် ထင်ပါရဲ့။

✿ ✿ ✿



## အခန်း (၃၆)

အန်ကယ်ဦးမိုးသဏ္ဍာန်ရဲ့အလုပ်တွေမှာ ကိုကို တာဝန်ယူရသည်။ ကိုကို့အတွက် ဦးမိုးသဏ္ဍာန်ပေးထားသော ကားကြီးက သိန်းထောင်ကျော်တန် Cygnus ကားကြီးဖြစ်သည်။

စိန်နားကပ်ရောင်နှင့် ပါးပြောင်သည်ဆိုဆို ကိုကို အခုလိုအခြေအနေမြင့်မားသွားတာကိုတော့ ရိုပ် ဝမ်းသာမိပါသည်။

အရင်ကဆိုလျှင် ကိုကို့ရဲ့ ကိုယ်ပိုင်ဆလွန်းကားလေးက တစ်လနှစ်ကြိမ်လောက် ဒုက္ခပေးတတ်တာမို့ ကိုကို့မှာ ဒုက္ခရောက်ရှာ၏။

အခုတော့ ကိုကိုသည် သူဌေးကြီးရဲ့ သားသမက်၊ ကုမ္ပဏီကြီး၏ မန်နေဂျင်းဒါရိုက်တာဆိုလား။

တကယ်တော့ ကိုကို့ရဲ့ဘဝ တိုးတက်ပြောင်းလဲသွားတော့တင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ၊ ရိပ်အတွက်လည်း ဘာမှ လိုလေသေးမရှိခဲ့။

တိုက်ကြီးပေါ်ရောက်ပြီး နောက်တစ်နေ့မှာပဲ မမဆုက ရိပ်ကို ပလာဇာခေါ်သွားကာ ဝယ်ပေးသည့်အဝတ်အစားတွေက နည်းနည်းနောနောမဟုတ်။

ရိပ် မလိုချင်ဘူးငြင်းပေမယ့် မရ။

"ဘာလို့မယူရမှာလဲ၊ ယူရမယ်၊ ရိပ်လေးကို မမ,ဝယ်ပေးတာလေ၊ ရိပ်လေးက အမြဲတမ်း မမအပေါ် ကောင်းခဲ့တဲ့သူ၊ ဒါကြောင့် မမဆုက ပြန်သိတတ်တာပါ"

"မမဆုရယ်၊ အရမ်းတန်ဖိုးကြီးကြီး အဝတ်အစားတွေ, အသုံးအဆောင်တွေ ရိပ် မလိုပါဘူး"

"ငွေကြေးက ဘာတန်ဖိုးမှ မရှိပါဘူး ရိပ်လေးရယ်၊ မမနဲ့ရိပ်ကြားက ချစ်ခြင်းတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး"

မမဆုက ရိပ်အားငယ်မှာစိုး၍ အရိပ်လိုရှိသည်။ အန်တီဒေါ်မြတ်ဆုကလည်း ရိပ်ကို ချစ်ခင်သည်။ အိမ်ဖော်မလေးရော ထမင်းချက် အဒေါ်ကြီးကပါ ရိပ်လေးကို ချစ်ခင်ကြတာ ဖြစ်သည်။

ရိပ်ကလည်း ဘာမှအလုပ်မရှိဘဲ မနေတတ်တော့ မီးဖိုထဲလည်း ဝင်ကူသည်။

အန်တီဒေါ်မြတ်ဆု ဘုရားပန်းတင်နေတာတွေ့လျှင်လည်း မနေတတ်ဘဲ ဝင်ကူတတ်သည်။

"အင်း သမီးရိပ်လေးက တကယ်အရည်အချင်းရှိတဲ့ မိန်းကလေးပဲကွဲ့၊ သမီးဆုက သမီးအကြောင်းတွေပြောပြလို့ အန်တီမြတ်အကုန်သိနေတယ်"





"ဟင် မမဆုက ဘာတွေပြောတာလဲ"

"ဩော် သမီး စာတော်တဲ့အကြောင်းတွေ, [illegible] နိုင်နင်းတဲ့အကြောင်းတွေပေါ့"

"ဩော် အန်တီရယ်၊ ရိပ်လေးမှာ မိဘတွေမှ [illegible] ကိုကိုက ရိပ်ကို စောင့်ရှောက်တယ်၊ ရိပ်က အိမ်မှုကိစ္စတာဝန်တွေ ယူရမှာပေါ့"

"အင်း ဘာမှ အားမငယ်နဲ့သမီးရယ်၊ အန်တီမြတ်ကို အမေရင်းလို့ သတ်မှတ်နော်၊ ဘယ်လိုအခက်အခဲ, ဘာကိစ္စရှိရှိ အန်တီမြတ်ကို တိုင်ပင်၊ ဟုတ်လား"

အားလုံးက ရိပ်အပေါ် ချစ်ကြတာမို့လည်း ရိပ်အတွက်တော့ ဆိုင်ဆိုင် မခံစားရဖူးသော မိသားစုဘဝလေးကို ပိုင်ဆိုင်နေရသလိုပဲ ရှိပါသည်။

"နောက်တစ်ပတ်ဆို ရိပ်လေး ကျောင်းပြန်တက်ရတော့မှာမဟုတ်လား၊ ဒယ်ဒီက ရိပ်လေးအတွက် သဂျှာန်ဆီမှာ ကားတစ်စီးမေးနေတာကြားတယ်"

"အရင်ကတည်းက ရိပ် ဖယ်ရီတစ်လှည့်၊ လိုင်းကားတစ်လှည့်နဲ့ တက်လာတာပါ မမဆုရယ်၊ ရိပ်အတွက် မပူပါနဲ့"

"အဲဒါတွေ မပြောကြေးလေ၊ ဒယ်ဒီက ရိပ်လေးကို တကယ်ချစ်လို့ စီစဉ်ပေးတာ၊ မမဆုစီးတဲ့ကား ပေးမယ်ဆိုတာတောင် မရဘူးတဲ့၊ သူ့ဘာသာ တစ်စီး စီစဉ်ပေးမယ်တဲ့"

မမဆု ပြောနေတုန်းမှာ ခြံထဲကို ပရာဒိုနက်ပြာရောင်ကားကြီးတစ်စီး မောင်းဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာရှိသော အဖြူရောင်ကားမဟုတ်ဘဲ အသစ်ဖြစ်နေတာကြောင့် နိုင်သဏ္ဍာန်ဟု တပ်အပ်သိသည်။ နိုင်သဏ္ဍာန်က ဝပ်ရှော့ရုံက ကားတွေအပြင် ကားကို ထည့်လဲစီးတတ်သူဖြစ်သည်။

ကားဝယ်ရောင်းလည်း လုပ်သည်ဟု ရိပ်ကြားထား၏။

ဆင်ဝင်အောက်မှာ ကားအသစ်ကြီးကို ငြိမ့်ခနဲထိုးရပ်ပြီး နိုင်သဏ္ဍာန် ဆင်းလာသည်။

ပန်းရုံနံဘေးမှာ ရှိနေသော ရိပ်တို့ကိုမြင်တော့ လျှောက်လာ၏။

"ပန်းရိပ် ဒီကားကြိုက်လား"

"ဟင်"

"မဟာင်နဲ့ ဒယ်ဒီရှာနိုင်းထားလို့ ဆွဲလာတာ၊ ပန်းရိပ် ကျောင်းတက်ရင် စီးတော်မြင်းပေါ့"

"ကောင်းပါတယ်မောင်လေးရဲ့၊ လောလောဆယ်တော့ ရိပ်လေးကို ဒရိုင်ဘာဦးမြိုင်ကိုပဲ လိုက်ပို့ကြိုခိုင်းရမယ်၊ နောက်မှ ကားမောင်းတတ်အောင် ရိပ်လေးသင်ပေါ့"

"ဟင့်အင်း ရိပ် မမောင်းရဲဘူး"

"ဘာ မမောင်းရဲစရာရှိလဲ၊ အလွယ်လေး။ နောက်တော့ ကိုယ်သင်ပေးမယ်၊ ကဲ လာ၊ ကားစက်စမ်းရင်း တစ်ခေါက်ပတ်မောင်းကြည့်မယ်"

ရိပ် ငြင်းဖို့ပြင်နေတုန်းမှာပဲ နိုင်သဏ္ဍာန်က လက်ကိုဆွဲကာ ခေါ်လာတာမို့ တွန့်ဆုတ်ဆုတ်လေး ပါလာရ၏။

ပြောင်လက်သစ်လွင်နေသော ကားတံခါးကြီးကို နိုင်သဏ္ဍာန်က ဆွဲဖွင့်ဝင်ထိုင်စေ၏။ ပြီးတော့ မောင်းသူဘက်ခြမ်း ကွေ့ပတ်လျှောက်သွား





ခဲ့ကာ တက်ထိုင်သည်။

ကားကို နောက်တစ်ချက်ပြန်ဆုတ်ကာ နိုင်သဏ္ဍာန် မောင်းထွက်ချိန်ထိ ရိပ် နှုတ်ဆိတ်ပါလာသည်။

"ပန်းရိပ်"

ခြံထဲက ကားကိုမောင်းထွက်ရင်း နိုင်သဏ္ဍာန်ခေါ်တော့ ပန်းရိပ်ခင် မျက်ဝန်းလေးဝိုင်းကာ လှည့်ကြည့်၏။

"ကျောင်းဖွင့်တဲ့နေ့ကျရင် တို့လိုက်ပို့ပေးမယ်"

"ဦးမြိုင်ပို့မှာဆို"

"နောက်ရက်တွေ ဦးမြိုင်ပို့ပေးမှာပေါ့၊ ပထမဆုံးရက်တော့ တို့ပဲ လိုက်ပို့မယ်၊ အပြန်လည်း လာကြိုမယ်"

"နိုင်သဏ္ဍာန် အားလို့လား"

"မအားမဖြစ် အားရမှာပဲ၊ အဲဒီနေ့က အရေးကြီးတယ်"

"ဟင် ဘာဖြစ်လို့လဲ၊ ကျောင်းဖွင့်ရက်တွေက စာ သိပ်မသင်ဖြစ်ပါဘူး"

"အဲဒါပြောတာ မဟုတ်ဘူး။ ရိပ်ကို အရိပ်လို ချောင်းနေမယ့် ကျောင်းသားတွေကြောင့် အရေးကြီးတာ"

သူ့စကားကို နားမလည်သလို ပန်းရိပ် မျက်လုံးလေးတွေ ဝိုင်းစက်ကြည့်နေသည်။ ရှင်းသန့်နေသော မျက်နှာလေးက ချွဲမက်စရာကောင်းသည်။

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ယောက်ဖက သူ့ညီမကို စောင့်ရှောက်ခိုင်းမှာထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ရိပ်ကို ယုံကြည်ပြီးသားပါ"

"ဒါဆို တို့လည်း ယုံရမှာလား"

"ဟင် ဘာဆိုင်လို့လဲ"

ရင်ထဲက ခံစားချက်အတိုင်း ပြောလိုက်ချင်ပေမယ့် သူ့နှုတ်က မထွက်ပါ။ ရိပ်အပေါ်မှာ အခွင့်ကောင်းယူသလို ဖြစ်မှာစိုးသည်။ လက်ရှိက ကိုယ့်မိဘအရိပ်မှာ နေနေသည်ဆိုသော အသိကြီးက သူ့ဆန္ဒတွေကို ကာဆီးထား၏။

"မဆိုင်ဘူးလား၊ တို့မမရဲ့ ယောက်မချောလေး၊ တို့ယောက်ဖရဲ့ ညီမချစ်လေး၊ ဇရှတ်သုတ်ခကောင်တွေနဲ့ တွေ့သွားမှာ စိုးတာပေါ့"

သူ့စကားကို ရိပ် သဘောကျသလို ရယ်လိုက်တော့ နှုတ်ခမ်းလှလှလေးတွေ ကွေးညွတ်ကာ ညီညာဖြူဖွေးသော သွားလေးတွေ လှစ်ခနဲ ပေါ်လာသည်။

စိတ်ဆိုး၊ ဒေါသထွက်နေလျှင်လည်း ချစ်စရာကောင်းသည်၊ ရယ်လိုက်လျှင်လည်း မြတ်နိုးစရာကောင်းသည်။

နဂိုတည်တည်လေးနေလျှင်လည်း စွဲမက်စရာကောင်းသည်။ ဒီကောင်မလေးကို သူ့နှလုံးသားက တောင့်တနေတာ အသေအချာ။

ဒါပေမဲ့ ဖွင့်ပြောဖို့ တားဆီးနေသောအရာတွေကလည်း ရှိနေသည်။

ဘာပဲဖြစ်ဖြစ် တစ်ချိန်မှာတော့ သူ ဝန်ခံရမှာပဲဖြစ်သည်။ သူ့ဘဝကို ရပ်တည်နိုင်အောင်ကြိုးစားနေသမျှဟာ သူနဲ့ကိုယ်ရဲ့ အနာဂတ်လေးတွက်ဆိုတာ။

✿ ✿ ✿



## အခန်း (၃၇)

ကိုကြီး ရန်ကုန်ကို ပြောင်းမိန့်ကျပြီဆိုသောသတင်းက တစ်မိသားစုလုံးအတွက် ဝမ်းသာစရာသတင်း ဖြစ်နေသည်။ အထူးသဖြင့် မာမို့ခမျာ မျက်ရည်ဝဲမတတ် ဝမ်းသာနေရှာသည်။

မာမီက အမြဲတမ်း ဒီလိုအခြေအနေကို မျှော်လင့်နေရသူမို့ သူ့စားလည်သည်။

ဒယ်ဒီကလည်း သိပ်ကို ဝမ်းသာလွန်းနေရှာ၏။

"ဘယ်တော့ ကိုကြီးရန်ကုန်ရောက်မလဲ ဒယ်ဒီ"

"ဒီတစ်ပတ်အတွင်း ရောက်မယ်တဲ့၊ ပြောင်းမိန့်ကျမှာတော့ သေချာတယ်၊ ရန်ကုန်က ဘယ်ဆေးရုံမှန်းတော့ မသိသေးဘူးတဲ့"

"ဘယ်ဆေးရုံပဲကျကျ သားကြီး ရန်ကုန်ပြန်ရောက်လာတာကို



www.burmeseclassic.com

www.burmeseclassic.com



မာမီ အရမ်းဝမ်းသာနေတယ်''

''ဟုတ်ပါပြီ မာမီရယ်၊ မာမို့ဆန္ဒတွေ ပြည့်ပြီပေါ့''

''အခု မာမီတို့မိသားစုတွေ စုံစုံညီညီ နေနိုင်ပြီလေ၊ ဒါကြောင့် မာမီ ဝမ်းသာနေတာ၊ သားကြီးလည်း အိမ်ရောက်ပြီ၊ သမီးတို့မိသားစု လည်း အိမ်ရောက်ပြီ''

''ဒါဆိုရင် ကျွန်တော် မန္တလေးပြန်မှထင်တယ်''

''သားငယ်နော်၊ မာမီစိတ်ဆင်းရဲအောင် မလုပ်နဲ့''

မာမို့စိတ်တွေ စိုးရိမ်စွာပြောတော့ သူ သဘောကျစွာ ရယ်မော ရင်း –

''နောက်တာပါ မာမီရာ၊ သားက မာမို့ဆန္ဒကို ဘယ်တော့မှ မဖျက်ဆီးပါဘူး စိတ်ချ၊ မိန်းမယူရင်တောင် ဒီအိမ်ကြီးမှာပဲ နေမှာ''

''ဘာရယ် သားငယ်က မိန်းမယူတော့မှာလား''

''အချိန်တန်ရင် ယူမှာပေါ့''

''အေး မင်းယူချင် မြန်မြန်ယူ၊ အလုပ်အကိုင်နဲ့ အတည်တကျ ဖြစ်နေတာကို ငါဝမ်းသာတယ်၊ စိတ်ချ မင်းမာမီကလည်း ဒီသားသမီး တွေကို မခွဲနိုင်တော့ ဒီရပ်ကွက်ထဲမှာပဲ ခြံတွေ ငါဝယ်ပေးမယ်၊ ဟုတ် လား''

''တကယ်နော် ဒယ်ဒီ''

''တကယ်ပြောတာပေါ့ကွ၊ သမီးဆုအတွက်တောင် ဒီလမ်းထဲမှာ ပဲ ခြံတစ်ခြံ ဝယ်ပေးဖို့ ငါစီစဉ်နေတယ်၊ ဘာပဲဖြစ်ဖြစ် သမီးတို့ လွတ် လွတ်လပ်လပ် နေနိုင်အောင်ပေါ့၊ မင်းမာမီလည်း အချိန်မရွေး တွေ့နိုင် တယ်လေ''





''ဟာ ဒယ်ဒီသာ ဒီလိုစီစဉ်ပေးရင် ကျွန်တော် ချက်ချင်း မိန်းမကောက်ယူချင်လိုက်တာ''

''မောင်လေးနော်၊ တကယ်ပြောနေတာလား နောက်နေတာ လား။ တကယ်ယူမယ်ဆိုလည်း မင်းကောင်မလေးနဲ့ မမတို့ကိုတွေ့ပေဦး၊ အကဲခတ်ကြည့်ချင်လို့''

ငြိမ်သက်နားထောင်နေသော မမဆု ဝင်ပြောလာတော့ သူ ခေါင်းညိတ်ပြရင်း ရယ်ကျဲကျဲနှင့် –

''စိတ်ချ၊ အချိန်တန်ရင် တွေ့ပေးမယ်၊ မမတို့စိတ်ကြိုက်၊ မာမီတို့စိတ်ကြိုက်နဲ့ ထပ်တူဖြစ်မှာပါ''

ပြောပြီး သူ ထထွက်ခဲ့သည်။ ဒီညနေ ရိပ်ကျောင်းကို သူ သွားကြိုချင်သည်။

✿

ကျောင်းမဆင်းခင် နာရီဝက်လောက်ကတည်းက သူ ကြို ရောက်နေခဲ့သည်။

ဦးမြိုင်ကို လာမကြိုဖို့ ကြိုပြောထားသည်မို့ ဦးမြိုင်ရောက်မလာ ခဲ့ပါ။

ကျောင်းဆင်းဘဲလ်သံကြားတော့ သူ ကျောင်းတံခါးဝကို မျှော် နေမိသည်။ ဝေါခနဲ ထွက်လာသော ကျောင်းသားကျောင်းသူတွေထဲမှာ ရိပ်ကို သူရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



Mrak II ကားကြီးနှင့် သူ့ကို ကျောင်းသူလေးတွေ ကွက်ကြည့် ကွက်ကြည့် ရှိနေတာ သူသိပေမယ့် အာရုံဝင်စားလို့ မရပါ။

အရင်ကဆို ဒီလိုမိန်းမချောလေးတွေဆိုလျှင် တစ်ချက်ပြုံးပြ ရင်းနှီးအောင် ဝင်ရောဖို့ဆိုတာ သူ့အတွက် ပြုနေကျ အလုပ်တစ်ခုလို ရှိခဲ့သည်။ ဒါပေမဲ့ အခုချိန်မှာတော့ ပန်းရိုဝ်ခင်ပဲ သူ့ရင်ဘတ်ထဲမှာ နိုင်မြဲစွာ တည်ရှိနေသည်။

ကျန်တာအားလုံးသည် ဖွဲနှင့်ဆန်ကွဲပမာပါပဲ။ အချစ်ကို နှလုံးသားက ခံစားတတ်နေပြီပဲ။

"ဟင်"

မြင်လိုက်ရသောမြင်ကွင်းက သူ့ရင်ဘတ်ထဲကို မြားနှင့်ပစ်ခွင်းလိုက်သလို စူးခနဲ ခံစားရစေ၏။

ကြည့်စမ်း။ နှစ်ယောက်သား ရယ်မောစကားပြောလာတာ သူ စောင့်နေတာကိုတောင် မြင်တွေ့ပုံမရ။

ရိုဝ်နံဘေးက ဆံပင်ဘေားခွဲနှင့် ဥပမိရုပ်သန့်သန့်ကောင်သည် သူ့အတွက်တော့ ကျက်သရေမင်္ဂလာ တစ်စက်မျှမရှိပါ။

"တောက်"

ဒေါသနှင့်တက်ခေါက်သံက သူ့နှုတ်က လွင့်ထွက်သွားခဲ့သည်။ ရိုဝ်က ထိုသူနှင့် ကျောင်းဝင်းတံခါးနားအထိ စကားတွေ ဖောင်ဖွဲ့ကောင်း နေပြန်သော မြင်ကွင်းက တကယ်ခံရခက်သည်။

ဒါ ရိုဝ်ရဲ့ကောင်လား။ တရင်းတနှီးစကားတွေ ပြောနေပုံက အခုမှ ကျွမ်းဝင်နေတာမျိုးမဟုတ်။ ဘာတွေများ ပြောမဆုံးပေါင် တော သုံးထောင် ဖြစ်နေတာလဲ။





စိတ်မရှည်နိုင်သည့်အဆုံး ကားတံခါးဆွဲဖွင့်တက်ကာ ဟွန်းကို မနားတမ်း ဖိနှိပ်ထားလိုက်သည်။

အဆက်မပြတ်မြည်နေသော ဟွန်းသံကြောင့် ရိုဝ် လှည့်ကြည့် သည်။ အခြားသောကျောင်းသားကျောင်းသူတွေလည်း သူ့ကို လှမ်းကြည့် နေပေမယ့် ဂရုမစိုက်နိုင်။

ပန်းရိုဝ်ခင် မျက်စိမျက်နှာပျက်နှင့် ခပ်သွက်သွက်လေး လျှောက် လာမှ သူ ဟွန်းတီးသံကို ရပ်လိုက်၏။

"ဘာလုပ်တာလဲ သဏ္ဍာန်ရဲ့၊ ဦးမြိုင်မလာဘူးလား"

"မလာလို့ ဒီကောင်လာကြိုတာပေါ့"

ဘုဆတ်ဆတ် ပြန်ဖြေတော့ ရိုဝ် ဘာမှမပြောဘဲ ကားတံခါး ဖွင့်တက်သည်။ သူကလည်း ချက်ချင်းပဲ ကားကို မောင်းထွက်လိုက်၏။

ဆောင့်ထွက်လိုက်တာမို့ ကားလေးပေါ်ရောက်စ ရိုဝ်ခန္ဓာကိုယ် လေး ယိုင်ထိုးသွားရင်း –

"ဘာဖြစ်နေတာလဲ"

သူ မဖြေပါ။ ကားကိုပဲ အရှိန်ပြင်းပြင်းမောင်းခဲ့သည်။ ရင်ထဲမှာ ခံစားချက်တွေက ဖွင့်ပြောရခက်သည်။ အူနုကျွဲခတ်ဆိုတာ ဒီလိုခံစားချက် ထင်ရဲ့၊

"သဏ္ဍာန် ဘာဖြစ်နေတာလဲ"

ရိုဝ် ထပ်မေးသည်။ သူ မဖြေဘဲ ကားလီဗာကို ဖိနင်းသည်။ ရှေ့ကကားတွေကို တစ်စီးပြီးတစ်စီး ကျော်တက်လိုက်၏။

"သဏ္ဍာန် ရပ်တော့၊ ရပ်စမ်း။ ဘာလို့ ဒီလောက်မောင်းနေရ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ကားကို လမ်းဘေးသစ်ပင်ရိပ်အောက်မှာ ထိုးရပ်လိုက်သည်။ ပြီးတော့ ကားတံခါးကို ဖွင့်ဆင်းကာ တံခါးကို ဂုန်းခနဲ ပြန်ဆောင့်ပိတ်မိသည်။

ရိပ်ကို လှည့်မကြည့်တဲ့ သစ်ပင်နံဘေးမှာရပ်ကာ ဒေါသတွေကို ဖြေလျှော့ကြည့်သည်။ ရင်ထဲမှာ ခံစားရသော ဝေဒနာသည် ပြေလျော့မသွားခဲ့ပါ။

"သဏ္ဍာန် ဘာဖြစ်နေတာလဲ"

"ဒေါသဖြစ်နေတာ၊ နာကျင်နေတာ"

"ဟင် ရှင့်ဘာသာ ဒေါသဖြစ်နေတာ ကျွန်မက ကြားထဲက အသေမခံနိုင်ဘူး။ ကားကို လေယာဉ်လိုမောင်းနေတာ အန္တရာယ်များတယ်"

"သေမှာကြောက်နေသလား။ ဘာလဲ အကြည်စိုက်နေတဲ့ကောင်နဲ့ ခွဲရမှာစိုးလို့လား"

"ဟင်"

"ပြောစမ်းပါဦး အဲဒါ ရိပ်ချစ်သူလား"

"ဟာ ဘာတွေ ပြောနေတာလဲ၊ အဲဒါ ရိပ်သူငယ်ချင်း ငြိမ်းငြိမ်းရဲ့ချစ်သူ၊ ပြောရရင် ငြိမ်းနဲ့စေ့စပ်ထားတဲ့သူ၊ ဒီနေ့ ငြိမ်းငြိမ်းကျောင်းမလာလို့ လာမေးတာ"

"ဟာ တကယ်"

"တကယ်မဟုတ်လို့ ရိပ်က ဘာညာရမှာလဲ"

မျက်ခုံးလေးတွေကုပ်ကာ ရိပ် ဘုဆတ်ဆတ်လေး ပြန်ဖြေတော့ သူ့ဒေါသတွေ လျှောခနဲ ပြေသွားသည်။ ထူးဆန်းလိုက်တာ၊ ခံစားရတာနှ





တ သေလုမတတ်။

ပြန်ပြေလျော့သွားတော့လည်း ချက်ချင်းပါလား။ ဒါ ချစ်တဲ့စိတ်ကြောင့်ထင်သည်။

"ဆောရီးကွာ၊ တို့အထင်လွဲသွားတယ်၊ ရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိဘူး။ ခံစားလိုက်ရတာ တကယ်"

"ဘာတွေပြောနေတာလဲ"

"ရိပ်ကို သိပ်ချစ်တာတွေ ပြောနေတာ"

"ဟင်"

"ဟုတ်တယ်၊ ဒီရင်ဘတ်ထဲမှာ မပြောသင့်တဲ့အကြောင်းကြောင်းတွေကြောင့် မျိုသိပ်ထားခဲ့ရတာ၊ ရိပ်ရယ် ချစ်နေတာ မရိပ်မိဘူးလား"

ရိပ်မျက်နှာလေး ပန်းနုသွေးလွှမ်းကာ သူ့ကို မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ကြည့်နေခဲ့သည်။

"ဒါ ရိပ်ကို ရှင် ရည်းစားစကားပြောတာပေါ့၊ ဟုတ်လား သဏ္ဍာန်"

"မမျိုသိပ်နိုင်လို့ ရင်ပွင့်ထွက်သွားတာ"

"ဘာလဲ၊ ရှင် ဒီလိုပဲ ကောင်မလေးတွေကို ဖတ်လမ်းစခဲ့တာလား၊ ရိပ်က နံပါတ်ဘယ်လောက်လဲ"

"ဟာကွာ"

"မညာနဲ့ ရှင့်အစ်မ မမဆု အကုန်ပြောပြထားပြီးသား။ မိန်းကလေးတစ်ယောက်ကိုချစ်တာပြောဖို့ဆိုတာ ရှင့်အတွက် ခက်ခဲတဲ့အလုပ်မှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ မဟုတ်ဘူး၊ မဆိုင်ဘူး ရိပ်၊ ကိုယ် ရိပ်ကိုချစ်တာ ရင်ဘတ်ထဲက နက်နက်ရှိုင်းရှိုင်းချစ်တာ”

ရိပ် နှုတ်ခမ်းလေးတွေ မဲ့ကျသွားပုံက ချစ်စရာကောင်းပေမယ့် သူ ဒီအချိန်မှာ မခံစားနိုင်ပါ။

“ရိပ်ယုံအောင် ဘာနဲ့သက်သေပြရမလဲ”

“မလိုဘူးလေ၊ ပြုခဲ့လုပ်ခဲ့တာတွေက သက်သေပဲ”

“ဟာကွာ၊ အဲဒါတွေက အပျော်တွေ၊ အခုဟာက ဘဝနဲ့ဆိုင်တယ်၊ ရိပ်အတွက် ကိုယ်ကြိုးစားနေတာ၊ ရိပ်နဲ့အတူ တည်ဆောက်မယ့် ဘဝအတွက် ကိုယ် ကြိုးစားနေတာပါ”

သူ့ကို စူးစိုက်ကြည့်နေသော မျက်ဝန်းတွေထဲမှာ အယုံအကြည်ကင်းမှုတွေ အရိပ်ထင်နေသည်။ မမဆု ဘာတွေပြောလိုက်တာလဲ တကယ့်ပြဿနာကြီးပါလား။

“ကဲ ပြန်ရအောင် သဏ္ဍာန်”

“နေပါဦး ရိပ်၊ ကိုယ့်ကို တစ်ခုခုပြောပါဦး”

“ဘာပြောစရာရှိလို့လဲ”

“ဒီလိုမလုပ်ပါနဲ့၊ ကိုယ် မခံစားနိုင်ဘူး”

နှုတ်ခမ်းလှလှလေး မဲ့ခနဲ ပြုံးသည်။ ဒါကိုပဲ အဆိပ်မြားနဲ့ ပစ်သလို သူခံရခက်သည်။

“ရိပ် ရိပ်ယုံကြည်အောင် ကိုယ် ခုချက်ချင်း လုပ်ပြနိုင်တယ်”

“ဘာရယ်”

“ဟုတ်တယ်၊ အိမ်မပြန်တော့ဘူး၊ ရိပ်တစ်ဘဝလုံး ကိုယ် စောင့်ရှောက်တာဝန်ယူနိုင်တယ်”





“မဟုတ်တာ”

“မရဘူး၊ ရိပ်ကို ကိုယ်ချစ်တာ ဘဝအတွက်ဆိုတာ သက်သေပြမယ်၊ မမဆုစကားတွေနဲ့ ကိုယ့်အချစ်ကို အထင်သေးမခံနိုင်ဘူး”

“သဏ္ဍာန် ဒီလိုမလုပ်နဲ့၊ ဒါဆိုရင် ကိုကိုနဲ့မမဆုတို့ကြားမှာ ပြဿနာကြီး ဖြစ်မှာနော်”

“ဖြစ်ချင်သလောက်ဖြစ်၊ မမဆုကလည်း ကိုယ့်မောင်လေး တစ်ယောက်အကြောင်း အသေအချာမသိဘဲ ပြောတာပဲလေ၊ အရေးကြီးတာ ဘယ်သူတွေ ဘာဖြစ်ဖြစ် ရိပ်ကို ကိုယ် ပိုင်ဆိုင်ရဖို့ပဲ”

သူ တစ်ဖွတ်ထိုးပြောနေတော့ ရိပ်မျက်နှာလေး စိုးရိမ်ရိပ်တို့ လွှမ်းလာကာ အကျပ်ရိုက်နေရှာ၏။

“ကဲပါ ရိပ်တောင်းပန်ပါတယ် သဏ္ဍာန်ရယ်၊ သိပ်နောက်ကျနေရင် မကောင်းဘူး၊ ပြန်ကြရအောင်”

“ဒီလို မနှစ်သိမ့်နဲ့လေ၊ ကိုယ့်ကို ရိပ် အဖြေတစ်ခုတော့ ပေးပါ”

“ရိပ် စဉ်းစားဦးမယ်၊ စာမေးပွဲနောက်ဆုံးနေ့ကျ အဖြေပေးမယ်”

“ဟာကွာ အဝေးကြီး”

“တစ်ဘဝလုံးအတွက် ဒီလောက်တော့ အချိန်ပေးရမှာပေါ့”

“အိုကေ ကျေနပ်တယ်၊ အဲဒီအတွင်းမှာ ရိပ် ကိုယ့်ကို စိတ်ကြိုက်လေ့လာပါ၊ ကိုယ် ရိပ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိလာမှာပါ”

ဒီတစ်ခါတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မျက်နှာလေးပေါ်က ရောင်ရိပ်တို့ကို မမြင်ရတော့ပါ။

ရင်ထဲကချစ်ခြင်းတွေကို ရိပ်သိအောင် ရင်ဖွင့်ပြချင်မိသည်။ နှလုံးသားမှာ ချစ်ခြင်းတို့သည် ရိပ်တစ်ယောက်တည်းအတွက်ဆိုတာ။

✿ ✿ ✿

## အခန်း (၃၈)

ဘယ်တုန်းကမှ မလှုပ်ခတ်တတ်သော နှလုံးသားသည် လှုပ်ခတ်တတ်ခဲ့တာတော့ ရိပ်ကိုယ်တိုင်ပဲ အသိဆုံးဖြစ်သည်။ ရိပ်ကို ရင်ဖွင့်ဝန်ခံပြီးသည့်နောက်ပိုင်းမှာ သဏ္ဍာန် တည်ငြိမ်သွားခဲ့တာတော့ အထင်အရှားပဲ ဖြစ်သည်။

နေ့စဉ်မပျက်တောင် တစ်ပတ်တစ်ရက်တော့ ရိပ်ကို ကျောင်းကြိုပို့ပေးသည်။

အရင်လိုပဲ ရယ်မောနောက်ပြောင် စကားပြောရုံကလွဲ၍ သဏ္ဍာန် အနိုင်ကျင့်တာမျိုး မရှိခဲ့ပါ။

သူ့အချစ်တွေကို ယုံကြည်လက်ခံချင်ပေမယ့် ရိပ်စိတ်မှာ စိုးရွံ့နေတာ တစ်ခုတော့ရှိသည်။ ချစ်သူရည်းစားများခဲ့သော သဏ္ဍာန်အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံဖို့ခက်ခက်ပါပဲ။

ဒဏ်ရာကင်းစင်ခဲ့သော နှလုံးသားက ကြောက်လန့်နေမိ၏။ ဒါပေမဲ့ သဏ္ဌာန်ရဲ့ ပြောင်းလဲမှုတွေကိုလည်း ရိပ် သတိထားမိခဲ့၏။

ရိပ်အပေါ် တကယ်ချစ်လို့ သဏ္ဌာန်ကြိုးစားနေခဲ့တာလား။ အစုဆို သဏ္ဌာန်ရဲ့ဝပ်ရှော့ရုံက အောင်မြင်သည်။ အန်ကယ်ဦးမိုးသဏ္ဌာန် ကိုယ်တိုင်တောင် ချီးကျူးနေရ၏။

အတွေးတွေက ခြံထဲမှာ ရိပ်ခနဲမြင်သော လူရိပ်ကြောင့် တိခနဲ ပြတ်တောက်သွား၏။

ဝရန်တာလေးမှာရပ်ရင်း ရိပ် အသေအချာကြည့်မိသည်။ လူလုံးမကွဲပေမယ့် သဏ္ဌာန်လားမသိ။

ဒီည သဏ္ဌာန် ပြန်မရောက်သေးတာကို သိထားသည်။ သူ့ရဲ့ ဝပ်ရှော့က တပည့်တစ်ယောက် ဘတ်စ်ကားပျက်လို့ လာနိုက်အတွက်ဟု ပြောသွားခဲ့ ၏။

ကြည့်နေတုန်းမှာ ခြံထဲကအရိပ်က မီးရောင်အောက်မှာ ပီပြင် သွားခဲ့သည်။

"ဟင် သဏ္ဌာန်"

ရိပ်နှုတ်က အလန့်တကြားလေး ရေရွတ်မိကာ ယိုင်ထိုးနေ သော သဏ္ဌာန်အသွင်ကြောင့်ပဲ ဖြစ်၏။ သဏ္ဌာန် မူးလာတာလား။ ပုံစံကြည့်ရတာ အလွန်အကျွံမူးနေပုံ ဖြစ်၏။

ကားတောင် ပါမလာဘူးထင်၏။ စက်သံမကြားပါ။ အခုလည်း အိမ်ထဲမဝင်ဘဲ ခြံထဲမှာ ဘာလုပ်နေသည်မသိ။

ရိပ် ကြည့်နေတုန်းမှာ ကုံကော်ပင်အောက်က ခုံတန်းလေးမှာ





လှဲအိပ်လိုက်တာတွေ့သည်။

ဒုက္ခပါပဲ။ တစ်ညလုံး ခြင်ကိုက်၊ ဖြုတ်ကိုက်နှင့် အိပ်နေလျှင် အခက်။

ရိပ် စိုးရိမ်စွာစောင့်ကြည့်တော့ ခုံတန်းလေးပေါ်မှာ ငြိမ်သက်နေ ဆဲ။ အိပ်ပျော်သွားပြီထင်ပါရဲ့။

ရိပ် ဘယ်လိုမှ ဥပေက္ခာပြုမနေနိုင်သည့်အဆုံး လှေကားထစ် တွေအတိုင်း ဆင်းခဲ့သည်။ ဆယ်နာရီကျော်ပြီမို့ အားလုံး အိပ်နေကြပြီ။

သဏ္ဌာန်မရောက်သေးတာမို့ အိမ်ရှေ့တံခါးသော့ကို ပိတ်မထား။ ရိပ် အသာလေး ခြံထဲဆင်းခဲ့သည်။ ပြီးတော့ သဏ္ဌာန်အိပ်နေသော ခုံတန်းလေးဆီ လှမ်းခဲ့၏။

"ရိပ် ချစ်တယ်ကွာ၊ ရိပ်ကို ချစ်တယ်"

ထိုင်ခုံမှာ ပက်လက်ကြီးအိပ်လျက် နှုတ်က ယောင်ယမ်းနေ သော စကားတွေကြောင့် ရိပ်မျက်နှာလေးရဲကာ တွန့်ခနဲဖြစ်ရ၏။ ဒါပေမဲ့ ကိုယ်တော်ချောက ပြန်တိတ်ဆိတ်ငြိမ်သက်သွားတာမို့ –

"သဏ္ဌာန် သဏ္ဌာန်"

ခပ်တိုးတိုးခေါ်တာမကြားတော့ ရိပ် အနားကပ်ခဲ့ကာ ပခုံးကို ပုတ်နှိုးခေါ်ရ၏။

"သဏ္ဌာန် နိုင်သဏ္ဌာန်"

"အင် ဟင်"

"ဘာလို့ ဒီမှာ အိပ်နေတာလဲ၊ ထပါ၊ ညဉ့်နက်နေပြီ"

"အင် ရိပ်လား၊ မအိပ်သေးဘူးလား ဒေ့"

ရိပ်ကိုမေးရင်း လူးလဲထတော့ လူက ယိုင်ခနဲဖြစ်သွားတာမို့



www.burmeseclassic.com

www.burmeseclassic.com



ရိပ် ဖမ်းထိန်းပေးလိုက်ရ၏။

"သဏ္ဌာန် ဘာလို့ အရမ်းမှူးလာတာလဲ"

"ရိပ်ကိုချစ်လို့"

"ဟင် ဘာဆိုင်လို့လဲ"

ရီဝေဝေမျက်ဝန်းတွေနှင့် ရိပ်ကို ငေးစိုက်ကြည့်နေရင်း ဖျတ်ခနဲ ပါးပြင်လေးကို နမ်းတာ မရှောင်တိမ်းလိုက်နိုင်။

"အို"

အထိတ်တလန့်နှင့် တွန်းပစ်တော့ သူ့ခန္ဓာကိုယ်က ထိုင်ခုံလေးပေါ် ထိုင်လျက် ပြုတ်ကျသွားခဲ့၏။

"အ အီးလားလား"

"ဟယ် သဏ္ဌာန်၊ ဆောရီး နာသွားလားဟင်"

သဏ္ဌာန်ပခုံးကို ပြန်တွဲထူရင်း ရိပ်မေးမိသည်။ သဏ္ဌာန် ခေါင်းလေးခါပြသည်။

"ဆောရီး၊ ကိုယ် စိတ်လွှတ်သွားလို့"

"ကဲ လာ၊ အိမ်ထဲဝင်တော့နော်"

ရိပ် တွဲခေါ်သည့်အတိုင်း ဆင်ဝင်အောက်အထိ လိုက်လာပြီး

"ရိပ် ကိုယ့်ကို စိုးရိမ်တာ ချစ်လို့လားဟင်"

"အို"

မော့ကြည့်နေသော မျက်ဝန်းတွေက စူးရှတောက်ပနေ၏။ ရှိုက်ရင်တွေခုန်လာကာ သူ့မျက်နှာကို မကြည့်ရဲ။

"ပြောလေ၊ ကိုယ်သိချင်တယ်"

"ရှင် တစ်ခုခုဖြစ်မှာစိုးလို့ပါ"





"ကိုယ်က ဘာဖြစ်မှာလဲ၊ မူးမှမမူးတာ၊ ရိပ် ဘယ်လိုခံစားမလဲ သိချင်လို့ စမ်းသပ်ကြည့်တာ"

"ဟင်"

အခုမှ ရိပ် သတိထားမိတာ သူ့ဆီက ဘာအရက်နံ့မှမရပါ။

"ကြည့်စမ်း၊ ဒါ အနိုင်ကျင့်တာပေါ့လေ"

"မဟုတ်ပါဘူး၊ ရိပ်ရင်ဘတ်ထဲကို ဝင်ကြည့်တာ"

"သွား၊ ရှင် လူလည်ပဲ"

ပြောပြီး ရိပ် လှေကားထစ်တွေအတိုင်း ပြေးတက်ခဲ့သည်။ ရင်သည် တလှပ်လှပ်ခုန်နေဆဲ။

သူနမ်းခဲ့သော ပါးပြင်လေးက ထူပူရှိန်းမြနေဆဲ။ သေချာသည်က ရိပ် သူ့ကို ဘာကြောင့်မုန်းမသိ စိတ်မဆိုးတာဘဲ ဖြစ်၏။

ထိုညက ရိပ် အိပ်မပျော်ခဲ့။ အိပ်ပျော်သွားတော့လည်း အိပ်မက်ထဲမှာ သူ့ရဲ့ချစ်စကားတွေကိုပဲ ကြားနေရသည်။

ရိပ်ကိုယ်တိုင်လည်း ထိုစကားတွေနှင့် သာယာနေခဲ့မိခြင်းဟာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

ရင်ထဲမှာ ဆို့နစ်သောဝေဒနာကြီးက ဖြစ်တည်နေခဲ့တာ သုံးရက်ရှိပြီ။

ဒီဝေဒနာကြီးကို ရိပ် ထည့်သွင်းပေးခဲ့တာမဟုတ်။ ဒယ်ဒီနှင့်မာမီ ထည့်သွင်းပေးခဲ့တာပဲဖြစ်သည်။

ရန်ကုန်ကို ကိုကြီး ပြောင်းလာသည့်ညက သူကြားခဲ့ရသော ဒယ်ဒီနှင့်မာမီစကားတွေကို နားထဲက မထွက်သေးပါ။

"သားကြီး အသက်လည်းမငယ်တော့ဘူး၊ အိမ်ထောင်နဲ့ မိသားစုနဲ့ ဖြစ်သင့်ပြီး ကိုမိုး"

"မင်း သားကြီးက စိတ်မှမဝင်စားတာ၊ တကယ်ဆို ဒီအရွယ် ဒီအချိန် တစ်ယောက်လောက်တော့ ရှိသင့်ပြီ"





"သားကြီးရှာမတွေ့တော့လည်း ကျွန်မတို့ ရှာပေးရမှာပေါ့၊ ဒါ မိဘဝတ္တရားပဲလေ"

"မင်းက တွေ့ထားလို့လား"

"အဲဒါ ကိုမိုးကိုပြောမလို့၊ သားကြီးကို ပန်းရိပ်လေးနဲ့ ကျွန်မ သဘောတူနေတယ်"

"ဟေ"

"ဘာဖြစ်လို့လဲ၊ ရှင် သဘောမကျလို့လား၊ ပန်းရိပ်လေးက"

"မဟုတ်ပါဘူး၊ မင်းစိတ်ကူးနဲ့ ငါ့စိတ်ကူး တူနေလို့ ဒီကလေးမလေးကို ငါ သဘောကျတယ်၊ စိတ်ထားရော အရည်အချင်းပါ ထက်မြက်တယ်၊ မိန်းမလည်း ပီသတယ်"

"ဒါဆို သားကြီးနဲ့ ရှင်သဘောတူသလား"

"သူတို့ချင်း နှစ်သက်ဖို့က အဓိကကွ"

"အဲဒါ မပူပါနဲ့ရှင်၊ အခု သားကြီးက မော်ဘီဆေးရုံမှာ တာဝန်ကျမှာဆိုတော့ သမီးလေးကို ကျောင်းကြိုပို့ခိုင်းလိုက်ရင် သူတို့ချင်း ရင်းနှီးသွားမှာပဲ၊ ဒါဆို အဆင်ပြေမှာပါ"

"အံမယ်၊ ငါ့မိန်းမက ဒါမျိုးတော့ အကြံထွက်သားဟ၊ အေး မင်း သားကြီးကိုလည်း ဒီလိုဖန်တီးပေးမှ လူပျိုကြီးဘဝက လွတ်မှာ"

သူ မထင်မှတ်ဘဲ ကြားခဲ့ရသော ဒယ်ဒီတို့စကားတွေက ရင်ကိုပူလောင်စေသည်။

ပန်းရိပ်ကို ကိုကြီးနဲ့နီးစပ်စေချင်သည်တဲ့။ သူ့ရင်ဘတ်ထဲက နှလုံးသားကို ဒယ်ဒီတို့မသိနိုင်ကြ။

ဒါကို သူ ဘယ်လိုရင်ဆိုင်ခံစားကြည့်ရမှာလဲ။ ရိပ်နှင့်ကိုကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



အနေနှီးစပ်သွားခဲ့လျှင်။

သေချာသည်က မိဘတွေရဲ့ဆန္ဒနှင့် ကိုတည်ကလည်း ကိုကြီးလို လူတစ်ယောက်ကို ငြင်းဆန်မည်မဟုတ်။

သူ့ရင်တွေ ပူလောင်နေတာ ဘယ်သူမှ မသိ။ ဒီဝေဒနာကြီးကို သူ တစ်သက်လုံးတော့ ရင်မဆိုင်ချင်ပါ။ ရိပ်ကို စွန့်လွှတ်ဖို့ဆိုတာ နှလုံးသားက လက်မခံနိုင်သောအရာ။

အချစ်နှင့်စစ်မှာ မတရားတာမရှိ။ ဒီတော့ –

✿

အခုချိန်ထိ ရိပ်ကို စကားတစ်ခွန်းမဆိုတဲ့ ကားကို တိတ်ဆိတ်စွာ မောင်းနှင်နေသော သဏ္ဌာန့်အသွင်က ထူးခြားနေသည်။

သဏ္ဌာန်ကျောင်းလာကြိုကတည်းက အုံ့ညှို့နေမိ၏။ တကယ်ဆို မနက်က ကိုကြီးလိုက်ပို့တာဖြစ်သည်။ ညနေ ဂျူတီအပြန် ဝင်ကြိုမည်ဟု ဆိုသွား၏။

မှော်ဘီဆေးရုံမှာ တာဝန်ကျနေသောကိုကြီးမဟာကိုပဲ ရိပ်ကျောင်းသွားပြန် ကြိုပို့ပေးဖို့ အန်ကယ်တို့က စေခိုင်းထား၏။

"ကိုကြီး ဒီညနေ ဆေးရုံမှာ ဂျူတီဆက်ဝင်စရာရှိလို့တဲ့ ကိုယ့်ကိုဖုန်းဆက်လို့ လာကြိုတာ"

ထိုသို့ပြောကာ သဏ္ဌာန်စောင့်နေတာဖြစ်၏။ အရင်လို စကားတွေ ဖောင်ဖွဲ့အောင်မပြောတာ ထူးခြားနေ၏။





"ရိပ်"

"ဟင် ဘာလဲ သဏ္ဌာန်"

"မင်္ဂလာဒုံဘက် ခဏဝင်စရာရှိလို့ ကိုယ့်ရုံက အလုပ်သမားတစ်ယောက်ရဲ့ အမေ နေမကောင်းလို့ ဝင်မေးရင်း ပိုက်ဆံလေးပေးချင်လို့"

"ရတယ်လေ သဏ္ဌာန်ရဲ့၊ ခဏပဲ မဟုတ်လား၊ ဝင်လေ"

အခုမှ ရိပ်ကို လှည့်ကာစကားပြောသည်။ ကားလေးက လမ်းချိုးတစ်ခုထဲ ကွေ့ဝင်သွားခဲ့၏။

ထိုအချိန်မှာပဲ သဏ္ဌာန်ရဲ့ဟန်းဖုန်းလေးက မြည်လာ၏။

"ဟဲလို"

"ညီလေးသဏ္ဌာန်လား"

"ဪ ကိုကြီး ပြောလေ"

"မင်း ဘယ်မှာလဲ၊ ပန်းရိပ်ခင်ကို မင်းဝင်ကြိုသွားတယ်ဆို"

"ဟုတ်တယ် ကိုကြီး"

"ဟာကွာ၊ ဒါဆိုလည်း ငါ့ဆီဖုန်းဆက်ရောပေါ့၊ ဒီမှာ အိမ်ပြန်ရောက်တဲ့အထိ မတွေ့လို့"

"ဘာလဲ စိတ်ပူနေတာလား။ မပူနဲ့ကိုကြီး။ ရိပ်ကို ကျွန်တော် အပြီးခေါ်သွားတာ"

"ဘာရယ်"

ကြားနေရသောစကားကြောင့် ရိပ် မျက်ဝန်းလေးပြူးကာ သူ့ကို လှည့်ကြည့်တာကို သူ ဥပေက္ခာပြုရင်း –

"ကိုကြီးကို ရှင်းရှင်းပြောမယ်၊ ရိပ်က ကျွန်တော့်ချစ်သူ၊ ဒါပေမဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီတို့က ကိုကြီးနဲ့ စီစဉ်ချင်နေတယ်၊ ဒါကြောင့် ကျွန်တော်ခေါ်သွားတာပဲ"

"ဟာ မဟုတ်တာ၊ ငါ ဘာမှမသိဘူး။ သိရင်လည်း ငါ ငြင်းမှာပဲ၊ ငါ့မှာ လက်ထပ်ရမယ့်သူ ရှိတယ်၊ ငါနဲ့ မန္တလေးဆေးရုံမှာ သံယောဇဉ်ရှိခဲ့တဲ့ ဆရာဝန်မလေးပဲကွ"

"ဟင် တကယ်လား"

"ဟ ညာစရာလား၊ မာမီတို့ကိုတောင် ငါ ဖွင့်ပြောဖို့ ရည်ရွယ်ပြီးသားကွ၊ မင်းက ဘာလို့ စိုးရိမ်လွန်ပြီး ဒီလိုလုပ်ရတာလဲ"

"မသိဘူးလေ၊ ရိုပ်ကိုမှ ဆုံးရှုံးမခံနိုင်တာ"

"ပြဿနာပဲ၊ မင်းပြန်ခဲ့၊ မင်းတို့ချင်းကြည်ဖြူရင် မိဘတွေက လက်ခံမှာပါ"

"ဟာ ကိုကြီးရာ အခုမှတော့ မထူးပါဘူး"

"ဟော့ကောင် မထူးဘူးမလုပ်နဲ့၊ ပြန်ခဲ့၊ ဒီမှာ နေ့လယ်က မိဆု မူးလဲလို့ ကမ္ဘာတည်လည်း ရှိနေတယ်"

"ဗျာ မမဆု ဘာဖြစ်တာလဲ"

"ကိုယ်ဝန်ရှိနေတာ"

"ဗျာ"

"အေး ဒီမှာ အားလုံးဝမ်းသာစရာသတင်း ကြုံနေရတုန်း မင်းက စိတ်ကသိကအောက်ဖြစ်စရာတွေ မလုပ်နဲ့၊ မင်းတို့ချင်း အဆင်ပြေရင် မင်္ဂလာရှိရှိ စီစဉ်လို့ရတယ်"

"ဟုတ် ဟုတ်ကဲ့"

"အခုပြန်ခဲ့ကြနော်"





"ဟုတ်ကဲ့ပါ"

သူ ဖုန်းချလိုက်တော့ ရိုပ်မျက်ဝန်းလေးတွေ ပြူးကြည့်ရင်း–

"သဏ္ဍာန် ဘာတွေပြောနေတာလဲ၊ ကိုကြီးလား၊ မမဆု ဘာဖြစ်တာလဲ၊ နင်က ငါ့ကိုနိုးတာ ဟုတ်လား"

ရိုပ် ကိုကြီးစကားတွေမကြားဘဲ သိချင်တာတွေ ဆက်တိုက်မေးနေသည်။ သူကတော့ အပျော်တွေဝေကာ ကားကိုထိုးရပ်ရင်း –

"ဟုတ်တယ်၊ ကိုယ် ရိုပ်ကိုနိုးလာတာ"

"ဘာရယ်"

"နေဦး၊ အခုအစီအစဉ်ပြောင်းသွားပြီ၊ အိမ်မှာ မမဆု မူးလဲလို့တဲ့"

"ဘုရားရေ"

"ဘာမှမဖြစ်ဘူး၊ လူဦးရေတိုးမယ့်ကိစ္စ"

"ဟင် ဘယ်လို"

"မမဆုမှာ ကိုယ်ဝန်ရှိနေတာတဲ့ ကိုတည်လည်း ပြန်ရောက်နေပြီတဲ့၊ မင်္ဂလာရှိတဲ့အချိန်မှာ ကိုယ်လည်း မင်္ဂလာရှိရှိ ပြုရမှာပဲ"

ရိုပ် မျက်တောင်ရှည်တွေ ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်နေဆဲ။

"ရိုပ်ကိုခေါ်ပြီး မာမီတို့ဆီပြန်မယ်၊ ကျောင်းပြီးတာနဲ့ လက်ထပ်ပေးဖို့ ယောက်ဖနဲ့ဒယ်ဒီတို့ဆီ ခွင့်တောင်းမယ်"

"ဟင် နင့်ကိုငါ ဘယ်မှာအဖြေပေးရသေးလို့လဲ"

"ဟိုညက ရိုပ်မျက်ဝန်းတွေက ဖြေပြီးပြီ"

"မဟုတ်တာ"

"ခံပြင်းချင်တဲ့ကောင်မလေး ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို သဏ္ဍာန်"

ဒီတစ်ခါတော့ သဏ္ဍာန် ခွင့်မလွှတ်ပါ။ ရိပ်ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းပွေ့ဖက်ထားလိုက်သည်။

ချစ်နေတာကို ညာချင်တဲ့ကောင်မလေး အနမ်းတွေကြားမှာ မိန်းမောသွားအောင် ဒဏ်ခတ်လိုက်မိသည်။

ရိပ်စကားသံလေးတွေ တိတ်ကာ သူ့ရင်ခွင်ထဲမှာ တဒင်္ဂ ငြိမ်သက်သွားခဲ့သည်။

တကယ်ဆို ချစ်သူနှစ်ဦးသာမက ထိုတဒင်္ဂလေးမှာ ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်မိန်းမောသွားခဲ့ခြင်းဖြစ်၏။

ရင်ခုန်သံတွေ၊ ချစ်ခြင်းတွေ အစွမ်းကုန်ဝေဝေဆာဆာ ပွင့်ဝေလို့နေသော တဒင်္ဂအချိန်လေး။

ဒီအချိန်လေးကို ကိုယ်တို့ ဘယ်တော့မှ မမေ့ကြေး။

နောင်နှစ်ပေါင်းများစွာကြာတဲ့တိုင် သားသမီးမြေးမြစ်တွေ ပိုင်ဆိုင်လာတဲ့တိုင် ချစ်ခြင်းဆိုတာ ဘယ်တော့မှ မအိုမင်းပါဘူး ချစ်သူရယ်။

ပရိသတ်အတွက်
အမြဲတမ်း

သျှိုး

BURMESE CLASSIC .com

www.burmeseclassic.com